

အမရပူရမြို့

# မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး ၏ လျှပ်တစ်ပြက် မိန့်ကြားတော်မူချက်များ

## အရှင်ပညာဇောတ

(ဇာနည်သင်း)

ရေးသားပူဇော်သည်


သာသနာ ၂၅၅၇ ကောဇာ ၁၃၇၅ ခရစ် ၂၀၁၄

ဒုတိယတွဲ

လျှပ်တစ်ပြက်မိန့်ကြားတော်မူချက်များ

**အရှင်ပညာဇောတ (ဇာနည်သင်း)**

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | လျှပ်တစ်ပြတ်အမှာ | က |
| ၂။ | လူကြီးလုပ်ရတာ ခွေးဝဲစားလို | ၁ |
| ၃။ | ကျောင်းနှင့်အိမ်ပြည့်မပြည့် | ၃ |
| ၄။ | အဖိုးတန် ပစ္စည်းများကြီးလို | ၇ |
| ၅။ | ပြောင်းပြန်လုပ်တယ် | ၉ |
| ၆။ | လွှာဘီနပ်နဲ့ သက်န်းပို | ၁၀ |
| ၇။ | ထိုင်ဘုဉ်းလည်ဘုဉ် | ၁၂ |
| ၈။ | ထိုင်နည်း | ၁၄ |
| ၉။ | ကန်တော်သူလင်ယူသလို | ၁၆ |
| ၁၀။ | မိဘနဲ့ဘုရားပစ္စည်းလွှတ်ပြီးစဉ်းစား | ၂၀ |
| ၁၁။ | မယားချောလေးနိုင်းရာလုပ်မှာ | ၂၁ |
| ၁၂။ | ရောဂါပြင်းတဲ့လူနာလို | ၂၅ |
| ၁၃။ | စည်တိုကြီး တစ်လုံးသာကျန် | ၂၈ |
| ၁၄။ | ငါ့ကျောင်းက စာဆိုနဲ့ | ၃၀ |
| ၁၅။ | လူဆိုးစာရင်းမင်းလဲပါ | ၃၁ |
| ၁၆။ | သူ့ဟာဘဲ | ၃၃ |
| ၁၇။ | အသက်(၆၆)ယတြာ | ၃၅ |
| ၁၈။ | ပဝါရိတ်ကိုသတိပြု | ၃၉ |

| | | |
|---|---|---|
| ၁၉။ | သင်ပုန်းကြီးတတ်မှ ဘုန်းကြီးလုပ် | ၄၁ |
| ၂၀။ | ဖျာလိပ်ထဲ ဝင်တဲ့ခွေးလို | ၄၇ |
| ၂၁။ | ဘုန်းကြီးကို နွားချင်းလဲသလိုမရ | ၅၀ |
| ၂၂။ | လာတ်စားသာသနာမဟုတ်ဘူး | ၅၄ |
| ၂၃။ | ရိုးသားကြဘို့လိုတယ် | ၅၆ |
| ၂၄။ | ဒီပါးစပ်ကြီးကြောင့် | ၆၀ |
| ၂၅။ | ယောင်းမကြီးလို | ၆၁ |
| ၂၆။ | ဘုန်းကြီးဆိုတာ အများဆိုင်ပဲ | ၆၃ |
| ၂၇။ | သည်းခံနိုင်မှတော့ ဘုန်းကြီးလုပ် | ၆၅ |
| ၂၈။ | စာတတ်ချင်ရင် ဒီကျောင်းမနေနဲ့ | ၆၇ |
| ၂၉။ | ငါ့ကိုဒီလိုညာလို့မရဘူး | ၇၀ |
| ၃၀။ | အခံကောင်းဆုံးလက်နက်နဲ့အုပ်ချုပ် | ၇၁ |
| ၃၁။ | ဦးနာယကဘာဘိဝံသသို့ | ၇၄ |
| ၃၂။ | ငါ့ဖြင့်ရှက်လိုက်တာ | ၇၆ |
| ၃၃။ | အဖြေနေးရင် ညာချင်လို့ | ၇၈ |
| ၃၄။ | စာပြီးစာသမား | ၈၂ |
| ၃၅။ | ငါ့ဆီလာရင် အချက်မပြရ | ၈၄ |
| ၃၆။ | နေ့စဉ်လုပ်ငန်းရဲ့အရှိန်များ | ၈၆ |
| ၃၇။ | လက်ရှိကို အထင်မကြီးတဲ့ ဗမာ | ၈၉ |
| ၃၈။ | ခါးကြားသော့ထိုးလို့ မကြည်ညိုနိုင်သူ | ၉၃ |
| ၃၉။ | ဆရာကောင်းကိုမလိုလားကြ | ၉၇ |
| ၄၀။ | ခေါင်းဆောင်တန်ဖိုး | ၁၀၃ |
| ၄၁။ | လက်ချိုးသားငါမကြိုက်ဘူး | ၁၀၄ |
| ၄၂။ | ယဉ်ကျေးမှုမရှိခြင်းအပြစ် | ၁၁၀ |
| ၄၃။ | အတက်ပေါက်လို့နေမှာပေါ့ | ၁၁၂ |
| ၄၄။ | ယထာရဟာဆိုတာ | ၁၁၅ |
| ၄၅။ | စည်းကမ်းဟူသည် လူ့တန်ဖိုး | ၁၁၈ |
| ၄၆။ | လုံ့ဖျားပဇင်းနား - ကျီးကန်းကချီးပါ | ၁၂၃ |
| ၄၇။ | စာအုပ်ကြည့်ပြီးခေါင်းရမ်းသူ | ၁၂၄ |
| ၄၈။ | ကွမ်း - ဆေးမပါရ။ | ၁၂၈ |
| ၄၉။ | အရုပ်ဆိုးထမ်းပိုးကောင်း | ၁၃၁ |
| ၅၀။ | ခါးတောင်းကျိုက်မဖြုတ်တဲ့ကိုယ်တော် | ၁၃၄ |
| ၅၁။ | သရဏဂုံမပါသည့်သီလ | ၁၃၈ |
| ၅၂။ | အမှိုကောင်းလျှင်အကုန်ပြီးနိုင် | ၁၄၃ |
| ၅၃။ | တင်းလျှင်ပြတ်လျှော့လျှင်ပတ် | ၁၄၇ |
| ၅၄။ | စည်းရိုးတွေဖယ် ဆိုင်းပုတ်တွေဖြုတ် | ၁၅၂ |
| ၅၅။ | တရားဖြန်း | ၁၅၆ |
| ၅၆။ | စိတ်ကိုကြီးရင့်အောင်မွေးပါ | ၁၅၉ |
| ၅၇။ | သူဟာကြီးက အလွဲကြီး | ၁၆၃ |
| ၅၈။ | ထိုး - ပိုး - မျိုး | ၁၆၆ |
| ၅၉။ | ရွှေမန်းတင်မောင်ဈာပနအစည်ဆုံး | ၁၆၉ |
| ၆၀။ | ခန္ဓာကိုယ်အလိုမလိုက်နဲ့ | ၁၇၁ |
| ၆၁။ | ငါးပါးလုံ့ရဲ့လား | ၁၇၅ |
| ၆၂။ | တစ်ချည့်ဘဲ | ၁၇၈ |
| ၆၃။ | အောင်ခြင်းရှစ်ပါးနားထောင် | ၁၇၉ |
| ၆၄။ | အချောလေးတွေ ကုန်ပါပြီ | ၁၈၁ |
| ၆၅။ | ဒို့ဆရာက ပညာစုံတယ် | ၁၈၂ |
| ၆၆။ | နာရီခွဲအထိ ခွင့်ပြု | ၁၈၄ |
| ၆၇။ | ပညာတော်သင်သုံးပါးလွှတ်ခြင်း | ၁၈၆ |
| ၆၈။ | ခွေးချင်းကိုက်တာ အားပေးမှု | ၁၈၈ |

| | | |
|---|---|---|
| ၆၉။ | ဟင်းမကောင်းရင် ဘုရားအာရုံပြု | ၁၉၀ |
| ၇၀။ | သုံးတိုင်ရိုးမ | ၁၉၂ |
| ၇၁။ | ကိုယ့်ဟာကိုပြန်ရ | ၁၉၃ |
| ၇၂။ | အယိုးပါးလေးလို | ၁၉၅ |
| ၇၃။ | မှန်ကြည့်တယ်ဆိုတာ | ၁၉၇ |
| ၇၄။ | ဆွမ်းဆန်အလှူခံတယ်ဆိုတာ | ၁၉၈ |
| ၇၅။ | အမှုးပြေမှ ထောင်ထဲရောက်မှန်းသိ | ၂၀၀ |
| ၇၆။ | မှုရင်းသုံးခုပြတ်လျှင် | ၂၀၃ |
| ၇၇။ | အနာဂတ်သာသနာအတွက် | ၂၀၄ |
| ၇၈။ | အနူမီးကင်သလို | ၂၀၆ |
| ၇၉။ | သဒ္ဓါသမားမှ လက်ခံ | ၂၀၉ |
| ၈၀။ | ဘုန်းကြီးပျံတော်မမူတဲ့ကျောင်း | ၂၁၀ |
| ၈၁။ | ကာရဝိတ်ကြီးပင့်လာ | ၂၁၂ |
| ၈၂။ | သူ့စိတ်ချမ်းသာသလိုပြောပါစေ | ၂၁၃ |
| ၈၃။ | ရေခဲသေတ္တာအလှူရှင် | ၂၁၄ |
| ၈၄။ | ဆရာကောင်းတပည့် | ၂၁၅ |
| ၈၅။ | မွေးထားတုံးရှိသေးတယ် | ၂၁၇ |
| ၈၆။ | ဟိုခြုံကြီးထဲမှာအပြည့် | ၂၁၉ |
| ၈၇။ | ကုဋီတက်တောင်တုံးခေါက်ရမလား | ၂၂၀ |
| ၈၈။ | မတူသော အသုံးအနှုန်း | ၂၂၂ |
| ၈၉။ | ငယ်ပါလိုနေတတ်စေ | ၂၂၄ |
| ၉၀။ | ဓာတ်ပုံမရိုက်လိုသော ဆရာတော် | ၂၂၆ |
| ၉၁။ | ပရိတ်ရွတ်သည့်ကိစ္စ | ၂၂၈ |
| ၉၂။ | စာရေးတဲ့အတတ် | ၂၃၀ |
| ၉၃။ | နံနက်ခင်းအဆိုအမိန့်များ | ၂၃၂ |


## လျှပ်တစ်ပြက်အမှာ

ဤဒုတိယ "လျှပ်တစ်ပြက် မိန့်ကြားတော်မူချက်များ" ဖြစ်ပေါ်လာရခြင်း၏ အကြောင်းနှစ်ချက်ကို ရှေးဦးစွာ ပလ္လင်ခံပါရစေ။

ဤစာအုပ်ကိုရေးဖို့ရာ ရည်ရွယ်ချက်လည်းမရှိ၊ ရေးဖို့ရာ အကြောင်း အရာများကလဲ ရှားရှားပါးပါး မှတ်စုမှတ်ရာ အဖြစ် မှတ်ထားရတာဆိုတော့ အဂ္ဂလိမာလ လက်ညှိုးပေါင်းတစ်ထောင် အပြည့်ဖြတ်ပြီး ဟိုတစ်ချောင်း ဒီတစ်ချောင်းပစ်ထားခဲ့ရာ ဘယ်နှစ်ချောင်းရလို့ ဘယ်နှစ်ချောင်းရမှန်းကို မမှတ်မိတော့သလို့ပေါ့။

အခုလည်း ဒုတိယအုပ်ကို ရေးတော့ ရေးချင်တယ် ဟိုနားတချို့ ဒီနားတချို့ ဆိုတော့ အတော်ကို လိုက်စုရဦးမှာ ဖြစ်လို့ အောင်မြင်မှာလား မအောင်မြင်ဘူးလားဆိုတာဖြစ်လာမှ ဖြစ်လာပြီလို့မှတ်ကြပါရန်၊

အကြောင်းအားလျော်စွာ - အရှင်ပဏ္ဍိတာဘိဝံသ (ရန်ကုန်ပါချုပ်) က လည်းကောင်း၊ အရှင်ဇနပ္ပတိ မဟာဂန္ဓာရုံနာယကလည်းကောင်း၊ အားပေးစကား တိုက်တွန်းလာသည့်အတွက် ရေးပါမယ်ဟု ဝန်ခံမိ၍ ရေးဖြစ်သွားကြောင်း။

အရှင်ပဏ္ဍိတာဘိဝံသ (ရန်ကုန်ပါချုပ်)က အရှင်လျှပ်တစ်ပြတ်ကို ဆက်ရေးပါဦး မကုန်သေးပါဘူး၊ ဒုတိယအုပ်တစ်အုပ်စာလောက်တော့ ငါ့ရှင်ရဲ့ဗိုက်ထဲမှာ မခဲရင်းလောက်ပါဘူး ငါ့ရှင်ရဲ့ လျှပ်တစ်ပြတ်က ထူးခြားသည့်အကြောင်းအရာများနှင့် မည်သူမှ ဖော်ထုတ်ရေးသားနိုင်သော အရာမဟုတ်လို့ တစ်အုပ်လောက်တော့ ထပ်ရေးပါဦးဟု တိုက်တွန်းအားပေးမှုကြောင့်ရှင်း။

အရှင်ဇနပ္ပတိ မဟာဂန္ဓာရုံနာယကမှလည်း ဆရာတော်ဘုရားကြီးရဲ့ ပဋ္ဌာန်မြားခဲကြီးဟာ ဘယ်သူတွေ ဘယ်လောက် ဖွဲ့သုန်းသုန်း မကုန်နိုင်သော ပဋ္ဌာန်မြားခဲကြီးပါ၊ အဲဒီပဋ္ဌာန်မြားခဲကြီးမှ လူတိုင်းဖွဲ့သုန်းနေတာပဲ၊ အဲဒီအထဲမှာ ကိုယ်တော်လည်းပါရဲ့။

ကိုယ်တော်နဲ့ထိုက်တန်တဲ့နေရာကကိုယ်တော်လည်းဖွဲ့သုန်းနေတာပဲမကုန်သေးပါဘူး။ ရတနာသမ္ဘုဖွဲ့ဖွဲ့ယူပြီး သုံးလိုက်စမ်းပါဦးတဲ့၊ အဲဒီလို အရှင်မြတ်နှစ်ပါးရဲ့ ဥပမာ၊ ဥပမေယျတွေ အမျိုးမျိုးပြပြီး တိုက်တွန်းမှုကြောင့် ညီးကောင်း။

ဤဒုတိယ လျှပ်တစ်ပြတ်ကို သုံးနှစ်တာမျှ ဖွေရှာစုဆောင်းပြီး ရေးသားပူဇော်လိုက်ပါသည်။

အရှင်ပညာဇောတ
ဇာနည်သင်း

## လျှပ်တစ်ပြတ်အမှာ

ကိုရင်ပဏ္ဍိတ၏ လျှောက်ထားချက်။ ။ပြီးခဲ့တဲ့ နွေပိုင်းက မိမိတို့ မဟာဂန္ဓာရုံကျောင်းတိုက်. တိုက်သစ်ကျောင်းအပေါ်ထပ်မှာ နေခွင့်ရပြီး စာသင်နေတဲ့ကိုရင်ပဏ္ဍိတက "ဘုန်းကြီးဦးပညာဇောတရဲ့ လျှပ်တစ်ပြတ် မိန့်ကြားတော်မူချက်များစာအုပ်ကို ဒုတိယတွဲ ရိုက်ချင်လို့အမှာစာရေးပေးဖို့ ဘုန်းကြီးဦးပညာ ဇောတက ဘုန်းကြီးကို လျှောက်ထားပေးပါလို့ မှာလိုက် လိုပါအရှင်ဘုရား" ဆိုပြီးတော့ မိမိဆီလာလျှောက်ပါတယ် "သူလည်း ဝါဆိုခါနီးလာဦးမှာပါဘုရား" လို့လဲလျှောက်ပါတယ်၊ "ဒါဖြင့် သူလာမှ သင့်သလိုကြည့်ရေးတာပေါ့" လို့ပြောတာနဲ့ "မှန်ပါအရှင်ဘုရား" လို့ လျှောက်ပြီးပြန်သွားပါတယ်။

ဒုတိယ အကြိမ်ကိုရင်ပဏ္ဍိတ၏ လျှောက်ထားချက်။ ။ ယခု ဝါခေါင်လဆန်း(၅)ရက်ညနေ(၃)နာရီ(၅၂)မိနစ်မှာလည်း ဒုတိယအကြိမ် ကိုရင်ပဏ္ဍိတ ရောက်လာပြန်ပါတယ်၊ "အမှာစာရေးပြီးပြီလားဘုရား" တဲ့၊ "ဟဘာအမှာစာတုန်း"၊ တပည့်တော်လျှောက်ထားတဲ့ လျှပ်တစ်ပြတ် မိန့်ကြားတော်မူချက်များ စာအုပ် ဒုတိယတွဲရိုက်တဲ့အခါ ထည့်ဖို့အမှာ စာပါဘုရား" တဲ့၊ "ဝါဆိုခါနီး

ဦးပညာဇောတလာမှ တိုင်ပင်ပြီး သင့်တော်သလို ရေးပေးမယ်လို့ မင်းကိုပြောထားတာ ဦးပညာဇောတကလဲ အဲဒီ ဝါဆိုခါနီးတုန်းက ပျံတော်မူသွားလို့ မလာတော့ ငါဘာရေးရမှာတုန်းဟ" လို့မေးလိုက်တော့ "သင့်တော်သလိုပေါ့ဘုရား" လို့ကိုရင်ပဏ္ဍိတက လျှောက်တယ်။

လျှပ်တစ်ပြတ်အမှာစာ။ ။မိမိတို့အမရပူရမြို့မဟာဂန္ဓာရုံကျောင်းတိုက်မှ မိမိတို့ရဲ့ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံစာသင်တိုက်ကြီးကိုတည်ထောင်တဲ့ ကျမ်းပြုအကျော် ဆရာတော်အရှင်ဇနကာဘိဝံသ ရှိတော်မူစဉ်က နံနက်အာရုဏ်တက်ဖို့ တစ်နာရီအလိုမှာ တုံကြီးခေါက်လိုက်ပါတယ်၊ပဋ္ဌာန်း(၂၄)ပစ္စည်းကိုပူဇော်တဲ့အနေနဲ့ ဘုန်းကြီးကို (၂၄)ချက်ခေါက်တဲ့ ထုံးစံရှိပုံကိုလည်း ဆရာတော်က ပြောထားပါတယ် အဲ့သလို ခေါက်လိုက်တဲ့အခါ အားလုံးအိပ်ရာက ထပြီး ကိုယ်လက်သန့်စင် ပစ္စဝေက္ခဏာဆင်ခြင်း ဘုရားအာရုံပြု မေတ္တာပို့ကြပါတယ်။ ပြီးတော့ တုန်းကြီးခေါက်ပြီးလို့ တစ်နာရီကြာတဲ့အခါ အာရုဏ်တက်(ရောင်နီလာ)တာနဲ့ အာရုဏ်တက်ကြောင်းအသိပေးတဲ့ တုံကလေး ခေါက်လိုက် ပြန်ပါတယ်။ အဲ့ဒီအချိန်မှာ သပိတ်သက်န်းပြင်ကြပါတယ်။ ဆွမ်းစားကျောင်း ကလဲ သံချောင်းခေါက်ပါတယ်။ သံဃာများသွားဆွမ်းဘုန်းပေးပြီးနောက် တစ်ကြိမ် တုံလေးခေါက်တာနဲ့ အရှေ့ဘက်ဆွမ်းစားကျောင်းအပေါ်ထပ်မှာ ဆရာတော်အရှင်ဇနကာဘိဝံသထံ ဩဝါဒခံယူဖို့သွားကြရပါတယ်။ အဲဒီအချိန်မှာ ပေးတဲ့ဩဝါဒတွေကို ဆရာတော်အရှင်မဟော်သဓာက စာအုပ်ရိုက်ပြီးပေမဲ့ အဲဒီလိုဩဝါဒပေးချိန် မဟုတ်ဘဲ ဟိုနားဒီနားမှာ ဆရာတော်အရှင်ဇနကာဘိဝံသ ကအမိန့်ရှိခဲ့တဲ့ ဩဝါဒတွေကိုတော့ မိမိတို့သီတင်းသုံးဖော်ကြီး ယခုအခါ နေပြည်



တော် တပ်ကုန်းမြို့နယ်၊ ညောင်းကိုင်းရွာဦးကျောင်း ဆရာတော်အရှင်ပညာဇောတက" လျှပ်တစ်ပြတ် မိန့်ကြားတော်မူချက်များ" အမည်တပ်ထားတဲ့ သူမှတ်သား ရေးထားပြီးတော့ အရင်ပထမတွဲ ပုံနှိပ်ခဲ့ပြီး ယခုဒုတိယတွဲ ပုံနှိပ်ဖို့ ကြိုးစားခဲ့ပေမဲ့ ဝါဆိုခါနီး ပျံတော်မူသွားတာနဲ့ မရိုက်ဖြစ်တော့ဘူးလိုလို ဖြစ်သွားပေမဲ့ အခု ကိုရင်ပဏ္ဍိတက အရှင်ပညာဇောတရဲ့အလိုဆန္ဒကို ဖြည့်ပေးတဲ့အနေနဲ့ ဒုတိယတွဲပုံနှိပ်ပါတယ်။ ဗုဒ္ဓမြတ်စွာ သာသနာတော်မှာ ပရိယတ်ရောပဋိပတ်ပါ ဘက်စုံတိုးတက်အောင် ဆောင်ရွက်တော်မူခဲ့တဲ့ ကျေးဇူးတော်ရှင် ဆရာတော် အရှင်ဇနကာဘိဝံသ၏တပည့်အများ စုစုဆည်းဆည်း မှတ်သားဖို့မလွယ်တဲ့ ဩဝါဒစန်းမကြီး အပြင်ဘက်က လျှပ်တပြတ် မိန့်ကြားတော် မူချက်များဟာ မိမိတို့ရဲ့ဗုဒ္ဓမြတ်စွာ သာသနာအပေါ်ကြည်ညိုတဲ့သဒ္ဓါတရားကို ဘယ်လောက်မြှင့်တင်ပေးသလဲဆိုတာ သိရအောင် ဖတ်ကြည့်ကြဆန်းပါ။

အရှင်ဇနပ္ပတိ
မဟာဂန္ဓာရုံကျောင်းတိုက်
အရှင်ပညာဇောတရဲ့ရင်းနှီးတဲ့
သီတင်းသုံးဖော်တစ်ပါး

## ၁။ လူကြီးလုပ်ရတာ ခွေးဝဲစားလို

ကျောင်းတိုက်တစ်တိုက်လုံးကို စီမံကွပ်ကဲ အုပ်ချုပ်နေရသော ဆရာတော်ဘုရားကြီးသည် ကျောင်းတိုက်ကြီးတည်ထားရုံ၊ တပည့်တွေ မွေးထားရုံ ၊ စာချရုံ၊ စာသင်ရုံ၊ အုပ်ချုပ်နေရုံမျှဖြင့် ခေါင်းဆောင်တစ်ယောက်ဖြစ်လာနိုင်ရန် ဝန်လေးရပေသည်။

တပည့်တပန်းတွေ မွေးထားပြီး ပညာသင်ပေးရုံမဟုတ်ဘဲ အလိမ္မာ လေးတွေဖြစ်အောင်လည်း သင်ပေးရ၊ စားရေး၊ ဝတ်ရေး၊ နေရေး၊ ကျန်းမာရေးပါ မကျန်ပူပန်ရ ပြောစရာရှိပြောရ ငေါက်စရာဆူစရာရှိရင် ငေါက်ရ ဆူရ. ကြိမ်းရ. မောင်းရ နှင့် မိပေါင်းသားအုပ်ချုပ်ရသည်မှာ မလွယ် ကူလှပေ။

သာသနာရေး၊ ဘာသာရေး လူမှုရေးကိစ္စတာဝန်တွေလည်း တစ်ဖက်တစ်လမ်း မလွှဲသာမရှောင်သာ လုပ်ရကိုင်ရတာလည်း တစ်ကြောင်းပြင်ပအကြောင်းအရာတွေမှန်သမျှ ရှောင်လွှဲလို့ရပေမဲ့ တိုက်တာရဲ့တာဝန်ကြီးကိုတော့ ဘယ်လိုနည်းနှင့်မျှ ရှောင်လွှဲလို့ မရနိုင်ပါ။

ထိုတာဝန်အသီးသီးအနက် ငါမလုပ်ရင် နောင်ဘယ်သူမျှ အစားထိုးလုပ်မရတဲ့ကျမ်းစာရေးရမဲ့တာဝန်က တာဝန်ကြီးတစ်ရပ် ဖြစ်နေလေတော့သည်။

တိုက်တာကြီးကို အာရုံပြု ဂရုစိုက်နေကြသော ပရိတ်သတ် အများက ဆရာတော်ဘုရား–တပည့်ပရိသတ်ကိုသိပ်သိပ်သဲသဲနှင့် နေရာတိုင်းမှာ တိတ်ဆိပ်ငြိမ်သက်အောင် ဘယ်လိုများ သွန်သင် ဆုံးမထားပါသလဲဘုရားဟုလျှောက်သူက လျှောက်ထားကြသည်။

တုတ်၊ ဓား၊ လက်နက်တွေပြပြီး ဆုံးမတာတောင်မှ တပည့် တော်များမှာ စည်းကမ်းတကျ မဖြစ်ကြောင်း စသည်ဖြင့် သူ့အတွေး နဲ့သူ ကိုယ်အမြင်နဲ့ကိုယ် ထင်ရာမြင်ရာ လျှောက်ထားကြသည် ကိုလည်း တွေ့ခဲ့ကြရသည်။

တိုရှင်းလိုရင်း ဆရာတော်ဘုရားကြီး ဖြေကြားလိုက်သည်မှာ – ဖိုးသူတော်မှအစ ဘုန်းကြီးအထိ ဘုရား ပညတ်ထားတော်မူခဲ့ သော ဝိနည်း သိက္ခာပုဒ်အတိုင်း နေကြတာပါဘဲ ဟူ၏။

ထိုကဲ့သို့ ပတ်ဝန်းကျင်က ချီးမွမ်းခန်းတွေ ထုတ်ကြလေလေ ဘုန်းကြီးတို့မှာ ပိုပြီးသိပ်သဲအောင် ထိန်းသိမ်းရလေလေပါပဲ။

ထိုအထဲမှာ နာယက ဆရာတော်များနှင့် အနုနာယကများ ကျောင်း ဘုန်းကြီးလေးတွေပါ ခေါင်းခဲကြရပါ သည်။

သမီးလေးတော်လှပါတယ် ဆိုကာမှ ယောက်မမြင်းစီးထုတ် လာတယ်ဆိုတာမျိုးလို ဖြစ်မှာလည်း စိုးရသေး တယ်။

ဒါပေမယ့် ဆရာတော်ဘုရားကြီးရဲ့ဝါဒကတော့ ဟုတ်တာ မှန်တာ လုပ်နေရင် အများကဲ့ရဲ့မှာကို မကြောက်ပါနဲ့ ကဲ့ရဲ့ပြစ်



တင်တယ်ဆိုတာ ကိုယ်အတွက်သတိထားဖို့ အချက်တစ်ခုပဲလို့ မှတ်ယူရပါမည်။

သာဓကလေးတစ်ခုပြောရရင် – တောထဲမှာနေသော သမင် ကလေးများသည် သစ်ရွက်ကြွေတိုင်း၊ သစ်ကိုင်း ကျတိုင်း ကြောက် လန့်ပြီး ပြေးနေရရင် စားဖို့လည်းမလွယ်၊ အိပ်ရန်လည်းခက်၊ တထိပ် ထိပ် တလန့်လန့်ဖြင့် ပတ်ဝန်းကျင်ကို ဂရုထားနေရတာနဲ့ သူ့ဘဝ အချိန်တွေ ကုန်သွားရတာလို နေမှာပေါ့။

တစ်ခါသော် အိပ်တော့လည်း ကြောင့်ကြနဲ့အိပ်ရ၊ သွားလာ နေထိုင် ရင်လည်း နားစွင့်နေရ ဆွမ်းဘုန်းပေးရင်းသော်မှ စိတ်က ကြောင့်ကြ ရှိနေရသောအခါ "အင်း"လူကြီးလုပ်ရတာလည်း ခွေးဝဲ စားနဲ့ တယ်တူပဲ။

ခွေးဝဲစားတစ်ကောင်ကို ကြည့်ပြီး အိပ်ရင်းလည်းကုတ်ရ၊ စားရင်း လည်းကုတ်ရ၊ သွားရင်းလည်းကုတ်ရ၊ ပြေးရင်းလည်း ကုတ်ရ တကုတ်ထည်း ကုတ်နေရတာ နားနေရတယ်လို့ကို မရှိဘူး၊ "အင်း" လူကြီးလုပ်ရတာလည်း ခွေးဝဲစားနဲ့ တယ်တူပါလား" ဟု မိန့်ကြားတော်မူခဲ့ပါသည်။

## ၂။ ကျောင်းနှင့်အိမ် ပြည့်မပြည့်

အိမ်တစ်အိမ် – ကျောင်းတစ်ကျောင်းမှာ ပစ္စည်းပစ္စယ အတို အထွာတွေနှင့် လူ့အသုံးအဆောင်တွေ သာသနာတော်ရဲ့အသုံး အဆောင်တွေ အိမ်ကြီးကျောင်းကြီး ကျည်ကြီး တိုက်ကြီးများနှင့်

ပြည့်နေရုံမျှနှင့် အိမ်ကြီးတစ်အိမ် ကျောင်းကြီးတစ်ကျောင်း ပြည့်နေသည်ဟု အများရဲ့စိတ်ထဲမှာ ထင်မှတ်နေကြသည်။

တစ်နည်းအားဖြင့် ကျောင်းကြီးပေါ်မှာ တပည့်ဒကာ ဒကာမတွေ တပည့်ရဟန်းသာမဏေတွေ၊ သင်္ကန်းတွေ၊ ဆွမ်းတွေပြည့်နေသည်ကို ကျောင်းကြီး၊ ကျောင်းတိုက်ကြီး ပြည့်စုံနေသည်၊ ပြည့်နေသည်ဟု သာသနာ လောကမှာ ပြောစမှတ်ပြုကြသည်။

တစ်နည်းအားဖြင့်လည်း လူ့လောကအနေနဲ့ ပြောရရင် စိန်တွေ. ရွှေတွေ. ကျောက်သံ ပတ္တမြားတွေ. ငွေတွေ. ကားကြီးတွေ. တိုက်တာကြီးတွေ ခြံတွေ. လယ်ယာတွေ. မျိုးဆွေတွေ. စားစရာ. သောက်စရာ ပန်းကန်တွေ. ခွက်တွေ. ကျွဲနွားတွေ. ဆင်မြင်းစသော အသုံးအဆောင်တွေ ပေါများပြည့်စုံ နေပြီး ဇနီးမယား. သားသမီး. မြေးမြစ်. ဆွေတွေ. မျိုးတွေနဲ့ ပြည့်စုံနေခြင်းကိုပင် အိမ်ကြီးပြည့်နေသည်ဟု ဆိုရပေမည်။

တနည်းသော်လည်း စားဝတ်နေရေး ကျန်းမာရေးဟူသော အရေးများနှင့် မတောင့်မတ မကြောင့်မကြနေထိုင်ရခြင်း ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာမှု ရရှိနေသည်ကိုပင် ပြည့်စုံသည်(ပြည့်နေသည်) ဟု ပြောနေ ထင်နေကြသည်။

ဆရာတော်ဘုရားကြီး ပျံ့လွန်တော်မူခါနီး ရက်အနည်းငယ် အလိုမှာ အမှတ်မထင် ထူးခြားဆန်းကြယ်သော ဩဝါဒစကားလျှပ်တစ်ပြတ် မိန့်ကြားတော်မူသည်မှာ "လူတွေမှာ လူနှင့် ထိုက်တန်သော အသုံးအဆောင် ပရိဘောဂများနှင့် ပြည့်စုံနေသည်ကိုပင် အိမ်ကြီးပြည့်နေတာပဲ" ဟု ပြောကြသော်လည်း အမှန်တကယ်



မပြည့်စုံပါ၊ အိမ်တစ်အိမ်မှာ ပြည့်စုံနေတယ် ဆိုတာ အမေအဖေ အိမ်တွင်းမှာ မြင်ရမှ (အမေ အဖေတွေရှိမှ) ပြည့်နေသည်ဟု ခေါ်ဆိုထိုက်ကြောင်း။

အမေသော်လည်းကောင်း. အဖေသော်လည်းကောင်း. တစ်ယောက်ယောက် လျော့ပါးသွားပြီဆိုလျှင် ပြည့်နေသော အိမ်ကြီးတစ်အိမ်ဟု မခေါ်နိုင်ပါ၊ သားသမီးမြေးမြစ် ပစ္စည်းပစ္စယတွေနဲ့ ပြည့်နေသောအိမ်ကြီးသည် ပြည့်နေသည်ဟု ခေါ်လို့မရပါ၊ အမေရော အဖေပါနှစ်ဦးလုံးမရှိတော့ဘူးဆိုလျှင်ပြည့်စုံနေသောအိမ်ကြီးဟု မခေါ်ထိုက်ပါ၊ ဟိုကလို သလိုလို၊ သည်ကလိုသလိုလိုနဲ့အိမ်ကြီးတစ်အိမ်လုံးဟာတာတာ ဟောင်းလောင်းကြီးလို့ ထင်ရသည်။

ကျောင်းတိုက်ကြီးတစ်တိုက်(သို့မဟုတ်) ကျောင်းတစ်ကျောင်းမှာလည်း တိုက်တွေ. တာတွေ. အဆောက်အဦးတွေ. တပည့်တပန်းတွေနဲ့ ဘယ်လောက်ပင် ပြည့်စုံနေသော်လည်း ဦးစီးပဓာန အကြီးအကဲ အုပ်ချုပ်စီမံမည့် ပုဂ္ဂိုလ်မရှိတော့ဘဲ လစ်လပ်သွားပြီဆိုလျှင် ဒီကျောင်းတိုက်ကြီးနှင့် ဒီကျောင်းတစ်ကျောင်းမှာ ပြည့်နေသောကျောင်းတိုက်ကြီးပြည့်နေသောကျောင်းတစ်ကျောင်းဟူ၍ မခေါ်ဆိုနိုင်တော့ကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ယှဉ်ပြောမယ်ဆိုလျှင်လည်း တိုင်းပြည်တစ်ပြည်မှာခေတ်မှီပစ္စည်းတွေနှင့် တိုးတက်ချမ်းသာပြီးကြွယ်ဝချမ်းသာ ပြည့်စုံနေသော တိုင်းပြည်သည် ပြည့်စုံသော တိုင်းပြည် (ပြည့်နေသော) တိုင်းပြည်ဟု အများကခေါ်ကြပြောကြချီးမွမ်းကြပေမယ့်လည်း ထိုတိုင်း ပြည်ကို အုပ်ချုပ်ကွပ်ကဲသည့် ရှင်ဘုရင်

(သို့မဟုတ်) မင်းကင်းမဲ့နေမည် ဆိုလျှင် ပြည့်နေသော (ပြည့်စုံနေသော) တိုင်းပြည်ဟု မခေါ်ဆိုနိုင်ကြောင်း မိန့်ကြားတော်မူခဲ့ပါသည်။

ဆိုလိုရင်းမှာ - အမေ အဖေများသည် အိုမင်းရင့်ရော်ပြီး နေရာမှ မထနိုင်သည့်တိုင်တိုင် အိမ်မှာ ငုတ်တုတ်ထိုင်နေဖော်ရရင်ပင် ငုတ်တုတ်ထိုင်နေသည်ကို သားသမီးဖြစ်သူတို့က မြင်လိုက်ရုံမျှဖြင့်ပင် အိမ်ကြီးတစ်အိမ် လုံးဟာကွက်မရှိ ပြည့်နေသည်ဟု ထင်ရသည်။

ထို၏ပြောင်းပြန် အမေသော်လည်းကောင်း, အဖေသော်လည်းကောင်း, နှစ်ဦးလုံးသော်လည်းကောင်း (မရှိဘဲ ပျောက်ကွယ်သွားလျှင် အိမ်ကြီးတစ်ခုလုံး ပစ္စည်းတွေ သားသမီး မြေးမြစ်တွေနဲ့ ပြည့်နေသော်လည်း) ဟာလာဟင်းလင်းကြီးဖြစ်ပြီး ပြည့်နေသော အိမ်ကြီးအဖြစ် မမြင်နိုင်တော့ပါ။

ထို့အတူ ကျောင်းမှာလည်း ကျောင်းတိုက်ကြီးရဲ့ ဦးစီးပဓာန (ကျောင်းထိုင်ဆရာတော်ကြီး) မရှိတော့ဘူးဆိုလျှင် ကျောင်းကြီးကို ကြည့်လိုက်လျှင်၊ ကျောင်းထဲကိုဝင်လိုက်လျှင် ကျောင်းတိုက်ကြီး တစ်ခုလုံးရှင်းပြီး ဟာကွက်ကြီးတစ်ခုအဖြစ်သာ မြင်နေရတော့သည်။

ကျောင်းထိုင် ကျောင်းပိုင်ဘုန်းကြီးသည် သာသနာရေး, ဘာသာရေး, လူမှုရေး, ရပ်ရေးရွာရေးတွေ မစွမ်းဆောင်နိုင်တော့ဘဲ အိုမင်း ရင့်ရော်နေသော်လည်း ဆရာဘုန်းကြီးကျောင်းပေါ်မှာ ငုတ်တုတ်ထိုင် နေသည်ကိုမြင်ရသော ဒကာဒကာမ တပည့်တပန်းတွေက (တပည့်ဒကာ၊ ဒကာမတွေရဲ့စိတ်ထဲမှာ) ကျောင်းကြီး၊ ကျောင်း



တိုက်ကြီးတစ်ခုလုံး ပြည့်နေသလိုဖြစ်နေသည်မှာ အမှန်မလွဲဖြစ်ကြပါသည်။

လက်တွေ့အားဖြင့်ပြောရလျှင်၊ မိမိအကြောင်းအားလျှော်စွာ ဆေးရုံ(၇)ရက်လောက် သွားတက်ရသောအခါ ဝါဆိုအခါရက်ကြီး ဖြစ်နေ၍ ကုသိုလ်ပြုသော ကုသိုလ်ရှင်တွေက ဘုန်းကြီးမရှိဘဲ ကုသိုလ်ပြုလုပ်ရတာ ဘယ်လိုကြီးမှန်းမသိဘူး၊ ငိုချင်သလိုလို ဝမ်းနည်းရမှာလိုလိုဖြစ်ပြီး ကျောင်းကြီးပေါ်မှာ ဥပုသ်ယူတဲ့လူတွေ ပြည့်နေပေမဲ့ လူမရှိတဲ့ကျောင်းကြီးလိုစိတ်ထဲထင်ရသည်ဟု၊ မိမိပြန်လာတော့လျှောက်ထားကြသည်။

## ၃။ အစိုးတနိ ပစ္စုမြားကြီးရှိ

ဆရာတော်ဘုရားကြီးရဲ့အသိဉာဏ်ပညာနှင့် ရေးသားထားသော ကျမ်းစာတို့မှာ လူတိုင်း၊ ရှင်တိုင်းအတွက် စားမကုန် သောက်မကုန်သော ပဒေသာပင်ကြီး တစ်ပင်ပမာ အမြဲတမ်း အသီးအပွင့်တွေ ဝေဝေဆာလို့သာ နေပေတော့သည်။

ဘာပြုလို့လဲဆိုတော့ ဆရာတော်ကြီးဟောကြားထားခဲ့သော တရားဒေသနာတွေအထဲက မေ့ကထိကတွေက ဟိုကလိုရစ္စဲသုံး ဒီကလိုရာစွဲသုံး, သုံးလိုက်ကြတာ ကုန်ကိုမကုန်နိုင်ပေ၊ ဝတ်အသင်းတွေ အသင်းအဖွဲ့, အမျိုးမျိုးတွေကလည်း သုံးနေကြသည်မှာ မကုန်နိုင်ပါပေ၊ စာပေကျမ်းဂန် ပိဋကတ်တွေထဲကလည်း စာချ စာသင် အရှင့်ပရိတ်သတ်ကသုံးကြစွဲကြနဲ့ သုံးစွဲနေကြသည်မှာ

သာသနာ့နယ်ပယ် ပရိယတ်နယ်ပယ်မှာလည်း အတွင်ကျယ်ဆုံး ဖြစ်ခဲ့ရပေပြီ။

ဆရာတော်တည်းဟူသော ပတ္တမြားလုံးကြီး တစ်လုံးက တပည့်သာဝက ဒကာဒကာမတွေကို စားလို့မကုန်၊ သောက်လို့မကုန်နိုင်အောင်ဖြန့်ဝေပေးနေသည်မှာ ယနေ့ထက်တိုင်မကုန်မခန်းနိုင်သော ပတ္တမြား လုံးကြီးရဲ့တန်ဖိုးတွေ ဖြစ်ပါတော့သည်။

ထိုပတ္တမြားလုံးကြီးမှ သူက ဖဲ့သုံး ငါကလည်း ဖဲ့သုံး. သုံးချင်တိုင်း သုံးနေလိုက်ကြတာ ပတ္တမြားလုံးကြီးမှာ လုံးပါး ပါးသွားလောက်ပေပြီ။

ဒါပေမဲ့ ဖဲ့သုံးလို့ ကုန်ရိုးမရှိတဲ့ ပတ္တမြားလုံးကြီးဖြစ်နေလေတော့ ဖဲ့သုံးလေ တိုးလာလေ ဖဲ့သုံးလေ တိုးလာလေဆိုတော့ ကုဿာသယ လိုတိုင်းရနေတဲ့ ကုဿာသယအိုးကြီးလို့လည်း ခေါ်နိုင်ပေသည်။

ကျောင်းတိုက်ရဲ့ဂုဏ်သတင်း ကျောင်းတိုက်ကြီးရဲ့တိုးတက်ကြီးပွားပြီး သာသနာရေး. ဘာသာရေးဘက်မှာလည်း ဆရာတော်ကြီးမရှိမှ ပိုပြီးသတင်းတွေမွှေးလို့ ပိုပြီးကျယ်ပြန့်လာလေတော့သည်။

ကောင်းတဲ့ဘက်စံနမူနာယူလောက်သည့်အဆုံးအမသြဝါဒစကားလုံးများကို ရုပ်သံတွေ အသံလွှင့်ဌာနတွေမှ ထုတ်နုတ်၍ ကိုးကားပြလာကြပါသည်။

ယခုခေတ်မှာ တီဗွီရုပ်မြင်သံကြားစသည့်ရုပ်သံလွှင့်ဌာနများမှလည်း ဆရာတော်ရဲ့သာသနာကို ကျယ်ကျယ်ပြန့်ပြန့် လွှင့်ထုတ်လာကြသည်။



ဆရာတော် မျှော်မှန်းခဲ့သော " ငါအလုပ်လုပ်နေတာ မျက်စိအောက်တွင်ကြည့်လုပ်နေတာမဟုတ်ဘူး။ ရှေ့ကိုအရှည်ကြီးကြည့်လုပ်နေတာ" ဟု မကြာခဏ မိန့်တော်မူ၏။

ဆရာတော်ရဲ့ မျှော်မှန်းချက်သည် ယခုအချိန်မှာ ငါးပုံပုံ တစ်ပုံမျှသာ ရှိသေးကြောင်း ထင်ရှားနေပါသည်။

ငါမျှော်မှန်းသော သာသနာကို ဒီအတိုင်းမဟုတ်သေးဘူး။ ဒီဟာက အခုမြင်နေရတာက ဘာမှမဟုတ်သေးဘူး။ ဒါကြောင့် ဘုန်းကြီးက အသက်နှုန်း ကျန်းမာနေချင်သေးတယ်၊ သေတော့လည်းသေပေါ့ သေတော့ မဂ်ဖိုလ်နိဗ္ဗာန် မရသေးခင် သူတော်ကောင်းတွေက တွေ့ပြီးအလုပ်ပြန်လုပ်ရမှာပေါ့။

ဒါ့ကြောင့် တစ်ချို့က ပြောကြတယ် ဦးဇနက က ပတ္တမြားတုံးကြီးလိုပဲတဲ့ တစ်သက်တော့ စားကုန်မှာမဟုတ်ပါဘူး ငါနဲ့ပတ်သက်လို့ ဟိုလူကတစ်မျိုး ဒီလူကတစ်ဖုံ၊ ငါနဲ့ပတ်သက်လို့ရော ငါ့ကျမ်းစာတွေက ထုတ်နုတ်လို့ပါ ရေးသားကြပူဇော်ကြနဲ့ ကုန်ကိုမကုန်နိုင်တဲ့အဖိုးတန်ပတ္တမြားကြီးတစ်လုံးလို တပည့်တပန်းတွေကို ကျွေးသွားမှာပါလို့ မိန့်တော်မူခဲ့ပါသည်။

## ၄။ ပြောင်းပြန်လုပ်တယ်

ရဟန်းသာမဏေဖိုးသူတော်မှအစ မိန်းကလေးပုံတွေ ဘုရားပုံတွေ မဂ္ဂဇင်းစာအုပ်တွေ ဝတ္ထုစာအုပ်တွေ အမျိုးသမီးပုံတွေ ကင်မရာ စသည်ဖြင့် ရဟန်းသာမဏေနဲ့ မသက်ဆိုင်သည့် ကိလေ

သာတိုးပွားစရာ လောကီအသုံးအဆောင်တွေမှန်သမျှ အနီးအနားမှာ မထားရ။

ရေမွှေးသနပ်ခါး ပေါင်ဒါ စသည်လည်း မလိမ်းမချယ်ရ ဆပ်ပြာခဲလည်း ဆမ်းလိုက်လို၊ ကာဘော်လစ်လို ရွှေဝါလို ဆပ်ပြာများကိုပဲ သုံးစွဲခွင့် ပြုသည်။

အခုခေတ် အမွှေးဆပ်ပြာခဲ အမျိုးမျိုးကို သုံးခွင့်မပြု တစ်ခါတုန်း က ဆရာတော်ကြီးတစ်ပါးက ဘုန်းကြီးကိုမေးတယ်။ ဦးဇနကကိုယ်တော့်ကျောင်းတိုက်က ဆပ်ပြာအမွှေးခဲသုံးခွင့်မပြုဘဲ ကိုယ်ကို တိုက်ခွင့်မပြုဘဲ ကုဋီထဲကြတော့ သုံးခွင့်ပြုတယ်ဆိုတာ ဟုတ်လားလို့ ဆရာတော်ကြီး တစ်ပါးရဲ့အမေးကို ဆရာတော်က ဟုတ်ပါတယ်ဘုရားလို့လျှောက်ရာ ကိုယ်တော်က သူများနဲ့ ပြောင်းပြန် ဆန့်ကျင်ဘက်ချည့် လုပ်တတ်တယ်လို့ သူများက အမြတ်တနိုး မျက်နှာတိုက်တယ် ကိုယ်တော့်ကျောင်းက ဖင်တိုက်တယ်ဆိုတော့ ကောင်းကောင်းဆန့်ကျင်တာပေါ့ ဟု ဆရာတော်ကြီး တစ်ပါးက မိန့်တော်မူလိုက်ရာ တောင်မြို့ဆရာတော်က အဲသည်လိုသဘောမျိုး နဲ့ ဆန့်ကျင်ဘက်လုပ်ခြင်းတော့ မဟုတ်ပါဘုရား ဝိနည်းနဲ့ ကင်းတန် သမျှ ကင်းအောင်လုပ်ထားခြင်း ဖြစ်ပါတယ်ဘုရားဟု မိန့်တော်မူ လိုက်ရသည်။

## ၅။ ရွှာဖိနပ်နဲ့ သင်္ကန်းပို

ဝတ်ပုံစားပုံနှင့် သွားပုံလာပုံ၌ အရာရာ သပ်သပ်ရပ်ရပ်နှင့် သန့်သန့်ရှင်းရှင်းကို လိုလားသော ဆရာတော်ဘုရားကြီးသည် သူ၏



တပည့်တွေကိုသာမက သူကိုယ်တိုင်ကလည်း စံနမူနာ ယူလောက် အောင်ဝတ်ပြနေပြသည်။

ဖိနပ်ဆိုလျှင်လည်း အပိုအလိုမရှိ ကိုယ်နှင့်ကိုက်ညီသော ဖိနပ်ကိုပင် စီးရသည်။ ဖိနပ်ကို ကိုယ်နှင့်မကိုက်ညီဘဲ နောက်မှ အပိုကြီးထွက်ပြီး စီးသွားသောအခါ ဖနောင့်ကို တဖြန်းဖြန်းနဲ့ ရိုက်ပြီး ကြည့်မကောင်း ရှုမကောင်း သပ်ယပ်မှု မရှိသည်ကို အလိုရှိတော် မမူပေ။

ဆရာတော်သည် တစ်သက်နှင့် တစ်ကိုယ် ဦးက အုန်း ဖိနပ်ကိုသာ သုံးသွားလေ့ရှိပါသည်။ ဦးကအုန်းဖိနပ်သည် သားရေ အစစ်ဖြင့် ချုပ်လုပ်ထားသော ဖိနပ်ဖြစ်သည်။ နှစ်ထပ်နှစ်လွှာရှိပြီး သဲကြိုးနှင့် ကိုယ်ထည်ပါ ကြိုးချုပ်ဖြစ်သည်။

ဖိနပ်ကို ငယ်ပြီး ဖနောင့်အောက် တိုဝင်နေသည်ကိုလည်း မကြိုက်ပါ။ ရှည်ပြီး ဖနောင့်ကို တပြန်ရိုက်နေသည်ကိုလည်း မကြိုက် ပါ။ မိမိနှင့် ကိုက်ညီသော ဖိနပ်ကိုသာ စီးလေ့ရှိပါသည်။

သင်္ကန်းဆိုသည်မှာလည်း လူမှာအဝတ် တောင်းမှာအကွပ် ဆိုတာလို သင်္ကန်းကို အတွင်းအရောင်က တစ်မျိုး အပြင်အရောင်က တစ်မျိုး အရောင်မတူသော သင်္ကန်းမျိုးကိုလည်း ဝတ်လေ့မရှိပါ။ သင်္ကန်းဝတ်ရာ၌ နှစ်လိပ်ထက်ပိုပြီး လိပ်၍ဝတ်ရသော သင်္ကန်းကို မဝတ်ပါ။ ကိုက်ညီသော သင်္ကန်းမရှိလျှင် ခါးက သင်္ကန်းကို ဖြတ်ပြီး ဝတ်ပါသည်။ သုံးလိပ် လေးလိပ် ဆိုလျှင် သင်္ကန်းဝတ်သည့်နေရာက ဘုကြီးဖြစ်နေပြီး ကြည့်မကောင်း တော့ပါ။

သင်္ကန်းဝတ်ရာမှာလည်း သင်္ကန်းနှစ်စပူးပြီး ညာဘက်ကို

တစ်ထွာ လောက် ခေါက်ရှိုး.ရှိုး ထားပါသည်။ နောက်ပြီးမှ တင်းတင်း ဆွဲကိုင်ထားပြီး ဘယ်ဘက်လက်မှ ဘယ်ဘက်တစ်စကို ခါးရှေ့ကို ထိုးညှပ်ကာ ညာဘက်မှ ဘယ်ဘက်သို့ ရမ်းပေးလိုက်ပြီး ညာဘက် သို့ ခေါက်ကိုင်ထားသောအစနှင့် ပူးပေါင်းကာရှေ့မှ သင်္ကန်းလိပ် အပြားသည် ကြီးလွန်းလျှင် ပြန်လျော့ပြီး အလိပ်အပြားလေးကို အသင့်အနေအထား ကြည့်ကောင်းလောက်မှ သင်္ကန်းကို အထက် နားသို့ လက်လေးသစ်မျှ တင်ရဝတ်ရ လေ့ရှိပါသည်။

သင်္ကန်းကို ကွင်းဝတ်လေ့မရှိပါ သင်္ကန်းပြန်ဝတ်သောအခါ နောက်မှ ပါးသွားလေ့ရှိပါသည်။ ထိုသို့ ပါးသွားသောအခါ လုံးပြန်ဟု ခေါ်လေ့ရှိသော (ပါးသွားသည့် နေရာကို ဖြတ်ခါပင် အနားဖတ်နှင့် ပူးချုပ်ပြီးဖြတ်ထားသောနေရာမှ တစ်လက်မခြားပြန်၍ လုံးချုပ်ထား သည်ကို) လုံးပြန်ဟုခေါ်သည် သို့မဟုတ် ဧကသီကို အလျှားလိုက် ဖြတ်ခွဲပြီး ပတ်လည် အနားပတ်တို့ကို တစ်ဝက်စီ ဆုတ်ဖြဲယူ၍ သင်္ကန်းအဖြစ်လည်း အသုံးပြုလို့ရပါသည်။

## ၆။ ထိုင်ဘုဉ်း လည်ဘုဉ်း

သာသနာတော်မှာ ဘုဉ်းကြီးတယ် ဘုဉ်းကြီးတယ်ဆိုတဲ့ ကံကောင်းတယ်ဆိုတဲ့ အသုံးအနှုန်းဟာ ပုဂ္ဂိုလ်တိုင်းနှင့် ဆက်နွယ် နေသော စကားအသုံးအနှုန်း ဆိုရိုးပြောရိုး ဖြစ်နေပေသည်။

ပုဂ္ဂိုလ်တစ်ယောက် ကံကောင်းတယ် စီးပွားရေး ကြီးပွားရေး အဆင်ပြေ ချောမောနေပြီဆိုလျှင် ကံကောင်းသည် ဘုန်းကြီးသည် ဟု ဆိုကြ သည်။ ဘုန်းကံကောင်းသည်ဟု ဆိုရပေမည်။



အချို့လူများသည် စီးပွားရှာသည့်နေရာမှာ လှူပ်ခါလှည့်ခါဖြင့် အရာရာ အဆင်ပြေနေတတ်ပါသည်။ ထိုအရာမျိုးကို သက်သက်သာ သာနှင့် အလိုအလျောက် စိတ်သွားတိုင်းကိုယ်ပါလိုရာကိုပြီးမြောက် စေတဲ့ ဟိုဘဝ ဒီဘဝက ထူထောင်ခဲ့သည့် ကုသိုလ်ကံများကြောင့် ဖြစ်နိုင်ပါသည်။

(ဥပမာ) စာမေးပွဲဖြေရာမှာ အမှတ်များများရလို့လျှင် ပန်းပွင့် များများလှူရသည်ဟု ဆိုရိုးစကား ရှိတာလို ထိုအနီးကပ်လှူသော ကံက အကျိုးပေးခြင်း ဖြစ်ပါသည်။

အိမ်တစ်အိမ်မှာ လယ်ယာလုပ်ငန်း, ကုန်ကူးကုန်ရောင်း လုပ်ငန်း မှာ အိမ်ထောင် ဦးစီးခေါ် အိမ်မှာ ဦးစီးလုပ်ကိုင်သူသည် သီလနှင့် ပြည့်စုံပြီး ကုသိုလ်များနှင့် ပြည့်စုံနေပါက သူကိုယ်တိုင် မလုပ်ကိုင်သော်လည်း သူလုပ်ကိုင်သည့် လုပ်ငန်းများ အလို အလျောက် အဆင်ပြေနေတတ် ပါသည်။

နမူနာအားဖြင့် - လယ်ယာလုပ်ကိုင်သူချင်းတူပေမဲ့ ကန်သင်း ချင်းဆက်စပ်ပြီး လုပ်တာခြင်းတူပေမဲ့ သီလရှိသူနှင့် ကုသိုလ်ကံ တစ်ခုခုတည်ထောင်ထားမည့်သူ လယ်ကပိုပြီး ကောင်းနေတတ် ပါသည်။

ကုန်ကူးကုန်ဝယ်လုပ်သူချင်းလည်း ဟိုဘက်ဆိုင်နှင့် ဒီဘက် ဆိုင် အတူတူရောင်းဝယ်ကြရာမှာ ကုသိုလ်ကံ ထူထောင်မိသူ သီလ နှင့် ပြည့်စုံ သူက ရောင်းအားဝယ်အား ပိုကောင်းကြောင်း လက်ငင်း ဒိဋ္ဌတွေမြင်ကြရမှာ ဖြစ်ကြောင်း။

တစ်နည်းအားဖြင့် ရွာတစ်ရွာ အိမ်တစ်အိမ် မိသားစုတစ်စုမှာ ကံကောင်းသူတစ်ဦး (ချမ်းသာမည့် ကံဇာတာပါသူတစ်ဦး) ပါဝင်နေပြီ ဆိုလျှင် ထိုကံထူးသူတစ်ဦးကြောင့်ပင် အများမှာ ချမ်းသာနေကြသည်။

ထို့အတူပင် ကံဆိုးသူ (ကံမကောင်းတဲ့သူ) တစ်ဦးတစ်ယောက် ပါလာပြီဆိုလျှင်လည်း ထိုသူနှင့်သက်ဆိုင်ရာနယ်တစ်ဝိုက်မှာ မိသား တစ်စု မှာ နည်းအမျိုးမျိုးနှင့် ဆင်းရဲတွင်းနက်နေတတ်ကြပါသည်။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ ကောင်းကံမကောင်းကံကို အများစုက ဝိုင်းလိုက်လို့ မမှီနိုင်ပါ။

ထို့ကြောင့် သာသနာမှာ "ထိုင်ဘုဉ်းလည်ဘုဉ်း" နှစ်မျိုးနှစ်စား ရှိပါသည်။ ထိုင်ဘုဉ်းဆိုတာ ထိုင်ရင်းက ဘယ်မှ မသွားဘဲ ဘုဉ်းကြီးသောပုဂ္ဂိုလ် ဖြစ်သည်။ လည်ဘုဉ်းဆိုသည်မှာ ဟိုဟိုဒီဒီ ပြေးလွှားပြီး မြင်းကြီးများလို သွားလာနေရမှ ဘုဉ်းကြီးသူဖြစ်ပါသည်။

ထိုသည်ကို ဆရာတော်မှ ထိုင်ပြီးကြည့်တဲ့ ဘုဉ်းနဲ့ လည်ပြီးမှ ကြီးတဲ့ဘုဉ်းနှစ်မျိုးရှိကြောင်း "ထိုင်ဘုဉ်းလည်ဘုဉ်း ထိုနှစ် ဘုဉ်း ဘယ်ဘုဉ်းသာ၍ကြီးသနည်း" ဟု မိန့်တော်မူခဲ့ပါသည်။

## ၇။ ထိုင်နည်း

လောကမှာ "အထိုင်မတတ်တော့ ဖြုံသလို အပြောမတတ်တော့ ဆဲသလို" ဆိုတာလို ထိုင်တာလဲ ထိုင်တတ်ရတယ် ချီးယိုထိုင်နဲ့ ထမင်းစားထိုင် ကွဲပြားအောင် မထိုင်တတ်ကြဘူး တင်ပလ္လင်ခွေပြီး



သပ်သပ်ရပ်ရပ် ထမင်းစားတာကို ထမင်းစားတတ်သည်ဟု ဆိုလိုသည်။ ဆောင့်ကြောင့်ကြီး ထိုင်ပြီးစားသည်က ထမင်းစားနည်း မဟုတ်ပါ ချီးယိုထိုင် ဖြစ်ပါသည်။

ကြည့်လို့လည်းမကောင်းပါ၊ လူကြီးလူကောင်း လိမ္မာယဉ်ကျေးသူဖြစ်လျှင် ထိုအတိုင်းစားရမည်၊ မလိမ္မာ မယဉ်ကျေးသူများရဲ့ အမူအရာမျိုး ပယ်ဖျောက်ရမည်သာ၊ အစားအစာ စားရာမှာ အရေးမကြီးဘူးဆိုပေမဲ့ လူယဉ်ကျေးမှုမှာ အစာစားခြင်းနှင့် ပတ်သက်၍ အရေးပါပါသည်။

ထွင်းစားရာမှာ ထွင်းလုတ်ကို အလွန်မကြီးလွန်း အလွန်လည်း မသေးလွန်း ရဘူးဟု ဗုဒ္ဓကသည်ပင် ပညတ်ထားပါသည် ထမင်းစားရာမှာ – ထွင်းများလက်ထဲရောက်လျှင် လက်မကလေးနှင့် အသာလုံးပြီး ဒေါင်းဥပမာဏရှိအောင် လှည့်ပတ်ဝိုင်းပြီးမှ ပါးစပ်ကိုလည်း ကြိုတင်ဟမထားဘဲ ထွင်းလုပ်အနားရောက်မှ ပါးစပ်ဟာပြီး ထိုထမင်းလုတ် ပြင်ပြီးသားကို လက်မလေးနှင့် အသာထိုးသွင်းရမည်။

ရှေးဆရာတော်ကြီးများနှင့် အသိဉာဏ်ရှိသော မိဘများက ထမင်းစားလျှင် ပျင်းတိပျင်းရော မစားချင်သလို စားချင်သလို မစားရပါဘူး။ အဲ့သလိုစားတာ တွေ့မြင်ရင် တပည့်သားသမီးများကို "ဟဲ့ကောင် လေး ကောင် မလေး ထမင်းကို မစားချင်မစားချင်နဲ့ မစားနဲ့ ဆင်းရဲတာရှည် တတ်တယ်" ဟု ပြောဆို ဝေါက်ငမ်းလေ့ ရှိပါသည်။

အထိုင်.အထိုင် တတ်ရုံမက အပြောလေးကိုလည်း ညင်ညင်သာသာ ပြောကွယ့် သက်သက်သာသာ ပြောကွယ့်ဒေါင့်ဖြတ်ကြီး မပြောနဲ့ အပြောသာမှ နေရာတိုင်းမှာ တစ်ဖက်သား နားခံသာမှာ တစ်ဖက်သား နားမခံသာတဲ့ စကားလုံးမျိုး မပြောမိစေနဲ့ အပြော မတတ်တော့လည်း ဆဲရာကျတယ်။

လူမှုဆက်ဆံရေး နယ်ပယ်မှာ အပြောကောင်းရင် ကောင်းသလောက် အရာရောက်ပါသည် အနေအထိုင် ကောင်းရင်လည်း ကောင်းသလောက် အရာရောက်ပါသည်။

ဒါကြောင့် ချီးယိုထိုင်နဲ့ ထမင်းစားထိုင် ကွဲပြားအောင် ထိုင်တတ်ရန်လိုကြောင်း ဆရာတော်ဘုရားကြီးက မိန့်တော်မူခဲ့ပါသည်။

## ၈။ကန်တော့သူ လင်ပျသလို

ဆရာတော်သည် နေရာတိုင်းမှာ သေသေသပ်သပ်ရှိဖို့ လိုလားတော်မူသည်။ အလုပ်လုပ်ရာမှာ သော်လည်းကောင်း တသင်၊ စာချ၊ စာရေးရာမှာသော်လည်းကောင်း သပ်ယပ်သေချာမှ သဘောတွေ့လေသည်။ မသေချာမသပ်ရပ်တဲ့ အလုပ်မျိုးတွေကို ရှောင်ရှားဖို့ သတိပေးလေ့ရှိသည်။

နောက်ဆုံး- ကောင် လေးကောင်မလေးများ အိမ်ထောင်ရေး ကိစ္စများမှာပင် အကျင့်စာရိတ္တ အမျိုးအနွယ် ကောင်း.မကောင်း မျိုးရိုးစဉ်ဆက်အထိလေ့လာပြီးလို့သေချာမှာအိမ်ထောင်ပြုသင့်ကြပါသည်။

မျက်မြင်အကဲခတ်လို့မရတဲ့ စာရိတ္တနှင့် မျိုးရိုးစဉ်ဆက်



ကောင်းမကောင်းက အရေးကြီးလှပါသည်။ ဂုဏ်ရှိမရှိ. ပစ္စည်းပေါမပေါ. ရုပ်ချော. မချော. ကျန်းမာရေးကောင်း မကောင်း ပညာအရည်အချင်း ရှိမရှိစသည်တို့မှာ မျက်မြင်တွေ့မြင် နိုင်ပါသည်။

ရှေးက ဆိုရိုးစကားရှိတာလို ချေးနားနီးနီး အုတ်တိုက်ကြီးနဲ့ ဥစ္စာပေါ. ရုပ်ချော အလိမ္မာအိမ်ပါ အမေနဲ့တဲ့ ဆိုလောက်နဲ့လည်း မပြည့်စုံသေးပါကြောင်း။

ဝါးခြမ်းကို နဂါးအုံ့စွဲတာလို့ ... နဂါးကောင်းကလေးက ဝါးခြမ်းကို သူ့ရဲ့အိမ်ကလေးအဖြစ် သွားလုပ်တော့ ဝါးခြမ်းကို ဟိုကတိုက် ဒီကတိုက်နဲ့ ဆိုတော့ ခဏခဏပြုတ်ကျ ခဏခဏပြန်လုပ်ရနဲ့ မသေချာတဲ့နေရာ လုပ်မိလို့ ဒီလိုဖြစ်နေဆိုတာ သူမသိလေတော့ အချိန်ကုန်ပြီး အရာမရောက် ဖြစ်ကြောင်း သိရပါသည်။

သေသေချာချာ နိုင်မာတဲ့နေရာကိုသာ ရွေးချယ်ပြီး လုပ်မယ်ဆိုရင် အချိန်တိုတိုနဲ့ လိုရာပြီးနိုင်ပါသည်။

ကိုယ်တော်တစ်ပါးကျောင်းထိုင် ဆိုပြီး လိုက်သွားတယ် သုံးလေးနှစ်ကျောင်းထိုင်ပြီးပေါ့နောက်တော့ ဘာအဆင်မပြေလို့လဲ မသိဘူး ကျောင်းတိုက်ကို ပြန်ရောက်လာတယ်။

ဘုန်းကြီးကလဲ ကိုယ်က မွေးထုတ်ထားတဲ့သား တပည့်ဖြစ်လေတော့ မငြင်းနိုင်ဘဲ လက်ခံရတာပေါ့၊ သူများက မကောင်းဘူးလို့ ထင်ပေမယ့် ဘုန်းကြီးမှာတော့ ကောင်းရတယ်။

လိုက်သွားတုန်းက ဘာမှ မစဉ်းစားဘဲ လိုက်သွားတာ ဆိုတော့ ဖြစ်ကြမှာဘဲ ဟိုရောက်တော့ ကိုယ်ထင်သလို မဟုတ်ဘဲ နေရေးထိုင်ရေး စားဝတ်နေရေး အဆင်မပြေတာလဲ ဖြစ်မှာပေါ့။

ကျောင်းထိုင်တယ်ဆိုတာလည်းအဆင်ပြေခဲတယ် -

(က) ဆရာကကောင်းပြီး ဒကာဘက်က မကောင်းတာလည်း ရှိတယ်

(ခ) ဒကာကကောင်းပြီး ဆရာကမကောင်းတာလည်း တွေ့ရတယ်

(ဂ) တစ်ချို့ကျတော့ ဆရာမကောင်းဒကာမကောင်းလည်းကြုံရတတ်ပြန်တယ်။

(ဃ) တချို့ကျတော့လည်းဆရာကောင်း ဒကာကောင်းနဲ့လည်း ကြုံရ တတ်ပြန်တယ်။

နှစ်ဖက်စုံကောင်းပြီး သာသနာပြုလုပ်ငန်း လုပ်ရတာ အကောင်းဆုံးပေါ့၊ နှစ်ဖက်မစုံမိရင်တော့ တစ်ဖက်ဖက်မှာ အကျိုးယုတ်စမြဲဘဲ။

ကျောင်းထိုင်တယ်၊ အိမ်ထောင်ပြုတယ်ဆိုရာမှာ -

အိမ်ထောင်ဦး ဘုရားတည်
ဆေးမှင်ရည်စုတ်ထိုး
ဤသုံးမျိုး ချက်မပိုင်လျှင်
နှောင်ပြင်ရန် ခက်တဲ့အမျိုး၊

ဒါက ရှေးကဆိုရိုးစကားရှိတဲ့ လွဲသွားပြီဆိုရင် အပြင်ရခက်တဲ့ သုံးမျိုးပေါ့။ ဘုန်းကြီးက ရှေ့ဆက်လိုက်ချင်သေးတယ် -

အိမ်ထောင်ဦး ဘုရားတည်
ဆေးမှင်ရည် စုတ်ထိုး
ကျောင်းထိုင်ပင့် မြတ်သံဃာ



စာချုပ်ရန်ခက်တဲ့ ငါးမျိုး ...လို့လွဲမှားသွားလို့ရှိရင် သုံးမျိုးမက ငါးမျိုးရှိကြောင်း

(၁) အိမ်ထောင်မှားလျှင် အပြင်ရခက်တယ်၊

(၂) ဘုရားတည်မှားရင် ပြန်ပြင်ရခက်တယ်၊

(၃) စုတ်ဆေးအထိုးမှား ပြန်ပြင်ရခက်တယ်၊ (ရှေးက မှင်ကြောင်ထိုးကို ဆိုလိုသည်။)

(၄) ကျောင်းထိုင်သံဃာ အပင့်မှားလျှင်လည်း အပြင်ရခက်တတ်သည်၊

(၅) စာချုပ်ချုပ်ဆိုသည့်နေရာမှာလည်းမှားသွားသည်ဟူ၍ ပြန်ပြင်လို့မရပါ။

ပြန်လာတဲ့ ကျောင်းထိုင်ဘုန်းကြီးကတော့ ကန်တော်သုလင်ရ သလိုနေမှာပေါ့၊ ကန်တော်သူများ လင်ယူရင် ရာသက်ပန်မယူဘူးတဲ့၊ ယောကျ်ားယူတယ်ဆိုရုံ ပြောရလောက်ရုံ ပေါင်းသင်းတယ်ဆိုဘဲ။

ဒကာတွေကလည်း ငါ့ကိုယ်တော်ကို ပင့်သွားတာ မဟုတ်ဘူး၊ သူတို့ကျောင်းမှာ ကျောင်းထိုင် ဘုန်းကြီးအဖြစ် ရာသက်ပန်ကိုးကွယ်ဖို့ စိတ်မကူးဘဲ သူတို့နိုင်းချင်ရာ နိုင်းပြီးပင့်သွားတုန်းကတော့ ပင့်သွားကြပြီး သူတို့ စိတ်တိုင်းမကြတော့ ပြန်ပို့တယ်။

ငါးဘုန်းကြီးမှာတော့ စာချပျက်၊ စာသင်ပျက်၊ ကျောင်းတိုက်တာဝန်တွေပျက်နဲ့ တစ်သက်လုံးလည်း ကျောင်းမထိုင်ရဘဲနဲ့ အခြေပျက် အနေပျက်ဖြစ်ပြီး ခဏကျောင်းဘုန်းကြီးပင့်သွားကြတာကို

လက်စသတ်တော့ ကန်တော်သူ လင်ယူသလို အခြေပျက်ရုံပါပဲဟု မိန့်တော်မူလိုက်ပါသည်။

## ၉။ မိဘနဲ့ ဘုရားပစ္စည်းလွှတ်ပြီးစဉ်းစား

ဘုရားပစ္စည်းဆိုသည်မှာ ရဟန်းသာမဏေများ နေ့စဉ်ကိုင်ဆောင်ထားသည့် သပိတ်ဖြစ်သည်၊ ထိုသပိတ်နှင့်ပင် သာသနာတော်မှာနေနိုက် အသက်မွေးဝမ်းကြောင်း ပြုကြရသည်။

သာသနာတော်မှာနေစဉ် အချို့ရဟန်းသာမဏေများသည် သာသနာ့ဘောင်မှာ မပျော်ပိုက်၍ လူ့လောကကို ကူးမည်ဟု စိတ်ကူးရှိပါက စီးပွားရေး၊ ကြီးပွားရေးများအတွက် စိတ်ကူးကြရသည်၊ စဉ်းစားဝေဖန်မှုများလည်း ပြုကြရသည်။

ထိုအချက်အလက်ကို သိတော်မူထားသော ဆရာတော်ဘုရားကြီးက သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့အား သံဝေဂရသူရ သတိတရားဖြင့် ဆင်ခြင်သူလည်း ဆင်ခြင်ကြရန် သာသနာ့ဘောင်မှ ရွေ့လျောမှုဘေးမှ လွတ်သူလွတ် သာသနာဘောင်မှာ မြဲနိုင်သမျှမြဲအောင် ပရိယာယ်ကို သုံးတော်မူလျက် –

သာသနာတော်မှာ သင်္ကန်းဝတ်နဲ့နေကြပါလျက် လူ့လောကရဲ့အကြောင်းအရာတွေကို စိတ်ကူးမယဉ်မိကြစေဘို့၊ စိတ်ကူးယဉ်မိပြန်လျှင်လည်း ဘုရားပစ္စည်းဖြစ်တဲ့ သပိတ်ကို စိတ်ကူးနဲ့ ဖယ်ထားပြီး စဉ်းစားကြဖို့... မကြာခဏဆိုတာလို သတိပေးလေ့ရှိပါသည်။

သာသနာတော်မှာနေနိုက် သပိတ်ကို လက်ထဲက မလွှတ်သေးဘဲ စားဝတ်နေရေး မတောင့်မတ မကြောင့်မကြနဲ့ စိတ်ကူး



လိုက်ရင်တော့ လူ့ဘဝကြီးက ဘာမှ ခက်ခဲတာတွေမှန်သမျှ တွေ့ရမှာ မဟုတ်ဘူး။ အားလုံး စိတ်ကူးလိုက်တိုင်း အဆင်ပြေတာချည်းပဲ ဖြစ်နေမှာ သေချာသည်။

ဒါကြောင့် လူ့ဘောင်ကို စိတ်ကူးမည့်သူများပင် ကိုယ် စိတ်ကူးတုန်းက ဒီအခက်အခဲတွေ မပါခဲ့ပဲ အားလုံးအဆင်ပြေတွေချည့် စဉ်းစားထားတာ မမျှော်လင့်သော အခက်အခဲတွေက ဘာကြောင့် ပါနေရသလဲဆိုရင် ဘုရားပစ္စည်းသပိတ်ကို လက်မလွှတ်သေးဘဲ စဉ်းစားစိတ်ကူးမိလို့ဟု သဘောပေါက်စေရန် အောက်ပါသာဓကကို ထုတ်ပြတော်မူသည်။

## ၁၀။ မယားချောလေး နိုင်ငံရာလူပိမ်မှာ

ဆရာတော်ဘုရားကြီးသည် သာသနာ့စိတ်ပြင်းထန်လှသည့်အတွက် သာသနာနဲ့ပတ်သက်လာလျှင် အောက်တန်းကျတဲ့ အပြောအဆို အနေအထိုင် အသွားအလာမျိုးတွေကို ရဟန်းသာမဏေတို့အား အမြဲသတိပေး ပြောကြားလေ့ရှိသည်။

လူဝတ်ကြောင်တွေနဲ့ စကားပြောရာမှာ ခင်ဗျား၊ ကျွန်တော်၊ ကျုပ်၊ ဟုတ်ကဲ့စသည့်ဖြင့် လူဝတ်ကြောင်ဆိုင်ရာ အသုံးအနှုန်းတွေ ရှောင်ကြဉ်ပြီး ဦးဇင်းက၊ ဘုန်းကြီးက၊ ကိုရင်က စသည့် စကားများဖြင့်သာ သုံးကြပါရန် မှာကြားသည်။

တပည့်တွေ အနေအထိုင်နဲ့ ပတ်သက်ပြန်တော့လည်း လူဝတ်ကြောင်များကဲ့သို့ နေထိုင်သွားလာ ရှောင်ပြီး သိမ့်မွေ့သော

ရဟန်းသာမဏေတို့ရဲ့နေထိုင်နည်းဖြင့်သာ နေထိုင်ကြရန် ညွှန်ကြားသည်။

လူကကိုယ့်ထက်အမြင့်က ကိုယ်က နိမ့်ကျတဲ့ နေရာမျိုးမှာ မထိုင်မိရန် ကြမ်းပြင်တစ်ခုထဲ ထိုင်ရာမှာပင် ကိုယ်က ဖျာပေါ်က သော်လည်းငုံး အခင်းတစ်ခုခုပေါ်မှငုံး ထိုင်ရမည်။

အဝတ်အစားများလည်း လူဝတ်သလို လူစားနည်းမျိုးလို မစားမဝတ်ရပါ လူဝတ်ကြောင်နဲ့ မတူအောင် ဝတ်စားရမည်။

သာသနာက အထက်တန်းကြပေမဲ့ ပုဂ္ဂိုလ်က ကိုယ်စိတ်အောက်တန်းရောက်နေလျှင် ကြည့်လို့လည်းမတော်၊ကြားလို့လည်း မကောင်း အမြင်မတော် ဆင်တော်နှင့်ခလောက်ဆိုတာကို ရတနာ တစ်ပါး အပါအဝင်ဖြစ်တဲ့ အမြတ်တနိုးထားတဲ့ဆင်ကို ဆင်ရိုင်းတွေ ဆွဲတဲ့ အသား ခလောက်ကြီး လည်မှာချိတ်ဆွဲထားပါက မလိုက်ဘက် မသင့်တော် သလိုပေါ့၊ လူမှာလည်း လူ့ကျင့်ဝတ်နှင့်ညီထွေမှ ရဟန်းသာမဏေများ မှာလည်း ရဟန်းသာမဏေ ကျင့်ဝတ်နှင့် ကိုက်ညီမှ ကြည့်ကောင်းပါတယ်။ အများအားဖြင့် တွေ့မြင်နေကြရတာ က အပြောကို လူပြောပြောပြီး အနေ အထိုင် အသွားအလာကစ လူနဲ့ရဟန်းသာမဏေ မကွဲကြတော့ဘူး။

လူတွေ နိုင်းရာလုပ်ကြတယ်၊ လူတွေ ကြိုးကိုင်ရာ ခံကြရတယ်၊ လူစကားနားထောင်ကြရတယ်၊ လူတွေကို ခယပြီး ပေါင်းကြရတယ်။ လူတွေနိုင်းရာ သွားကြရတယ်။ အချို့နေရာများမှာ လူဆိုင်ရာ တရားရုံးများသော်မှ လူ့အာဏာပိုင်ဆိုင်ရာများက အမိန့်နှင့်ဆင့်ပြီး အစစ်ခံကြရတယ်။



ရဟန်းသာမဏေများကိုပြစ်မှုတစ်ခုခု ကျူးလွန်မိပါက သံဃဝိနိစ္ဆယမှ သာသနာရေးဆိုင်ရာ လူဝတ်ကြောင်များနှင့်ဆိုင်ရာ ဆရာတော်များ ပူပေါင်းပြီး စစ်ဆေးမေးမြန်းသင့်ကြပါသည်။

အကြောင်းမှာ အခြားသာသနာရေးဆိုင်ရာ (ဘာသာရေးဆိုင်ရာ) ရှုထောင့်ဘက်ကနေကြည့်လျှင် အလွန့်အလွန်ကို အမြင်မတော် ပါကြောင်း -

တစ်နည်းအားဖြင့်လည်း ဘုရားအမွေတော် သင်္ကန်းနှင့် သင်္ကန်းကို ဝတ်ဆင်ထားသည့် ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ တည်ရှိတဲ့ သီလ သမာဓိ ပညာ သိက္ခာ (၃) ပါးကို စော်ကားရာရောက်သည့်အပြင် လူဆိုင်ရာ ဥပဒေရှင်တို့က အထက်က ရဟန်းသာမဏေများက နိမ့်ကျသည့် နေရာကဖြစ်နေကြတော့ နစ်ဖက်နစ်လမ်း အမြင်မတော်စရာချည်းပါပဲ သံသရာအပြစ်နဲ့ ကြည့်မယ်ဆိုရင်လည်း မတွေးဝံ့စရာ ဖြစ်ပါတော့သည်။

ထို့ကြောင့် ရဟန်းသာမဏေဆိုင်ရာ ပြစ်မှုရှိလာပါက သူတော်ကောင်း ဗုဒ္ဓဘာသာဝင်တို့ရဲ့ ညှိုညင်မှု မခံကြရအောင် အခြားဘာသာဝင်တို့ရဲ့ ပြစ်တင်မှုလည်း မခံရအောင်ဆိုင်ရာများမှလည်း လောကသံသရာ အပြစ်မရှိရလေအောင် ထိန်းထိန်းသိမ်းသိမ်း လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်လှပါသည်။

ခုရှူတ္တရာ သူဌေးသမီးဖြစ်ခဲ့စဉ် ဘိက္ခုနီရဟန်းမတွေနဲ့ အတူနေပြီးဟိုဟာလေးနိုင်းစေမိလိုက် ဒီဟာလေးနိုင်းစေမိလိုက်နှင့် နိုင်းစေမိခဲ့တဲ့အတွက် ဒီဘဝမှာကြတော့ ကျွန်မအောက်တန်းစား လာဖြစ်ရတယ် ပညာအရာမှာတော့ ရဟန္တာဖြစ်လောက်အထိ

ကြီးကျယ်တဲ့ ဉာဏ်ကြီးရှင်အဖြစ် တည်ရှိနေပြီးနောက်ပိုင်း ရဟန္တာမကြီး ဖြစ်တော်မူရပါတယ်။

တရာဇာသီ ဘုရင်မင်းမြတ်ရဲ့ သားတော်လေး ရှင်ဘုရင်ဖြစ်တော့ မြို့တွင်း ဆင်တော်နှင့်လှည့်လည်ကြရာ အားလုံးလူတွေက ဝိုင်းပြီး အရှိ အသေပြုပြီး ပူဇော်နေတယ်။

ရဟန်းတစ်ပါးက ရှေ့က ဆွမ်းခံရင်းဖြတ်သွားလို့စိတ်ဆိုးပြီး ဆင်နဲ့ လိုက်မိရာ ဟိုရဟန်း၏သီလ သမာဓိပညာကို စော်ကားမိတဲ့ အကုသိုလ်ကြောင့် တစ်ဘဝရောက်တော့ သူတစ်ပါး အစေခံ ကျွန်ဖြစ်ရတယ်။

ဒီသာဓကတွေကိုထောက်ရှုပြီး ဆင်ခြင်နိုင်သမျှ ဆင်ခြင်ကြပြီး ရဟန်းသာမဏေများဘက်ကလည်း သာသာနာစိတ် ဘာသာစိတ် ကိုယ်စီကိုယ်စီ မြှင့်တင်လိုတဲ့စိတ်ထားနဲ့ နေထိုင်ကြပါ။

အဲ့ဒီလို မနေထိုင်ကြဘဲ လူတွေကြိုးကိုင်ရာ လူတွေစေခိုင်းရာခံ နေကြရမယ့်အစားတော့ မယားချောလေးတစ်ယောက်ရအောင်ယူပြီး ထိုမယားချောလေး ခိုင်းစေရာ မယားချောလေးကြိုးကိုင်ရာလုပ်နေကြရတာကမှ အကျိုးရှိမယ် ထင်ပါလိမ့်မယ်ဟု မိန့်ကြားတော်မူခဲ့ပါ သည်။

ရဟန်းသာမဏေဆိုတာ သူတစ်ပါးအခိုင်းအစေမခံချင်လို့ လူ့ဝတ် ကြောင်တွေကြိုးကိုင်ရာ မခံချင်လို့ ကျော့ကွင်းနှောင်ကြိုးလွတ်နေကြရာမှ ရဟန်းသာမဏေဘဝ ရောက်မှ ကျော့ကွင်းနှောင်ကြိုးတွေမိပြီးအတုတ်အနှောင်ပြန်ခံရဦးမယ်ဆိုရင် ဘယ်လိုမှ သာသနာ့လောကမှာ မတော်ပါဘူး။



## ၁၁။ ရောဂါပြင်းတဲ့ လူနာလို

ဥပသကာတစ်ယောက်သည် ဘာသာရေးကိုးကွယ်တဲ့နေရာမှာ အများကိုးကွယ်လို့သာ မှုလိုက်ပြီး ကိုးကွယ်နေရကြောင်း အများကလှူရင် ကုသိုလ်ရတယ် သီလဆောက်တည်ပါကလည်း ကောင်းကျိုးရကြောင်း တရားဘာဝနာ အားထုတ်ပွားများ ပါကလည်း ကောင်းကျိုး ချမ်းသာ ရကြောင်း။

ရတနာသုံးပါး ကိုးကွယ်ရာမှအစ၊ ကောင်းမှုကုသိုလ်များအဆုံး၊ အများနည်းတူ လုပ်ဆောင်နေရပေမဲ့ ယုံကြည်မှု၏ အနှစ်သာရကိုတော့ ပိုင်ပိုင်နိုင်နိုင်နင်း မရှိလှသေးပေ။

တစ်ခါတစ်ခါ ဘုရားကြည်ညိုစိတ်ပေါ်လာလို့ ဘုရားဝတ်တက်တယ် ရေလှူ၊ မီးလှူ၊ ပန်းလှူ ကြတယ်။ ထို့သို့ လှူလိုက်ခြင်းကြောင့်ပေလော၊ ငါဖြစ်ချင်တဲ့အရာများဖြစ်လာတာ ဟုတွေးတောမိပြန်၏။

ဤကဲ့သို့သော အကောင်းကလေးမျိုးမှ အနယ်မထိုင်ချင်သေးဘူး ဟုတ်မယ်မထင်ပါဘူး၊ ငါ့အကြောင်း ငါ့ကံနှင့်ငါ ဖြစ်လာတာနေမှာပါဟု ဆိုပြီး ဘုရားကို ကြည်ညိုလေးစားကိုးကွယ်ချင်စိတ်များပျောက်လွင့်ကာ ဇဝေဇဝါဖြစ်ပြီး ရှေ့တိုးရမလို နောက်ဆုတ်ရမယောင် ဖြစ်နေပြန်သည်။

တဖန်ဆက်ပြီး ဘုရားဆိုတာ ဟုတ်မှဟုတ်ရဲ့လား ဘုရားဆိုတဲ့ ပုဂ္ဂိုလ်ဟာ အများတကာထက် ကြံဆနိုင်တဲ့ ဉာဏ်ပညာရှိတဲ့ပုဂ္ဂိုလ်တစ်မျိုး ဖြစ်နိုင်တယ်။

ထိုဘုရားဆိုတဲ့ ပုဂ္ဂိုလ်ဟောပြောခဲ့တဲ့ တရားဆိုတာလည်း

ပုံပြင် ဒဏ္ဍာရီ သဘောမျှသာဖြစ်မှာပဲ၊ ရဟန်းတွေဆိုတာလည်း ငါလိုလူသားထဲက လူဖြစ်ပြီး အဝတ်ပြောင်းထားတာပါပဲ ငါနဲ့ ဘာမှထူးမှာမဟုတ်ပါဘူးစသည်ဖြင့် ရတနာသုံးပါးအပေါ်ကိုးကွယ်တဲ့နေရာမှာ ဟုတ်တယ်မှန်တယ်လို့ ထင်တဲ့အခါ ထင်လိုက် မဟုတ်နိုင်ပါဘူးလို့ ထင်မိတဲ့အခါ ထင်မိလိုက်ဖြစ်နေရာက တောင်မြို့ ဆရာတော်ထံရောက်လာတော့ပါသည်။

သူ့စိတ်ထဲ တစ်သက်လုံး ရတနာသုံးပါးနှင့် ဝေခွဲဆုံးဖြတ်လို့မရတဲ့ အကြောင်းတွေအားလုံး ဆရာတော်ဘုရားကြီးအား ဖြစ်ကြောင်းကုန်စင် လျှောက်ထားလိုက်သည်။

ဆရာတော်ဘုရားကြီးမှာ ထိုဒကာကိုကြည့်ပြီးဒကာလေးက စိတ်ကောင်းနှလုံးကောင်းတော့ ရှိဟန်တူပါတယ်။ရတနာသုံးပါးနှင့် ပတ်သက်လို့တော့ စိတ်ထဲမှာ ဝေခွဲလို့မရ ဖြစ်နေလို့သာပေါ့၊ ကဲ - ဒကာလေး မှတ်ထား ရတနာသုံးပါးကို နှစ်နှစ်ကာကာ ယုံကြည်သိလိုလျှင် -

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ - ဘုရားကိုလည်း ကိုးကွယ်နေပါ၏။

ဓမ္မံ သရဏံ ဂစ္ဆာမိ - တရားတော်ကိုလည်း ကိုးကွယ်နေပါ၏။

သံဃံ သရဏံ ဂစ္ဆာမိ - သံဃာတော်ကိုလည်း ကိုးကွယ်၍ နေပါ၏။

အဲဒီလို အမြဲရွတ်ဆိုပြီးနေလျှင် ရတနာသုံးပါးရဲ့အပေါ် ကိုးကွယ်မှု အရသာနှင့် ယုံကြည်မှုအရသာ ပေါ်လာ ပါလိမ့်မယ်။

ဥပမာ - ထမင်းဆိုတာ တစ်ခါတစ်ခါ စားကောင်းလိုက်၊



တစ်ခါတစ်ခါ စားမကောင်းလိုက်ဖြစ်နေတတ်တယ်၊ စားနေကြအချိန်ရောက်ပြီ ဆိုရင် စားရင်းက ကောင်းလာသလိုပေါ့။

ဒကာလေးရဲ့ဖြစ်ပုံက ရောဂါအပြင်းအထန် ဖြစ်နေတဲ့ လူမမာလို ဖြစ်နေတာပါလား ရောဂါအပြင်းအထန် ဖြစ်နေတဲ့ လူမမာဟာ တစ်ခါတစ်ခါ သတိလစ်ပြီး မေ့မြောသွားလိုက် တစ်ခါတစ်ခါ သတိပြန်ရပြီး လှုပ်လာလိုက် ဖြစ်နေတဲ့ ပုံလိုပဲ။

တစ်ခါတစ်ခါ ဝဏ်မစောင့်သုံးဘဲ ကိုယ်လွတ် (စိတ်) လွတ် ရဟန်းတွေဆိုတာ စောင့်စားတွေပါပဲ ကိုယ်မကြည်ညိုတာကို အသာမနေဘူး။ နေရင်းထိုင်ရင်းက ဘေးသင့်အောင် ဖြစ်သေး တယ်။

ထိုသူက လောကုတ္တရာ စာပေလည်း အထိုက်အလျောက်သိပါတယ် လူဆိုသည်မှာ သူတစ်ပါး သွန်သင်လို့ ကောင်းသွားတာထက် ကိုယ်အသိနဲ့ကိုယ်သိပြီး ကိုယ့်ဘာသာ ကိုယ်သိပြီး ယဉ်ကျေးသူမှ အကောင်းဆုံးဖြစ်ပါတယ်။ ထိုဒကာ ဆက်လွန်ကျူးတာလည်း ရှိသေးတယ် သူက ဘာသာရေးဆိုင်ရာများမှာ သူတတ်သမျှ မှတ်သမျှဖြင့် အသံချဲ့စက်နဲ့လည်း အလှူခံလေ့ရှိပါသည်။ ဆုတွေလည်း ပေးလေ့ရှိသည်။ နေ့ - ထမင်းဖြင့် ကျွေးမွေးဧည့်ခံပြီး ဆုပေးရာမှာ တောင် ဘုန်းကြီးဆယ်ပါး ဆွမ်းကျွေးရတာထက် သူတို့ ဆယ်ယောက်ကို ဧည့်ခံရတာက အကျိုးများကြောင်း ရပ်ရွာအတွင်း မှာ လူသိရှင်ကြား အကုသိုလ် ယူလိုက်ကြသည်။

ဒကာလေးလည်း ရတနာသုံးပါးနဲ့ ပတ်သက်ပြီး သတိလစ်ခါ ယုံတစ်ချက် မယုံတစ်ချက်နှင့် ရတနာသုံးပါးနှင့်ပတ်သက်ပြီး ရောဂါခံစားနေရတဲ့ ရောဂါသယ်ဖြစ်နေတာပါလားဟု မိန့်ကြားတော်

မူလိုက်ရာ ဒကာလေးမှာ သဘောကျပြီး ပြုံးပြုံး. ပြုံးပြုံးနဲ့ ပြန်သွားလေသည်။

ဇာတံ သရဏံတော ဘယံ - ဆိုသည့်အတိုင်း ဘာကိုဘဲ ကိုးကွယ် ကိုးကွယ် အကိုးကွယ်မတတ်လျှင် ကိုးကွယ်ရာက ဘေးဖြစ်တတ်သည်တဲ့ -

| | |
|---|---|
| သူတော်သူမြတ် | မပြစ်မြင်လို |
| သူတော်တရား | နာကြားရလို |
| မစ္ဆေသွဉ်စ်ကြေး | ကင်းဝေးပါလို |
| ထိုသုံးမျိုး | စိတ်ကောင်းရှိသူဆို။ |

## ၁၂။ စည်တိုကြီး တစ်လုံးသာကျန်

မြန်မာနိုင်ငံတွင်း ဗုဒ္ဓဘာသာဝင်များ၏ ဓလေ့ထုံးစံအရ ကထိန်ခင်း၊ ရဟန်းခံ၊ ရှင်ပြု စသည်ဖြင့် အလှူကောင်းမှု တစ်ခုခု ပြုရာတွင် သံဃာနှင့် ပတ်သက်၍ တစ်ခါတစ်ခါမှာ အလှူရှင်များ အတွက် အဆင်မပြေမှုများကြုံတွေ့ရ တတ်လေသည်။

တစ်ခါသော် ပင့်သံဃာ အပါးသုံးဆယ်ကျော်တွင် တောင်မြို့ ဆရာတော်အား တရားချီးမြှင့် ရေစက်ချ အထူးလျှောက်ထားပြီး အလှူတစ်ခု ပြုလုပ်ခဲ့ပါသည်။

အလှူရက်ရောက်သောအခါ ပင့်သံဃာ အပါးသုံးဆယ် ကျော်မှ ကျန်းမာရေးကြောင့်ရယ် အလှူချင်းဆုံလို့မလာနိုင်တာရယ် စသည်ဖြင့် အကြောင်း အမျိုးမျိုးတွေကြောင့် ပင့်သံဃာ ဆယ့်ငါးပါး



မျှသာ သံဃာများကြွလာသည်ကို အလှူရှင်က သတိပြုမိလိုက်သည်။

အလှူရှင်များမှ တောင်မြို့ဆရာတော်တရားချီးမြှင့်ခါနီးတွင် ဆရာတော်ဘုရား တပည့်တော်အလှူ ပင့်သံဃာသုံးဆယ်ကျော်ပါ ဘုရား သံဃာစင်ပေါ်မှာ ဆယ့်ငါးပါးလောက်သာ မြင်ရပါတယ် ဘုရား။

ဘုန်းကြီးပင့်ရတာလည်း ဆိုင်းငှားရတာနဲ့ တူနေပါတယ်ဟု လျှောက်ထားရာ ဆရာတော်မှ ဘုန်းကြီးနှင့် ဆိုင်းငှားရတာ ဘယ်လို ဆက်စပ် ပါသလဲ ဟု မိန့်တော်မူ လိုက်သည်။

ထိုအခါ အလှူတကာက မှန်လှပါဘုရား တပည့်တော် အလှူမှာ ငှားထားတဲ့ ဆိုင်းကလဲ ဘယ်မှာပွဲကူးရှိတယ် ဘယ်နှစ်နာရီ အရောက်သွားရမှာဆိုပြီး ပတ်မတွေ၊ ပတ်ဝိုင်းတွေ၊ ကြေးဝိုင်းတွေ၊ မောင်းဆိုင်းတွေ အကုန်ဖြုတ်ပြီး ယူသွားလိုက်ကြတာ စည်တိုကြီး တစ်လုံးသာ ကျန်ရစ် တော့တယ် ဘုရားဟု လျှောက်လိုက်တော့၏။

ထိုအခါ တောင်မြို့ဆရာတော်မှ ဒကာတော် လျှောက်ထားသည်မှာ မှန်တယ်၊ ဒါပေမဲ့ အလှူတစ်ခုမှာ စည်တိုကြီးတစ်လုံးသာ လိုရင်းဖြစ်ပြီး ကျန်တာတွေက ရေစက်ချပြီးတဲ့အချိန်မှာ မလိုတော့ဘူး လေ၊ ဒါကြောင့် စည်တိုကြီးတစ်လုံးသာ ကျန်ရစ်ခဲ့တာပေါ့။

အလှူတကာရဲ့ဒီအလှူပွဲမှာလည်း ပတ်မတွေ၊ ပတ်ဝိုင်းတွေ၊ ကြေးဝိုင်းတွေ၊ မောင်းဝိုင်းတွေ၊ ပွဲဆက်တွေ၊ ပွဲတိုက်တွေရှိလို့ ကြွသွားတော်မူကြပြီး အလှူတကာရဲ့ပွဲကို မကြွလာနိုင်ပေမဲ့ လိုရင်း ရေစက်ချတရား ချီးမြှင့်မဲ့ စည်တိုကြီးတစ်လုံးကိုယ်တော်ကြီးတော့

ကျန်ရင်ပြည့်စုံလောက်ပါပြီဟုမိန့်တော်မူလိုက်ရာအားလုံးသဘောကျ နှစ်သက် သွားကြသည်။

## ၁၃။ ငါ့ကျောင်းက စာဆိုနဲ့

ကျောင်းတိုက်သံဃာလက်ခံရာမှာ လက်ရွေးစင် လက်ခံနေသည့် အချိန်ကြီးမှ ဝတ်သည့် တောထွက် ဦးဇင်းကြီးတစ်ပါးသည် ဂန္ထာရုံ၌နေလိုကြောင်းဆရာတော်အားလျှောက်ထားတောင်းပန်ရာ ဆရာတော်မှ အသက်(၁၄)နှစ်ထက်ကျော်ရင် လက်မခံကြောင်း မိန့်တော်မူလိုက်၏။

ဆရာတော် ဘယ်လိုပင် အမိန့်ရှိသော်လည်း တောထွက် ဦးဇင်းကြီးက အားကျမခံဘဲ ထပ်တစ်လဲလဲ လျှောက်နေရာမှ ဆရာတော်နဲ့ ကျောင်းတိုက်စည်းကမ်းကို ကြိုက်ကြောင်း တပည့်တော်အတွက်ကျောင်းမရှိလည်းနောက်ဆုံးကုဋီထဲမှာနေရနေရနေ မှာဖြစ်ကြောင်း အတင်းအကြပ် လျှောက်လိုက်ရာ။

ကိုယ်တော်ကြီး ဘုန်းကြီးကျောင်းကမနေစေချင်လို့ပြောနေတာမဟုတ်ဘူး ကိုယ်တော့်ကိုလက်ခံ ရင်နွားအိုကြီး အမော့သင်သလိုဘာမှ ဘုန်းကြီးကျောင်းနဲ့ မကိုက်ညီတဲ့ အပြစ်တွေချည်း ဖြစ်လာလိမ့်မယ် တပည့်တော်ကျောင်းကို

ကပ္ပိယ. တောထွက်. ခွေးကြောင်ကြက်

တသက်မမွေးရ

မွေးခဲ့ပါမူ ထိုသိသူ ဒုက္ခဆူဆူတွေ့လတ္တံ့-တဲ့

ဘုန်းကြီးကျောင်းတွေမှာ မလိုအပ်တဲ့ ကပ္ပိယတွေ. တော



ထွက်တွေ. ခွေးတွေကြောင်တွေ. ကြက်တွေ မွေးမထားရဘူး မွေးထားရင် မွေးတဲ့ကျောင်းနဲ့ ဘုန်းကြီးကို တစ်နေ့မဟုတ် တနေ့ ဒုက္ခပေးနိုင်တယ်။

ဒါကြောင့် ဘုန်းကြီးက အဲဒီစာဆိုနဲ့အညီနေတာမို့ကိုယ်တော်ကြီးလဲ မမွေးထိုက်တဲ့ စာရင်းထဲ ပါနေတာမို့ သင့်တော်တဲ့ နေရာတစ်ခုမှာဘဲ သီတင်းသုံးနေထိုင်ပါဟု မေတ္တာရပ်ခံ မိန့်တော်မူလိုက်သည်။

## ၁၄။ လူဆိုးစာရင်းဝင်းလေဲဒါ

လောကမှာသူ့နေရာနဲ့သူရာဇဝင်စာဆိုများရှိသလိုသာသနာတော်မှာလဲရှိတာပဲ နာမည်မှည့်တဲ့ နေရာတောင်မှ နာမည်မှာ အဆင့်မှည့်ရမည်တဲ့ ဥပမာ - အင်္ဂါသားဆိုရင် ဇောတိပါလ စလုံးတိုင်း အထက်စံတက် မှည့်ရမည်ဟု အယူရှိသည်။

နာမည်ကို အမွှန်းတင်ပြီး မှည့်ထားသော်လည်း လူကလူဆိုး အင်္ဂါရပ်နဲ့ ဖြစ်နေပြန်ရင်လဲ မဟန်ဘူးပေါ့။

လူထိပ်ပြောင် နွားသိုးကြောင်ဟုအဆိုရှိတဲ့အတိုင်း များသောအားဖြင့် ထိပ်ပြောင်နေတဲ့သူများဟာ ညင်မကောင်းတတ်ဘူးကောင်းတောင်မှ ခဏကလေး ဖြစ်နိုင်ပါတယ်။

နွားမှာနွားသိုးလဲဖြစ် ကြောင်တောင်ကျားတာလဲ ဖြစ်မယ်ဆိုရင် ညင်မပျောက်တတ်ဘူးတဲ့ တစ်နေ့နေ့မှာ လူကို ရန်ပြုတတ်ပါသတဲ့။

တစ်နည်းအားဖြင့်လဲ မျက်စိစွေစောင်း လက်မောင်းတိုရှည် မပေါင်း လေနဲ့တဲ့ မျက်စိက စွေပြီး စောင်းတစ္ဆဲ့စွဲဖြစ်နေသူရယ် လက်မောင်း နှစ်ခုမှာလည်း အတိုအရှည်မညီသူရယ် ထိုသူနှစ်ဦးကို ကြာရှည်ယှဉ်တွဲပေါင်းသင်းနေသူများသည် တစ်နေ့နေ့မှာ မကောင်း ကျိုးပေးမှာ အမှန် ဖြစ်၏။

ကောင်းသောလက္ခာရှိသည်၍ပေါင်းသင်းရမည်သူများမှာ လက်တံခြေတံရှည်သွယ်ပြီး စိတ်သဘောထားဖြောင့်မတ်မည့်သူသာ များသောအားဖြင့် ပေါင်းရမည်။

ထိုစကားများကို နီဒါန်းပျိုးပြောကြားနေသော ဆရာတော် သည် စာရေးသူနှင့် သမဂ္ဂငါးဦး ညတစ်ညမှာ စပ်မိစပ်ရာ ရယ်မော စရာပြောပြီး လွတ်လွတ်ခါခါ ရယ်မောနေကြရာ ဆရာတော်မှ အသံမပြုဘဲ လာရောက် ခေါ်သွားပြီး မီးရောင်အောက်မှာ သေချာစွာ ကြည့်ပြီး မနက်သြဝါဒမှာ ထရမည်ဟု အမိန့်ချမှတ်လိုက်သည်။

မနက်ရောက်သောအခါ မနေ့က ကိုတော်များထပါဟု အမိန့်ရှိ တော်မူပြီး ဆိုခဲ့သော စကားရပ်များကို မိန့်တော်မူလျက် စာရေးသူအား ကိုယ်တော်ဘွဲ့က ဘယ်သူတုန်းဟု အကောင်းမေးသည့်အထင်နှင့် ပညာဇောတပါ အရှင်ဘုရားဟု လျှောက်လိုက်ရာ အင်းတေဇော တေဇ တေဇဝန္တာနှင့် ဥတ္တမမာလာ ပညာပါမှတ်ပါ လူဆိုးဂိုဏ်း ဆိုပါလား ဟု ရွတ်ဆိုတော်မူလိုက်ပြီး တေဇောဘာသ၊ တေဇနန္ဒ၊ တေဇဝန္တ ၊ ဥတ္တမ၊ ဦးမာလာ၊ အဲဒီဘွဲ့မှည့်သူများဟာ သာသနာမှာ လူဆိုးဂိုဏ်းထဲပါတဲ့ နာမည်တွေပဲ ပညာပါဆိုတာက ဘုန်းကြီးက အပိုထည့်တာ အဲဒီလူဆိုး စာရင်းထဲမှာ မင်းလဲပါတယ်ဟု မိန့်တော်မူ လိုက်ပါသည်။



## ၁၅။ သူဟာဘဲ

ဆရာတော်၏ ဆွေမျိုးသားချင်း မွေးပေါက်ဖော်များသည် ချွေတာ စုဆောင်းသည့် အလေ့အထ ရှိသည်။ ထိုကြောင့်လည်း ဆွေစဉ်မျိုးဆက် ချမ်းသာလာခဲ့သည်။ မန္တလေး၊ မြင်းခြံစသောမြို့ ကြီးများမှာပင် ထိပ်တန်းကနေ လာခဲ့ကြသည်။ သရိုင်ရွာအနီး ခေါက်ဆွဲ၏ဆိုင်တစ်ဆိုင်ဖွင့်လိုက်ရာ မည်သူမျှဝယ်စားမည့်သူ မရှိ၍ မကြာမီ ရက်ပိုင်းအတွင်း ပိတ်လိုက်ရသည်ဟု ကြားဖူးသည်။

ဒါဘာလို့လဲဆိုတော့ ကိုယ့်အိမ်မှာပင် ဆီ၊ ဆား၊ ဆန် စသော မီးဖိုချောင်သုံးပစ္စည်းများကို တိုင်းတိုင်းတာတာဖြင့် သုံးစွဲနေသည်။ သရိုင်းရွာ အနီးခေါက်ဆွဲဆိုင်လာဖွင့်လို့ တစ်ပွဲစာ တစ်ယောက်တည်း နဲ့ ပြီးသွားမည့် အဖြစ်မျိုးကိုမခံနိုင် မိသားစုတစ်ခုလုံးအတွက်စားသုံး ရမည့်အဖြစ်မျိုးကိုကိုသာ စားလိုကြခြင်းဖြစ်သည်။

ထိုစကားနှင့် စပ်၍ အရက်သမားများကို စံနမူနာထား စေချင် ပါသည်။ အရက်သမားများသည် သူ၏တစ်နေ့တာ ပုံမှန်ကုန်မည့် တစ်ယောက်ကောင်းအလုပ်သည် မိသားစုအတွက် ပုံမှန်ကုန်သည် ကုန်ကျစရိတ်နှင့်တစ်ယောက်ကောင်း အကုန်ညီမျှလျှက် ရှိသည်ကို သတိပြုမိပါစေ။

ဆရာတော်ဘုရားက ထပ်မံမိန့်ဆိုသည်မှာ အခုတော့ဟိုတုန်း က သရိုင်းသားတွေ မဟုတ်ကြတော့ဘူး မဟုတ်ကြလို့ပဲ မွဲလာကြ သည်။ ခေတ်လဲမိုလာကြပြီ၊ အသုံးအစွဲတွေလည်း ကြီးလာကြပြီ။

ဟိုတုန်းက ဖျင်အကျီ ဖျင်ပုဆိုးနဲ့ ပင်နီလက်ရှည်လေးများ ဝတ်ပြီး ကျန်းမာရေးလဲကောင်း လုံလုံခြုံခြုံလဲရှိ အခုတော့ ဈေးထဲက

ပါးချပ်ချပ်မလုံ့တလုံ့တွေဆိုတော့မိုးစိုလို့မှလည်း ကိုယ်ငွေ့မရနေမှလို့ လည်း အပူဒဏ်မကာကွယ်နိုင်။

လက်ဖြစ်တွေမသုံးကြတော့ လူတွေလည်းအသက်တိုလာပြီ ကျန်းမာရေးတွေလည်း ညှိုးဖျင်းလာပြီ ဒါသတိထားစရာအချက်တွေပေါ့ ရှေးကလက်ဖက်ရည်ကြမ်းနဲ့ ပြီးကြသည် အစုခေတ်ကြတော့ ကော်ဖီတဲ့ ဘယ်လောက်ရေသာနိုလာကြသလဲ နွားရည်ကြီးတောင် ကိုယ်တိုင် မကျစ်ကြတော့ဘူး လယ်ယာသုံးပစ္စည်းတွေလဲ အလွယ် တကူဝယ်ယူသုံးကြတော့တာဘဲ။

ဘုန်းကြီးရဲ့ဒါလေးတစ်ယောက်ဆိုရင်ခေတ်ကောင်းတုန်းက ငွေတိုးပေး စပါးအတိုးပေးပြီး အတိုးအငှါးလုပ်ရာက လယ်တွေ ယာတွေအပေါင်ခံပြီး လယ်ပိုင်ယာပိုင်ရှင်ကြီးဖြစ်လာခဲ့တယ်။

ထွန်ရှင်းပေါင်းများစွာနဲ့ လုပ်သားတွေနဲ့ သူခေတ်နဲ့ သူခါတော့ ချမ်းသာနေတာပဲ ဘာမှ ပူပန်မှုမရှိတော့ ရောဂါဘယတွေလည်း ကင်းပြီး စိတ်ချမ်းသာ ကိုယ်ကျန်းမာနဲ့ အသက်လည်းရှည်သွားကြတယ်။

ဗမာ့ရဲ့အစားစာနဲ့ဝတ်စားဆင်ယင်မှုတွေက ကမ္ဘာမှာလိုက်မမီနိုင်လောက်အောင်ကောင်းကြပါတယ်။ တစ်နေ့ကဒါလေးလာတယ် မျက်စိ မျက်နှာကလည်း မကောင်းနဲ့ ဘာဖြစ်တာလဲလို့ မေးတော့ ကိုယ်တော့်ဒကာ ကောင်းသေးရဲ့လား တပည့်တော် လယ်တွေ ပြည်သူပိုင်သိမ်းသွားပြီးဟု ဆရာတော်ဘုရားအား အားကိုးအားထားပြုပြီ လျှောက်ထားလိုက်ရာ အော်... ဒါလား ဘာစမ်းလို့လဲ ဒါလေးရဲ့ပင်ကိုယ်ကကိုယ်ဟာမှ မဟုတ်ဘဲ သူဟာပဲကို သူဟာမို့



သူသိမ်းတာ သိမ်းပါစေ ဟု ဆရာတော် ဘုရားကြီးကသူ၏ ဒါလေးအားတရားသဘောနဲ့လောက သဘော မိန့်တော်မူလိုက်ရာ ဒါလေးခမျာ ဘာကိုတွေ့လို့ဘယ်ကိုယုံ့ရမရောင်ဖြစ်ပြီးပြန် သွားရလေသည်။

## ၁၆။ အသက် – ၆၆ – ယတြာ

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် ဗုဒ္ဓဘုရား၏ ကံနှင့်ကံ၏ အကျိုး ကောင်းကျိုး မကောင်းကျိုးများ၏။ ကောင်းဆိုးနှစ်တန်ကို ယုံကြည်ကိုးစားအားထားကြသလို လောကီလူသားအားလုံးတို့သည် ဘာသာမရွေးလူမျိုး မရွေးလောကီအတတ်ခေါ်တဲ့ ဓာက်ရိုက် ဓာတ် ဆင် ဗေဒင်မေးခြင်း ယတြာချေခြင်း နတ်မေးခြင်း ဘိုးတော်ဘွားတော် ကိုးကွယ်ခြင်းဂိုဏ်း ခေါ်သော ရွှေရင်ကျော် မနော့စိတ္တာပူတ် မနောမယိဒ္ဓိစသည်များကိုလည်းယုံကြည်အားကိုးသမှုပြုကြလေသည်။

ထိုအပြင် ဘိုးမင်းခေါင် ၊ ဘိုးဘိုးအောင်စသော ဂိုဏ်းများ ကိုးလည်း ပူဇော်ကြခြင်း ကိုးကွယ်အားထားကြခြင်း အိမ်တွင်းနတ်များနှင့် ရွာတော ယင် စသော ဒေသအလိုက် ပူဇော်ကိုးကွယ်မှုများ လည်းရှိကြခြင်း။

အစစ်အမှန်ကို ကိုးကွယ်ယုံကြည်ဘို့ရာ ဝေခွဲမရကြတော့ ဟုတ်သည်မဟုတ်သည်ကို စိစစ်မှုမရှိကြတော့ဘဲ အများအပြောနှင့် ကိုယ့်ကလည်း အထင်ရှိနေတဲ့အချိန်ကိုက်ညီသွားပါက ကိုးကွယ်ယုံကြည်မိတတ်ကြလေသည်။

ထို့ကြောင့် ဆရာတော်ဘုရားကြီးက ဘယ်အရာမဆိုကိုယ်ပိုင်ဉာဏ်ဖြင့် ဝေခွဲဆုံးဖြတ်လို့မရဘူးဆိုရင် (ကိုယ်ပိုင်ဉာဏ်မရှိရင်) မလွဲသောလမ်းကိုသာ ရွေးချယ်ပါဟု ပစ္စက္ခသိဒ္ဓိကိုအမှီပြုမိန့်ဘူးပါသည်။

လူတိုင်း ပုဂ္ဂိုလ်တိုင်း ကိုယ့်အကြောင်းလေးကို ပြောပြမည့်သူရှိရင် နားထောင်လိုကြသည့် ယုံကြည်မှုလည်းရာနိုင်နှုန်းပြည့်ရှိကြသည်ဗေဒင် ဆရာတွေ့ရင် ရေမှုတည့်တည့်သွားထိုင်ပြီးအပြောနိုင်းသည်လက္ခဏာ ဆရာတွေ့ရင်လက်ဖြန့်ပြသည် ဓာတ်ရိုက်ဓာတ်ဆင်ဆရာတွေ့ရင်ဖြစ် ကြောင်း ကုန်စဉ်ပြောပြသည်။

အားလုံးကို လိုရင်းချုပ်လိုက်တော့ ဘေးကြပ်နံကြပ် ရာမရဖြစ်ကြရသည့်ခါ စိတ်ပြေလက်ပျောက် တဒင်္ဂတာ ခဏတာ စိတ်အေးချမ်းမှုကို ရှာကြခြင်းသာဖြစ်ကြကြောင်း။

ဘုရား တရား သံဃာ ရတနာသုံးပါးအား အမြဲတစေကိုးကွယ် ဆည်းကပ်မှုပြုနေပါက မလွဲသောလမ်းကိုရွေးချယ်ခြင်းသာဖြစ်ပါသည် -

တေဇောအတ္ထိ ဗုဒ္ဓသာသ

တေဇောအတ္ထိ ဓမ္မဒ္ဓသာသ

တေဇောအတ္ထိ သံဃသာသ

အသဒ္ဓါန မဂေါစရံ

ဘုရားသည်တန်ခိုးသတ္တိ အရှိန်ရှိ၏။

တရားသည်တန်ခိုးသတ္တိ အရှိန်ရှိ၏။

သံဃာသည်တန်ခိုးသတ္တိ အရှိန်ရှိ၏။

မယုံကြည်သူတို့အတွက်တော့ ကျက်စားရာမဟုတ် (မယုံကြည်သူတို့အတွက်တော့ အလကားအကျိုးမရှိ)။

လောကီရေးရာကိုအားကိုးမှုနှင့် လောကုတ္တရာရေးရာကိုအားကိုးသမှုပြုကြခြင်းသည်။ ဥပမာ - ခေါင်းကိုက်နေသူတစ်ယောက်



ဗမာဆေးကိုမှီဝဲလျှင်အပျောက်နှေး၏။ သို့သော် အမြစ်ပြတ် ပျောက်နိုင်သည်။

အင်္ဂလိပ်ဆေး စားလိုက်ခြင်းသည် အပျောက်မြန်ပါသည်၊ သို့သော် ခဏတာသာ ငြိမ်းစေပြီး အမြစ်ပြတ်မပျောက်သကဲ့သို့ ထူးခြားကွဲပြားပါသည်။

ထိုကဲ့သို့သော အစွဲအယူအမျိုးမျိုးကြောင့် ယုံကြည်ကိုးစားရာတွေလည်း အမျိုးမျိုးပေါ်ထွက်လာခဲ့ကြလေသည် မိမိကံဇာတာတက်နေချိန် ဘာကိုပဲလုပ်လုပ် အမှန်နှင့် အကောင်းချည့် ဖြစ်နေကြသလို ကံဇာတာ ညှိုးမှိန်နေတဲ့အခါမှာတော့ အမှားနှင့်မဟုတ်သည်ချည်း ဖြစ်နေကြရမည်မှာ မလွဲကြပေ။

ကိုယ်နှုတ်စိတ်သုံးပါး မနက်၊ နေ့လယ်၊ ညနေ အချိန်တစ်ချိန်မှာ ကောင်းလိုက်ရင် ထိုအချိန်တွေချည်းဖြစ်ရမည်။ မကောင်းလိုက်ရင်လည်း သုံးချိန်ကိုမကောင်းချည့်သာ ဖြစ်ရမည်မှာ အမှန်ပင်ယုံပါ။

တစ်ခါသော်အသက်(၆၆)နှစ်ထဲရောက်နေသည့်ဒကာမကြီးတစ်ယောက်သည် (၆၆)နှစ်ထဲ ရောက်နေသည်ဆိုကာ ဆရာတော်ဘုရားထံ ရောက်လာသည်။ အသက်(၆၆)ဆိုရင်လည်း လူတိုင်းကြောက်သလိုလို ရွံ့သလိုလိုဖြစ်နေကြသည်မှာ လည်းအမှန်ပင်ဖြစ်ပါသည်။

ဒကာ၊ ဒကာမတွေအပေါ် တိုက်ရိုက်ကတစ်မျိုး၊ ပရိယာယ်နည်းနှင့် တစ်ဖုံ စုံလင်အောင် ဆုံးမတော်မူတတ်သော ဆရာတော်ဘုရားသည်

"ဒကာမကြီး ဘာအကြောင်းရှိလို့လဲ" ဟုမေးတော်မူလိုက်ရာ

"မှန်လှပါ တပည့်တော်မရဲ့အသက်(၆၆)နှစ်ထဲရောက်နေလို့ ဆွမ်းကျွေးရက်လာတောင်းတာပါဘုရား" ဟုလျှောက်လိုက်ရာ။

ဆရာတော်ဘုရားကြီးမှပြုံးတော်မူလိုက်ပြီး "ဒကာမကြီး အသက် (၆၆)ဆိုတော့ ဒကာမကြီးက ဘာနေ့သမီးမို့လဲ" "တပည့်တော်မက ကြာသာပတေး သမီးဖြစ်ပါတယ် ဘုရား" ဟု လျှောက်လိုက်ရာ "ဩော်...ဒကာမကြီးရဲ့အသက်(၆၆)ကြောက်ရတယ်ဆိုတာ ဒကာမကြီးလို ကြာသပတေးသမီးပြောတာ မဟုတ်ဘူး သောကြာသားသမီးတွေပြောတာ" ဟုမိန့်တော်မူလိုက်ရာဒကာမကြီးက ဆရာတော်ဘုရား အမိန့်စကားအား. အားရကျေနပ်ဖြစ်ပြီး "ဩော်... အမလေးတော်သေးတာပေါ့ဘုရား တပည့်တော်မ ကြာသပတေးသမီးမဟုတ်လို့" ဟု ထပ်မံလျှောက်ရင် ဆွမ်းကုသိုလ်ရက်ယူပြီး ပြန်သွားလေသည်။

နောက်သောကြာ၊ စနေ စသော (၇)ရက်သားသမီးများ(၆၆) လာပြန်တော့လဲဒီလိုပဲ စိတ်သက်သာရာရစေကြောင်းလွှဲပြောင်းသမှု ပြုတော်မူပြီးဘယ်သူတွေ ဘာအကြောင်းခံပြီး ဘာကုသိုလ်တွေပြုပြု သာသနာအတွက် အကျိုးပြုသွားတာကတော့ အမှန်ပဲ။

ဒို့ဘက်ကလဲ မေတ္တာများများပို့ပြီး ဘုန်းပေးသုံးဆောင်ကြပါ ခွေးကိုက်လို့ရရ ဒုတ်နဲ့ပစ်လို့ရရ ယုန်ရဖို့လိုတယ် ဆိုသလိုပေါ့။

အသက်(၆၆)ဖြစ်ဖြစ် ကြာသပတေးဖြစ်ဖြစ်၊ သောကြာဖြစ်ဖြစ် (၇)ရက်သားသမီးမှန်သမျှ သေရမှာတွေချည့်ဘဲ ဒါပေမဲ့ သူတို့လုပ်တဲ့ ကုသိုလ်တွေ အခြေခံပြီး သူတို့ကော အသက်ရှည်မရှည်



မသိဘူး သာသနာအတွက် အခြေခံပြီး အသက်ရှည်သွားတာကတော့ အမှန်ပဲဟု ထိုမွေးနေ့ ရေစက်ချ ကုသိုလ်မှာ မိန့်တော်မူလိုက်ပါသည်။

## ခရူးပေါ်ရှိတော်တို့ သတိပြု

ရဟန်းများမှာ ရဟန်းကျင့်ဝတ်ရှိသလို လူမှာလည်း လူ့ကျင့်ဝတ် ရှိရတယ်။ ဒါမှလောကကြီးက သာယာလှပတဲ့ လောကကြီးဖြစ်မှာပါ။ ကိုယ်စီထိန်းရမယ့်ကျင့်ဝတ်သီလတွေသာ မရှိရင် လောကကြီး သာယာ စိုပြည်မှု မရှိပါဘူး။

လူ့ကျင့်ဝတ်သီလ ငါးပါးထဲက တစ်ပါးတော့ ဖယ်ထားအုံးမှပဲဆိုပြီး ဖယ်ထားလိုက်ရင် ထိုသီလတစ်ပါးအတွက် ဖယ်ကြည့်ထားသူအတွက်ရော ပတ်ဝန်းကျင်အတွက်ပါ ဒုက္ခမျိုးစုံပေးနိုင်တယ်။

ထိုအတူဘဲ ရဟန်းသီလတွေဟာလည်း ဒီသိက္ခာပုဒ် သီလကတော့ အရေးမကြီးပါဘူးဆိုပြီး ဖယ်ထားလိုက်ရင် လောကကြီး တစ်ခုလုံးငြိမ်းချမ်းမှုကို မရနိုင်တော့ပါဘူး။

သိက္ခာပုဒ်တစ်ခု ပညတ်တော့မယ်ဆိုရင် အကျိုးရှိမရှိ သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် စဉ်းစားချင့်ချိန်ပြီးမှ ပညတ်တော်မူခဲ့တာပါ။

ရဟန်းတော်များ၏ နှစ်ရာနှစ်ဆယ့်ခုနစ်ပါးသော အကျင့်သီလ ကုဋေကိုးထောင်ကျော်သော အကျယ်သီလများသည် တစ်ခုချင်းတွက်ပြီး ထိန်းထားရသည်ကို မသိနားမလည်သော်လည်း သိက္ခာသီလကတော့ မပျက်မစဲ အမြဲတည်လျက်ရှိပါသည်။

ပျက်စီးမှု အလိုလိုမရှိပေမဲ့ ညှိုးနွမ်းမှုကတော့ တစ်ခါတစ်ခါ ရှိတတ်ပါသည်။ ဒေသနာကြားတယ် ဥပုဒ်ပြုတယ်ဆိုတာဖြစ်ပွားသွားသည့်အပြစ်ကို ဝန်ခံခြင်းနှင့် သိက္ခာပုဒ်သီလတွေကို တစ်ပါးချင်း ရွတ်သူက ရွတ်နေခိုက် နားထောင်သူကနောက်ကလိုက်မှတ်ပြီး ဒီသီလလည်း ငါလုံသားဘဲ ဒီသိက္ခာပုဒ်လည်း ငါမပျက်သေးဘူးဟု တစ်ပါးချင်း စစ်ဆေးပြီးဝမ်းမြောက်မှုဖြစ်ရသည့်အတွက်ဝမ်းမြောက်ရွှင်ပြမှုဖြစ်ကြရပြီးတရားထူး များပင်မြန်မြန်မြင်လွယ်သည်ဟူသော အကျိုးဆက်များရတတ်ပါသည်။

ထို့ကြောင့် ဆရာတော်ဘုရားကြီးက သိက္ခာပုဒ်သီလနှင့် ပတ်သက်၍ မိန့်တော်မူလေ့ရှိသည်မှာ အလေးနှင့်အပေါ့ လေးတာ နောက်ကိုလိုက်ရမယ်ဟုမိန့်ခဲ့ပါသည်။

တစ်ခါတစ်ခါ အမှတ်မထင် ဂရုမထားဘဲ ပြုမိပြောမိမှုများ ဖြစ်တတ်ပါသည်။ ဆရာတော်ဘုရားကြီးအပါအဝင် သံဃာငါးဆယ် ကျော် ဆွမ်းစားတစ်ခုမှာ ဆွမ်းဘုဉ်းပေးနေကြစဉ် အနည်းငယ်ကြာသောအခါ တစ်ပါး တစ်ပါး သပိတ်တွင် ဆွမ်းရှိ - မရှိကြည့်ပြီး ဦးဇင်းတစ်ပါးက အခြားတစ်ပါးသို့ လှမ်းပြီး ဆွမ်းယူဦးမှာလား ဟု မေးလိုက်ရာ မနီးမဝေးမှ သတ်သတ်လွတ်တစ်ပါးတည်း ဘုဉ်းပေးနေသော ဆရာတော်က လှမ်းကြည့် တော်မူပြီး မမေးနဲ့လေ ဘာလုပ်မို့ မေးရတာလဲ လိုရင် သူဟာသူယူ လိမ့်မယ်ပေါ့ ပဝါရိတ်ကို သတိပြုဟု မိန့်တော်မူလိုက်ပါသည်။

ပဝါရိတ်ဟူသည် တာမြစ်ခြင်းပင်ဖြစ်သည် ဆွမ်းယူမှာလား တော်ပြီဟု တားမြစ်ပြီး ထိုနေရာမှာပြီးအောင် မစားဘဲ သို့မဟုတ် ဒီနေ



အတွက် တားမြစ်သည့် နေရာမှ အခြားတစ်နေရာမှာ တစ်ခုခု ထပ်စားလျှင် အပြစ်သင့်သည်ကို ဆိုလိုသည်။

ဆရာတော်ဘုရားကြီးသည်ထိုမျှလောက်ကိုပင် ဂရုပြုမိသည် ကို အများကြည်ညိုစရာဖြစ်အောင် တင်ပြလိုက်ရပါသည်။

## ၁၈။ သင်ပုန်းကြီးတတ်မှ ဘုန်းကြီးလုပ်

မြန်မာမှန်သမျှ မြန်စာရဲ့အစ သင်ပုန်းကြီးက - ဆိုတာလို သင်ပုန်းကြီး ဆိုပြန်သော် က.ခ စပြီး(၃၃)လုံးရှိရသည်။ ဗျည်း(၃၃)လုံး လည်းခေါ်သည်။

ထိုဗျည်း(၃၃)လုံးကိုအသံအဖြစ်ပီသစွာထွက်ပေါ်လာရန် အ. အာ. ဣ. ဤ စသည်ဖြင့် သရ(၈)လုံးရှိပြန်သည်။ ထိုသရ(၈)လုံး နှင့်ဗျည်း (၃၃)လုံး တို့ဆိုင်ရာတွဲလိုက်မှ ဗျည်းတစ်လုံးရဲ့အသံပေါ် လာသည်။ ဥပမာ - က် - ဟု ဆိုလျှင် ဗျည်းသက်သက်ဖြစ်၍ အသံ ပီသစွာ ဆိုမရပါ၊ က် - ဗျည်းနှင့် ဣ - ( ိ )ကို တွဲလိုက်သောအခါ (ကိ)ဟူသော အသံကို ထွက်ရှိလာပါသည်။ ဤနှင့်တွဲက (ကီ)ဟု စသည်တွဲရပါသည်။

ရှေးကတာန်းကျောင်းတွေမရှိခင်က ဘုန်းကြီးကျောင်းမှာသာ တသင်ကြရပြီး သင်ပုန်းကြီးမှစ ပရိတ်ကြီး၊ လောကနီတိစသော ဆယ်စောင်တွဲ ကုန်ဆုံးလျှင် သဒ္ဒါ - သင်္ဂြိုလ်သင်ကျရပြန်သည်။

ထိုမှတစ်ဆင့်ပါဠိစာပေနှင့်သံပေါက်လက်ာကဗျာများ သင်ကြ ရပါသည်။ လက်ရေးကိုလည်းကျောက်သင်ပုန်းပေါ်မှာ ဆရာဘုန်းကြီး က သံချောင်းဖြင့်စာလုံးကိုကျောက်တွင်းပေးထားပြီး ထိုကျောက်ထဲမှာ

ကျောင်းသားကျောင်းသာမကောငယ်တို့က ကျောက်တံဖြင့် လိုက်ရေးကြရသည်။ ထိုကျောက်ထဲရေးလို့အသားကျသွားပြီဆိုမှ ကျောက်မှ ထွင်းသော ကျောင်းသင်ပုန်းတစ်ဖက်မှာ ကျောက်ထွင်းစလုံးနှင့် တူ့. မတူ ရေးကြည့်ရပြန်သည်။

လက်ရေး မကောင်းလျှင် နားရွက်တံထွေး ဆွတ်ခံရသည်။ ထိုင်ထနားရွက်ဆွဲပြီးလုပ်ရပြန်သည်။ ကျောစီးခံရသည်။ လက်ဆစ်ကို အခေါက်ခံရသည်။

ယခုခေတ်မှာတော့ ဆရာပြောသည့်စာကိုနောက်က အမီ လိုက်ရေးတာနဲ့ပင် လက်ရေးကိုဂရုမပြုနိုင်ကြဖြစ်ပြီး ကိုယ်ရေးတဲ့စာ လည်း ကိုယ်မဖတ်တတ် ဖြစ်ကြရပြန်သည်။ မြန်မာစာကို မြန်မာ သင်တာပင် ဟိုကတစ်မျိုး ဒီကတစ်ဖုံနည်းမျိုးစုံ အသံထွက်နှင့် သင်ပေးကြသည်။

အတွေ့အကြုံတစ်ခုပြောပါရစေ။ ဥပမာ - ခေတ်ကျောင်းသား တစ်ယောက်ကိုဦးခေမိန္ဒ ဟူသော ဘုန်းကြီးဘွဲ့ကိုရေးရန် အခွင့်တစ်ခု ကြုံလာပါက ဦးခေမိန်ဒဟု အသံကြားအတိုင်း ရေးလိုက်ကြသည်ကို တွေ့ရသလို ပါဠိစာပေနှင့် ဘုန်းကြီးကျောင်းမနေဘူးသူ (သို့မဟုတ်) သင်ပုန်းကြီးမသင်ဘူးသူသည် လုံးစင့်ပါဠိစင့်ကို မရေးတတ်ယုံမက နားရွက်ဆွဲပြီး လုပ်ရပြန်သည်။ ကျောစီးခံရသည်။ လက်ဆစ်ကို အခေါက်ခံရသည်။

လေးတန်းသုံးတန်း ကျောင်းသားလေးများ နေ့ရာသီ ယဉ်ကျေးမှုစာပေ သင်ကြားရာမှာ တန်းကျောင်းက စာဖက်သင်ထား



သည်နှင့် ဘုန်းကြီးကျောင်းစာ သင်စာဖတ် အသံထွက်မတူသည့် အတွက် အခက်ကြုံရသည်။

ဆယ်တန်းအောင်သည်အထိ (ဘွဲ့ရတိုင်းအောင်) မြန်မာစာ ကို မြန်မာပီသစွာ မဆိုတတ်. မရေးတတ်. မဖတ်တတ်ကြသည်မှာ အံ့သြရမှာလား၊ ချီးကျူးရမှာလား မေးစရာပင်။

ဘုန်းတော်ကြီးကျောင်းမှ က - ကြီးလိုသော်လည်းကောင်း ကကြီးရေက ဟုလည်းကောင်း ကဲ ဟူ၍လည်းကောင်း အသံထွက် သင်ထားသည်ကို အတန်းကျောင်းမှာ သင်ကြားရာကြတော့ ကကြီး ခကွေးဟူ၍ လည်းကောင်း၊ ကတ်ဟူ၍လည်းကောင်း အသံအစ အဆုံးမပါဘဲ သင်ပေးကြသည်။ သင်နေရသည်လည်း ကြားရတွေ့ရ သည်။ အသံ အစအဆုံး သင်သော ဘုန်းကြီးကျောင်း သင်နည်း သံကြားရ မြင်ရသော ခေတ်လူငယ်များက ခေတ်တုံးမှု၍လည်း ကောင်း၊ ကျောက်ခေတ်ပီတောက်ခေတ်ဟူ၍လို ပြောကြားပြန်တယ်။

တစ်နေ့ရာမှာ ဘုန်းကြီးဘွဲ့ရေးရန် ကြုံလာသော စာရေး တစ် ယောက်သည် သူ၏ပြေစာတွင်ရေးရန် ကြိုးစားရေးရာ မရေးတတ် တော့ဘဲ ပြေစာ.စာအုပ်နဲ့ဘောပင်ကို ဘုန်းကြီးထံသို့ထိုးပေးလိုက်ပြီး လက်ညှိုးနဲ့ ထောက်ပြသည်။ ဘုန်းကြီးကလည်း သူမရေးတတ်မှန်း သိ၍ ဘွဲ့ကိုရေးပြီး လက်မှတ်ထိုးပေးလိုက်သည်။ ဦးခေမိန္ဒဟုရေးမည် ကို ဦးခေမိန်းမဟုရေးသည်။

ထို့ကြောင့် မြန်မာစာကိုမြန်မာလိုစနစ်တကျ ဖက်တတ် မဖတ် တတ်လေ့လာသည့် သဘောဖြင့် သံဃာတစ်ထောင်ကျော်ရှိ (ထိုစဉ်က) ငါးရာကျော်မျှရှိသော ဂန္ဓာရုံကျောင်းတိုက်ကြီးမှ

တချဆရာတော်.တော်တော်များများအား ဩဝါဒခန်းမဆောင်တွင်း တစ်ပါးချင်း ကကြီး၊ ခခွေး စသော ဗျည်း(၃၃)လုံးကို ရွတ်ပြနိုင်းသည်။ အနနှာယက စာချဘုန်းကြီးများအား စတင်ရွတ်ဆိုနိုင်းရာ တစ်ပါးမှ သဘောကျတော်မမူပေ။

များသောအားဖြင့် တောကျောင်းဘုန်းတော်ကြီးများထံတွင် ကလေးသူငယ်ဘဝမှ သာမဏေအထိထိုမှတစ်ဆင့်မြို့ပြဆီသို့ စာသင်ထွက်လာကြသော ပုဂ္ဂိုလ်များဖြစ်သောကြောင့် အထက်တန်းစာပေများ သင်ရန်ရောက်လာကြသော ပုဂ္ဂိုလ်များဖြစ်သောကြောင့် အထက်တန်းစာပေများသင်ရန် ရောက်လာကြသောအခါ ငယ်စဉ်ကသင်ကြားပေးသော ဆရာဘုန်းကြီးရဲ့သင်ကြားမှုအတိုင်းသာ အခြေခံ စာတတ်လာခဲ့ကြပေသည်။ မှန် - မမှန်ဟူ၍ကမသိနိုင်ပါ။

ယခုလိုအကြောင်းအားလျော်စွာ ဆုံတွေ့လို့ဆက်မိသောအခါမှသာ မှတ်သားပြီး မြန်မာစာအခြေခံ ဗျည်း(၃၃)လုံး ရွတ်ဖတ်နည်းကဒီအတိုင်းပါလား ဟုသိနိုင်ကြရပါမည်။

၎င်းနမူနာအတိုင်း ပုံမှန်ဖြစ်အောင် ဆရာတော်ဘုရားကြီးမှ စာချ ဘုန်းကြီးများအား ရွက်စေတော်မူပြီး လက်စသက်တော့ ဒို့ကျောင်းက စာချဘုန်းကြီးတွေ သင်ပုန်းကြီးမတတ်ဘဲနဲ့ စာချဘုန်းကြီးလုပ်နေ ကြတာကိုဟု ညည်းတွားကာ "သင်ပုန်းကြီးတတ်မှဘုန်းကြီးလုပ်ဟု" မိန့်တော်မူလိုက်ပါတော့သည်။ အများမေးကြလိမ့်မယ်။ ဂန္ထာရုံမှာ ဘာစာတွေ သင်နေကြသလဲ လို့မေးရင် ကကြီး၊ခခွေး မဆိုတတ်လို့ သင်ပုန်းကြီးစာသင် နေကြရတယ်လို့ ဖြေယုံပဲ။

မှတ်ချက်။ ။ဆရာတော်ဘုရားကြီးမှ အစစအရာရာမိရိုးဖလာ



အဖြစ်မျိုးတွေ မဖြစ်ကြစေဘဲ လူမျိုးဘာသာ.သာသနာအတွက် မူရင်းကြကြတွေ ပျောက်ကွယ်ပြီး ကပြားတွေ ဖြစ်လာမှာကို စိုးရိမ်တော်မူ၍ မြန်မာစာနဲ့ မြန်မာတစ်သားတည်း အသားကျဖြစ်စေရန် မိန့်တော်မူခဲ့ခြင်းဖြစ်ပါသည်။

## အသံထွက်

| | |
|---|---|
| ကကြီး | ကကြီး |
| ခခွေး | ကခွေး |
| ဂငယ် | ဂငယ် |
| ဃကြီး | ဃကြီး |
| င | င |
| စလုံး | စလုံး |
| ဆလိန် | စလိန် |
| ဇကွဲ | ဇကွဲ |
| ဈမြင်ဆွဲ | ဈမြင်ဆွဲ |
| ည | ည |
| ဋတလင်ချိတ် | ဋသံလင်ချိတ် |
| ဌဝင်ဘဲ | ဌဝမ်းဘဲ |
| ဍရင်ကောက် | ဍရင်ကောက် |
| ဎရေမှုတ် | ဎရေမှုတ် |
| ဏကြီး | ဏကြီး |
| တဝင်းပူ | တဝမ်းပူ |

| | |
|---|---|
| ထဆိန့်ထူး | ထဆင့်ထူး |
| ဒဒွေး | ဒဒွေး |
| ဓဝက်ချိုက် | ဓအောက်ချိုက် |
| နငယ် | နငယ် |
| ပသောက် | ပဝသောက် |
| ဖဝထုတ် | ဖဦးထုတ် |
| ဗလချိုက် | ဗထချိုက် |
| ဘကုန်း | ဘကုန်း |
| မ | မ |
| ယ(ပလပ်) | ယ |
| ရ(ရကောက်) | ရ |
| လ | လ |
| ဝ | ဝ |
| သ | သ |
| ဠကြီး | ဠဠကြီး |
| အ | အံ |

## သရ ရှစ်လုံး

| | |
|---|---|
| အ | -ံ |
| အာ | -ါ |
| ဣ | -ိ |



| | |
|---|---|
| ဤ | -ီ |
| ဥ | -ု |
| ဦ | -ူ |
| ဧ | ေ- |
| ဩ | ေ-ါ |

၁၃၃၉ - ခု၊ တန်ဆောင်မုန်းလဆန်း(၅)ရက်
နံနက်ဩဝါဒ

## ၁၉။ ဈာလီပ်ထဲဝင်တဲ့ ခွေးလို

သာသနာတော်မှာ ဝင်ရောက်ပြီး သာသနာ့ဝန်ထမ်းဆိုတာ သဒ္ဓါပဗ္ဗဇိတ သဒ္ဓါတရား စစ်စစ်နဲ့ သာသနာထဲ ဝင်လာတဲ့ပုဂ္ဂိုလ် ဘယာပဗ္ဗဇိတ ဘေးဒဏ်အမျိုးမျိုးမခံနိုင်လို့ သာသနာထဲဝင်လာတဲ့ ပုဂ္ဂိုလ်လို့ နှစ်မျိုးရှိတယ်။

ဘယ်လိုနဲ့ဘဲ သာသနာအတွင်း ဝင်ဝင် သာသနာ့ဘောင် ရောက်ပြီးတာပေပရိယတ်ဂန္ထဓုရ စာချမှု စာပေသင်ကြားမှု၊ ဝိပဿနာ ဓုရ တရားအားထုတ်မှု၊ တရားပြမှု၊ တာဝန်နှစ်ရပ်ကို ဝါသနာပါရာ အားသန်ရာ တစ်ခုခုကိုထမ်းဆောင်ကြရပါသည်။

ထိုကဲ့သို့ သာသနာတွင်း ဝင်ကြရာတွင် သာသနာတော်၏ ဆုံးခြောင့် ခလုပ် ကံသင်းသဖွယ် များပြားလှသော ငါးဖြာအာရုံ ကာမဂုဏ်တွေရဲ့ဖျက်ဆီးနှောက်ယှက် ဟန့်တားပိတ်ပင်မှုဒဏ်တွေ ကလွတ်ပြီးသာသနာတွင်းမှာပင်အရိုးပြာကျသွားကြသော ပုဂ္ဂိုလ်များ ရှိသလို -

ငါးဖြာအာရုံ ကာမဂုဏ်နှောင်တွင် မာန်ကျော့ကွင်းမိပြီး သာသနာ့ဘောင်မှလျှော့ကျထွက်ခွာလျက်အရိုးမြေဝင်သွားကြသော ပုဂ္ဂိုလ်များလည်းရှိကြပါသည်။

ဒါကို ပါရမီကုန်လို့ ရိုးမယ်ဖွဲ့ ကာရန်မဲ့စကား ပြောတတ်ကြပါသေးသည်။ ပါရမီဟူသည် ကုန်ရိုးထုံးစံ မရှိပါ လူကကုန်ရင်သာ ကုန်ရိုးထုံးစံရှိကြပါသည်။

တချို့လည်း သာသနာတော်နှင့် ဘဝများစွာ နီးစပ်မှု မရှိခဲ့တော့ သင်္ကန်းစော်အနံ့ နံတယ်ဆိုရင်ပဲ ကြောက်သယောင်ယောင် လန့်သလိုလို ဖြစ်တတ်ကြပါသည်။

တချို့သော်လည်း သင်္ကန်းရောင်ကလေး မြင်တယ်ဆို စိတ်ကို အေးလို့ သင်္ကန်းတော်ရဲ့အနံ့အသက်ကလေးကလည်း မွှေးကြိုင်လို့ ဖြစ်တတ်ကြပါသည်။

တစ်နည်းအားဖြင့် ဓာတ်ခံပါသူ၊ မပါသူလို့ ပြောရမည်လော တချို့ကလည်း သင်္ကန်းကို ခန္ဓာကိုယ်မှာ ဝတ်ဆင်လိုက်ရင် ခါးတွေတွန့် ဟိုကုတ်ဒီဖွဲ့ လုပ်တတ်ကြသူများလည်း တွေ့ရသည် လောကဝေါဟာရ ပြောကြသည်က သင်္ကန်းကယားလို့တဲ့၊ သင်္ကန်းနဲ့ မတည့်သယောင် ကလည်း ပြောတတ ကြပါသေးသည်။ တချို့ဒကာ၊ ဒကာမများက ဘုန်းကြီးလုပ်ရတာ ဘာပူစရာ ရှိလို့လဲ ဟု ပြောတတ်ကြပါသေးသည်။

ထိုအပြောမျိုး ပြောတတ်သူနဲ့ စိတ်ရှုတ်ရှုတ်ဆရာတော်တစ်ပါး နဲ့ တွေ့ရာ ပူစရာမရှိရင် ခဏလောက်မင်းနဲ့ငါ လဲကြည့်လိုက်ရအောင် ဟု ပြောလိုက်ရာ ဒကာမှာ ပြာရာခဝတ် သွားတော့တာပဲ။

ဒကာကြီးတစ်ယောက် ဒုလ္လဘဝတ်ရာ သူ့အထင် ဘုန်းကြီး



ဆိုတာ လူအားတွေလို ထင်သလို ငိုစား၊ ရယ်စား စောင့်တွေ ပါလိုလည်း ထင်နေသည်။

(၇)ရက် သင်္ကန်းဝတ်ကြည့်လိုက်တော့ (၄)နာရီထ မျက်နှာသစ်၊ တရားထိုင်၊ ပုတီးစိပ်၊ ဘုရားဝတ်တက်၊ တံမြက်လှည်း ဆွမ်းစား ပွဲဝေယျာဝစ္စ ဆင်ခြင်း စာသင်စာချ၊ စာရေး၊ တရားဟော၊ သာသနာပြုနှင့် နံနက်(၄)နာရီမှ ည(၉)နာရီ အိပ်တဲ့အထိ ဆေးလိပ်လည်း သောက်ကြားမရှိ ကွမ်းလည်းဝါးခွင့်မရ နေ့ဆွမ်းစားပြီးတောင်မှာ အိပ်နားခွင့် မရှိဘာကို (၇)ရက်အတွင်း သိရှိသွားပြီး လူဝတ်လဲတော့ သူငယ်ချင်း တွေကို တွေ့ကြုံခဲ့သမျှ အကုန်ပြောပြီး ဘုန်းကြီးဆိုတာ ငါထင်သလို မဟုတ်ဘူး၊ ပစ္စည်းလေးပါးသာ မှန်မှန်ထောက်ပံ့ကြ သိက္ခာပုဒ်ဥပဒေ တွေကလည်း များလိုက်တာ ဆူးကြားထဲသီးတဲ့ ဘူသီးလိုပဲ သူတို့ မှီနေနိုင်တာ ငါက ကိုယ်တွေ့ကြုံခဲ့ရတာ အီးပါတာနဲ့ ချူးချူးပေါက်တာတောင် မလွတ်လပ်ပါဘူးတဲ့။

မှန်ပါသည် အများအမြင် ဝန်ထုပ် ဝန်ထုပ်ဝန်ပိုးကြီးတွေ ထမ်းပိုးနေရတာ မဟုတ်ပေမဲ့လဲ ထိုဝန်ထုပ်ကြီးတွေထက်လေးလံတဲ့ ဘယ်သူမှ မမြင်ရတဲ့ဝန်ထုပ်ကြီးတွေထမ်းထားရသည် ကတော့ အမှန်ပင်။

ကိုယ်စိတ်နှစ်ပါးကို ငါးဖြာအာရုံကာမဂုဏ်တွေဘက် ယိုင်လဲ တိမ်း မောင်းမသွားရအောင် အမြဲတစေ ထိမ်းသိမ်းစောင့်ပြီးတရား မွေ့ဖြင့်နိုပ်ကွပ် နေရမှုဆိုတဲ့ ဝန်ထုပ် သိက္ခာပုဒ်သီလတွေကိုလည်း မညှိုးနွမ်း မပေါက်ရအောင် စောင့်စည်းရသည့် ဝန်ထုပ်ကြီးများရဲ့

ဒဏ်ကိုမခံနိုင်ကြ မထမ်းထားနိုင်ကြသည့်အတွက် ရာခိုင်နှုန်း(၉၉) သည် သာသနာ့ဘောင်မှာ မနေနိုင်ကြခြင်းဖြစ်ပါသည်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်း ငါဘုရားရဲ့သာသနာကို နောက်ပိုင်းမှာ တာဝန်ဆက်ယူကြမည့်ပုဂ္ဂိုလ်များက လယ်ယာလုပ်စား တောသူ တောင်သားတို့ရဲ့ သားကောင်းရတနာများ ဖြစ်ကြောင်း။

ပစ္စည်းရှိ လူဂုဏ်တန်စားအထက်တန်းစားတို့နှင့် သဒ္ဓါမရှိသူတို့ကား ငါဘုရားသာသနာတွင်း ဝင်ရောက်ခြင်း မပြုသည့်အပြင် အထင်ပင် သေးကြပေလိမ့်မည်ဟု မှာတမ်းပြုတော်မူကြပါသည်။

ထို့ကြောင့် ရှေ့နောက်မျှော်မြင် ထေရ်အရှင်ဆရာတော်ဘုရားများစွာတို့က ကျောင်းသားသူရွယ် သာမဏေငယ်တို့အား တယုတယ မွေးမြူတော်မူကြပါသည်။

ထိုအချက်များစွာကိုသတိပြုမိသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ရဟန်း သာမဏေငယ်တို့အား ကိုယ်တော်တို့သာသနာတွင်းဝင်တယ်ဆိုတာ "ဖျာလိပ်ထဲဝင်တဲ့ခွေးလို" နောက်ဆုတ်မယ်တော့မကြံနဲ့ ရှေ့ကိုသာအပေါက်တိုးထွင်တော်မူကြဟု ပုံဥပမာပြဆုံးမ မိန့်ကြား အားပေးမွက်ဟတော်မူခဲ့ပါသည်။

## ၂၀။ ဘုန်းကြီးကို နွားချင်းလဲသလိုမရ

ထိုသို့မြို့များမှာ ပညာသင်ကြားစာသင်သားဘဝမှ စာပေပရိယတ် အထိုက်အလျောက် သင်ကြားတတ်မြောက်ပြီးကြသော ရဟန်းတော်များသည် မြို့ပေါ်မှာ စာသင်တိုက်တည်ထောင်ပြီးစာသင်



တချို့လုပ်နေကြသော ပုဂ္ဂိုလ်လုပ်၊ ရိပ်သာတရားပြလုပ်သည်ကလုပ်၊ တောရွာဒေသများမှာ တောကျောင်း ဘုန်းကြီးလုပ်သူက လုပ်ကြရသည်။

ထိုကဲ့သို့ အားသန်ရာ သန်ရာမှာသော်လည်းကောင်း (သို့မဟုတ်) မလွှဲသာ၍ ကျရာဒေသနေရာမှာ သော်လည်းကောင်း အသီးသီး၊ တစ်တောတစ်ကြက်ဖဆိုတာလို ကိုယ့်ဣသရိယ အာဝါသလေတွေနဲ့ ကိုယ်ပိုင်အလုပ်များလုပ်ကာနေကြရပါသည်။

ထိုကဲ့သို့နေရာအသီးသီးမှာ နေထိုင်ကြသည့် သာသနာပြုအရှင်မြတ်တို့သည် အထူးသဖြင့် တောရွာကျောင်းထိုင်ဘုန်းကြီးတို့သည် ပတ်ဝန်းကျင်ဆိုင်ရာဆိုင်ရာ ဒကာ၊ ဒကာမများနှင့် သဘောချင်းမတိုက်ဆိုင်၍သော်လည်းကောင်း၊ စည်းကမ်းစည်းမျဉ်းများ၍သော်လည်းကောင်း၊ သူတို့လိုသလို ဘုန်းတော်ကြီးအား ကြိုးကိုင်မချယ်လှယ်ရလို့သော်လည်းကောင်း၊ မင်းသားမလုပ်ရ ပတ်မကြီးထိုးဖောက်မည့်သူများကသော်လည်းကောင်း၊ လက်ရှိဘုန်းတော်ကြီးကို အနည်းငယ်သော ခေါင်းဆောင်တစ်စုတို့က မနေနိုင်အောင် အပြစ်မျိုးစုံတင်ကာ နှင်တတ်ကြလေသည်။

ဘုန်းတော်ကြီးကို နည်းအမျိုးမျိုးနှင့် နှင်လို့မရပါက ကိုးကွယ်သည့်ကျောင်းက ခွဲထွက်သူများလည်း ရှိကြပြန်သည်။ ဒီအဖြစ်မျိုးများမှာ နေရာဒေသတိုင်းမှာ လိုလိုပေါ်ပေါက်လျက်ရှိနေပေသည်။

မင်းသားမလုပ်ရရင် ပတ်မကြီးထိုးဖောက်လိုတဲ့သဘောပေါ့။ ဒီနည်းနဲ့ကြိုးကိုင်လို့မရတဲ့ ဘုန်းတော်ကြီးကို ချယ်လှယ်လို့မရတဲ့ ဘုန်းတော်ကြီးကို ထွက်သွားအောင်လုပ်လိုက်၊ နောက်တစ်ပါး

လိုက်ရာပြီး ပင့်လိုက်၊ လက်ရှိကိုပြန်လွှတ်လိုက်၊ နောက်တစ်ပါးပြန်ရှာပင်းလိုက်နဲ့ မကြာခဏ ကြုံတွေ့ရကြားသိနေရသော ဆရာတော်ဘုရားကြီးက -

တစ်ခါသော် တောရွာတစ်ရွာမှာ ကျောင်းဘုန်းကြီးမရှိလို့ ကျောင်းထိုင်တစ်ပါးပေးပါရန် လျှောက်ထားသောအခါ ဒကာက ဘယ်မြို့နယ်၊ ဘယ်အရပ်ကတုန်းဟုမေးရာ ဒကာများက ဘယ်မြို့နယ် ဘယ်ဒေသ၊ ဘယ်ရွာကပါဘုရားဟု လျှောက်လိုက်ရာ အေးကွယ့် ဘုန်းကြီး လိုလို့ပေးလိုက်တာက အရေးမကြီးဘူး။ ပေးတဲ့ဘုန်းကြီးနဲ့ ရေရှည် တစ်သက်လုံး သည်းခံပြီး ကိုးကွယ်သွားနိုင်ပါ့မလား။

ဒို့သာသနာတော်မှာက ဘုန်းကြီးတစ်ပါး၊ သာမဏေ တစ်ပါး ဖြစ်ဖို့ဆိုတာ မလွယ်လှဘူး ဒကာတို့ရွာက ဘုန်းကြီးရဟန်းသာမဏေ တွေ မြို့မှာ စာသင်နေတာ မရှိဘူးလား ဟု မေးရာ ဒကာတွေက မရှိကြောင်း လျှောက်လိုက်ရာ "အေးကွဲ့ ဒါကိုပဲကြည့်တော့ စာသင် တိုက်ကြီးမှာ ဘုန်းကြီး ရဟန်းတွေ ခြေချင်းလိမ်နေအောင် ပေါနေတာ ဒကာတို့မြင်တယ် မဟုတ်လား" "မြင်ပါတယ်ဘုရား"။

"အေးကွဲ့အဲဒါလောက်များတဲ့ရဟန်းသံဃာတွေဟာ အပိုတွေ မဟုတ်ဘူးဒကာတို့တောရွာ ဘုန်းကြီးတွေက ရှိစုမဲ့စု ကပ်သီးကပ်သပ် တယုတယ ကျွေးမွေးပြုစုပြီး ပို့ထားတဲ့ ရဟန်းသာမဏေတွေချည့် ဖြစ်တယ် အချိန်ရောက်လို့ကြီးပြင်းလာပြီး စာပေများတတ်မြောက်ပြီးရင် သူတို့ဌာနေ ကိုပြန် ကိုယ့်အရပ်၊ ကိုယ့်ဒေသကို သူတို့ဆရာသမားတွေကပြန်ခေါ်ကြမှာ။

ဒကာတို့ရွာက ရဟန်းသာမဏေ တစ်ပါးမှလည်းမရှိ၊ ရှိတဲ့



ဘုန်းကြီးကိုလည်း ဒကာတို့အရပ်က ပျော်အောင် မမွေးဘူးထင်တယ်။

ကဲ ဒကာတို့ကို ဘုန်းကြီးပေးရမှာဆိုရင် -

(၁) တရားဝင်ကျောင်းအပ်ပြီးကိုးကွယ်မယ်။

(၂) ဘုန်းကြီးကိုဆရာလုပ် (ကြိုးမကိုင်) ရဘူး။

(၃) ပစ္စည်းလေးပါးပြည့်စုံစေရမယ်။

(၄) ဘုန်းကြီးဆီက ချေးငှားခြင်းမပြုရ။

(၅) မိမိမကြည်ညိုတာနှင့် အများလက်မှဲ့ဖြစ်အောင် မလုပ်ပါနဲ့။

(၆) ဘုန်းကြီးက ရပ်ရွာနှင့်သာသနာ မလျော်သော အပြုအမူများပြုလုပ်ပါက သာသနာနှင့်ဆိုင်ရာ ဆရာတော်များအား အသိပေးလျှောက်ထားရမယ်၊ မိမိသဘောအရမလုပ်ပါနဲ့။

(၇) အပြစ်ထင်ရှားလို့ ထားလို့မရပါက ဆိုင်ရာသို့ပြန်အပ်ပါ ဖျက်စီးလိုတဲ့ သဘောနဲ့ မလုပ်ပါနဲ့။

ဒကာတို့တောရွာတွေမှာက သာသနာကိုလဲ လေးစားမှု နည်းပြီး ကိုယ့်အရပ်ဒေသ ရဟန်းသံဃာ မထွက်လို့ ရတောင့်ရခဲပင့်ထားရတဲ့ ဘုန်းကြီးကိုတန်ဘိုးရှိရှိ လေးလေးစားစား မကိုးကွယ်ချင်ကြဘူး မထင်ရင် မထင်သလို လုပ်တတ်ကြတယ်။

ဘုန်းကြီးတို့တိုက်က ကျောင်းထိုင်လာတောင်းလို့ပေးပေါင်းလည်း များခဲ့လှပြီ အဆင်မပြေလို့ ပြန်လာခဲ့ရတာ မနည်းလှဘူး ဒီလိုဖြစ်တဲ့ကိစ္စအဝဝကိုစုံစမ်းမေးမြန်းကြည့်တော့ အတိုချုပ်အားဖြင့် ဘုန်းကြီးကို ဆရာမလုပ်ရလို့ (သူဖြစ်ချင်သလို မဖြစ်ရမလို့) ပြဿနာ ဖြစ်ကြတာက များပါတယ်၊ ဘုန်းကြီးဘက်က ဆိုးလို့ချည့်တော့ မဟုတ်ပါဘူး။

ဒကာတို့ကို ဘုန်းကြီးလည်းပေးမယ် ဘုန်းကြီးပြောတဲ့စကားလည်း မှတ်သွားကြ ဘုန်းကြီးဆိုတာ ကိုယ်မကြိုက်တိုင်း ကိုယ်သဘောမကျတိုင်း "နွားချင်းလဲသလို တစ်ပါးပြီးတစ်ပါးလည်း နေလို့ကောင်းတာ မဟုတ်ဘူး" ဒကာတို့ကျောင်းမှာ ဘုန်းကြီး ခဏခဏလဲနေရင် ကျောင်းလဲမတိုးတက်ဘူး ဘာသာလဲမကောင်းဘူး။ ရပ်ရွာတွေလည်း အောက်ကျတယ် ရှားရှားပါးပါး မွေးထားတဲ့ ကိုယ်တော်လည်း ဒကာတို့ရွာ ပေးလိုက်ခါ ပျက်စီးတော့တာပဲ" ဟု မိန့်တော်မူလိုက်ပါသည်။

## ၂၁။ လာဘ်စား သာသနာမဟုတ်ဘူး

သာသနာရေးဘာသာရေးနှင့် ပတ်သက်ပြီး မီးဝေးသည့်ချိတ်လို မဖြစ်စေရအောင် တောရွာများမှာ တစ်ရွာတစ်ကျောင်း မရှိမဖြစ် တည်ထားကိုးကွယ်ကြရပါသည်။

မြို့ကြီးများမှာဆိုရင်လည်း ရပ်ကွက်တွေမှာ ဥပုသ်ဇရပ်များ၊ စာသင်တိုက်များ၊ ဘုန်းကြီးကျောင်းများရှိကြရပါသည်။

တောရွာများမှာလည်းအိမ်ခြေငါးရာ၊ တစ်ထောင်ရှိလျှင် တစ်ရွာ နှစ်ကျောင်း၊ သုံးကျောင်းလိုအပ်သလိုထားကြရပါသည်။

အနည်းဆုံး တစ်ရွာတစ်ကျောင်းတော့ ရှိရပါသည်။ ဘာပြုလို့လဲဆိုတော့ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့်အားလျော်စွာ သာရေးနာရေး ကိစ္စများရှိလာပါက အနီးကပ်ရွာမှကိုးကွယ်ထားသော ဘုန်းကြီးကိုသာ ပင့်ပြီးဆောင်ရွက်ပြုလုပ်ပေးရန် လျှောက်ထားကြရပါသည်။



ဘုရားရှင်၏ သာသနာပြုဆောင်ရွက်ပုံနှင့် ဆရာတော်မထေရ်မြတ်တို့၏ စီမံခဲ့ကြပုံသည် ဗုဒ္ဓဘာသာဝင်များစွာ စုဝေးနေထိုင်ရာဒေသများမှာ သာသနာပြုခေါင်းဆောင် သာသနာဝန်ထမ်း ရဟန်းတော်များကို ဖြန့်ကာထားတော်မူခဲ့ပါသည်။

ဘုရားလက်ထက်တော်ကတော့ တောနေရဟန်းတော်များနှင့် ဘုရားရှင်သတင်းသုံးတော်မူရာ ဒေသများမှသာ ရဟန်းတော်များတွေ့မြင်ကြရပါသည် တစ်ရွာတစ်မြို့တစ်ကျောင်းဟူ၍ များများမရှိခဲ့ပါ။

ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီး သာသနာပြု မင်းအဆက်ဆက် မထေရ်ကြီးများအဆက်ဆက် သာသနာတော်မြတ်ကြီးကို သူ့နည်း သူ့ဟန်ဖြင့် ပြုပြင်ထိန်းသိမ်း စီမံစောင့်ရှောက် တော်မူခဲ့ရာ နှစ်ပေါင်းထောင်ကျော် လောက်ရောက်သည့်အခါ ဗုဒ္ဓဘာသာ မြန်မာလူမျိုးစုများကြီးထွားတိုးတက်လာရာမှ အစ မြို့တွေရွာတွေပါ များပြားပြန့်နှံ့လာသည့် အတွက် ကိုးကွယ်စရာ အနီးကပ်ရှိပြီး သာရေး နာရေး ကိစ္စများလည်း မိမိတို့ ကိုးကွယ်ထားသည့် ဘုန်းတော်ကြီးများနဲ့သာ ရွက်ဆောင်ကြရန် တစ်ရွာ တစ်ကျောင်း ကိုးကွယ်ရန် စီမံကြရသည်။

ထိုကဲ့သို့ တစ်ရွာ တစ်ကျောင်း သာရေးနာရေး ရွက်ဆောင်ရန် ထားရှိခဲ့ရာမှ ဒကာ ဒကာမတွေက သံဃာ များများဖူးလိုလှူဒါန်းလိုပါ၍ သံဃာများများပင့်လာကြသည်။

သို့မဟုတ် မတော်လို့ ဟူသော မတော်ပင့် ငါ့အလှူလည်းပင့်ထားတာ သူ့အလှူလည်း ပင့်ဦးမှပဲဟု ဆိုပြီးတော့လည်း ပင့်ကြရပြန်သည် ဒီကြားထဲ မတော်ပင့်တွေများတဲ့အထဲ ဘုန်းကြီးကလည်း သူ့မသာတုန်းက ငါ့ကိုပင့်ထားတာ ငါ့မသာကြတော့လည်းပင့်ဦးမှပဲ

သူ့အလှူမှာ ငါကိုပင့်ထားတာ ငါ့အလှူကြတော့လဲ သူ့ကို ပင့်ဦးမှပဲ ဆိုပြီး ဘဲစားဘဲချေ အလှူ လာဘ်စား မသာလာဘ်စားတွေ ဖြစ်လာကြရပြန်သည်။

ထိုမှ ပြောင်းပြန် ငါ့ကို မပင့်လို့သူ့ကိုလည်း မပင့်ဘူး ဆိုတာဖြစ်လာရ သူ့ဘုန်းကြီးကို မပင့်လို့ ငါဘုန်းကြီးကြလည်း မပင့်ဘူး ဆိုတာတွေဖြစ်လာပြန်ရော။

ထိုနည်းနဲ့ သာသနာတော်မှာ လူတွေ အလုပ်လက်စားပြန်ဆပ်ရ၊ ယူထားငှားထားတာ အစားပြန်ပေးရတာမျိုးတွေလို (ဒို့သာသနာကလည်း လာဘ်စားသာသနာ ဖြစ်နေပြီ) အလှူအစားပြန်ပင့်ရမသာ အစားပြန်ပင့်ရနဲ့ လာဘ်စားသာသနာ မဟုတ်ဘူးဟု သာသနာကိုလေးစားကြည်ညိုကြသော ဒကာ ဒကာမများနှင့် သာသနာပြု အရှင်ကောင်း အရှင်မြတ်တို့အား ဆရာတော် ဘုရားကြီးမှ သတိပေးစကား မိန့်ကြားတော်မူခဲ့ပါသည်။

## ၂၂။ ရိုးသားဖို့ လိုတယ်

ရိုးသားခြင်းသည် ကံကောင်းခြင်းတစ်ခုလို့ ပြောရင် မမှားကြပါဘူး ဘာပြုလို့လဲ ဆိုတော့ ဘုန်းကြီး တပည့်မတစ်ယောက် ရဟန်းလောင်းရှာသတဲ့ -

ဆွမ်းခံကြွတဲ့ ကိုရင်တွေကို သပိတ်တင်တဲ့ စားပွဲပေါ်မှာ အဖိုးတန်တဲ့ပစ္စည်းလေးတွေ မယောင်မလည် တင်တင်ပြီးရိုးသားမရိုးသား စမ်းသပ်ကြည့်တယ်တဲ့ မရိုးသားတဲ့ ကိုရင်က ကောက်ယူသွားသတဲ့၊



ထိုကိုရင်ကို ဘာမှမပြောပါဘူး စိတ်ထားမကောင်းဘူးဆိုပြီး ရဟန်းလောင်းအဖြစ် မရွေးဘူးတဲ့။

တစ်နေ့ကတော့ ရဟန်းလောင်းတွေ့ပြီလို့ လာလျှောက်တယ် ဘယ်နည်းနဲ့ တွေ့သလဲလို့မေးကြည့်တော့ ယခုရဟန်းလောင်း ကိုရင်ကိုလည်း ရှေးနည်းအတူ စမ်းသပ်ကြည့်တယ်။ ယူမသွားဘဲ ဒကာမကြီး ဒီပစ္စည်းက ဒီနေရာမှာ မထားနဲ့လေ ကလေးသူငယ်တွေ ကောက်ယူသွားရင် ဘယ့်နှယ်လုပ်မလဲ လို့ပြောတယ် တင်ပါ့ဘုရား သိမ်းလိုက်ပါမယ်လို့ ပြန်လျှောက်ပြီး သိမ်းလိုက်တယ်။

နောက်မေ့လောက်တော့ တစ်ခါပြန်ထားကြည့်တယ် အဲဒီလိုပဲ သတိပေးတယ် သုံးကြိမ်သုံးခါ စမ်းသပ်ကြည့်ပြီးမှ ရဟန်းဒကာအဖြစ် ပစ္စည်းလေးပါးဒကာအဖြစ် လျှောက်ထားလိုက်တယ်ဘုရား။

ကိုယ်ပေါ်မှာ သင်္ကန်းရုံလျှက် ရိုးသားတည်ကြည်သော ကိုရင်တစ်ပါးကို ရဟန်းဒကာ ပြုလိုကြောင်း လျှောက်လိုက်တယ်လို့လဲ ကြားလိုက်တယ်။ ဒီနည်းက ကောင်းသလိုလိုနဲ့ တယ်တော့ မဟုတ်လှဘူး။

ရိုးသားသူကိုလူတိုင်းက တန်ဖိုးထားပုံကို အားလုံးသတိမူသင့်တယ်၊ ဒို့ပစုဏ္ဏ နေတုန်းကတော့ ကိုသွားတဲ့ ဆွမ်းခံလမ်းကို အထူးမေတ္တာပို့တယ် ဟင်းများများ ရတဲ့နေ့ကြရင် ငါ့မေတ္တာ တယ်ဟုတ်တယ်လို့ထင်မိတယ်။

နောက်အခါ ဒီအတိုင်းလိုပဲ မေတ္တာပို့တာပဲ ဟင်းမရတဲ့နေ့ကျတော့ ငါ့မေတ္တာ မဟုတ်သေးပါဘူးလို့ထင်ပြန်တယ်။ ကိုယ်က မရိုးသားတဲ့ မေတ္တာဆိုတော့ တသမတ်တည်းမဟုတ်ဘူး။

ဒါကဒို့ဘုန်းကြီးတွေဘက်က ပြောတာလူတွေ မရိုးသားတာကြတော့ ကျောင်းမှာဆွမ်းကပ်ရှိလို့(သို့မဟုတ်) အကြောင်းတစ်ခုခုရှိလို့ဆွမ်းခံကြွမလာလို့နောက်ရက်ကျမှကြွသောအခါကိုရင်မနေ့က ဘာဖြူလို့ ကြွမလာတာလဲ တပည့်တော်မ ဝက်သားဟင်း ဖြင်ထားတာနဲ့ လုပ်တတ်ကြတယ်။

နေ့တိုင်း လာနေတုန်းကတော့ ချဉ်ရေနဲ့ ငါးပိချက်ချည့်လောင်းပြီးမလာတဲ့ရက်ရောက်မှဟင်းကောင်းချန်ထားတယ်ဆိုတာလဲ မရိုးသားတာပဲ တစ်ဖက်နဲ့တစ်ဖက် ရိုးသားကြဖို့လိုအပ်ပါတယ်။ ဟင်းဆွမ်းရတာနဲ့ မရတာကိုမျှော်ကိုးပြီး မရိုးသားတဲ့ မေတ္တာတော့ မသုံးကြပါနဲ့ ကိုယ်ကသိုလ်ရဖို့ လုပ်တဲ့ကိုယ်ပိုင်အလုပ်ရဟန်းသာမဏေမှန်ရင်လုပ်ကိုလုပ်ရမဲ့ဝတ္တရားရှိပါတယ်။

မေတ္တာပို့ ဘုရားရှိခိုးတာကိုလည်း ကိုးအိမ်ဆယ်အိမ်ကြားလောက်အောင် အော်ပြီးမတတ်ကြနဲ့ မပို့ကြနဲ့ အော်ပြီးဘုရားဝတ်တက်တယ် မေတ္တာပို့ တယ်ဆိုတာ အမှန်ကတော့ မရိုးသားတာဘဲ၊ ဘယ်သူတွေ ဘာပြောပြော ငါဒီလိုလုပ်နေတာဆိုတာကို တဖက်ကိုအထင်မှားအောင် လုပ်တာဘဲ။

တစ်နေ့က မြောက်ဘက်ဇရပ်ဝင်းထဲမှာ ဘုရားဝတ်တတ်တာမေတ္တာပို့တာ ကျယ်လောင်ကျယ်လောင်နဲ့ပြီးတော့ ကြေးစည်ကြီးကတနောင်နောင် လုပ်သေးတယ်၊ ဒီလိုမလုပ်ဘဲ တိုးတိုးသက်သာလုပ်ဖို့ပြောတော့ကိုယ်ဘာသာကိုယ်ဘုရားဝတ်တတ် မေတ္တာပို့တာ သူ့အရာလားတဲ့ ငါ့ကြေးစည်ကွဲသွားတော့ ဘာဖြစ်တုံးတဲ့ ထပ်ပြောမနေတော့ဘူး သူ့ဘာသာသူ ကွဲကွဲလို့ဘဲ သဘောထားလိုက်တယ်။



တချို့ဘုရားဝတ်တတ် မေတ္တာပို့တာများ အသံနေအသံထားတွေနဲ့ ပွဲထဲက ထွက်နေတာလား အောက်မေ့ရတယ်။

စကားပြောကျယ်၊ အရယ်ကျယ်နှင့်

ခြေကျယ်သန်းကျယ်၊ အငိုကျယ် ငါးပါးကိုပယ်ရမည်။

လူကြီး လူတော်မှန်ရင် ကိုယ် နှုတ် အမူအရာ သိမ်မွေ့ရမည် မသိမ်မွေ့သူသည် သူယုတ်မာ လက္ခဏာထဲမှာ ပါဝင်တယ်။

ရိုးရမယ်ဆိုလို့လဲ သုံးမရအောင် အ.သွားတဲ့အထိ ရိုးတာမျိုး မဟုတ်ဘူး ရိုးသားမယ်။ ကြိုးစားမယ်ဆိုရင် ထိုသူ အောက်တန်းရောက်မသွားနိုင်ပါဘူး။

ရိုးရိုးကျင့်၊ မြင့်မြင့်ကြံရမယ်ဆိုတာလဲ ရှိသေးတာပဲ လူတစ်ယောက်ဟာ မရိုးသားတဲ့အလုပ် လုပ်မိထားပြီဆိုရင် မလုံဘူးပေါ့။ ပတ်ဝန်းကျင်က ရိုးရိုးကြည့်တာသော် ကိုယ်က မရိုးရင်မလုံဘူးပေါ့။

ကိုယ့်ကရိုးသားပြီးမှန်တာလုပ်နေမယ် ဆိုရင်သွားလေရာမှာ မျက်နှာမညှိုးငယ်ရဘူးပေါ့တစ်နေ့က ကိုယ်တော်တစ်ပါးကိုမေးစရာရှိလို့မေးလိုက်တယ်တန်တန်မဖြေဘူး ခြေကုတ်ခေါင်းကုတ်နဲ့ လုပ်နေတယ်။

ဒါ့ကြောင့် နေရာတိုင်းမှာ ရိုးသားကြဖို့ အများကြီးလိုပါတယ်။ သူတော်ကောင်းတွေမှန်ရင် မာယာသာဌေယျစတဲ့ မရိုးသားတဲ့ အပြုအမူများ ဘယ်နေရာမှာမှ မတွေ့ရှိရပါဘူး။ ဒါကြောင့် ကံကောင်းချင်ရင် ရိုးသားကြပါ။

## ၂၃။ ဒီပါးစပ်ကြီးကြောင့်

သာသနာမှာ ကိုယ်နှုတ်စိတ်ယဉ်ကျေးသိမ်မွေ့စွာ နေရထိုင်ရ ပြောရဆိုရမယ်ဟု ပညတ်ချက် ဆုံးမချက်ရှိသလို လောကမှာလည်း ဆရာ၊ မိဘ လူကြီးသူမများက ဒီလိုနေရမယ်၊ ဒီလိုပြောရမယ်၊ ဒီလို ထိုင်ရမယ်၊ ဒီလိုသွားရမယ်၊ ဒီလိုရပ်ရမယ် စသည်ဖြင့်သွန်သင်ပြသ ဆုံးမရှိကြပေသည်။ ဘယ်လိုပင်သွန်သင်ဆုံးမသော်လည်းတချို့သော ပုဂ္ဂိုလ်များသည် စရိုက်ဟု ခေါ်သော၊ ဝသီဟုဆိုအပ်သော၊ အလေ့ အကျင့်ဟု ဆိုအပ်သော၊ ဝါသနာဟူသော အထုံများကို ဖျောက်နိုင်ခဲ သည့်အတွက် ခွေးမြီးကောက် ကျည်ထောက်သွပ်သလို ယောင် ယောင်မှားမှားသော်လည်းကောင်း၊ တကယ်ပင် စိတ်ပါ၍သော်ငင်း ပြုလုပ် ပြောဆိုတတ်မိကြပါသည်။ ပုဂ္ဂိုလ်တစ်ဦးရဲ့ဝါသနာ စသည် များကြောင့် ဖားသံကြောင့် ဖားသေသလို မိမိနှုတ်မှ ထွက်သော စကားသံကြောင့် ကောင်းရာပင်ဖြစ်သော်လဲ အကျိုးမဲ့ဖြစ်သွား တတ်သည်။

နှုတ်ချို၊ လက်ချို တစ်ပါးဆိုသကဲ့သို့ အပြောချိုသာလျှင် ဆန်းတဲ့ ရောဂါသည်ပင်လျှင် ဆေးမကုဘဲ ပျောက်ကင်းစေတတ် ပါသည်။ နှုတ်ကြမ်းလျှင်က အသံကြားရုံဖြင့် ရောဂါတိုးသွားနိုင်သည်။ ဆရာတော်ဘုရားကြီးသည် သူ၏တပည့်ကြီးတစ်ပါးအား အမိန့်ရှိလို သည်မှာ ကိုယ်တော်ကြီး အပြောအဆို ဆင်ခြင်ပြီးပြောပါ၊ ဒီ အပြော အတိုင်းသာ မပြင်ဘဲ တစ်သက်လုံး နေသွားမယ်ဆိုရင် ကိုယ်တော် ကြီးမှာ ကြီးပွားလမ်းမမြင်ဘူးဟု မိန့်ကြားပါသည်။



ထိုတပည့်ကြီးသည် တစ်နေရာမှာ ကျောင်းထိုင်ဘုန်းကြီး အဖြစ် စိတ်ကလည်းမြန်မြန်၊ နှုတ်ကလည်း သွက်သွက်ဖြင့် ကရား ရေလွှတ်ပြောမိရာ ဒကာ၊ ဒကာမတွေအပေါ် ပြောမိနေသည်ကို သူရိပ်မိသည်။ ဆရာတော် ဘုရားကြီး အထူးမိန့်မှာချက်ကိုလည်း ပြန်သတိရမိပြန်သည်။

ဒါနဲ့ ဆရာတော်ဘုရားကြီးက ဒီပါးစပ်ကြီးကြောင့် ကိုယ်တော် ကြီးပွားလမ်းမမြင်ဘူး ဆိုတာဟုတ်မှာပါဟာ သူများထက်လည်းတော် နေလည်းကောင်း ဘာမှ လိုလေသေးမရှိပါဘဲလျက် သူများလို မကြီးပွားဘူး။ ဒီပါးစပ်ကြီးကို မစောင့်စည်းလို့ဟု တွေးမိရာ ပါးစပ်ကို စောင့်ထိန်းလိုက်ရုံဖြင့် သိသိသာသာပြောင်းလဲတိုးတတ်လာသည်ကို သတိပြုမိလိုက်ကြောင်း စာရှုသူအပေါင်းအား တဆင့်ဖြန့်ဝေလိုက် ပါသည်။

## ၂၄။ ယောင်းမကြီးရဲ့

စာပေတွေ သင်ကြားလို့ တတ်မြောက်လာတော့ လူ့စွမ်း ကောင်းအာဇာနည်လို့တော့ခေါ်ရမှာပေါ့ထိုတတ်မြောက်သောစာပေ ပညာကို သင့်တော်တဲ့နေရာမှာ အသုံးချတတ်ဖို့တော့လိုအပ်သည်။ အထူးသဖြင့်ကိုယ်တတ်တဲ့ပညာက ကိုယ့်ကိုအကျိုးပြုဖို့တော့အဓိက လိုအပ်ပါတယ်။ ပညာတတ်မှုကို အကြောင်းပြု၍ ကိုယ်ပညာဖြင့် အလွဲအမှားနေရာမှာ အသုံးပြုမိရင် တတ်သိသောပညာက မိမိကို သတ်လိုက်တာနှင့်တူသွားပေမည်။

ဘုန်းကြီး (၁၈) နှစ်သားအရွယ်က စာပေပညာအတော်အသင့် သင်ကြားပြီးလို့ ခေတ်အလျောက် အောင်သင့်တဲ့ အတန်းတွေလည်း အောင်ပြီးပါပြီ။ ဒီအချိန်မှာ လူထွက်ရကောင်းမလားဆိုတဲ့ အကြံဖြစ်ပေါ်ခဲ့ပါတယ်။ ဒါပေမယ့် ဘုန်းကြီးက သာသနာပြုရမယ့်ကံပါလာတာဆိုတော့ ငါသိတတ်ထားသော ပညာတွေသည် သားမယားအတွက် မဖြစ်စေရဘူး။ သာသနာတွက် ဖြစ်စေရမယ်ဟူသော အတွေးကြောင့် လူမထွက်ဖြစ်ခဲ့ပါဘူး။ ကိုယ်တော်တို့သာဆိုရင် တစ်ခါတည်းသွားရောနေမှာပဲ။

စာတတ်ပြီး စာရဲ့ဆုံးမမှုကို ကိုယ်တိုင်မခံစားရဘဲ သူတစ်ပါးအတွက်ဖြစ်သွားမယ်ဆိုရင်တော့ ပင်ပန်းရုံ၊ မောရုံသာ ဖြစ်သွားမယ်။ ကိုယ်တော်ကြီးတစ်ပါး ရှေ့ပိုင်းက သူ့ခေတ်သူ့အခါ စာပေကလည်းတော်၊ တရားဟောကလည်းကောင်းကောင်း လူတွေကလည်းချီးမွမ်းခန်းထုတ်ဖော် ချီးကျူး ခံရသူလဲဖြစ်ပါတယ်။ စာပေတော် လိုက်တာ၊ တရားဟောလည်းကောင်း လိုက်တာ စသည်ဖြင့် ချီးကျူးဂုဏ်ပြုသံတွေသည် ဆရာတော်ထံအထိ ရောက်ရှိပျံ့နှံ့လာသည်။

ထိုအခါ ဆရာတော်မှ ချီးကျူးဂုဏ်ပြုကြသူတွေကို အေးပေါ့လေ အများချီးကျူးဂုဏ်ပြုကြသလို အဲ့ဒီပုဂ္ဂိုလ်မှာ သူတတ်တဲ့ပညာ သူ့အစွမ်းက သူ့သဏ္ဍာန်မှာ အရသာရှိချင်မှရှိတော့လို့ မိန့်ရှိခဲ့ဘူးသည်။ သူ့အစွမ်းနဲ့ သူ့ပညာက သူ့ဘာသာ အရသာမရှိဘဲ သူတစ်ပါးသာရှိနေတယ်ဆိုရင်တော့ ဝက်သား၊ ကြက်သား၊ အမဲသား၊ ငါး စသောဟင်းကောင်း၊ ဟင်းမွန်တွေ နေ့စဉ်မွှေနေရတဲ့ ယောင်းမကြီးနဲ့ တူနေမှာဘဲ။ ဟင်းကောင်းတွေ နေ့တိုင်းမွှေနေရတဲ့ ယောင်းမကြီးဟာ



နေ့တိုင်းသာမွှေနေတာ သူမှာ ဘာအရသာမှ မခံစားရဘူးတဲ့ မွှေတဲ့သူတွေကသာ ကောင်းတဲ့အရသာကို ခံစားပိုင်ခွင့်ရှိသလိုပဲ။

ကိုယ်တော်က ပညာနဲ့ သူများတွေ ဟောပြောပြသလို အများမှာတော့ ခံစားရပြီး ဟောပြောသင်တဲ့ သူကိုယ်တိုင်မှာတော့ ခံစားပိုင်ခွင့် မရှိသလိုဖြစ်မှာပဲ ဟု မိန့်တော်မူသည်။

## ၂၅။ ဘုန်းကြီးဆိုတာ အများဆိုင်ပဲ

ဘုန်းကြီးရဟန်းဆိုသည်မှာ မိပေါင်းသားနဲ့နေပြီး၊ မိပေါင်းသားလို အုပ်ချုပ်ပြီး မိပေါင်းသားနှင့် ပြောဆိုဆက်ဆံပေါင်းသင်းပြီး နေရလေတာ ဖြစ်လေတော့ ကောင်းတဲ့သူပါသလို ဆိုးတဲ့သူလည်း ပါတတ်ပါသည်။

ဒကာ၊ ဒကာမတွေနဲ့လဲ ဒီလိုအမြင်ကြည်လင်သူလို မကြည်လင်သူတွေလည်း ရှိတတ်ကြပါသေးသည်။

တစ်ခါတစ်ခါ အခန့်မသင့်လို့ တပည့်တစ်ဦးဦးကို ကျောင်းမှ နှင်ထုတ်လျှင် ကိုယ့်အပြစ်ကို ဝန်မခံဘဲ နှင်ထုတ်တဲ့ဆရာကိုပင် ရန်ခံပြီး အပြစ်တင်တတ်ကြပါသေးသည်။ မတတ်သာလို့ သွားရသည်။ အောင့်သက်သက်ပင် ဖြစ်တတ်ပါသေးသည်။

တပည့်မှန်ခဲ့လျှင် ဆရာသမားမှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ အများနည်းတူ ဆရာလုပ်သူမှာ ဆုံးဖြတ်လုပ်ကိုင်ရတာ ဖြစ်သည့်အတွက် ဆရာစိတ်ဆင်းရဲမှု မဖြစ်ရအောင် တစ်နည်းအားဖြင့် ဆရာ စိတ်ချမ်းသာရေး ရှေးရှုလျက် ဆရာထံ ဟုတ်မှန်သည်ကို ဝန်ခံပြီး ဆရာ၏အလိုကျ ဝေးရာကို သွားနေရမည်။

ဆရာစိတ်ပြေလည်၍ပြန်နေသင့်ရင်နေပါ မနေလောက်ဘူး ဆိုရင်လဲ ဆရာကျေနပ်မှုရအောင် မိမိနှင့်သင့်တော်သည့်အလုပ်ကို လုပ်ပြရပါမည်။

တပည့်မှန်လျှင် ငါတကော ကောသင့်သူ မဟုတ်ပါ။ မိမိ အပြစ်ကို မိမိမှန်သည့်အတိုင်း ဝန်မခံရဲခြင်းဟာ အကြီးစားသူခိုးကြီး ဟု မြတ်ဘုရား ဆုံးမသည့်အတိုင်းမိမိရဲ့အပြစ်ကို မိမိရဲရဲဝန်ခံခြင်း ရှိသူဟာလည်း သူတော်ကောင်းအစစ်ဖြစ်ကြောင်းမိန့်မှာထားသည့် အတိုင်း -

သူတော်သူမြတ်　　မပြတ်မြင်လို
သူတော်တရား　　နာကြားရလို
မစ္ဆေရည်စ်ကျေး　　ကင်းဝေးပါလို
ထိုသူမျိုး　　စိတ်ကောင်းရှိသူဆို

ဆိုခဲ့ပြီး အဆုံးအမတရား သုံးပါးနှင့်ညီသူသည် သဒ္ဓါတရား ရှိသူ စိတ်ကောင်းရှိသူလို့ခေါ်ပါသည်။

ထိုကဲ့သို့သောစကားနှင့်အညီကျောင်းကိုအမြဲဝင်ထွက်သွား လာနေသော ဒကာမတစ်ယောက်သည် ပြောဆိုမကောင်းတော့တာ နှင့် နင်ငါ့ကျောင်းကို မလာတော့နှင့်။ ငါ့ကိုလည်းမကိုးကွယ်တော့နှင့် ဟု ဝေါက်ငန်းမာန်မဲပြီး ပြောလိုက်ရာ ထိုဒကာမကြီးက ဘုန်းကြီး ဆိုတာ အများဆိုင်၊ အများပိုင်ပဲ ဝင်ချင်ဝင်မယ်၊ ထွက်ချင်ထွက်မယ်၊ သူမလာနဲ့ မကိုးကွယ်နဲ့ ဆိုတိုင်း ရမှာတဲ့လားဟု ဆရာတော် မကြား တကြားပြောဆိုကာ ကျောင်းမှ သွားလေသည်။

ထိုဖြစ်စဉ်ကို သိထားသော ဒကာကြီးတစ်ယောက်က ဆရာ



တော် ဘုရားဒီဒကာမကြီးကို ကျောင်းထဲမလာဖို့နှင့် ဆရာတော်အား ကိုးကွယ်မှု မပြုရန်တားမြစ်ထားတာကို အခုလာနေပါလားဘုရား ဟု လျှောက်ရာ "ဒကာရေ.... ဘုန်းကြီး ဆိုတာ အများဆိုင်" တဲ့ငါလည်း ဘာမှမတတ်နိုင်တော့ဘူး ဟုမိန့်တော်မူလိုက်လေသည်။

## ၂၆။ သည်းခံနိုင်မှတော့ ဘုန်းကြီးလုပ်

ဆရာတော်သည်စာသင်တိုက်ကြီးလုပ်ပြီးစာသင်သားသံဃာ တွေ များစွာမွေးထုတ်ပေးနေခြင်းသည် မြို့ပြပေါ်မှာ စာသင်တိုက်နဲ့ နေသူကနေ စာသင်တိုက်နဲ့ မနေလိုသူကတော့ ကျောင်းဘုန်းကြီး လုပ်ရန် ရည်ရွယ်ပါသည်။

သာသနာပြုတယ်ဆိုတာရှိပြီးသား သာသနာ့ဝန်ထမ်းတွေကို ဖယ်ရှားသုတ်သင် ပြစ်ပြီး ရှင်းထုတ်ပြစ်ရမည် မဟုတ်ပါ။ ရှိပြီးသား ပုဂ္ဂိုလ်တွေက စွမ်းအားရှိသမျှ သာသနာကို ပြုပြင်ထိန်းသိမ်းပြီး နောက်တက်လာမည့်ပုဂ္ဂိုလ်တွေရဲ့လက်ထဲ ပခုံးပေါ်ကို လွှဲအပ်တင်ခဲ့ ရမှာပါ။

သာသနာပြုပြင်ဆိုတဲ့စကားက နောက်တက်တွေကို စာပေ ပရိယတ်တတ်မြောက်အောင် သင်ကြားပို့ချပေးပြီး အဝတ်အစား အနေအထိုင် စိတ်နေစိတ်ထားမှစ ပြုပြင်ပေးရမှာပါ။ လွန်ပြီးသားကို ပြုပြင်ရန်မဟုတ် မလွန်သေးသည့်နောက်တက်လာမည့်ပုဂ္ဂိုလ်လေး တွေကို ပြုပြင်ရန် လိုအပ်ပါသည်။

နောက်ဆုံး တောရွာတွေမှာ တစ်ရွာတစ်ကျောင်း သာသနာပြု ဘုန်းကြီးများဖြစ်ရန်က ပိုလို့အရေးကြီးပါသည်။ တောကျောင်းများမှာ

ကိုရင်ကျောင်းသားနည်းပါးပြီး မြို့ကို စာသင်မတက်နိုင်ဘူးဆိုရင် သာသနာအတွက်ဝန်ထမ်းများနည်းပါးလျော့လာမည်မှာ အမှန်ဖြစ်ပါသည်။

ထို့ကြောင့် တောကျောင်းပြန်ပြီး သာသနာပြုမည့် ပုဂ္ဂိုလ်များအနေနဲ့မြို့မှာ သာသနာ့လုပ်ငန်းဆောင်ရွက်ရတာနဲ့တော့မတူဘူးပေါ့။ မြို့မှာ သာသနာပြုရတာက သာသနာထောက်ပံ့ကူညီကြမဲ့ ဒကာ၊ ဒကာမတွေနဲ့ အထူးပြဿနာ ဘာမှတတ်နိုင်စရာမရှိပါဘူး။

တောမှာသာသနာပြုရတဲ့ ပုဂ္ဂိုလ်များကြတော့ တစ်ရွာမှာ တစ်ကျောင်းဖြစ်ခြင်းကြောင့် အကောင်းမြင်စရာရှိလည်း ဒီကျောင်းတစ်ကျောင်းနဲ့ ဒီဘုန်းကြီးတစ်ပါးသာဖြစ်သလို အပြစ်အနာအဆာမြင်စရာရှိတော့လည်း ဒီကျောင်းနဲ့ ဒီဘုန်းကြီးသာဆိုတော့ ပြစ်မလွဲကြီးဖြစ်နေ တော့တာပေါ့။

မြို့ပြပေါ်မှာဆိုတာက ဒီကျောင်း တံစက်မြိတ်က ဒကာက ဟိုဘက်ကျောင်းသွားကိုးကွယ်လို့ ဟိုဘက်ကျောင်းသွားလှူလို့ ဘာပြဿနာမှမရှိပါဘူး။ ကိုယ်ကြည်ညိုရာ ကျောင်းတစ်ကျောင်းကို သူလည်းလှူ၊ ကိုယ်လည်းလှူ၊ သူလှူတာကိုယ်စား ကိုယ်လှူတာသူများစားချင်စား၊ သူများစွန့်ချင်စွန့်၊ ဘယ်သူမှ နောက်ဆန်တင်ငင်နဲ့ မဖြစ်ဘူး။ ငါလှူတဲ့ဟာ ဘုန်းကြီးက မစားဘဲ ဟိုသူများ ပေးပစ်မလား ဆိုတာမရှိပါဘူး။

တောရွာများမှာတော့ ပထမ အလှူရှင်က သူလှူလိုရာလှူခဲ့ပြီး ပြန်သွားလို့ နောက်တစ်ယောက်က ကျောင်းကို လှူစရာရှိလို့ (သို့မဟုတ်) ဘုန်းတော်ကြီးအား လျှောက်ထားစရာရှိလို့ လမ်းခုလတ်



မှာ ကျောင်းသွားတာတွေ့လိုက်ရင် ငါလှူခဲ့တဲ့ပစ္စည်း ဘုန်းကြီးမှ ဘုဉ်းပေးပုံမလား။

ဟိုသူကိုများစွန့်ပစ်မှာလား ဆိုတဲ့ နောက်ဆန်ငင်မှုစေတနာ ပြတ်သားမှုမရှိတာတွေဖြစ်ရတတ်ပါတယ်။

ကိုယ့်ရွာနဲ့သူ့ရွာ ကိုယ်ကျောင်းနဲ့ သူ့ကျောင်း သူ့ဘုန်းကြီးနဲ့ ကိုယ့်ဘုန်းကြီး ပြိုင်ကြဆိုင်ကြတတ်တာကိုလည်း ဖြစ်တတ်ကြပါတယ်။

အင်္ဂါစုံလင်စွာနဲ့ သာသနာပြုရွာ တစ်ရွာဖြစ်ရန်မှာ -

(၁) ဆရာကောင်းပေမဲ့ဒကာမကောင်းခြင်း။

(၂) ဒကာကောင်းပေမဲ့ဆရာမကောင်းခြင်း။

(၃) ဆရာမကောင်းဒကာမကောင်းခြင်း။

(၄) ဆရာကောင်း ဒကာကောင်းခြင်း။

ထို့ကြောင့် တောရွာမှာ သာသနာပြုမဲ့ ပုဂ္ဂိုလ်တွေက သည်းခံနိုင်မှ တောရွာဘုန်းကြီးလုပ်ရန် ဆရာတော်ဘုရားကြီးမှ အထူးသတိပေးမိန့်ကြားတော်မူခဲ့ပါသည်။

## ၂၇။ စာတတ်ချင်ရင် ဒီကျောင်းမနေနဲ့

သာသနာမှာပရိယတ်နှင့်ပရိပတ်သည် တွဲလျက် နေတတ်ပါသည်။ ပရိယတ်မပါဘဲ ပဋိပတ်သည် ကြာရှည်တည်တံ့မှုမရှိဘဲ အခြေခံဘုရားဟောစာပေပရိယတ်စာပေကိုသင်ကြားတတ်မြောက်ပြီးလျှင် ပဋိပတ်အလုပ်ကိုလုပ်သင့်ပါသည်။

ပဋိပတ်သည် သာသနာ အရှည်တည်တံ့ရန် တကယ်မစွမ်းနိုင်ကြောင်း ပရိယတ်စာပေသာ ကွယ်ပျောက်သွားရင် စာပေကို သင်ကြားတတ်မြောက်မှုမရှိဘဲ ပရိယတ်သာသနာပျောက်ရင် သာသနာကွယ်တော့သည်သာဖြစ်ကြောင်း။

ဆရာတော်က သူ့ကျောင်းတိုက်တွင်းမှာ စာသင်သားတို့အား စာပေကို သင်ကြားမှုပရိယတ်ကျောင်းတိုက်တော်ကြီး တည်ထောင်တော်မူပြီး ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ကျမ်းစာပေါင်းများစွာတို့ကို ရေးသားပြုစု တော်မူခဲ့ပါသည်။

တစ်ခါတစ်ခါ ငါ့ကျမ်းစာတွေက နောင်ခေတ်သာသနာတော်ကို မျှော်ကိုးပြီးရေးနေတာ၊ နောင်ခေတ်သာသနာမှာ ပရိယတ်ကို သင်ကြားရန် ငယ်ရွယ်တဲ့ ပုဂ္ဂိုလ်တွေနည်းလာပြီး သက်ကြီးရွယ်အိုတွေသာ ထမ်းဆောင်ကြမှာ ဆိုတော့ ပါဠိစာပေကျမ်းဂန်တို့ကို ပင်ပန်းဆင်းရဲစွာ မသင်ကြတော့ဘဲ ငါ့ရဲ့ဘာသာဋီကာတွေနဲ့ အခြေပြုတွေကို အားပြုရတော့မှာဖြစ်ကြောင်း မကြာမကြာ အမိန့်ရှိဘူးပါသည်။

သို့သော်လည်း ဆရာတော်သည် ပရိယတ်စာပေကို ဦးတည်ပြီး အလေးထားသလို ပဋိပတ်ဘက်ကိုလည်း ယှဉ်တွဲပြီး သူ့အိုးနှင့်သူ့ဆန် တန်လောက်ရုံ ဆိုတာကို စာသင်သားများအား ဝါသနာပါရာ ဗုဒ္ဓါနုဿတိ ဘုရားအာရုံပြုရမှု ပုတီးစိပ်မှု စသော ဘာဝနာဘက်ကိုလည်း မလုပ်မနေရ အမိန့် ချမှတ်ထားတော်မူသည်။

တဖက်ကတရားဘာဝနာအလုပ်မပါဘဲ စာပေပရိယတ်ကိုချည့် စောက်ချလုပ်သွားမယ်ဆိုရင် ထိုပုဂ္ဂိုလ်ဟာ သာသနာမှာ



စိတ်ကို ထိန်းချုပ်မှုမရှိသည့်အတွက် ပျက်စီးဖို့ရန် နီးစပ်လွယ်ကူလှပါတယ်။

စာပေလည်းသင် ကိုယ်ခံဘာဝနာဆေးလည်း စားထားကြမှ သာသနာမှာ တစ်ဖြောင့်တည်း တတ်သွားနိုင်ပါတယ်။ ယခုစာသင်တချလုပ်နေကြတဲ့ သူတွေကရှိစုမဲ့စု ဆရာသမားများက သာသနာကို အမွေဆက်ဖို့ထားကြတာက များပါတယ်။

ရှားရှားပါးပါး စုဆောင်းပို့ထားရပေမဲ့လည်း "သလဲကြားငါးတင်၊ တင်တဲ့ငါးကြောင်စား" ဆိုတာလို သာသနာ့ဘောင်မှာက ပျော်ခဲပါတယ်။ သဒ္ဓါသမားမှလဲ သာသနာမှာ အပျော်များပါတယ်။ ဘပါးတလေ အမွေဆက်ခံရန်ဖြစ်သော်လည်း တစ်ရာတစ်ပါး၊ တစ်ထောင်တစ်ပါး ကံတော်ကံပြောကျန်တဲ့ ငါးလေးတွေနဲ့ တူတဲ့ ရဟန်းသာမဏေငါးလေးတွေကိုကြောင်မတွေက စားစားသွားသေးတယ်။

ဘုန်းကြီးတို့ကလည်း ခပ်ငယ်ငယ်က အကိုက်ခံရတယ် ကံကောင်းလို့ မသေတာကိုယ်တော်တို့လည်း ခံရဖူးမှာပါ။ မသေလို့ ဒီမှာမြင်ကြရတယ်။ သတိလေးနဲ့ ကိုယ့်သီလဆေးလေးများစားပြီး ဘုရားသာသနာ ဘုန်းကြီးသာသနာတော်ကို ကူညီပြုကြပါ။

ဘဝတိုင်း မယားတွေ လုပ်ကျွေးလာခဲ့ရတယ် အခုဘဝမှာ တော့မယားကျွေးမှုလေးတွေရပ်ပြီး ဘုရားလုပ်ကျွေးတဲ့သူများအဖြစ် မယားကျွန်ကထွက်ပြီး ဘုရားကျွန်လုပ်ကြပါလို့ ဘုန်းကြီးတိုက်တွန်းပါတယ်။

တစ်နေ့က ကိုယ်တော်တစ်ပါး လူကခပ်ပုပု စာတွေကျက်

နေလိုက်တာ ဒီကအော်နေတာတောင် မကြားဘူး။ ဒို့ဗမာက နိုင်ငံခြား စာသင်တာနဲ့ မတူဘူး၊ နိုင်ငံခြားစာသင်တာက ထစ်ဖက်သားနား ကြားအောင် စာမကျက်ရဘူး။

ဒို့ဗမာက စာအော်ကျက်မှ ကြိုက်တယ်၊ ဒါကြောင့် ကျန်း မာရေး၊ လူမှုရေးနဲ့ကြည့်ရင် မကိုက်ညီဘူး ယဉ်ကျေးမှုလည်းမရှိဘူး။

မင်းဘာလို့ဒီကျောင်းလာတာလဲလို့မေးတော့ စာတတ်ချင်လို့ တဲ့၊ စာတတ်ချင်တာနဲ့ဒီကျောင်းလာမနေပါနဲ့ ဘယ်မှာနေနေစာတတ် ပါတယ်လို့ဆရာတော်ဘုရားကြီးမှ ထိုကိုယ်တော်အားသတိပေး ဆုံးမ စကားဆိုလိုက်ပါသည်။

## ၂၈။ ငါတို့ဒီလိုညာလို့ မရဘူး

ဆရာတော်ဘုရာကြီးသည် ဘုန်းကြီးသုံး၊ လူသုံးစကားများကို လူနဲ့ ဘုန်းကြီးမရောထွေးစေချင်ပါ။ ဘုန်းကြီးရဟန်းက လူသုံးစကား ပြောရင် ခင်ဗျား ကျွန်တော်၊ ကျုပ် စသည့် လူသုံးများဖြင့် မသုံးရပါ လူနဲ့ဘုန်းကြီး အသွားအလာ အနေအထိုင် ဝတ်စားအားလုံးခြားနား အောင် နေတတ်ရပါသည်။

ဘုန်းကြီးက၊ ဦးဇင်းက၊ ကိုရင်က လို့ပဲ သုံးရပါမည်။ ရဟန်း သံဃာ အချင်းချင်းလည်း မင်းကွ၊ ငါကွ မသုံးရပါဘူး။ အရှင်ဘုရား၊ တပည့်တော်လို့ပဲ သုံးစွဲရပါမယ်။

တစ်ခါသော် သာသနာရေး အရာရှိတစ်ယောက် ကျောင်း တိုက်သို့ မိတ်ဆွေ ဆွမ်းကျွေးမှာ ပါလာသည်။ ဆွမ်းလောင်း၊ ဆွမ်း ကပ်သည့်နေရာမှာ ဆရာတော်ဘုရားကြီးလည်းရှိနေပါသည်။



အားလုံးကြည့်ရှုတော်မူပြီး ဆွမ်းအလှူရှင်များနှင့် ဧည့်သည် များ အနီးရပ်တော်မူနေရာ သာသနာရေးအရာရှိက ဘုန်းဘုန်းက ဒီဘက်ကြွပါဟု ဆရာတော်ဘုရားကြီးအား လျှောက်ထားလိုက်ရာ ဆရာတော် ဘုရားကြီး က "အောင်မယ် ငါ့ကိုများ ဘုန်းဘုန်းတဲ့"။

အဲဒါသာသနာရေးအရာရှိရဲ့ အသုံးတဲ့လား ဟုမိန့်တော်မူ လိုက်ပြီး မင်းဒီလိုနဲ့ ညာစားနေတာ ဘယ်လောက်ကြာပြီလဲ "အများ ကိုသာ ညာလို့ရပေမဲ့ ငါ့ကိုတော့ ရမယ်မထင်နဲ့" ဟု ထပ်မံမိန့်ကြား တော်မူရာ ဘုန်းဘုန်းဆိုတဲ့ အသုံးဟာ သုံးသူရော အသုံးခံရသူပါ သေးသိမ်ကြောင်း နေရာတိုင်းမသုံးသင့်ကြောင်း မိန့်တော်မူလိုက်ပြီး ဘုန်းကြီးကို ဘုန်းကြီးလို့ပဲ သုံးစွဲခေါ်ဝေါ်သင့်သည်ဟု မိန့်တော်မူ ပါသည်။

## ၂၉။ အကောင်းဆုံး လက်နက်နဲ့ အုပ်ချုပ်

အများမိဘပေါင်းသားအုပ်ချုပ်ရတယ်ဆိုတာ မလွယ်လှပါဘူး။ မိသားစုငါးယောက်ရှိရာမှာသော်မှ သုံးယောက်သော သားသမီးကို ဝနစ်တကျ လိမ္မာယဉ်ကျေးပြီး မိကောင်းဖခင် သားသမီးဖြစ်ဘို့ရာ သုံးယောက်လုံးမလွယ်လှပါဘူး။

တမိပေါက်တစ်ယောက်ထွန်းဆိုတာလို တစ်ယောက်သော သားသမီးကတော့ ထူးပြီးရင်လီး ဆိုးသလို ထူးပြီးရင်ကောင်းတတ် ပါသည်။ ပင်ကိုဇာတ်ခံကောင်းသူရှိသလို ပင်ကိုဇာတ်ခံက ဆိုးသူ လည်းပါလာတတ်ပါသည်။

အနည်းငယ်သော မိသားစုတစ်စုသော်မှ အဆိုးအကောင်း

တွဲနေသည့်အတွက် အုပ်ချုပ်ထိန်းသိမ်းသူ မိဘများမှာ မလွယ်ကူလှချေ။ သို့သော်လည်း တောင်းစုပ်ကိုသာ ပစ်ရိုးရှိပေမဲ့ သားဆိုးသမီးမိုက်ကိုတော့ စွန့်ဖို့ရန်မှာ မိဘများအတွက် စိတ်တောင်ကူးမိရန် မရှိနိုင်ပါ။

ဖြစ်ခဲ့မှဖြစ် ဘယ်သားသမီး မည်မျှဆိုးစေကာမူ တခြားသူတွေနဲ့ စာရင်တော်ပါသေးရဲ့ဟူသော နှိုင်းယှဉ်စရာတစ်ခုခုနဲ့ အဆိုးပေါ်အကောင်း ဟု ရှုမြင်လျက် မေတ္တာဓာတ်ဆက်၍ ငါ့သား ငါ့သမီးဟူသော ခံယူချက်မှာ ပြောင်းလွဲမေ့ဖျောက်လို့မရနိုင်ပါ။

ထိုမျှသော မိသားစုငါးယောက်အတွက် မိဘများမှာ ဝန်ထုပ်ဝန်ပိုးကြီးသဖွယ် ရတတ်မအေး ဖြစ်နေရသည်ကို သိထားသောလူသားတို့အဖို့ ကျောင်းတိုက်ကြီးတစ်တိုက် အုပ်ချုပ်ရသည့် ဆရာတော် မထေရ်ကြီးများမှာ မိပေါင်းသားအပေါ် ဘယ်လိုများ ယဉ်ကျေးသိမ်မွေ့ပြီး တပည့်ကောင်း တစ်ပါးဖြစ်လာအောင် အုပ်ချုပ်ပါလိမ့်မလဲဟူသော စိတ်ကူးဖြင့် ဆရာတော်ဘုရားထံမှောက် လာရောက်လျှောက်ထားသည်မှာ -

"ဆရာတော်ဘုရား တပည့်တော်များ အရာရှိဝန်ထမ်းများဖြစ်ကြပါသည်။ ဘုရားတပည့်တော်များအုပ်ချုပ်သည်မှာ တုတ်၊ ဓား၊ လက်နက်ကိုင်ဆောင်ပြသပြီး အုပ်ချုပ်မှ ရပါတယ် ဘုရား။ ဒါတောင်မှ ပြန်အံမတုသာလို့ အသာငြိမ်နေရသည့် သဘောပါဘုရား။

စိတ်ကောင်းစေတနာကောင်းနဲ့ တပည့်တော်များရဲ့ ဆုံးမစကားကို လိုက်နာခြင်းမျိုး ဟုတ်ဟန်မတူပါဘုရား။ ပင်ကိုယ်စိတ်ကောင်းရှိသူမှ ဆုံးမသွန်သင်ရတာ လွယ်ပါသည်ဘုရား။ လူက



ယဉ်ကျေးလိမ်မာသွားသည် ဆိုပေမဲ့ စားသောက်တဲ့နေရာမှာ ကျတော့ တိတ်ဆိတ်ငြိမ်သက်မှု မရှိပါဘုရား။ သွားလာတဲ့နေရာ စကားပြောရာ နေရာထိုင်ရာမှာလည်း သိပ်သည်းမှု မရှိပါဘုရား။

ဆရာတော်ဘုရားရဲ့ ကျောင်းတိုက်မှာကြတော့ လက်နက်၊ တုတ်၊ ဓား စသော ချိန်းခြောက်မှု တစ်စုံတစ်ရာလက်နက်မျိုး မပါဘဲ ဘယ်လိုနည်းနဲ့ ဒီလောက် ယဉ်ကျေးသိမ်မွေ့အောင် ဆုံးမသွန်သင်မှု ပေးထားသလဲဘုရား။

တပည့်တော်များလည်း အများနဲ့နေ၊ အများနဲ့ဆက်ဆံသွားလာ နေထိုင်ရတာဆိုတော့ ဆုံးမသွန်သင်ပုံ နည်းလမ်းလေး အနည်းငယ် ပေးသနားတော်မူပါဦးဘုရား ဟု လျှောက်ရာ။

ဆရာတော်ဘုရားကြီးက "ငါလည်းအကောင်းဆုံးလက်နက်နဲ့ အုပ်ချုပ်ရတာပဲ" ဟု တိုရင်းလိုရှင်းမိန့်တော်မူလိုက်ရာ ဒကာများမှာ မရှင်းမလင်း ဖြစ်သွားပြီး ဘာအကောင်းဆုံးလက်နက်ပါလဲဘုရား ဟု အရဲစွန့်ကာ ထပ်မံလျှောက်ထားပြန်ရာ ဆရာတော်ဘုရားကြီးမှ ဘုန်းကြီးတို့ထွင်ကြံဆပြီးလုပ်ထားတဲ့ လက်နက်တော့ မဟုတ်ဘူး... လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀)ကျော် လောကက ဘုရားရှင်ကိုယ်တော်မြတ်ကြီး တပ်ဆင်ပေးခဲ့တဲ့

ခန္တျာ ဘိယျော နိဝိရွတိ

ခန္တျာ - သည်းခံခြင်းလက်နက်တရားထက်၊ ဘိယျော - ထက်မြက်ကောင်းမွန်သော လက်နက်သည်၊ နဝိဇ္ဇတိ - လောကမှာမရှိနိုင်တဲ့။

လောကမှာ သည်းခံခြင်း တရားလက်နက် ထက်လွန်မြတ်သော အကောင်းဆုံးလက်နက်ဆိုတာ မရှိနိုင်ဘူး၊ သည်းခံခြင်း လက်နက်ဟာ အထက်မြတ်ဆုံးဖြစ်တယ်။ ဘုန်းကြီးကပင်ကိုယ်က ဘုရားအဆုံးအမ ဝိနည်းဥပဒေ ပညတ်ချက် စည်းမျဉ်းစည်းကမ်းနဲ့ ယဉ်ကျေးသိမ်မွေ့ပြီးသား အပေါ်မှာ အဲဒီ အကောင်းဆုံး ခန္တီလက်နက်၊ အကောင်းဆုံး မေတ္တာ လက်နက်တို့နဲ့ အုပ်ချုပ်ထိန်းသိမ်းပြီး ယဉ်ကျေး သိမ်မွေ့အောင် ဆုံးမထားခြင်းဖြစ်ကြောင်း ဆရာတော်ဘုရားကြီးမှ မိန့်တော်မူလိုက်ရာ ဒကာများ သဘောကျပြီး ပြန်သွားကြလေသည်။

## ၃၀။ ဦးနာယကာဘိဝံသ သို့

စာသင်သားဟူသည် ဆွေမျိုးမိဘများနှင့် ဝေးကွာပြီးတနယ်တကျေးမှာ ထွက်ခွာလျက် ပညာများသင်ကြားခါ တစ်ခါတစ်ရံအလွမ်းပြေ အဆွေးပြေ မိဘများထံ စာများရေးသားပြီး သတိတရ အမှတ်ရကြောင်း၊ ကျန်းမာကြောင်း ပညာများကြိုးစားသင်နေကြောင်း ရေးသားပေးပို့ကြသလို၊ သူငယ်ချင်းငယ်ပေါင်းများထံလဲ အမှတ်တရဖြစ်တာလေးတွေ ထွေရာလေးပါးစပ်မိစပ်ရာရေးသားပေးပို့တတ်ကြပါသေးသည်။

ထိုသို့သူငယ်ချင်းမိတ်ဆွေများထံ ပေးစာပြန်စာများပြုလုပ်ကြရာ တောရွာတရွာမှ အဝေးရောက်သူငယ်ချင်းတစ်ဦးက စာသင်တိုက်ကြီးအတွင်းမှာ စာသင်သားအဖြစ်မှ စာချအဖြစ်ရောက်ရှိလျက်



တိုက်တာ၏တာဝန်များကို ထမ်းဆောင်လျက်ကျန်ရစ်သော သူငယ်ချင်းအား သတိတရရှိလှတာနှင့် အလွမ်းပြေစာရေးလိုက်သည်။

ထိုစာကို စာပို့သူက သေသေချာချာ မဖတ်ကြည့်ဘဲ စာအိတ်ပေါ်မှ လိပ်စာကို တဝက်မှဖြတ်ပြီး "ကာဘိဝံသ" လောက် ကြည့်ကာဦးဇနကာဘိဝံသ မဟာဂန္ဓာရုံကျောင်းတိုက်ဟု ထင်မှတ်ကာ ဆရာတော်ထံ ဆပ်ကပ်လိုက်လေသည်။

ဆရာတော်ကလည်း စာအိတ်ကိုကြည့်ရှုကိုင်ယူခြင်းမပြုဘဲ ဘယ်ကစာလည်း ဖောက်ဖက်စမ်းဟု မိန့်လိုက်ရာ အတွင်းမှစာသားများသည် သူငယ်ချင်း အချင်းချင်း အလွမ်းပြေရေးသားထားသောတများဖြစ်ပြီး ငယ်ကျူးငယ်နာ အကြောင်းတွေလည်းပါရဲ့။

ထို့နောက် ငယ်ငယ်က ချစ်ခင်ရင်းနှီးခဲ့ဖူးသူတွေရဲ့အကြောင်းတွေလည်းပါရဲ့. သူငယ်ချင်း အချင်းချင်းထံ ပို့သတာဆိုတော့အကြောင်းအရာ မျိုးစုံလို့နေမှာပေါ့။

စာဖတ်ပြသူက ဖတ်ပြလို့ စာရွက်နှစ်ရွက်လောက် ရေးသားသော စာရှည်ကြီးကို အစအဆုံးနားထောင်တော်မူပြီး ဘုန်းကြီးမှာတော့ ဒီလိုစာတတန်၊ ပေတတန်နဲ့ ရေးသားပေးရလောက်အောင်ချစ်နေတဲ့သူမရှိပါဘူး၊ ရှိတောင်အမေနဲ့ အဖေဘဲရှိမှာပါ ကိုယ့်ဘက်က မရှိပေမဲ့ တဘက်ကရှိနေရင်တော့လည်း မသိဘူးပေါ့။

နေစမ်းပါဦး ငါ့ဆီပို့တဲ့လိပ်စာကော ဟုတ်ရဲ့လား ဟုမိန့်ရှိ၍ လိပ်စာကို သေချာဖတ်ကြည့်လိုက်ရာ ဦးဇနကာဘိဝံသမဟုတ်ဘဲ၊ ဦးနာယကာဘိဝံသ ဖြစ်နေလေသည်။

ဒီတော့မှ စာပို့တဲ့ ဒကာမှာ ကြောက်အားပိုပြီး "ဦးနာယကဘိဝံသ ပါတဲ့ဘုရား" ဟု လျှောက်လိုက်ရာ ဆရာတော်မှ ဒကာနယ်နော်၊ အမှားကောင်း မင်းမှားတာပဲ သူများစာဆိုတာ ခိုးမဖတ်ရဘူး ပြဿနာ တက်တတ်တယ်။

ပြီးတော့လည်း သူများစာ ခိုးဖောက်ဖတ်တယ်ဆိုတာ ကိုယ်လည်း သူခိုး၊ သူလည်းသူခိုးဖြစ်တတ်တယ်၊ ဒါကတော့ တမင်ခိုးဖေါက်ဖက်တာတော့ မဟုတ်ပါဘူး။ မှားပြီးဖောက်ဖက်တာဆိုတော့ တော်သေးတာပေါ့။

ကဲ... အဲဒီလိပ်စာပါ ကိုယ်တော်ကိုတွေ့အောင်လိုက်ရှာပြီး ကပ်လိုက်စာအိပ်ပေါ်ကလိပ်စာမှားပြီး ဘုန်းကြီးဆီရောက်ကြောင်းလဲ လျှောက်ထားခဲ့ဟုမိန့်ကာ စာပို့ဒကာပြန်ယူသွားပြီး စာပိုင်ရှင်ပုဂ္ဂိုလ်ထံ ရောက်သောအခါ အထက်ပါအကြောင်း အရာများ အကုန်အစဉ် ဖြစ်ကြောင်းစုံလျှောက်လိုက်ရာ။

စာပိုင်ရှင်မှာ သူ့စာသူ မဖတ်နိုင်ဘဲ တစ်ကိုယ်လုံး ပူရှိန်းပြီး ဘာလုပ်လို့ လုပ်ရမှန်းမသိဖြစ်ကာ "ဟေ... ဒကာ စာပို့ ဆရာတော်နဲ့ တွေ့တဲ့အခါ စာပိုင်ရှင် မတွေ့ကြောင်း လျှောက်လိုက်ပါနော်" ဟု မှာကြားလိုက်ပြီး လအတော်ကြာ ဒီစာနဲ့ပက်သက်ပြီး ဘာစကားအစ အနမှ မကြားရတော့မှ စိတ်အေးသွားရသည်။

## ၃၁။ ငါဖြင့် ရှက်လိုက်တာ

ဆရာတော်သည် ပခုက္ကူမှာ နှစ်များစွာ စာပေများဆည်းပူးပြီး တာချုပုဂ္ဂိုလ်အဖြစ် ရောက်ရှိပြီးနောက် မန္တလေးမှာနာမည်ကြီး သကျ



သီဟ ရဟန်းစာမေးပွဲဖြေဆိုရန် စစ်ကိုင်းတောင်ရိုးတွင် အေးဆေးစွာ တာပေကြည့်ရှင်းခေတ္တနေထိုင်လျက်ရှိပါသည်။

စစ်ကိုင်းမှာ လအနည်းငယ်နေခိုက် ပခုက္ကူမှ စာချဘုန်းကြီး ဥဇနက စစ်ကိုင်းဘယ်မှာ ရောက်နေသလဲဟု ရဟန်း၊ သီလရှင်အများစုက ကြားသိရသည်နှင့် ဆရာတော်သီတင်းသုံးတော်မူရာ လာရောက်ကြပြီး အလက်ာ၊ ဆန်၊ သဒ္ဒါစသော စာဝါများကို ပို့ချသင်ပြပေးကြရန် လျှောက်ကြ သည့်အတွက် ဆရာတော်သည် လက်ခံပြီး သင်ပြရှင်းလင်းပေးရသည်။

ထိုကဲ့သို့ သီလရှင်များကို စာပေပို့ချသင်ပေးနေကြောင်း ဆရာတော်ရဲ့အပေါ် ကြောင်းကြကြီးစွာ စိုးရိမ်တော်မူကြသည့် ဆရာတော်ကြီးများ ကြားသိတော်မူရာ သာသနာတော်မှာ ကျေးဇူးများမည့်ပုဂ္ဂိုလ် တစ်ပါးကြားလျှင် ပျက်စီးမှာဆိုသည့်အတွက် တစ်နေ့တွင် စစ်ကိုင်းတောင်ရိုးနေတပည့်ဆရာတော် ဘုရားကြီးနှင့် တွေ့ဆုံစဉ် မောင်ဇနက သီလရှင်တွေကိုစာချပေးနေတယ်ဆို

"မှန်ပါ အရှင်ဘုရား။"

"အေးဗျ တို့တစ်ခု ပြောချင်တယ်။"

"အမိန့်ရှိတော်မူပါဘုရား"

"တို့နေတဲ့ ချောင်နားမှာ တစ်နေ့က တောကြက်အုပ် နှစ်အုပ် လာဆုံကြတယ် မှန်ပါအရှင်ဘုရား"

"လာဆုံတော့ ဟိုဘက်ကြက်အုပ် ဒီဘက် ကြက်အုပ်က ခေါင်းဆောင် ကြက်ဖခြင်း ခွတ်ကြပါရော။

"မှန်ပါ ခွတ်တတ်ကြပါဘုရား"

"အဲဒီလိုကြက်ဖခြင်းခွတ်ကြတော့ကြက်မတွေကဝင်မကူကြဘဲ ဝိုင်းကြည့်နေကြတယ်"

"မှန်ပါ အရှင်ဘုရား"

အဲဒီအတိုင်းပဲ။ မောင်ဇနကရေ ... မင်းလည်းပဲ နိုင်အောင်သာခွတ်ပေတော့ ရှုံးရင်တော့ မောင်ဇနက နောက်ကို တစ်ကောင်တစ်မြီးမှ ပါမှာမဟုတ်တာသေချာတယ်ဟု ဆရာတော်ဘုရားကြီးက မိန့်တော်မူလိုက်ရာ အရှင်ဇနကမှာ ဘာမှပြန်လည်လျှောက်ထားခွင့်မရရှိတော့ဘဲ။ ရှက်လဲရှက် မျက်နှာလည်းပူပူနှင့် ဆရာတော် ဘုရားကြီးအပါးမှ ပြန်လည်ထွက်ခွာ ခွင့်ပန်လျှောက်ထားပြီး ဟုတ်မှန်ကြောင်း နတ်မှဝန်ခံမသွားသော်လည်း စိတ်ထဲက ဝန်ခံကာတိပြုကာ အဲဒီတုန်းက ငါဖြင့် ရှက်လိုက်တာ ဟု တပည့် ပရိသတ်ကြီးအား ပြန်လည် အမိန့်ရှိတော်မူခဲ့ပါသည်။

တဘာဝသာသနာ - ၁၃၉

## ၃၂။ အဖြေနှေး - ရင် ညာမလို

လောကမှာ ကိုယ့်အပြစ်ကို ဖြောင့်မှတ်စွာ ဝန်ခံရဲသူဟူ၍ ဘုရား ရဟန္တာအရှင်မြတ်ကြီးများမှ တပါး မရှိနိုင်ပါ ဝန်ခံသည့်တိုင်အောင် ကြာကောင်းကြာမှဖြစ်ပေသည်။

သားသမီးများသည် မိဘများ မကြိုက်သည့် အလုပ်များကို ပြုလုပ်မိပါက မိဘများသိလို့မေးစစ်သောအခါခေါင်းကုတ်.ဖင်ကုတ်. ဟိုကြည့်ဒီကြည့် နှင့် လက်မညီမ်.ခြေမညီမ်ဖြစ်ခကာ မျက်လုံးများကလည် ကလည်ဘေးပတ်လည်အားကိုးရာသည့်သဖွယ် အသံများ



တုန်တုန်ယင်ယင်ဖြစ်လျက် စွမ်းအားရှိသမျှ ညာဖို့ ဖျန်းဖို့ လိမ်ဖို့သာ ဆုံးဖြတ်ကြရတော့သည်။

ထို့အတူ ဆရာနှင့် တပည့်မှန်သမျှလည်း မကောင်းမှု တစ်ခုခုကိုသော်လည်းကောင်း ပြုလုပ်မိခဲ့လို့ ဆရာသမားနှင့်တွေ့ကြုံမိကြပြီးဆိုလျှင် ဆရာသမား က မေးစီစစ်သောအခါ သူ၏ အဖြေမှန်ကို တန်းခနဲ ထွက်မလာဘဲ ခြေလှုပ် လက်လှုပ် ခပ်ကုပ်ကုပ်နှင့် သူ့အပေါ်ကြလာ မည့်အပြစ်ဒဏ်ကို ဘယ်လို ကာကွယ်လိုက်ရမလဲဟူသော အကြံဖြင့် ကြက်ငေးကြီး ငေးနေ ကြတတ် သည်။

သူ့ခရျာမှာ .... မဟုတ်တာလုပ်သည်ကတပြစ်၊ လိမ်ညာလိုက်ပြန်ရင်လဲ လိမ်ညာတာကတစ်ပြစ်.... ဟုတ်မှန်သည့်အတိုင်း ဝန်ခံလိုက်ရင်လဲငါ့ကိုဘယ်လိုပြစ်ဒဏ်တွေများကျရောက်လာပါလိမ့်မလဲ ဟူသော အတွေးပေါင်းများစွာနှင့် စက္ကန့်မိနစ်ပိုင်းအတွင်းမှာ လောကကြီးတစ်ခုလုံး မေ့ပျောက်ကာပူ၍ ထူ၍သာ ဖြစ်နေကြရသည်မှာ မလွဲပါ။

ဘုရားဒေသနာတော်အရဆိုရင် ကိုယ့်အပြစ်ကို အပြစ်အတိုင်းဝန်ခံရဲတဲ့သူဟာ သူတော်ကောင်းတစ်ပါးရှိတာလို့ အပြစ်ကို ဖုန်းကွယ်ပြီး တန်းတန်းမတ်မတ် ဝန်မခံရဲသူကို လဲသူခိုးအကြီးစားလို့ ခေါ်ဆိုပြန်ပါတယ်။

တစ်ခါသော် ဒကာတစ်ယောက်အား (ထင်ရှားသော) ဆရာတော် တစ်ပါးက ကောက်ခါငင်ကာ ဘာမှစကားပလ္လင်ခံမှု မရှိဘဲ။

ဟေ.....ဒကာ

ဘုရား

မင်းငါးပါးလုံးရဲ့လားဟု မေးလိုက်တယ်။

ဒကာရဲ့အကြောင်းလည်း တစ်ခွန်းတစ်စ ကြားထားသည်ဖြစ်၍ ဆရာတော်မှ စကားနစ်ခွ မေးလိုက်သည့်အတွက်ဒကာမှာ ဘာလုပ်ရမှန်း ဘာကိုဖြေလိုက်ရမှန်းမသိဘဲ။ ကဲပါလေ ... မလုံပါ .. လို့ဖြေမယ့်အစား လုံပါတယ်ဘုရား ဆိုတာက တော်သေးရဲ့ဟု အကြံဖြစ်ကာလုံပါတယ် ဘုရားဟု သုံးလေးခါလောက် ထပ်တစ်လဲလဲမေးမှ ဒကာဖြေလိုက်ရာ ဆရာတော်က ...ဩော် ... ငါးပါးလုံတယ်ဆိုပါလား ဒို့တော့မလုံပါဘူးဗျာ .သာဓု သာဓု သာဓုဟု သာဓုသုံးကြိမ် ခေါ်လိုက်သည်။

မလုံပါဘုရားလို့ ဒကာကလျှောက်ထားရင်လည်း ဒို့တော့လုံပါ့ဗျာဟု ဆရာတော်မှ ကြံရွယ်ထားခြင်းဖြစ်သည် ဘာကြောင့်လဲဆိုတော့ လူတကာရဲ့အကြောင်းသိထားပြီ ဖြစ်ခြင်းကြောင့်ဖြစ်သည်။

ထိုဒကာသည်ဆရာတော် မေးသောအခါတစ်ကြိမ်မကမေးမှ ဖြေသောကြောင့်လည်း မှုမမှန်သော အဖြေဖြစ်ကြောင်း သိသာထင်ရှားသည်။

တစ်ခါသော်လည်း စာရေးသူရှေ့မှောက်တွင် ကိုယ်တော်တစ်ပါးအား အပြစ်ကို မေးစစ်လိုက်ရာ ကိုယ်တော်မှ ဆရာတော်မေးသည်ကို တန်းမဖြေဘဲ ခေတ္တမျှငြိမ်သက်ပြီး လက်အုပ်ချီလျက်နေရာ ဆရာတော်မှ ကိုယ်တော် ဒီကမေးနေတာကို တန်းမဖြေဘဲ နေတာဟာ ငါ့ကို ညာတော့မလို့ဆိုတာ ငါသိပါတယ် ဟု မိန့်တော်မူလိုက်ပြီးနောက်ကို ဘုန်းကြီးမေးရင် အမှန်တိုင်းဖြေပါ မြန်မြန်လည်းဖြေပါ အမှန်ကိုဖြေကြားခြင်းဟာ ဆရာလုပ်သူများရဲ့ခွင့်လွှတ်ခြင်း



တစ်မျိုးပဲ။ ညာတတ်မှန်းသိသူဟာ အများက ယူဆသွားရင် ပုဂ္ဂိုလ်တစ်ယောက်ဘာတွေတော်လို့တယ်လိုဂုဏ်တွေရှိရှိ ယုံကြည်မှုကင်းမဲ့ခြင်း၏ပြစ်ချက်တစ်ခုကြောင့် ဒီပုဂ္ဂိုလ်ဟာ အရာရာကျဆင်းပြီး တိုးတက်မှုလမ်းစဆုံးသွားခြင်းပင် ဖြစ်ပါသည်။

ဒီတိုက်ထဲမှာ ကိုယ်တော်တစ်ပါးရှိတယ် ဘုန်းကြီးမေးလိုက်ရင် သူကိုယ်ရေးကိုယ်တာပဲ မေးမေး။ အခြားသိလိုတဲ့ အကြောင်းအရာကိုပဲမေးမေး မသိရင်လည်း မသိဘူး။ သိရင်လည်း သိကြောင်းတမ်းလျှောက်တယ်။

တို့စာထဲမှာ ... ရထာရဟာ ရထာရဟာဆိုတာ ( သင့်တော်သလိုသင့်တော်သလို)တဲ့နေရာတိုင်းအမှန်ကြည့်လုပ်လို့ပြောလို့လဲမတော်ဘူး လောကအမြစ်. သံသရာအမြစ်. ဝိနည်းအမြစ် လွတ်ရင် မဟုတ်သော်လည်းခွင့်လွှတ်မှာပေါ့။

ဒီဟာကိုဒီအတိုင်း လုပ်ရမယ်ဟု အမိန့်ချလိုက်ရင် လုပ်ဆောင်ရမည်သူက အမိန့်ဟာအမိန့်ပဲ လုပ်သင့်မလုပ်သင့် ချင့်ချိန်ပြီးမှ လုပ်ရမယ် (ဥပမာ)တိုက် စည်းကမ်းနှင့် မလွတ်တဲ့ ဝတ္ထုစာအုပ်၊ မဂ္ဂဇင်းစာအုပ် စသည့်တို့ ရှာဖွေရမယ်ဆိုပေမယ့် ရှာတဲ့ပုဂ္ဂိုလ်က စိတ်လိုက်မာန်ပါ အမိန့်အတိုင်း တသွေးမတိမ်း လုပ်မပေးရဘူး ရထာရဟာ ဆိုသလိုပေါ့ သိပ်ပြီး စည်းကမ်း မဲ့သူကြတော့လည်း မိရင် ရထာရဟာတဲ့သူ မပါဘူးပေါ့။

ဒါကြောင့်ဘုန်းကြီးကမေးရင် တန်းမဖြေဘဲနေးကွေးနေရင် ဘုန်းကြီးက ဒီပုဂ္ဂိုလ်ဟာ ညာတော့မလို ဟု သေချာပေါက်တွက်ဆလို့ရတယ်ဟု မိန့်တော်မူလိုက်ပါသည်။

## ၃၃။ စာငြီးစာသမား

ဘုန်းကြီးကျောင်းမှာ စာသင်လာကြမယ်ဆိုပေမယ့် စာကို ချည်း ဇောက်ချသင်လို့ မရဘူး။ ပရိယတ်နှင့် ပဋိပတ်တွဲဖက်သွားမှ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ဘဝလမ်းကြောင်းက ဆုံးခမ်းတိုင်ရောက်ပြီး ကိုယ့်ဘဝကိုလည်းအာမခံချက် ပေးနိုင်မှာပါ။ စာပေကိုသာ ဇောက်ချ လုပ်ပြီး တရားဘာဝနာ အလုပ်မပါခဲ့ရင် ရေသောက်မြစ်မပါတဲ့ သစ်ပင်ကြီးစည်ပင်နေသလို တစ်နေ့မှာ ယိုင်သွားနိုင်တယ် လဲသွား နိုင်တယ်။

စာပေသမားသက်သက်လောက်ကတော့လည်းဘယ်နေရာ မှာပဲမဆို သင်လို့ရပါတယ်။ ဒါကြောင့် ဘုန်းကြီးကျောင်းတိုက်မှာ နေ့ပဋိယတ် ညပဋိပတ်ဖြစ်စေရမယ်။

ပဋိပတ်ဆိုပေမယ့်လ်း ဗုဒ္ဓါနုဿတိမေတ္တာ အဓိကပါပဲ ထိုထက် တက်စွမ်းနိုင်တဲ့ ပုဂ္ဂိုလ်ကြပြန်တော့လည်း ရုပ်နဲ့နာမ် အကြောင်း ကွဲကွဲပြားပြား ခြားနားစွာသိပြီး ထိုရုပ်နာမ်နှစ်ပါးရဲ့ ဖြစ်ပေါ်မှု၊ ချုပ်ပျောက်နေမှုကိုပါ ဆက်လက် ရှုပွားပြီး (ရုပ်နာမ် ဖြစ်ပျက်)လို့ ပွားများဆင်ခြင်လိုက်ရင် ဘာဝနာဖြစ်တာပဲ ဝိပဿနာ လည်းရှုပွားပြီးသားဖြစ်တာပါပဲ။

ရှေးပိုင်း ဆရာတော်ကြီးများ စာသင်ကြရာမှာလည်း ဒီလို ပရိယတ်၊ ပဋိပတ်တွေထားလေ့ ရှိကြပါတယ်။ စာမှမတတ် ကိုယ်မှာ ဘတ်၊ ဂဟာကိုက် တတ်သည် ဆိုသလို စာပေသာသင်ပြီး စာပေထဲက အသိလိမ္မာ ကိုယ်မှာ မရှိဘူးဆိုရင် သာသနာမှာ မြဲဖို့မမြင်ပါဘူး။



ဒါကြောင့်လည်း စာချဘုန်းကြီး တွေ စာတတ်ပြီး လူထွက်ကြတာ စာသင်ပြီးရင် စာထဲက အလိမ္မာကိုရအောင် ယူရတယ်။

(ဥပမာ) ဇာတ်တော်တစ်ခုထဲက ဘုရားလောင်းတော် ဘယ်လို ကုသိုလ်တွေပြုခဲ့တယ် ဘယ်လို သီလမျိုးကို ထိမ်းသိမ်းခဲ့တယ် ဘယ်လို ကမ္မဋ္ဌာန်းမျိုး ပွားများအားထုပ်လို့ ဘယ်တရားထူးမျိုး တွေ့ရခဲ့ပြီး၊ ကျွတ်တမ်းဝင်ခဲ့တယ် ဆိုတာတွေကို သူ့လိုပါရမီရင့်သန်မှု မရှိသေးတောင်မှ အတူမလိုက်နိုင်သော်လဲ အတုလောက်တော့ လိုက်နိုင်ရမှာပေါ့။

မကြာမကြာ စာချဘုန်းကြီး ကျောင်းထိုင်ဘုန်းကြီးတွေ လူထွက်ကြကြောင်း ကြားရတယ် ထွက်ကြမှာပေါ့လေ သူတို့က စာသင်ကတည်းက စာတတ်ဖို့ လောက်သာ ရှေ့ရှုပြီး သဒ္ဓါတရားနဲ့မှ မဟုတ်တာ သဒ္ဓါတရား မပါသူဟာ ဘယ်အရာမျိုးမှာမှ ကြီးပွား တိုးတက်လမ်းမရှိဘူး။

မကြာမီက ဘုန်းကြီးကြားလိုက်တယ် ကိုယ်တော်ကြီးတစ်ပါး ပြောစကားကိုယ်တော်ကြီး တစ်ပါးဆိုတာ ဘုန်းကြီးရဲ့စာချ ဘုန်းကြီး တစ်ပါးပါပဲ။ သူက သူ့တပည့် စာလိုက်ပရိသတ်ကို စာချရင်း ဘာပြောသလဲ ဆိုတော့ ငါ့ရှင်တို့ လောကမှာ စာတတ်ရင် ဘာမဆို ပြီးတယ် စာကိုသာတတ်အောင် သင်ကြ...(စာပြီးရင်စာ စာပြီးရင်စာ) သာလုပ်ကြပေတော့ဟု စာသင်ဖို့ကိုသာ ဇောက်ချပြီး အားပေးအား မြှောက် ဩဝါဒ ပေးလွှတ် လိုက်သတဲ့။

ဘုန်းကြီး အမြင်နဲ့တော့ တခြားပါပဲ ပြောင်းပြန်ပါပဲ စာပြီးရင် စာဆိုတာကလည်း စာဖတ်ကကြည့်ရင်တော့လည်း ဟုတ်သလိုလိုပါပဲ

တပြီးရင် စာသမားမှာ ကံမပါသော် သူပြောတဲ့ လောကမှာ ဘာမှ မလိုတာ ဟုတ်နိုင်ပါ မလားလို့ ဘုန်းကြီးစောင့်ကြည့်ရင်း လေ့လာမိတယ်။

စာပြီးရင်စာဆိုတဲ့ ကိုယ်တော်ကြီး သူ့အရည်အချင်းနဲ့ ဆိုရင် ဒီတိုက်ထဲမှာလဲ စာချဘုန်းကြီး ကောင်းတစ်ပါးပေ့ါ စာခြားမှာဆိုရင်လည်းစာသင်တိုက်ကောင်းတစ်တိုက်နဲ့ နေလို့ရနိုင်ပါတယ်။

ဟော – အခုတော့ တောရွာတစ်နေရာမှာ ကျောင်းသွားထိုင်နေပြီတဲ့။ ဒါကိုထောက်သောအားဖြင့် ဘုန်းကြီးစောင့်ကြည့် လေ့လာနေတာ မှန်မှမှန် ဟုတ်မှဟုတ်။

တစ်နေ့တော့ ထိုစာပြီးရင်းစာသမား ဘုန်းကြီးနဲ့ ဆုံမိတော့ သူ့ရဲ့ ယူဆချက် စာပြီးရင်စာဆိုတာ မှားကြောင်း စာတတ်ရုံနဲ့ ဘာမှ မပြီးကြောင်း ဆရာတော်ဘုရား မိန့်တော်မူသည့် ကံပါမှ ပြီးကြောင်း ဝန်ခံသွားသည်။

နာမေန သိဒ္ဓိ နတ္တိ ကမ္မ မေဝ သဒ္ဓိတဲ့

နာမည်ကို သဒ္ဓိ ဖြောက်အောင် မှဲ့ထားလို့ ဘာအရာကိုမှ မပြီးစေနိုင်ပါ။ ကံသဒ္ဓိပေါက်မှ အရာရာမှာ ပြီးဆီးနိုင်ပါသတဲ့ ဟု ဆရာတော်ဘုရားကြီး မှ မြောက်ကြွားကြွား ကိုယ်တော်ကြီးအား မိန့်တော်မူလိုက်ပါသည်။

## ၃၄။ ငါ့ဆီလာရင် အချက်မပြရ

သာသနာတော်၏ယဉ်ကျေးမှုအရ ကုဋီတက်ရာမှာသော်လည်းကောင်း၊ ဆွမ်းခံကြွရာမှာသော်လည်းကောင်း၊ ဆရာသမားထံ



ချဉ်းကပ်ရာမှာသော်လည်းကောင်း၊ ရဟန်းသာမဏေမှန်ရင် မသိသင့်တာ. မမြင်သင့်တာ. ဆင်ချင်သင်တာများကို ဗမာ့ယဉ်ကျေးမှု၊ သာသနာတော်ရဲ့ယဉ်ကျေးမှုအရ အဟမ်းဟူသောအာမေဍိတ်သံကို ပြုရရိုးထုံးစံ ရှိပါသည်။

နေရာတိုင်းမှာပင် အမြင်မတော်သည့် အရာများကို တွေ့သူမြင်သူများက ပါးစပ်က တိုက်ရိုက် ပြောဆိုတတ် ပြောဆိုမပြုဘဲ၊ မြင်သယောင် မကြားသယောင်ဖြင့် အဟမ်းဟူသော နိုးခေတ်မှု၊ သတိပေးမှုဖြင့် လိုရာကိစ္စပြီးမြောက်သွားကြသည်လည်းရှိပါသည်။

အချို့အရာများမှာကြတော့ သိစေချင်မြင်စေခြင်သည်များကို မြင်လောက်သိလောက်ပါလျက် မမြင်မသိခဲ့ပါမူ ထိုကဲ့သို့ သတိပေးမှု အသံကို ပြုကြရပါသည်။

အချို့နေရာများမှာကြတော့ ရှိသေလေးစားတဲ့ သဘောနှင့် မတွေ့သင့်တာ မမြင်သင့်တာ များကိုကြိုတင်ဆင်ခြင် ကာကွယ်နိုင်ရန် အတွက် နောက်မဆုတ်သာ ရှေ့မတိုးသာ နေရာမျိုးများ မှာ တဖက်သူကို ညှာ၍ မိမိအတွက် အနှောင့်အယှက် မဖြစ်စေရအောင်ကြိုတင်သတိပေး ဟန့်တားရတာ မျိုးလဲ ရှိတတ်ပါသည်။

ဥပမာ – အိမ်သာသွားသည့်အရာမျိုးနှင့် ခြံဝင်းတံခါးပိတ်ထားသော အိမ်မျိုးတွေကို သွားပြီးဆိုလျှင် အိမ်သာအတွင်းမှာ လူရှိမရှိ အိမ်ခြံတွင်းမှာ လူရှိမရှိ လှမ်းပြီး အော်မခေါ်ဘဲ အဟမ်း ဟူသော သတိပေး ယဉ်ကျေးမှုဖြင့် ကြိုတင်သိနိုင်အောင် အသံပြုခြင်းဖြစ်ပါသည်။

ဤသတိပေး ဟန့်တားခြင်းသည် ကောင်းသည့်အရာ၊ မကောင်းသည့်အရာ နှစ်မျိုးလုံးမှာပင် အသုံးဝင်ကြောင်း သတိမူသင့်ပါသည်။

ဒကာတစ်ယောက် ဆရာတော်ဘုရားကြီးထံသွားရောက်ရာ ဆရာတော်ထံမှောက် မရောက်ခင် ဆရာတော် ကြားလောက် သိလောက်သောနေရာမှ အဟမ်း (သို့မဟုတ်) အဟင့် ဟု ချောင်းကလေဟန့်ပြီးမှ ဆရာတော်ကြီးကျောင်းပေါ်တက်ပြီး ဆရာတော်ကြီးအား ဝတ်သုံးကြိမ်ပြုကာ ထိုင်လိုက်ရာ ဆရာတော်မှ ဒကာက ဘုန်ကြီးဆီလာတာ ချောင်းတွေဘာတွေဟန့်လို့ဘုန်းကြီးဆီလာတာများ အချက်ပြစရာ မလိုပါဘူး။ ဘုန်းကြီးဘဲ ဘာလုပ် နေတာမှတ်လို့ ဘုန်းကြီးဆိုတာ ဘုန်းကြီးအလုပ်ဘဲလုပ်တော့မယ်ပေါ့ဟုမိန့်တော်မူလိုက်ရာ ဒကာကြီးမှာ ဘာပြန်ဖြေကြားရမှန်း မသိတော့ပဲ၊ သူလျှောက်စရာရှိလျှောက်ပြီး ဝတ်ပြုခါထပြန်သွားတော့သည်။

ဒကာထပြန်မှ - ဟေ - ဒကာ မင်းဘယ်ဘုန်းကြီးဆီ သွားသွား ဘုန်းကြီးတွေကိုလူလိုတွေးပြီး မင်းအဟင်းကြီး ဘယ်တော့မှမလုပ်ပါနဲ့နော် ဟု ထပ်မံမိန့်ကြားတော် မူပါသည်။

ဒကာကလည်း "တင်ပါ - မှန်ပါဘုရားက လွဲလို့ ဘာမှ ပြန်မလျှောက်ရဲတော့ဘဲ သုတ်သုတ်လျှင်စွာ ကျောင်းထဲမှ ထွက်သွားသည်။

## ၃၅။ နေ့စဉ်လုပ်ငန်းရဲ့ အချိန်များ

ကျောင်းတိုက်တစ်ခု နေရာတစ်ခု တိုးတက်ကြီးပွားတယ်ဆိုတာ ရေးကံကိုချည့်လဲ အားကိုးလို့ မရပါဘူး ဒီဘဝရဲ့ကြိုးစားမှုနဲ့ နောက်ကပြုခဲ့တဲ့နှစ်ပါးပေါင်းစပ်မှသာ ဖြစ်နိုင်ပါတယ်။



ရှေးကံက ဘယ်လိုပင် ကြီးပွားတိုးတက် ချမ်းမြေ့ပေမဲ့လဲ ပုဗ္ဗေစကတ၊ ရှေးကောင်းမှုကံက၊ ပတိဒေသာ - ကိုယ်နဲ့သင့်တော်တဲ့နေရာ ရောက်မှု၊ အတ္တသမ္မာပဏိဓိ - ကိုယ်စိတ်နှစ်ပါးကောင်းအောင်ထားလိုက်ရင်၊ ကလျာဏမိတ္တ - ကောင်းရာကိုညွှန်ကြားမဲ့၊ ဆရာကောင်း မိတ်ကောင်းနှင့် တွေ့ဆုံလိုက်မယ်ဆိုရင် တစ်နည်းအားဖြင့် တိုးတက်ကြီးပွား သွားတာဘဲ။

ဒီနေရာမှာတော့ ဆိုခဲ့သည့် လေးမျိုးအပါအဝင် နေ့စဉ်လုပ်ငန်းဆိုတာရှိတယ်၊ ထိုနေ့စဉ်လုပ်ငန်းဟာ တမင်လုပ်ယူတာမျိုးလဲ မဟုတ်၊ ဖြစ်စေရမည်ဆိုတဲ့ အနေနဲ့ တမင်ဖန်တီးတာမျိုးလဲ မဟုတ်၊ အချိန်တွေ အများကြီးပေးပြီး ဖြစ်လိုဇောနဲ့ အားကျိုးမာန်တတ်လုပ်နေတာမျိုးလဲမဟုတ်ရပါဘူး။

ပုဂ္ဂိုလ်တစ်ယောက် နေရာတစ်ခု ကြီးပွားတိုးတက်လာတယ်ဆိုတာ မိမိရဲ့အစွမ်းသတ္တိကို အခြေခံပြီး နေ့စဉ်လုပ်ငန်းများဖြစ်တဲ့ ဘုရားဝတ်တက်၊ ဘုရားဝတ်ပြု၊ ဘုရားနှင့်စပ်သည့် ကန်းကပ်၊ ရေကပ်မှု သန့်ရှင်းမှု ဗုဒ္ဓါနုဿတိ ဘုရားအာရုံပြုမှု မေတ္တာပွားမှု ဘုရားဘာဝနာ ပွားများမှု၊ ပုတီးစိပ်မှု၊ စာပေကျမ်းဂန်ပို့ချမှု၊ သင်ကြားမှု၊ ဂုဏ်တော်များ၊ ပရိတ်တရားတော်များ ရွတ်မှုပွားများမှု စသည်ဖြင့် နံနက်မင်္ဂလာရှိသည့် အချိန် ညချမ်းအေးချမ်းသာယာသည့် အချိန်များမှာလည်း ဘုရာသံ၊ တရားသံ လွှမ်းနေမှုများသည် တစ်နေရာတစ်ခု ပုဂ္ဂိုလ်တစ်ဦးရဲ့ကြီးပွား တိုးတက်မှု များပင်ဖြစ်ပါသည်။

ဘုန်းကြီး ဒီကျောင်းတိုက် တိုးတတ်နေတယ်ဆိုတာ ဥုံဖွန်းလို့ ဖြစ်လာတာမျိုးမဟုတ်ဘူး၊ နေ့စဉ်သန့်ရှင်းတယ်၊ စာချတယ်၊

စာတတ်တယ်၊ စာကျက်တယ်၊ ဘုရားဝတ်တတ်တယ် စသည့်စသည့် မထင်မှတ်တဲ့ အလုပ်ကလေးတွေက ပေါင်းစုလိုက်တော့ တစ်နေ့တာ လုပ်ငန်းရဲ့ ထုထည်ကြီးက မနည်းလှပါဘူး။

ဒီလိုနေ့စဉ် လုပ်ထုကြီးရဲ့ အရှိန်ကို နေ့တွေ၊ လတွေ၊ နှစ်တွေ စုပေါင်းလိုက်တော့ ဒီကျောင်းတိုက်ရဲ့ အရှိန်ဟာ ကြီးမားလှပါတယ် အများက ကြီးပွားတာသာမြင်တာ လုပ်ငန်းကိုကြတော့ မမြင်ကြဘူး ပေါ့၊ ဒီကျောင်းတိုက် သာသနာက ကမ္ဘာအထိ သိကြပါလိမ့်မယ်၊ လုပ်နေတာက တစ်နေ့ရာကောင်းစားရေးတွက်ပြီး လုပ်နေတာမဟုတ် ကြတော့ ကမ္ဘာကပါ သိပါတယ်။

တစ်ခါတစ်ခါ အကြောင်းမတော်လို့ အဖုအထစ်လေးများ ရှိတာတောင်မှ ဒါလောက်နဲ့ ဘုန်းကြီး သာသနာလုပ်ငန်းက ပျက်စီး ထိုးကျမသွားနိုင်ပါဘူး။

ဘုန်းကြီးက တစ်မျိုးနာမည်ပျက်အောင် လုပ်တယ်ဆိုတာ ဝိုပြီး နာမည်ကောင်းဖို့ဖန်တီးလာတာဘဲလို့ယူဆတယ် ဘာပြုလို့လဲ တစ်ဖက်ဖြောင့်ပြီး တစ်ဖက်ကကောက်ကောက်နေရင် ဖြောင့်သူမှာ ဘာမှဖြစ်မသွားပါဘူး ပတ်ဝန်းကျင်က ဘယ်လိုကောက်ကောက်၊ ကိုယ်က ဖြောင့်မတ်ရိုးသားဖို့တော့ အများကြီးလိုတယ်။ ကိုယ်ကလဲ အကောက်၊ တစ်ဖက်ကလည်း မဖြောင့်မမတ်ဆိုရင်တော့၊ ဘာမှ လုပ်လို့မရဘူးပေါ့ သည်းခံရ တယ်ဆိုတာ အစတော့ အခံရခက် ပါတယ်၊ သည်းခံနေကြ၊ အသားကြ သွားတော့ အရသာတောင် တွေ့လာတတ်ပါတယ်။



ဘုန်ကြီး စာချဘုန်းကြီးတစ်ပါး သူတပည့်တစ်ပါးကို ဆုံးမ တယ် အများနဲ့ နေရလုပ်ရတယ်ဆိုတာ အပြောခံ အကျိန်းအဝါးခံ အထုခံ အထောင်းခံတော့ ခံရမှာပဲတဲ့ ကိုယ်က ဆင်ခြင်ပြီး အများ အတွက် လုပ်တာတော့ လုပ်ရမှာပဲဟု ညွှန်ကြားပေးထားတယ်၊ တစ်နေ့မှာ သူကိုယ်စား အကာပ်ခံရတော့ ဆပ်ဆပ်တုံ မခံမရပ်ဖြစ်ပြီး ဟိုလူညှိုး၊ ဒီလူညှိုးလုပ်လာ တယ် ဒါမျိုးလည်း မဖြစ်စေရဘူး။

တချို့က ဘုန်းကြီးကျောင်း စာဝတ်နေရေး အဆင်ပြေပြီး နံနက်စာနှင့် နေ့ဟင်းချက်ကပ်ပြီး ဆွမ်းကပ်ပေါ လာဘ်လာဘ ရှင်နေတာ အရှင်ဘုရားတို့ စာသင်တိုက်ကြီး အစားအသောက် မဆင်းရဲရအောင် ဆိုပြီး ရှင်မထီးကိုယ်တော်ကြီးက ဣန္ဒာသသယ သပိတ်နဲ့ ယပ်တောင်ပေးထားလို့တဲ့။

ဒီမှာတော့ အများမြင်တဲ့အတိုင်း နေ့စဉ်ညတိုင်း ညပဋိပတ် နေ့ပရိယတ်နှင့် နေ့စဉ်လုပ်ငန်းတွေ မနားမနေ ကြိုးစားနေကြရတာ ဆိုတော့။

ဘာကမှ "မ" စလို့ မဟုတ်ပါဘူး။ နေ့စဉ်လုပ်ငန်းများရဲ့ အရှိန် တွေကြောင့်ပါဟု မိန့်တော်မူသွားခဲ့ပါသည်။

## ၃၆။ လက်ရှိကို အထင်မကြီး ဗမာ

လက်ရှိကို အထင်မကြီးတတ်ဘဲ မရှိသေးတာကို မျှော်မှန်းပြီး အထင်ကြီးတတ်တဲ့ သဘောက လူတိုင်းမှာ ရှိကြတယ်၊ ဥပမာ - ကိုယ် ဝတ်ထားတဲ့ အဝတ်သည် ကိုယ့်ကြိုက်လို့ ဝယ်ထားတာပဲ သူများ

အဝတ်မြင်ပြီး ကိုယ့်မြတ်နိုးလို့ ဝယ်ထားတဲ့လက်ရှိအဝတ်ကိုအထင်မကြီးတာ အမှန်ပင်ဖြစ်ပါလိမ့်မယ်။

ကိုယ်မြတ်နိုးစုံမက်လို့ အကြင်လင်မယားအဖြစ် ပေါင်းသင်းလာခဲ့ပြီးမှ လက်ရှိရထားတာကို အထင်မကြီးဘဲ မရသေးတာ မရှိသေးတာကို အထင်ကြီးကြစမြဲပင်။

အမျိုးဘာသာ သာသနာနဲ့ ပတ်သက်လာရင်လဲ ဒီလိုပါပဲ။ ကိုယ်ယူထားတဲ့ကိုယ်ကိုးကွယ်ထားတဲ့လက်ရှိဘာသာကို ကိုယ်တိုင်ကိုးကွယ်လာသူဖြစ်လျှက် လက်ရှိလက်တွေ့ကိုးကွယ်သူက အထင်မကြီးပေမဲ့ လက်မဲ့ဖြစ်တဲ့ တခြားဘာသာ အယူရှိသူကြတော့ အထင်ကြီးပါတယ်။ မိဘဆရာသမားအသက်ထင်ရှားရှိစဉ် တန်ဖိုးမရှိသလိုနေသည်။ ဖာသိဖာသာ အမှုမဲ့ အမှတ်မဲ့ နေလာခဲ့ကြပြီး မိဘများမရှိသည်နောက်မှ မိဘများရဲ့ကျေးဇူးဂုဏ်အင်နှင့် ပြုစုကျွေးမွေးစောင့်ရှောက် ပျိုးထောင် ပေးခဲ့တာတွေကို ကြာလေ တန်ဖိုးကြီးလေဖြစ်ရပါတယ်။

ဆရာသမား တစ်ဦးတစ်ယောက်ရှိစဉ် အတူတွဲနေစဉ် ဆရာသမားနဲ့ နီးနီးကပ်ကပ် နေရစဉ် တန်းဖိုးမရှိတော့ပေမဲ့ ဆရာနှစ်ခွဲပြီးနေရသည့်အခါမှာဆရာများရဲ့ကျေးဇူး တန်ဖိုးဟာ ပေးလို့မကုန်ခွန့်၍မခန်း အဖိုးအနန္တထိုက်တန်သည့်ပြည်တန် ပတ္တမြားကြီးအလားတန်ဖိုးဖြတ်လို့မရနိုင်ပါ။

ကမ္ဘာ့ထင်ရှားသည့် ခေါင်းဆောင်ကြီးများအကြောင်း တွေးကြည့်မယ်ဆိုရင်လည်း အသက်ရှိစဉ်တုန်းက ကောင်ကျိုးများပြုနေသည်ကို မကောင်းကျိုးလို ပြုလုပ်နေကြသူတွေလို့ ရှုမြင်တတ်ကြပါသည်။



ထို ခေါင်းဆောင်တစ်ဦးရဲ့ လုပ်ပိုင်ခွင့် အတိုင်းအတာအလျှောက် လုပ်ဆောင်ကြိုးပမ်းသွားမှုတွေသည်အသက်ရှင်တုန်းမှာ အကောင်းဟု လုံးဝမမြင်တတ်ကြပေမဲ့ သူတို့မရှိသည် နောက်နှစ်အတန်ကြာ၍သမိုင်းဆွေးလာသောအခါထိုပုဂ္ဂိုလ်ခေါင်းဆောင်များရဲ့တန်ဖိုးက အံချီးလှမကုန်အံ့လို မဆုံးဖုံးလို့မရတဲ့ သမိုင်းတန်ဖိုး ပေါ်လာကြရပါမည်။

ပုဂ္ဂိုလ်တစ်ယောက်ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ထိုပုဂ္ဂိုလ်ရဲ့သမိုင်းသည်ဖျောက်လို့မရဘဲခေတ်အဆက်ဆက်ပေါ်လွင်နေမည်ဆိုပါက တန်ဖိုးရှိလို့သာ ဖျောက်လို့မရဘဲ ပေါ်လွင်နေခြင်းဖြစ်ပါလိမ့်မည်။

ဥပမာ - ဗမာတို့ရဲ့ဗိုလ်ချုပ်အောင်ဆန်း သည် သူတိုင်းပြည်အတွက် သက်စွန့်ကြိုးပမ်း လုပ်နေစဉ်က သူကို မလိုလားသူတွေက မကောင်းသမိုင်းထဲ ထိုးထည့်နေကြပါသည်။

ဒါပေမဲ့ ထိုဗိုလ်ချုပ်ရဲ့နှလုံးသားကမြင့်မြတ်တဲ့၊ တန်ဖိုးရှိတဲ့နှလုံးသားပိုင်ရှင်ဖြစ်နေလေတော့ တန်ဖိုးကြီးတဲ့ စေတနာပိုင်ရှင်အဖြစ်နဲ့ ကမ္ဘာမှာ ဗမာရဲ့ဗိုလ်ချုပ်နာမည် သည်ဆွေးလေ တန်ဖိုးရှိလေဖြစ်နေရသည်မှာ သက်ရှိလူသားတိုင်း သိကြပါတယ်။

တန်ဖိုးရှိတဲ့ ပုဂ္ဂိုလ်များရဲ့အသွေးအသား၊ အရိုးနှင့် နှလုံးသားတို့သည် ဆွေးလေ တန်ဖိုးထွားလေ ဖြစ်ကြရသည်မှာ အမှန်ပင်။

ဆိုလိုတာက ဆွေးမှတန်ဖိုးထွားပြီး တန်ဖိုးတွေ ထက်ထက်နေမည့်အစား ရှေ့ဆောင်ဦးစီး ပုဂ္ဂိုလ်မြတ်များလို့ သိခဲ့ရင် အသက်

ထင်ရှားရှိစဉ်က ထိုတန်ဖိုးအား ကောင်းကောင်းသိကြပြီး တန်ဖိုးရှိရှိ ထားသင့်ကြပါသည်။

အမေကျော် ဒွေးတော်လွန်းသည့် ဝါဒမျိုးသည် မလျော်မသင့် မြွတ်ပါ၊ လက်ဦအမေ၊ အဖေ၊ ဆရာသမားများနှင့် အများအကျိုး ဆောင်နေသည့် ပုဂ္ဂိုလ်များကို တန်ဖိုးသိပြီး တန်ဖိုးရှိရှိ ထားသင့်ကြပါသည်။

ကိုယ်ပိုင်ရရှိထားသည့် ဘာသာတရားကိုလည်း စစ်မှန်သည်ဟု ယူဆ၍ တန်ဖိုးရှိရှိကိုးကွယ်မှုဇော်ပါ။

ဥပမာ - ကျောင်းထိုင်ဘုန်းကြီးတစ်ပါးကိုယ်ရဲ့ရပ်ရွာမှာ ပင့်ပြီး ကိုးကွယ်တယ်ဆိုရင်ဘဲ -

အစကတော့ ညီတူညီတူ

အလယ်ကြတော့ အစနဲ့မတူ

အဆုံးကြတော့ ဒို့ရပ်သူ

ဆိုတာမျိုးတွေ မဖြစ်သင့်ပါဘူး "မရခင်အထင်ကြီးရပြီးတော့ နလုံးနာ" ဆိုသည့်သဘောမျိုးလည်း မဖြစ်သင့်ကြပါဘူး။

လက်ရှိကို အထင်မကြီးတတ်တဲ့ လူမျိုးထဲမှာ ဗမာလူမျိုးက ပိုဆိုးတယ် အောင့်မေ့တာဘဲ ဘယ်အရာမဆို မပြုလုပ်စဉ်က အစ အဆုံး သုံးသပ်ပြီး ရာနိုင်နှုန်း သေချာလောက်မှ ပြုလုပ်ကြပါ။ မှန်တယ်ထင်လို့ ဆုံးဖြတ်ပြီးသာ လက်ရှိကို ဘယ်တော့ကမှ အထင် မသေးပါနဲ့ - ဟုမိန့်တော်မူခဲ့ပါသည်။



## ၁၈။ ဓါးကြွားသော့ထိုးလို့ မကြည်ညိုနိုင်သူ

ဗုဒ္ဓဘာသာမှ - သဒ္ဓါလိုဆိုတဲ့ ယုံကြည်ကိုးစားအားထားမှု နိုင်မြဲရန် အဓိကလိုအပ်ပါတယ်။ ကုသိုလ်တွေလုပ်ပြီး ငါဘယ်နေရာမှာ ဘယ်ပုဂ္ဂိုလ်ကို လှူလိုက်တာ မှားသွားတယ်ဆိုတာ လုံးဝမဖြစ်သင့် သည့် အဖြစ်ဆိုး တစ်ခုပါဘဲ။

များသောအားဖြင့် အရာရာမှာမဆင်မချင်ဘဲ ကိုးကွယ်မှု၊ ပေးလှူမှု၊ ယုံကြည်မှုတို့သည် မစဉ်းစားမတွေးတောဘဲ အလွယ်တကူ ပျက်ပြယ်တတ်ကြပါသည်။

ဒကာတစ်ဦးသည် ရတနာသုံးပါးရဲ့ အပြစ်ပြောနေသည်ကို မကြာခဏ ကြားသိနေရသည်။ ထိုဒကာကလဲ ရိပ်သာများစွာမှာ တရားစခန်း ဝင်လေ့ရှိသည်။

အပြောနှင့်အလုပ် ရှေ့နောက်မတည့်ဖြစ်နေသည်ကို ဆရာ တော်က သိ၍တစ်နေ့သောအခါ ထိုဒကာရောက်လာရာ "ဟေ့ဒကာ မင်းက တရားသမားအမည်ခံလုပ်နေတာ၊ ပြောနေတာက ရတနာ သုံးပါးရဲ့အပြစ်နဲ့ မလွတ်ချည့်ဖြစ်နေတော့ မင်းတရားဘယ်လောက် အားထုတ်ထုတ် တရားထူးကတော့ မရပါဘူးဟု မိန့်တော်မူပြီး ဘာကယ် အသက်နဲ့လဲပြီး ယုံကြည် ကိုးကွယ်ရမဲ့ ရတနာသုံးပါးရဲ့ အပြစ်ပြောနေမှတော့ ထိုက်က ရှေ့ကကို ဟန့်တားမှု ဖြစ်ပြီး တရား မမြင်တရားမရ သမာဓိမရှိဖြစ်ပြီး ဘယ်လိုမှ တရားနဲ့ မနီးပါဘူး" ဟု မိန့်တော်မူလိုက်ပါသည်။

တရားအားထုတ်ရာမှာ -

၁။ ရတနာသုံးပါးကိုယုံကြည်ရမယ်။

၂။ သရဏဂုံတည်ရမည်။

၃။ ငါးပါးသီလလုံရမယ်။

၄။ ကံ - ကံ၏အကျိုးယုံရမယ်။

၅။ အသက်ခန္ဓာပေါ်မငဲ့ညာရဘူး။

တစ်ခါတစ်ခါ ကိုယ့်သဘောနဲ့ကိုယ် လုပ်ကြ၊ သွားကြ၊ ကိုးကွယ်ကြပြီး ဇာတ်သရဏတောဘယ် - ဆိုတာလိုကိုးကွယ်ဆည်းကပ်မှုနည်းမကျတော့ ကိုးကွယ်ရာက ဘေးတွေ့တတ်တယ် - ဆိုတာ ဟုတ်တယ်။

အခုတော့ ဟိုကဘာတဲ့ ဒီကဘာတဲ့နဲ့ ထူးထူးဆန်းဆန်းတွေ ကြားရ၊ တွေ့ရ၊ ဟုတ်နိုး၊ ဟုတ်နိုးနဲ့ သွားကြ၊ လာကြရင်းက ကိုယ့်လုံ့လ ပယောဂနဲ့ အားထုတ်ရှာဖွေလို့ရတဲ့ ပစ္စည်းကို ဘယ်ကပဲ မစလိုက်သလိုလို ထင်နေကြသေးတယ်။

ကံမကောင်းအကြောင်းမလှလို့ တစုံတရာ ပျက်စီးဆုံးရှုံးမှုနဲ့ ကြုံရပြန်တော့လဲ ဟိုကမကျေနပ်လို့လုပ်လိုက် သယောင်ယောင် ထင်နေကြသေးတယ်။ ကိုယ်ပိုင်ဉာဏ်နဲ့ ဘယ်အရာကအမှန်၊ ဘယ်အရာကအမှား လို့သိရင် မလွဲနိုင်တဲ့လမ်း၊ မလွဲနိုင်တဲ့အရာကို ရွေးချယ်ပြီး ဆုံးဖြတ်ရပါမယ်။

ပုဂ္ဂိုလ်တစ်ယောက်ရဲ့ဘဝတာခရီးလမ်းမှာ မှားစရာတွေ အများအပြား ရှိနေပါတယ်။ အကျိုးထက် အပြစ်ရောက်မလာရန် သတိမူသင့်ကြပါသည်။

ကိုယ့်လုပ်ချင်ရာ၊ ကိုယ်ကိုးကွယ်ချင်ရာ၊ ကိုယ်ယုံကြည်ရာ



များကို ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်ပြီး လုပ်သင့်ပါသည်။ တဖက်ကို အကြွင်းမဲ့ယုံမိ၍သော်လည်းကောင်း၊ အများလုပ်လို့ဟုတ်မရောင်ဖြင့်သော်လည်းကောင်း။ လိုက်စားမိပါက အပြစ်မဖြစ်သောနည်းဖြင့် ဆုတ်ခွာသင့်ပါသည်။ အပြစ်လို့မြင်ပြီး မဆုတ်ခွာသင့်ပါ။

ဒကာတစ်ယောက် အကြောင်းပြောရအုံးမယ်။ ထိုဒကာက ကိုယ့်ပစ္စည်း အကုန်ခံပြီး နာမည်ကျော်ကြား ဂုဏ်သတင်းများသည့် ပုဂ္ဂိုလ်များ ရွေးချယ်ပြီး ဆည်းကပ်ဝင်ထွက်လေ့ရှိပါသည်။

ဘယ်ပုဂ္ဂိုလ်ဟာ ဘယ်လိုကျော်ပြီး ဘယ်လိုအရည်အချင်း ရှိတာ စသည်ဖြင့် သူမကြိုက်သော အပြစ်အနာအဆာ မတွေ့မမြင်ခင် တုန်းက သူနှင့်တကွ ပတ်ဝန်းကျင်ကိုပါ မြင်စေတွေ့စေချင်ပါသည်။ ထိုသဘော ထားသည်အမှန်ပါ။

ထိုသူ ဂုဏ်တင်၍ ချီးကျူးတင်မြှောက်ခဲ့သော အရာများသည် မှန်ကန်မှုမရှိသော အတွေးအကြံဖြင့် ကြားသိတွေ့မြင်လိုက်ရသော အခါမပြောပလောက်သော အကြောင်းအရာ တစ်ခုလောက်ကလေးနဲ့ မျက်စိစုံမှိတ် နားကိုပိတ်လျှက်ခြေစုံကန်ကာပြစ်ပယ်တတ်ကြပါသည်။ ထိုသဘောထားသည် မသင့်မြတ်သော ဖြစ်ပျက်မှု တစ်ခုပင် ဖြစ်ပါသည်။

ဘာကြောင့်ဆိုသော် လွန်ကဲသော မာန်မာနက ထိုသူကို သွှမ်းမိပြီး အဖြူကိုအမဲ၊ အမဲကိုအပြာ ဖြစ်သည်အထိ ပြောင်းလဲ သွားမှုကြောင့်သာတည်း။

ထိုတွေ့ကြုံခဲ့သော ဒကာမှာ တသက်တာမျှ ဘာအပြစ်မှ မမြင်ဝင်းလုံးချော ဘယ်သူဘာပြောပြော သူမှာတော့ မင်းသားချော

ဖြစ်နေသည့် ပုဂ္ဂိုလ်ကြီး တစ်ဦးထံ တစ်နေ့ရောက်သွားလေရာ ထိုပုဂ္ဂိုလ်ကြီးရဲ့နေရာမှာ မတွေ့ရတော့။ သူသွားတတ်သော နေရာအနှံ့ လိုက်ရှာရာ နှစ်ဦးသားတွေကြတော့ ညှော်ခံစကားပြောမည့် အဆောက် အဦး ရှိရာ ခေါ်သွားပြီး ခါးကြားမှ သော့ကိုထုတ်ပြီး သော့ဖွင့်လိုက်ရာ ထိုဒကာမှာ ပါးစပ်အဟောင်းသား ဖြစ်ပြီး အံ့အားသင့်သည့် အနေ အထားဖြစ်ကာ

ဟာ - ငါအထင်ကြီးသမျှတွေဒီသော့တစ်ချောင်းက သက်သေ ပြလိုက်တာပါလားဟု စိတ်ထဲက ရေရွက်မြည်တမ်းပြီး အရှိန်မပြတ် အရိုအသေပေးကာ နောက်မဆုတ်သော ခြေလှမ်းများဖြင့် အံကြိတ်ပြီး ငါအထင်ကြီးလှတဲ့ ပုဂ္ဂိုလ်က ခါးကြားသော့ ထိုးတာပါလား ဆိုပြီး မကြည်ညိုနိုင်တော့ဘဲအကြောင်းစပ်မိစပ်ရာ ပြောကြရင်းက ထိုဒကာ ပြောလို့ သိလိုက်ရတယ်။

ခါးကြားသော့ထိုးတာနဲ့ မကြည်ညိုနိုင်ဘူးဆိုတော့ ထိုဒကာ ကရော ဘာအဆင့် ရှိလို့ပါလိမ့် ကိုယ်တော်တို့ ခါးကြားများ သော့ အရမ်းမထိုးကြနဲ့ ခါးကြားသော့ထိုးလို့ မကြည်ညိုနိုင်တဲ့ သူနဲ့ တွေ့ မြင်သွားရင် မကြည်ညိုနိုင်ပါဘူး။ ကိုယ်တော်ဆိုရင် အခက်ကြုံသွား မယ် ဟု ဆရာတော် ဘုရားကြီးမှ ဟိုဘက်လဲ သံဝေဂရယူရန် နှင့် ဒီဘက်လဲ ဆင်ခြင်ကြစေရန် နှစ်ဦးနှစ်ဘက် မဖြစ်မပျက်ပဒါဖြစ်ကြစေရန် သတိပေးမိန့်ကြားတော်မူခဲ့ပါသည်။

တစ်နေ့ကလည်း စာချဘုန်းကြီး တစ်ပါးက သူ့တပည့်တွေကို သြဝါဒ ပေးတယ်တဲ့။ မင်းတို့ မန္တလေးသွားသွားပြီး ရုပ်ရှင် မကြည့်ကြနဲ့ ငါနဲ့ တွေ့မယ်နော် ဟု သတိပေးပြောကြားလိုက်ရာ တပည့်တွေက



ခိုးထွက်ပြီး မန္တလေးရုပ်ရှင်ရုံမှာ သွားကြည့်ကြသည်။

ထိုစာချဘုန်းကြီးကလည်း တပည့်တွေမသိအောင် ဆိုပြီး မန္တလေးသွားရာ အဖော်ကောင်းကျောက်ပန်းတောင်းရောက်ဆိုတာလို အဖော်က ရုပ်ရှင်ကြည့်ရန် ဖွတ်ခေါ်လို့ လိုက်ပါသွားရာ ရုပ်ရှင်ရုံ ရောက်တော့ သူ့တပည့်တွေနဲ့ တွေ့သတဲ့။

အဲဒါနဲ့ စာချဘုန်းကြီးကလည်း ရက်ရက်နဲ့ မင်းတို့ ငါ မပြောဘူးလား မန္တလေးသွားပြီး ရုပ်ရှင်ကြည့်ရင် ငါနဲ့တွေ့မယ်လို့ ရယ်ရယ်မောမော ပြောကြသတဲ့။

တပည့်ဆိုတာ မတားသင့်တဲ့နေရာတွေမှာ နေရာတိုင်း မချုပ် ချယ်ရဘူး။ ကြီးလာတော့ သူ့အသိနဲ့ သူသိလာပြီး မတော်မလျော်တဲ့ နေရာကို ဝေါနဲ့တင်ခေါ်တောင်မှ မလိုက်ပါဟု သတိပေး မိန့်ကြား တော်မူခဲ့ပါသည်။

## ၃၈။ ဆရာကောင်းကို မလိုသားကြ

ဆရာတော်ဘုရားကြီးသည် ငယ်စဉ်ကပင် စည်းကမ်းသမား ဖြစ်ခဲ့ပါသည်။ အလုပ်တစ်ခုကို ပြီးသွားပြီးတာဘဲဆိုတဲ့ သဘော ဘယ်အခါကမျှမထားရှိခဲ့ပေ။

သိတတ်သည့်အရွယ်မှစပြီးကိုယ်တိုင်က စည်းကမ်းသမားဖြစ် သလို သူ့ရဲ့ဝန်းကျင်ကိုလည်း သူစည်းကမ်းရှိသလို ရှိစေချင်သည်။ ဘယ်အရာမဆို သေသပ်သန့်ရှင်းမှု မရှိလျှင် သဘောမကျနိုင်ပါ။

နမျှော်၍မဟုတ်၊ ပေးတဲ့ကမ်းတဲ့နေရာမှာသော်မှ ငါတို့အမျိုးက ဟိုနေရာစပ်စပ် ဒီနေရာ စပ်စပ် မထိရောက်တဲ့ အလုပ်မျိုးဘာကိုမှ

မလုပ်ဘူး။ ဥပမာ – ကျောင်းတစ်ဆောင် ဆောက်လှူတယ်ဆိုတောင် အသုံးမတဲ့သော ကျောင်းမျိုး မဆောက်လှူရဘူး။ သာသနာမှာ အကျိုးရှိမဲ့ အဆောက်အဦး ကြီးကြီးမားမားမှ လှူရတယ်ဟု မိန့်တော်မူဖူးပါသည်။

ဒါကြောင့် ဘုန်းကြီးကျောင်းထဲမရောက်ဖူးသူတွေက ဘုန်းကြီးကျောင်းထဲရောက်လာရင် ရှုံ့ကြတယ်။ မြေပေါ်တောင်မှ ခြေမချရဲသယောင် ပြောကြတယ်။ ဘာပြုလို့လဲ – သန့်ရှင်းသပ်ရပ်မှုကြောင့်ပါပဲ။ အဆောက်အဦးဆိုတာလည်း ခေတ်မဆန်ရဘူး မိုးလုံလေလုံ ရှိရင်ပြီးတာဘဲ။

တစ်ချို့က ကြံဖန်ရှီးမွမ်းကြသေးတယ် ဆွမ်းစားတဲ့စားပွဲခုံတွေကစက်ခလုပ်တွေနဲ့လုပ်ထားသတဲ့စားခါနီးမှစက်ခလုပ်ကိုနှိပ်လိုက်ရင် စားပွဲတွေပေါ်လာပြီး စားပြီး ခလုပ်နှိပ်ချလိုက်ရင် ကြမ်းပြင်ကြီးဖြစ်သွားသတဲ့။

တကယ် မမြင်ရဘူးသူတွေကတော့ ပြောလောက်ပါတယ်။ တစ်ချို့က မေးကြတယ် သံဃာတွေ ဒီလောက်များများကြီး ဆွမ်းဘုဉ်းပေးဖို့ရာ စားပွဲတွေ အများကြီးကုန်မှာ ဒီစားပွဲတွေ ဘယ်နားများသိမ်းထားရပါ့မလဲလို့မေးသူလဲရှိတယ်။

တွေးလောက် – မေးလောက်ပါတယ်။ စားပွဲခုံကိုတွေးသူမေးသူရှိသလို ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် သီတင်းသုံးတော်မူခဲ့သည့် ကျောင်း၏ တံခါးပေါက်များကလည်း ကြမ်းပြင်အထက်မှ နှစ်ပေခန့် အုတ်ချပ်များထောင်လို့ အချောကိုင်ပြီး ထိုအထက်မှ နှစ်ပေခွဲခန့်မှန်ကြည်၊ မှန်နောက်များတပ်ဆင်ထားပြီး ပတ္တာများတပ်ပြီး



အပြင်ကိုဖွင့်ရသည့် အမျိုးအစားများ မဟုတ်ဘဲ တံခါးထိပ်မှ လက်ကုတ်ကွင်းများတပ်ဆင်ကာဖွင့်လိုက အထက်သို့အနည်းငယ်မျှကာအောက်ထဲ ကျသွားပါသည်။ ထင်ရှားအောင်ပြောပါရလျှင် ရထားတံခါးများကဲ့သို့ ဖြစ်ပါသည်။ အတွင်းမှလည်း ခြင်လုံ သံဇကာနှင့်အခံသံဇကာပါ နှစ်ထပ်ထပ်လျက် ပတ်လည် တံခါးများ လုပ်ထားပါသည်။

ဆရာတော်သည် အများနှင့် မတူသည်ကိုကား ကြီးမားသည့်သာသနာလုပ်ငန်းများသာမက သေးမွှားသည့် ကိစ္စရပ်များ မှာလည်းသူမတူအောင် ပြုမူတတ်ပါသည်။

ငါက သာသနာဘောင်မှာနေပြီး သာသနာလဲပြုပြင် တိုင်းပြည်အုပ်ချုပ်ပြီးတိုင်းပြည်လည်းပြုပြင်ချင်နေတာ ကိုယ်တော်က ဘာတွေပြုပြင်မှာလဲလို့မေးရင် ဘုရားစေတီ ရုပ်ပွားတွေကိုဟိုနေရာ ဒီနေရာမှာများပြားပြီး မလေးမစား မရိုမသေတွေကို ရိုသေလေးစားလာအောင်အထက် ဗမာပြည် တစ်ဆူ၊ အောက်ဗမာပြည်တစ်ဆူ ရှားရှားပါးပါးဖူးကြတွေကြမှ တန်ဖိုးရှိလာမှာပါ။

ဘုန်းကြီး ဒီကျောင်းမရောက်ခင် ဒီကျောင်းတိုက်က သုသာန်ဘက်ကြီး ယခုကျောင်းတွင်း စေတီကြီးတစ်ဆူနဲ့ ကျေးလင်ပန်းတွေနဲ့ဘည်ထားတဲ့ ရုပ်ပွားတော်တွေရှိတယ်။ ဒီပစ္စည်းတွေ ဘယ်လိုသပ်ရပ်အောင် ထားရမလဲလို့ စဉ်းစားနေတုန်း ရှမ်းပြည်က ဘုရားဖူးခရီးသည်တွေက တစ်အုပ်ကြီးဝင်လာရာ ဘုရားတစ်ဆူစီ ခွန့်ရန်လျှောက်တော့ ဘုန်းကြီးက ဘုရားမထားချင်လို့ ပေးရာများရောက်နေမလားဟုပင် စိတ်ထဲက မသိုးမသန့်ဖြစ်ပါတယ်။

နောက်တော့ အိမ်ရောက်တော့ တကယ် သပ်သပ်ရပ်ရပ်နဲ့ ကိုးကွယ်မှာလားလို့မေးတော့ သူတို့မှာ ဘုရားမရှိလို့ ဒီမှာဘုရားတွေ အများကြီးရှိတယ်ရမှာပဲဆိုတဲ့အနေနဲ့ တောင်းတာတဲ့။ အိမ်ရောက်ရင် သေသေချာချာ ထားပါမယ်တဲ့။

ကဲဒါဆိုတစ်ယောက်ကိုတစ်ဆူ အောက်က ကျေးလင်ပန်းကြီး တွေပါ ယူသွားကြလို့ အမိန့်ရှိလိုက်တော့ အားရဝမ်းသာ ပင့်သွား လိုက်ကြတာ သူတို့လည်းဝမ်းသာ ဘုန်းကြီးမှာလည်း ငါ့ဘုရားတွေ တစ်ဦးစီ ကိုးကွယ်ကြတော့မှာဆိုပြီး ဝမ်းသာပြီး သာဓုခေါ်မိပါတယ်။

တစ်ချို့က ဘုရားဖူးထွက်သတဲ့ ကိုယ်ရှိတဲ့ဘုရားက မဖူးထိုက် သလိုလို အားမနာကြဘူး။ ဘုရားဖူးလို့တော့ နာမည် မတပ်သင့်ပါဘူး ဘုရာဖူးနာမည်တပ်ပြီး အပျော်သဘောမျိုးလည်း မဖြစ်စေချင်ပါဘူး။ သွားထိုက်ပါတယ်။ ရန်ကုန် ဘုရားလေးဆူ သုံးသွားတော်မူတဲ့ ရေစစ် တောင်ဝှေး သင်းပိုင်(ရေသနုပ်) ဆံတော်လို့ခေါ်တဲ့ဓာတ်တော်လေးဆူ ဌာပနာ တော်မူထားတဲ့ ရွှေတိဂုံဘုရား။

ဆံတော်အစစ် ဘုရားကိုယ်တော်တိုင် ချီးမြှင့်တော်မူခဲ့တဲ့ ကျိုက်ထီးရိုး စေတီတော်၊ ရွှေဆံတော် (ပြည်) စေတီတော်၊ မဟာမုနိ (မန္တလေး) ရုပ်ပွားတော်ကြီးများ သွားပြီးပူဇော်သင့်ကြပါတယ်။

ဘုရားပုထိုးစေတီ ရုပ်ပွားတော်လွှမ်းသည့်မြန်မာပြည်ဆိုတာ မှန်သော်လည်း လူဆိုတာ အပေါ်စားသုံးရတဲ့ပစ္စည်းဆိုရင် အထင်မကြီး တော့ပါဘူး။

ဗမာလူမျိုးရဲ့အကျင့်က - ရှိပြီးသား သာသနာ အဆောက်အအုံ၊ ဘုရားအို ကျောင်းပျက်များနှင့် သာသနိကပစ္စည်းများကိုအနည်းငယ်



ယိုယွင်းပျက်စီး အိုမင်းဆွေးမြေ့ရုံနဲ့ လုံးဝသုံးမရခင် ကြိုတင်ပြင်ဆင် မယ်ပြုပြင်မယ်ဆိုတာ မရှိတတ်ကြပါဘူး။

လုံးဝ ဘုံးဘုံးလဲ ပြိုကျပျက်စီးပြီး သုံးမရတော့သည့် အချိန် ရောက်မှ မဖြစ်မနေ ထပြီး လုပ်ကြရတော့ အပ်နဲ့ထိုးရမဲ့နေရာမှာ ပေါက်ဆိန်သုံးရတော့ တာဘဲ ဆိုတာလို တစ်ကျပ်လောက် ကုန်ရမဲ့ အချိန်က မလုပ်ဘဲ တစ်ရာလောက်ကုန်မှ လုပ်ကြတဲ့အကျင့်ကလည်း ရှိတယ်။

လူ့အသုံးအဆောင်တွေမှာလည်း ဒီလိုပဲ အနည်းငယ် ပျက်စီး ယိုယွင်းတုန်းက မမှုလောက်သလို ဖြစ်ထားလိုက်ကြပြီး ဘယ်လိုမှ သုံးမရမှ ပြုပြင်ကြရတော့ မကုန်သင့်တာ ကုန်ရပါတယ်။

ပျောက်တာကိုရှာ
ပျက်တာကိုပြင်
ထွက်ဝင်ကိုသိ
ဉာဏ်ရှိသူအား
အမှုထား
လေးစားတိုးတက်ကြောင်းတဲ့။

ပြောသာပြောရတာ တစ်နေ့က ကျောင်းတစ်ကျောင်းမှာ သံဃာ (၁၀) ကျော် ကျောင်းထိုင်ဘုန်းကြီး လစ်လပ်သွားတော့ ကိုယ်တော်တို့ လက်ခံ ဆရာမရှိရင် မနေရဘူး။ ကိုယ့်ဖာသာကိုလက်ခံဆရာ ရှာကြလို့ (သူတို့သဘော လည်းစမ်းတဲ့အနေနဲ့) ပြောလိုက်တယ်။

ဘယ်ကိုယ်တော်ဟာ ဘယ်ဆရာဘုန်းကြီးက လက်ခံပါတယ် ဆိုတာ ရွေးပြီးရင် နှစ်ရက်သုံးရက်အတွင်း လာပြောရမယ် လို့လည်း

ပြောလိုက်တယ်။

နှစ်ရက်သုံးရက်ရှိတော့ ကိုယ်စီကိုယ်စီ လာလျှောက်ကြတယ်။ လာလျှောက်ကြတဲ့အထဲမှာ ဘယ်ဘုန်းကြီးက ကြပ်တယ်၊ စည်းကမ်းကြီးတယ် ဘယ်ဘုန်းကြီးက ရှော့တယ်၊ စည်းကမ်းမကြီးဘူးဆိုတာ သူတို့ချင်းကြတော့ သိကြတယ်။

ဘုန်းကြီး သတိထားမိတာက နှစ်ပါးလောက်ပဲရှိတယ်။ ထိုကိုယ်တော်နှစ်ပါးမှ တစ်ပါးတစ်နေ့တော့ ဆုံမိလို့ ကိုယ်တော်က လက်ခံဆရာရွေးတုန်းက ကြပ်မတ်တဲ့ ဘုန်းကြီးကို ရွေးတာဆိုတော့ ဘာသဘောနဲ့ ရွေးလိုက်တာလဲလို့မေးရာ –

ဘုရားတပည့်တော် ဒီကန္နာရုံမလာခင်တုန်းကလဲ ကြပ်မတ်တဲ့ ဆရာတွေနဲ့ချည်း နေခဲ့တာဖြစ်လို့ ဒီလိုဘဲ ကြပ်မတ်တဲ့ ဆရာကို ထပ်ရွေးကြောင်း လျှောက်တယ်။

ဟုတ်တယ်လူဆိုတာ ဆရာမဲ့မနေရဘူး။ သေသည်အထိ ဆုံးမ ပဲ့ပြင်မဲ့ ဆရာဆိုတာ ရှိရတယ်။ ဆေးသမားနဲ့ ဆရာမရှိတဲ့နေရာ မနေ အပ်ဘူးတဲ့။

ယခုခေတ်က ရှေးကလို ဘုန်းကြီးကျောင်းခေတ် မဟုတ်တော့ ဘုန်းကြီးသြဇာ မရှိတော့သည့်အတိုင်း ဘုန်းကြီးရဲ့ သွန်သင်ဆုံးမမှု အကောင်းကို မခံယူကြတော့ဘူး။

နောက်ပိုင်းမှာ စည်းကမ်းများတဲ့ ဘုန်းကြီးများဆိုရင် လူတွေက စည်းကမ်းကို မလိုက်နာလိုကြဘဲ စည်းမဲ့ကမ်းပျက်သာ နေလိုကြသည့် အတွက် အတူတူ မိုးခါးရေသောက်ချင်းတူမှ နေလို့ဖြစ်၊ ထိုင်လို့ဖြစ်၊ ပေါင်းသင်းလို့ဖြစ်ကြပါတော့တယ်။



အများအားဖြင့် ပုဂ္ဂိုလ်ရေးရာနှင့် တစ်ဦးတစ်တွဲ ကောင်းစားရေး ရှေးရှုပြီး အများစုဆန္ဒမငဲ့ညှာဘဲ တစ်ဦးတစ်ယောက်ကောင်းသဘော လုပ်ဆောင်ကြတော့ ပြဿနာများ မဆုံးနိုင်အောင် တက်ကြရတော့ သည်။

နေရာတိုင်းမှာ အလေးနဲ့အပေါ့ အလေးဘက်ကိုသာ လိုက်ပါ ဆိုတဲ့အတိုင်း စည်းအောက်နဲ့ စည်းပြစ် ကြက်တောင်မှ မိစုံဖစုံနဲ့ ကြီးလာပြီး အချိန်ကိုက်တွန်တဲ့ကြက်မှ မိဖ မစုံမလင်နဲ့ အချိန်မမှန် တွန်ချင်တဲ့အချိန် ထတွန်ရင် ဟင်းစားကြက်ဖြစ်သွားတယ်။

ဆရာကောင်းကိုလိုလားသူသာ တိုးတတ်ပြီး မလိုလားသူတို့မှာ ဆုတ်ယုတ်မြဲသာဟု မိန့်တော်မူခဲ့ပါသည်။

## ၃၉။ ခေါင်းဆောင် တန်ဖိုး

ခေါင်းဆောင်တန်ဖိုး မရှိမှသိ
လင်ရဲ့တန်ဖိုး ထယ်သံကျူးမှသိ
ရွေးရဲ့တန်ဖိုး သူခိုးခိုးမှသိ
ကြောင်ရဲ့တန်ဖိုး ကြွက်ဆိုးမှသိ
အဟောင်းရဲ့တန်ဖိုး အသစ်မှသိ
အနှစ်ရဲ့တန်ဖိုး အကာမှသိ
အကောင်းရဲ့တန်ဖိုး မကောင်းဖြစ်မှသိ
အကြောင်းရဲ့တန်ဖိုး အကျိုးပေါ်မှသိ
နွားကောင်းမကောင်း ရှော့မှသိ
လူကောင်းမကောင်း ပေါင်းမှသိ

ဆန်ကောင်းမကောင်းထောင်းမှသိ
ဉာဏ်ကောင်းမကောင်းဆန်းမှသိ
ကံကောင်းမကောင်း နှောင်းမှသိ။

## ၄၀။ လက်ချိုးသား ငါမကြိုက်ဘူး

ဘယ်ပုဂ္ဂိုလ်ဘယ်သတ္တဝါမဆိုဘဝမုန်တိုင်းလောကဓံဘေးမှ လွတ်ကင်းသူဟူ၍ မရှိနိုင်ပါ။ လောကဓံ မုန်တိုင်းကြီး ရှစ်မျိုးထဲ တစ်ခုမဟုတ်တစ်ခုအမြဲတွေ့ကြုံရမည်မှာလည်းမလွဲနိုင်ပါ။ သေးသည့် မုန်တိုင်းနှင့် ကြီးမားသည့်မုန်တိုင်းဟူ၍ ကွာခြားချင်လည်း ကွာခြား ပေမည်။

ချီးမွမ်းမခံရလျှင် ကဲ့ရဲ့ဒဏ်ခံရမည်။
ချမ်းသာမှုမရှိလျှင် ဆင်းရဲဒဏ်ခံရမည်။
အခြွေအရံရှိခြင်း မရှိလျှင်ဒဏ်ခံရမည်။
ပစ္စည်းလာဘ်လာဘ ပေါများခြင်း၊ မပေါများခြင်းဒဏ်ခံရမည်။

ထိုဒဏ်ရှစ်မျိုးတစ်မျိုးမျိုးရဲ့ဒဏ်ကိုကြံ့ကြံ့ခံပြီး မိမိရဲ့လုပ်ငန်းကို ဖြောင့်ဖြောင့်လုပ်နိုင်သူသည် လူ့အာဇာနည် တစ်ယောက်အဖြစ် ထင်ပေါ်ကျော်ကြားနိုင်ပါသည်။

ဂျပန်ခေတ်က ဆရာတော်ဘုရားကြီး မုန်တိုင်းဒဏ်ခံခဲ့ရပုံများ ပြောလို့မယုံလောက်အောင် ရှိပေလိမ့်မည်။ သူ့ဘဝဇာတ်ကြောင်းကို စပ်မိသည့်တိုင် မိန့်လေ့ရှိပါသည်။

စစ်အတွင်းကတပည့်တပန်းများလည်းစစ်ဘေးကြောင့်ရပ်ရွာ ဇာတိသို့ ပြန်ကြလေပြီး တပည့်ကိုရင် တစ်ပါးနှင့် ဆရာတော်ရယ်၊



ဆန်ငါးပြည်ရယ် ကျန်တော့ပြီး ကျမ်းစာများကိုသာ အတွင်ရေးနေပေ တော့သည်။ လေယာဉ်မှဗုံးများကျဲလျှင် ရေးပြီးသားစာမူနှင့်ရေးလက်စ တာမူများ ပွေ့ပိုက်ပြီး ဗုံးခိုကန်ထဲ ပြေးဝင်ရသည်။

ဇနီးမောင်နှံ နှစ်ယောက်က အဝေးမှ ပေးပို့နေသော ဆန်၊ ဆီ၊ ပြုပ်၊ ကြက်သွန်၊ ခရမ်းချဉ်သီးများဖြင့် အမြဲတင်းတိမ်ပြီး နေရပါသည်။

စစ်ဘေး စစ်ဒဏ်ကြားထဲမှာ တစ်နေ့ငွေ၊ တစ်နေ့ရွှေ အဖြစ် နေရထိုင်ရလုပ်နေရသည့်အတွက်မတော်များငါ့ကံက သာသနာပြုခွင့် မပါဘဲ အများနည်းတူ သေဘေးထဲ ပါသွားခဲ့ရင် လက်စလက်နလေး ကျန်ရစ်ပါစေတော့ ဆိုပြီးရေးနေရတယ်။ သာသနာပြု ကံပါခဲ့လျှင် ဒီလက်နက်ဘေးမှ လွတ်မြောက်၍ ကံမပါလျှင် လွတ်ရန် မမျှော်လင့် ကြောင်း အဓိဋ္ဌာန်ပြီး လုပ်လာ ခဲ့ရာ ကံပါလို့လွတ်လာခဲ့ပါပြီ။

ဆရာတော်နှင့် ကိုရင်နှစ်ပါးတည်း ဆွမ်းဘုဉ်းပေးနေရာ စက် သေနတ် သံကြား၍ ကိုရင်က ပြေးမည်ပြုရာ မင်းနယ်ကွာ ငါသေလို့မှ မသေဝံ့ဘူးလား ဟုမိန့်လိုက်၏။

ထို့နောက် ကိုရင်က ငှက်ဖျားရောဂါဖြစ်ရာ ဆေးဝါးဖြင့် တိုက် ကျွေးသော်လည်း မပျောက်ဖြစ်နေရာ ကဲကွာ ငါ့တာဝန်ရှိတဲ့အတိုင်း ရွတ်ဆောင် ပေးပါမယ်ဆိုပြီး ကိုရင်အား မှောက်ခိုင်းပြီး တတ်နင်း ပေးလိုက်မှ ချွေးတွေထွက်ပြီး ပျောက်သွားတယ်။

တပည့်ကသာ ဆရာ့ကိုပြုစုရတယ်လို့မထင်နဲ့။ ဆရာကလည်း တပည့်ကို ပြန်ပြုစုရတာဘဲ ဟု ထပ်၍မိန့်တော်မူပါသည်။

ထိုသို့စစ်ပွဲကာ ခံနေရဆဲအချိန်တွင် အခွင့်သင့်အခါဆိုက်လည်း မဟုတ် သတင်းလွှင့်ကြသည်ကလည်း တစ်မျိုး တိုးခံရပါသေးသည်။

ဂျပန်ခေတ်က ဘုန်းကြီးတွေလဲ သတ်တယ်ဆိုတော့ စာတတ်ပေတတ်တွေလည်း ထွက်ကြတယ်ပေါ့။

အဲဒီ အထဲမှာ ငါလိုလူထွက်ပြီး ရထားလမ်းမှာ အလုပ်လုပ်နေတာ တွေ့ခဲ့ရတယ်လို့ပြောသူကပြော။

ဒီထက်ဆိုးတာက ဘုန်းကြီးစာအုပ်ဖတ်ပြီး ဘုန်းကြီးကိုတွေ့ချင်လို့ လိုက်ပို့ရန်အကူအညီတောင်းရာ မကူတဲ့အပြင် လူထွက်သွားတာကြာလှပြီလို့ပြောတယ်။

လူထွက်ကိုပဲ ဖူးမယ်ဆိုပြီး ရောက်လာတော့ ဘုန်းကြီးကိုတွေ့ရတယ်။ ထိုသောအခါ ပြန်ပြောပြလို့ သိရတယ်။

အဲဒီတော့မှ ဆရာတော်က ဒကာမကြီးကို ဘုန်းကြီး ဆုံးဖြတ်ချက်ရှိပါတယ် ဒကာမကြီး - သာသနာမှာ ရှိသမျှ ကိုယ်တော်တွေ အကုန်လူထွက်ရမယ်။ မထွက်သတ်ဖြစ်မယ်ဆိုတောင်မှ ဘုန်းကြီးတစ်ပါးတော့ ကျန်မှာပါ။ ဒီသက်န်းနဲ့ဘဲ သေမှာပါ ဟုမိန့်တော်မူသည်။

ထိုစဉ်က အတွေ့အကြုံတွေက ပြန်ပြောရင် ကုန်နိုင်စရာမရှိဘူး ။ဒါကြောင့် ငါငယ်စဉ်ကရွာမှာ - ပစ္စည်းရှိ လူတန်းစားပေါ့ - သူမှာ သားတွေ ရှိတယ်။ သူ့သားတွေကို ကြိုက်တဲ့မိန်းမဆိုရင် သူ့လို (၁၀)ယောက်စာ ထမင်းတောင်း ရွတ်သွားနိုင်တဲ့ မိန်းမမှယူရမယ် လက်ရိုးသာ မယူရဘူးတဲ့။

ဒီမှာလဲဒီလိုဘဲ ဒီကျောင်းနေမယ့်သူတွေက အလုပ်လုပ်ရမှာကြောက်ရင် ဒီကျောင်းမနေရဘူး။ အားလုံးဒီမှာ ရောက်နေတဲ့သူတွေက အလုပ်လုပ်လာခဲ့ကြလို့ဒီလိုသာသာယာယာ နေရတာ လက်ချိုသာနေမဲ့ ကိုယ်တော်ကတော့ ငါ့ကိုကြိုက်ဖို့မလိုဘူး ချင်ကြီး



ဝမ်းလည်းဝင်ခဲ့ပြီး ချင်ငယ်ဝမ်းလဲဝင်ခဲ့ပြီပြောရမှာဘဲ - ဟုမိန့်တော်မူပါသည်။

ဘာပြုလို့လဲဆိုတော့ စောစောက ဒကာမကြီးပြောတာ ဘုန်းကြီး သဘောကျမိလို့ပါ ဘုန်းကြီးကအခုမှ ဘုန်းကြီးတာလို့ ခေါ်ရတော့မှာဘဲ လူဆိုတာ ငယ်ဆင်းရဲမှ ကြီးတော့တန်ဖိုးသိတာ ငယ်ကချမ်းသာ လာရင်တော့ ဘာဝမေ့တတ်ပါတယ်။

စစ်တွင်းက မုန့်စားမည်လို ကိုရင်ကိုကြော်နိုင်းတယ် မာပြီး ရွတ်တွနေတယ်။ ဒါလဲစားတာဘဲပဲပြုတ်နဲ့မုန့်လာချဉ်လဲ စားခဲ့တာဘဲ သက်န်းပြဲသွားရင် ချုပ်ဝတ် ဘိနပ်ပြတ်သွားရင် ပြန်ဆက်စီး ပေါက်သွားရင် ဖာစီး လိုက်တာဘဲ။

အခုလည်းတစ်နေ့က မုန့်ပြာသလက်စားချင်လို့လုပ်ပေးစမ်းပါ ဆိုတော့ လုပ်ပေးတယ်။ နောက်ကြောင်းတွေ သတိရပြီး - အော် ငါစားချင်သလို သူတို့လဲစားချင်ကြမှာပဲ ဆိုပြီး မလုပ်တော့နဲ့လို့ မပြောဘဲ တစ်ကျောင်းလုံးစာဘဲ လုပ်လိုက်ပါလို့ ပြောလိုက်ပါတယ်။

တနေ့ကလည်း ကိုယ်တော်(၁၀)ပါးကို ဘုန်းကြီးက ကာဘောလစ် ဆပ်ပြာတစ်ခဲစီ အလှူခံပါဆိုပြီး ဘုန်းကြီးကပေးလှူရာ အလှူခံရာ သူရှေ့ကသွား ငါရှေ့ကသွားနဲ့ တွက်ကပ်နေကြတယ် ဘာဖြစ်လို့ လဲကြပါ ဟုပြောရာ။

ကိုယ်တော်တစ်ပါးက ဆရာတော်က တရိုတသေလက်နှစ်ဖက်နဲ့ ပေးလှူတာကို အလှူမခံရဲလို့ပါဟု ပြန်လျှောက်တယ်၊ ဒါက - ဘုန်းကြီးရဲ့အလေ့အကျင့်တစ်ခုပါ ကြွပါ အလှူခံကြပါ - ဟုမိန့်တော်မူသောအခါ တရိုတသေ သူတို့ကလည်း အလှူခံကြွကြပါသည်။

ထိုအလေ့အကျင့်သည် မှန်ပါသည် စာရေးသူအား မျက်နှာသုတ်ပဝါကြီး (စောင်းတဘက်) ကိုပေးလှူရာ ဒီမျက်နှာသုတ်ပဝါကို အလှူခံပါအုံးနော် ဟုပြောပြီး မျက်နှာသုတ်ပဝါကို သေသေသပ်သပ် ခေါက်ပြီးမှ သက်န်းများပခုံးပေါ်တင် လက်နှစ်ဘက်ဖြင့် မွေ့ကိုင်ကာ ပေးလှူပါသည်။ တေဇောဘမ်း ပုရုပ်ဆီဗူးလေးပါထည့် လှူလိုက်ပါသည်။

ငယ်သားတပည့်သော်ဖြစ်လင့်ကစ - လှူတဲ့နေရာမှာတော့ ဖိုသူတော်လေးပင်ဖြစ်သော်လည်း လေးလေးစားစားပြု၍ ပေးလှူလေ့ရှိပါသည်။

ငယ်ဆင်းရဲမှလဲ အောက်သက်ကျေတယ် ဘုန်းကြီးစာသင်သားဘဝက စာသင်သားတွေ မကျန်မမာဖြစ်ကြရာ ကော်ဖီနွားနို့မှုန့်လှူနာစာ ဆေးဝါးကစ ဘယ်သူမှ မကူညီကြပါဘူး။

ဒါကြောင့် ဘုန်းကြီးက နံနက်ဆွမ်းနဲ့ပဲပြုတ်၊ ငံပြာရည်နေ့လည်ဟင်းနှစ်ခွက်ချက်ပေးတာပါ။ နားလံထများကိုလည်း ကော်ဖီမှုန့်လှူထားတာ ပျောက်ရင် ဆန်ပြုတ်နဲ့ နွားနို့သုံးရက် ပေးလှူတယ်။

ကျောင်းတွင်းက နာယကအနုနာယက စာချဘုန်းကြီးများကိုလည်း သက်န်းစသော လိုအပ်ရာများ ထောက်ပံ့ လှူဒါန်းရတယ်။ ကိုယ်စာသင်သား ဘဝတုန်းက အတွေ့အကြုံများကို နမူနာယူပြီး လိုအပ်သလို လှူပါတယ်။

ကိုယ့်ရှိကိုယ်စား ကိုယ့်ရှိကိုယ်ဝတ် ခွဲခြားလုပ်လို့မရဘူး ဒီမှာတော့ တစ်အိုးထဲစား တမိန့်ထဲနာ စနစ်လုပ်ထားတာ အလုပ်ကြတော့ ဝိုင်းလုပ်ကြသလို စားတော့လဲအတူ ဝိုင်းစားစနစ်ဖြစ်ပါတယ်။



ဝိုင်းလုပ်ဝိုင်းစား စနစ်ဟာ မိသားစုစိတ်လို့ခေါ်တယ်။ ဒီစနစ်မရှိတဲ့ နေရာဟာ ညီညွတ်မှု ပြတ်ပြယ် နိုင်တယ် ညီညွတ်မှုပြက်ပြယ်ရင် ညီညွတ်ခြင်းသည် အင်အား ဆိုတာ မနိုင်တော့ဘူးပေါ့။

စာသင်တိုက်ထဲမှာ သူ့အုပ်စု ကိုယ့်အုပ်စု သူ့ဆရာ၊ ကိုယ့်ဆရာ၊ သူ့တပည့်၊ ကိုယ့်တပည့် ကွဲကြတယ်ဆိုတာ ဒီအစားအသောက်နဲ့ ဟိုအသင်း ဒီအဖွဲ့တွေကြောင့် စည်းလုံးညီညွတ်မှုမရခြင်းဖြစ်တယ်။

ဘုန်းကြီးကတော့ ချဉ်ကြီးဝင်းလဲဝင်ခဲ့ပြီး ချဉ်ငယ်ဝင်လဲ ဝင်ခဲ့ပြီ အစော်နံလို့ပြန်ခဲ့ပြီး ဆိုတာလို ပခုက္ကူလဲနေခဲ့ပြီး မန္တလေးလဲ နေခဲ့ပြီး နည်တွေစုံလို့ပြန်ခဲ့ပြီးလို့ ဆိုရမှာဘဲ ဆရာနည်း အမျိုးမျိုးကို ရခဲ့ပြီလို့ ဒီလိုသင်ပြမှုကို တဆင့်ပေးနိုင်တာပါ။

ဒီလိုရခဲ့တာလဲ ရချင်လို့ရခဲ့တာလဲမဟုတ် ကံကိုအတော်ပါလို့ အတော်ကို ကံကောင်းလွန်းလို့ ရလာတာ အဲဒီရခဲ့တဲ့ အခွင့်ကို တဆင့်ပြန်ဝေငှနေတာပါ ယူဖို့လက်မနှေးကြပါနဲ့။

ကိုယ်တော်တို့က ခူးပြီးခက်ပြီးသား စားရတဲ့သဘောဖြစ်ပါတယ်။ ဝက်သားဟင်းတွေကိုမှ လှမ်းမစားတတ်။ ငတ်တာကောင်းတယ်ဆိုတာလို နည်းကောင်းလမ်းမှန်တွေဖြန့်ဝေပေးနေတာကို အခွင့်ကောင်းမှန်းမသိ အမူအမဲ့အမှတ်မဲ့ နေတဲ့သူကတော့ နစ်နာရမည်သာမှတ်ပါ။ တစ်ခေတ် တစ်ခါကြုံခဲ့ရာတွေးပြီး နေတာကို မယူတတ်ရင်တော့ တစ်သက်လုံး အရှုံးပေါ်ပြီးသာ မှတ်ပေပ - ဟုမိန့်လျက်ရှိပါသည်။

## ၄၁။ ယဉ်ကျေးမှု မရှိခြင်းအပြစ်

ယခုခေတ်လူငယ်များသည်စာသင်ကျောင်းဖေါ်အတန်းပညာလောက်ကိုသာ သားသမီးရော မိဘများပါအားကိုးအားထားပြုသွားကြသည့်အားလျှော့စွာ အမိဘာသာဖြစ်တဲ့မြန်မာ့ယဉ်ကျေးမှုများကို ကလေး သူငယ်များနှင့် ကင်းကွာမှန်းမသိ ကင်းကွာလာခဲ့ကြရာက တန်ဖိုးပါရော့လာပြီးယဉ်ကျေးမှုပါပျောက်ကွယ်လာခဲ့သည်မှာမိဘ ဆရာသမား သက်ကြီးရွယ်အိုများအား အခွင့်ကြုံလို့ ကန်တော့ကြသောအခါမှာ ထင်ရှားလှပါသည်။

အသက်(၄၅)နှစ် မှ အထက်လူကြီးများမှာ လောက်သာ အနည်းငယ်ယဉ်ကျေးမှုပါလာသည်ကိုလည်း တွေ့ရှိရပါသည်။ အသက် (၇၀)ကျော် မှ အထက်လူကြီးများဆိုရင် ညစဉ်ဘုရားရှိခိုး မေတ္တာပို့ပရိတ်တော်များနှင့် ဓမ္မစကြာ၊ အနတ္တလက္ခဏာ သုတ်တော် စသည့်များရွတ်ဖတ် သံကြားရပါသည်။

ဗုဒ္ဓယဉ်ကျေးမှုရှိသူနှင့်မရှိသူတို့မှာ ကိုယ်၊ နှုတ်၊ စိတ်ယဉ်ကျေး သိမ်မွေ့မသိမ်မွေ့မှာ တွေ့ရှိရပါသည်။ လူငယ်မောင်မယ်တစ်ယောက် ညစဉ်ဘုရားဝတ်တက် မေတ္တာပို့ ဓမ္မစကြာ တရားတော်များ ရွတ်သံ ကြားပါက ထိုသူ၏အနီးရှိမိဘဆွေမျိုးများသည် မကောင်းမှု(၁၀)ခါ လုပ်မှ(၅)ခါလောက်သာပြုမိကြပြီးလနှစ်ကြာလာသောအခါ အားလုံး ယဉ်ကျေးသိမ်မွေ့သူများ ဖြစ်ကြရပါမည်။

ရှေးခေတ်ယဉ်ကျေးမှုပါလာခဲ့သော သက်ကြီးရွယ်အိုများ သည် အိုစာမင်းစာအဖြစ် ဆရာသမားများထံမှ သင်ယူခဲ့ကြပြီး လောကီလူမှုရေး, စီးပွားရေး, သားရေးသမီးရေးပါကင်းလွတ်နေကြ



သည့်အတွက် အချိန်မှန် ဘုရားဝတ်ပြုမှု စသည့်များ ပြုလုပ်ခွင့်ရကြသည်။

နောင်ခေတ်လူများကြီးရင့်ခြင်းသို့ ရောက်လာချိန်မှာ ထို ကျင့်ဝတ် များ မသင်ကြားခဲ့ရ၍ ထိုကျင့်ဝတ်များအတိုင်းညချမ်းအခါ ဝါသနာပါလို့ ဘုရားဝတ်တတ်မေတ္တာပို့ချင်သော် ငယ်စဉ်ကသင်ကြား ရမည့်ယဉ်ကျေးမှုကျင့်ဝတ်များမသင်ကြားခဲ့ရ၍ဘုရားဝတ်တတ်စရာ မေတ္တာပို့စရာမရှိနိုင်ပါ။

အသက်အရွယ်နှင့် ညီမျှသောအလုပ်ကို လုပ်မည့်အချိန်မှာ ငယ်စဉ်က မသင်ကြားခဲ့ရသောကြောင့် ကောင်းတဲ့ကျင့်ဝတ်တွေဆီ မရောက်ဘဲအရက်ဝိုင်း,ဖဲဝိုင်း, ဂျင်ဝိုင်းစသော နေရာမှန်၊ လူမှန်မဟုတ် သည့်နေရာများသို့ရောက်ကြရပါသည်။

ယခုခေတ်အလှူအတန်းစသောပွဲများမှာ ယဉ်ကျေးမှုမရှိသူ များသည်ရှေ့တန်းမှာမရောက်ဘဲနောက်တန်းမှာသာ နေကြသည်က များပါသည်။ ဘာပြုလို့ရှေ့တန်းမနေမထိုင်ရဲတာလဲဆိုတော့ ဩကာသ ကန်တော့ကျိုးမရလို့ဟု တည့်တည့်ဖြေရမှာ အမှန်ပင်။

များသောအားဖြင့် ယောကျ်ားသားလေးများ ကိုရင်သင်္ကန်း ဝတ်လောက်တဲ့ အချိန်လောက်ဘဲ ဘုန်းတော်ကြီးကျောင်း ရောက် ဖူးပြီးတသက်လုံးဘာသာရေးနဲ့ကင်းကွာသွားတော့တာဘဲ။

မိန်းကလေးများမှာတော့တန်းကျောင်းနဲ့အိမ်ကူးခါ သန်းခါနှင့် အချိန်ကုန်ပြီးအရွယ်ငယ်စဉ်ကနှစ်လသုံးလလောက် ဆရာသမားထံ ဘဝရှေ့ရေးတွေးပြီး သင်ကြားခဲ့ကြရင် အကောင်းဆုံးပေါ့ - ဒီယဉ် ကျေးမှုကျင့်ဝတ်မပါခဲ့ကြတော့။

တနေ့က ကောင်လေးနဲ့ကောင်မလေး လာကန်တော့တယ်။ ကဲ... ကန်တော့ကြလို့ ပြောလိုက်တော့ ဦးသုံးကြိမ်ချပြီး ပါစပ်က နှုတ်စိနှုတ်စိနဲ့ အသံမထွက်ဘဲ လုပ်နေကြတယ် ဘုန်းကြီးကလဲ သူတို့ အရိပ်အကဲကြည့်ပြီး၊ ကန်တော့ကျိုးပေးရမှာဆိုတော့ ဘယ်နားများ ပေးရပါ့မလဲလို့တွေးနေတဲ့အချိန် ဘာမှဆိုသံမကြားရဘဲ ဦးသုံးကြိမ်ချ လိုက်တော့တာ ဆုံးပြီနေမှာပဲဆိုပြီး ခန့်မှန်းချေနဲ့ဆု ထပေးလိုက် ပါတယ်။

ယဉ်ကျေးမှုဆိုတာ တခြားကလာတာမဟုတ်ဘူး ဒို့ဘုရား ဟော စာပေထဲမှာ အပြည့်အစုံပါတယ် မယူတတ်ကြလို့ပါရှိပြီးသားကို မသုံးတတ်ကြတော့ ဟိုမျှော် ဒီမျှော်။

သူတို့မှာသာ အခက်အခဲအကြပ်အတဲ့ ကြုံတွေ့ရတာ မဟုတ်ဘူး။ ဆုပေးရမဲ့သူဘက်လဲ လာပြီး အခက်ကြုံတွေ့ရတယ် ဒီနှစ်ဦး ဖြစ်ရတဲ့ပြဿနာဟာ ယဉ်ကျေးမှုမရှိခြင်းရဲ့အပြစ်ဆိုတာ ဂရုပြုသင့် ကြပါသည်။ ထိုကိုယ်ရေးကိုယ်တာ မရှိမဖြစ် သင်ယူထားရမဲ့ ကျင့်ဝတ် ကို မသင်မိဘဲ ကြီးလာကြတော့ အားလုံးပြဿနာကြီး တစ်ခုအဖြစ် ပေါ်ပေါက်လာခဲ့ရတယ်ဟု မိန့်မြွက်တော်မူခဲ့ပါသည်။

## ၄၂။ အတောက်ပေါက်လို့ နေမှာပေါ့

ဟုတ်သည်မှန်သည်ကို ထိန်းချုပ်မထားဘဲ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကို မိန့်ဟ ပြောဆိုလိုက်ခြင်းသည် အကျိုးနှင့်အပြစ် ဘယ်လို ဖြစ်သွားမလဲ ဟု တွေးတောဆင်ခြင်ပြီးမှ မိန့်တော်မူလေ့ ရှိပါသည်။



မိန့်လိုက်ခြင်းကြောင့်သာ စေ နာစေဆိုတဲ့ စေနှစ်လုံးတွင် သာစေ ဆိုတဲ့စေတနာ ဦးစီးပြီးမိန့်လိုက်ခြင်းပင်ဖြစ်ပါသည်။ ဥပမာ - ရဟန်းတော်တစ်ပါး အပြစ်တွေလို့တွေ့တဲ့ နေရာမှာ အကျိုးအပြစ် မိန့်တော်မမူဘဲ အများစုံညီသည့် အစည်းအဝေးရောက်မှ မိန့်တော်မူ ခြင်းသည် တဖက်သားကိုအပြစ်လုပ်ပြီး အပုပ်ချနာမည်ပျက်စေလိုတဲ့ စေတနာမျိုးမဟုတ်ပါ။

ပုဂ္ဂိုလ်တစ်ယောက် အပြစ်ရှိလို့ လူကြားသူကြားထဲရောက်မှ မိန့်ကြားခြင်းသည် ထိုအပြစ်ရှိသောသူကို အကြောင်းခံပြီး အခြား သူတွေပါ တစ်ခါတည်း ဆုံးမပြောဆိုပြီးသားဖြစ်စေရန် ရည်သန်းခြင်း ဖြစ်ပါသည်။

ဘုန်းကြီးဆီ မကြာခဏကြားနေတဲ့စကားရှိတယ်။ ဘုန်းကြီး စဉ်းစားလို့ မရဖြစ်နေတယ် လူပြောသူပြော မကြာခဏ ကြားနေရ တာနဲ့ တခါတော့ ထိုအကြောင်းကိုတော်တော်သိနေသော ဒကာ(၂) ဦး (၃) ဦး ဘုန်းကြီးကို မေးတယ်။

ဆရာတော်ဘုရား တပည့်တော် သိလိုတာလေးတစ်ခုကို လျှောက်ထားပါရစေ။ ဘုရားတပည့်တော် မှားတယ်ဆိုရင်လဲ မှားတယ် မမှားဘူး ဆိုရင်လည်း အကြောင်းစုံလင်စွာနဲ့ မိန့်တော်မူပါဘုရား ဟု လျှောက်ရာ။

သာသနာတော်မှာ ပရိယတ် ပဋိပတ်ဆိုတဲ့ ဓုရ နှစ်ပါးအနက် ပရိယတ်လိုခေါ်တဲ့ စာသင်စာချတာဝန် ထမ်းဆောင်နေကြတဲ့ ရဟန်း သာမဏေများကတော့ လောဘ, ဒေါသ, မောဟ စသော ကိလေသာ အညစ်အကြေးကို တကယ်ပဲ အားထုတ်ကျင့်ကြံပြီး ပယ်ထုတ်ရတဲ့

တာဝန် အလုပ်မဟုတ်လို့ သာသနာ့ဘောင်မှ ရှေ့လျှာခြင်းလောကီအမှုတွေကို လိုက်စားခြင်းများလိုက်စားမိတာ တမင်သက်သက်ပဋိပတ်ကိုမကျင့်မိသေးလို့ဆိုတာ ထင်ရှားပါတယ်ဘုရား။

ပဋိပတ်တရားကျင့်ကြံပြီး တရားပြနည်းပြလမ်းညွှန်လုပ်နေတဲ့ ပုဂ္ဂိုလ်တွေဖြစ်ပြီးမှ လူထွက်ကြ ရိုးရိုးသားသား သာသနာ့ဝန်ထမ်းတွေထက် လောဘဒေါသအစွန်းတွေ ပိုထွက်နေကြတာဘာပြုလို့ပါလဲ ဘုရား ဟုလျှောက်ထားရာ ဒကာတို့ရေ . . . ဒါကိုယ့်အလုပ်တော့မဟုတ်ပါဘူး။

သောတာပန် အရိယာပုဂ္ဂိုလ်တွေသော်မှ အိမ်ထောင်ပြုသားမွေးမှုတွေ ရှိနေသေးတာပဲ ပဋိပတ်အလုပ်ကို သီးခြားအားထုတ်ပြီး သာသနာ့ဘောင်မှာ ရွှေ့လျှာကြ လောကီအာရုံတွေခံစားကြတာကတော့ သူတို့ကသောတာပန်လိုသော်မှမဖြစ်သေးဘဲ (အရိယာမှမဖြစ်သေးပဲ) ဒါလောက်တော့ရှိမှာပေါ့ ဟု မိန့်လိုက်ပါသည်။

ဒကာများသည် သူတို့လိုချင်သောအဖြေ သူတို့ လက်ခံလောက်သောအဖြေထုတ် ဆရာတော်ဘုရား တပည့်တော်တို့သိလိုတာက တရားကျင့်ပြီး ပုဂ္ဂိုလ်မကျင့်ရသေးတဲ့ ပုဂ္ဂိုလ်နှစ်မျိုးတွင် တရားကျင့်ပြီးပုဂ္ဂိုလ်တွေ လူထွက်ကြ၊ အိမ်ထောင်ပြုကြတာတွေမရှင်းလို့ပါ ဘုရားဟုလျှောက်ထားရာ။

ဩော်... ဒါကို သိချင်တာလား သေချာနားထောင် တရားအားထုတ်ပြီးသူတွေ ဒကာတို့ ပြောတဲ့အတိုင်း ဖြစ်ကြတာပြုမှုကြတာဟာ အမေမွေးတုန်းက လောဘဒေါသကို တရားကျင့်တဲ့



ပုဂ္ဂိုလ်တွေက သက်လိုက်တာမသေဘဲ အတက်ပေါက်လို့နေမှာပေါ့ ဟု မိန့်တော်မူလိုက်ရာ ဟုတ်လို့လား မဟုတ်လို့လားတော့မသိဘူး တင်ပါးဘုရားဆိုကာ ဦး(၃)ကြိမ်ချပြီး ပြန်သွားလေရဲ့ဟု မိန့်တော်မူပါသည်။

## ၄၃။ ယသောရဟာ ဆိုတာ

ကျောင်းတိုက်ကြီးအတွင်းကိုနေလိုတဲ့ပုဂ္ဂိုလ်သည် အသိရှိရမယ် လက်ခံဆရာကောင်းရှိရမယ် ငွေမကိုင်ခဲ့ရ ကပ္ပိယ ဒကာလိုက်ပို့သူ ပါရမယ်။ အပြစ်အနာအဆာမရှိစေရ ကိုယ့်လက်အင်္ဂါမချို့ယွင်းစေရ၊ ရုပ်သန့်ရမယ်၊ မြင်းလှည်းနဲ့မလာရ။ ရုပ်ရည်သန့်ရမယ် ရုပ်ပုံရှင်ကျင့်ဝတ်၊ ရတနဂုဏ်ရည် စာအုပ်များ သင်ကြားခဲ့ရမယ်။

အနည်းဆုံးရဟန်းဆိုလျှင် ပါတိမောက်ရခဲ့ရမည်။ သာမဏေဆိုလျှင် လိင်ဆယ်ပါး၊ ဒဏ်ဆယ်ပါး၊ သေခိယ(၇၅)ပါး ရခဲ့ရမည်။ ထိုသို့ အင်္ဂါရပ်ပြည့်နေမှ ကျောင်းတိုက်သို့ ဆရာကိုယ်တိုင် လာအပ်ရသည်။

ရှင်းချက်အနေနဲ့ လေးစားလောက်သော ဆရာတော်များနှင့် ကျောင်းတိုက်ကျေးဇူးပြု ကျေးဇူးများသည့် ဒကာဒကာမများနှင့် ဆရာတော်ကြီးနှင့် ဆက်နွယ်မှုရှိပါက ခြွင်းချက်ဖြင့်လက်ခံပါသည်။

တိုက်တွင်းရောက်လျှင် ကွမ်းမစားရ၊ ဆေးလိပ်မသောက်ရ၊ ငွေမကိုင်ရ၊ ဝတ္ထု၊ မဂ္ဂဇင်း၊ အမျိုးသမီးပုံပါ ပြက္ခဒိန်နှင့် ပုံချပ်များ ချိတ်ဆွဲခြင်းမပြုရ၊ ဆပ်ပြာမွှေး၊ ရေမွှေး၊ သနပ်ခါး၊ စနိုး စသည့်မသုံးရ၊ ဘုရားပုံပါသည့် ပြက္ခဒိန်များ၊ ဘုရားပုံများ၊ နံရံများ၊ ခေါင်းရင်းမှာ၊

ခြေရင်းမှာ ချိတ်ဆွဲမှု မပြုရ စသည့် တိုက်တွင်း ပညတ်ချက်များ ရှိပါသည်။

တခြားဥပဒေစည်းကမ်းနဲ့ မညီညွတ်သော ကင်မရာ အသံဖမ်းစက်၊ ကက်စက်စသည့် လည်း ထားပိုင်ခွင့် မရှိပါ။

တစ်လတစ်ခါ၊ (၂)လ (၃) လတစ်ခါသင့်လျော်သော အခါများတွင် ကျောင်းဘုန်းကြီးများနှင့် သံဃာကြီး (နာယက) များအား ဆိတ်တဆိတ်ခေါ်ကာ ရွာတွင်းမြို့တွင်းအပြင် ထွက်သူများကိုဖမ်းရန် သုံးလေးငါးကျောင်း လောက် စစ်လိုက်သည်။

တစ်ခါတစ်လေ ငွေနှင့်ဝတ္ထုမဂ္ဂဇင်း စသောပစ္စည်းများကို စစ်လေ့ရှိပါသည်။ ထိုသို့စစ်သောအခါ ထိုကျောင်းမှာနေသည့် သံဃာများ၏သော့များကို အခြားကျောင်းမှ ဘုန်းကြီးတစ်ပါးထံ အပ်ရသည်။

သူ့ကျောင်းကိုယ်စစ်၊ ကိုယ့်ကျောင်း သူစစ်၊ စစ်ဆေးကြရသည်။ ထိုကဲ့သို့ စစ်ဆေးဖို့ရန် ကျောင်းဘုန်းကြီးများကို ခေါ်ပြီဆိုရင် စစ်ဆေးတဲ့ နေရာမှာတော့ စစ်ဆိုပေမယ့် ရထာရဟ - နော် ဟု ဆရာတော်မှ လျှို့ဝှက်စကားကိုလဲ သတိပေးလိုပါသေးသည်။

တိုက်တွင်းမှာအမြဲတမ်း ရှင်သန့်ပြီးအားလုံး မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မဖြစ်စေဘဲ အမြဲလိုလို မျက်လုံးဖွင့် နားစွင့်ပြီး ကိုယ်သစ် စိတ်သစ်နဲ့ အမြဲတစေရှင်သန်စေလျက် ပေါင်းနွမ်း ယိုယွင်းပြီး ဖျင်းတိဖျင်းတင်း မှိုင်တိမှိုင်တွေ မနေစေလိုပါ။

အမြဲတမ်းတပ်လှန့်ပြီး ရွှင်ရွှင်ပြုပြု တတ်တတ်ကြွကြွ နှင့် နုပျိုသစ်လွင်မှုရှိပြီး ပေါင်းနွမ်းညှိုးမှိန်တဲ့ ကိုယ်စိတ်နှင့် လုံးဝမမြင်လိုစိတ် မရှိပါ။



ကျောင်းတိုက်ကြီး တတိုက်လုံးကိုခြုံကြည့်လိုက်လျှင် အမြဲတမ်း အရိုန်ပြင်းစွာ ပြေးနေသည့်မြင်းကြီးနဲ့လဲတူပြီး မမြင်ရသော်လည်း မပြတစေ မြည်ဟီးနေသည့် စည်ကြီးရဲ့အသံကြီးမြည်ဟီးနေ အလားထင်မှားရပါသည်။

သက်ရှိအရာများကို အမြဲတမ်းရှင်သန်မှုပေးနေသလိုသက်မဲ့ ဖြစ်တဲ့ သစ်ပင်ကျောင်း အဆောက်အအုံများကိုလည်း ရှင်သန်နေစေပါသည်။

ဘုရားစေတီရုပ်ပွားတော်များအားလည်း အမြဲတစေပေ - ၃၀ - ခန့် အမြင့်ကျောက်ဖယောင်းကြီးများဖြင့် ဖန်မီးလုံးများတပ်ဆင်ကာ စေတီတော်ကြီး၏ရွှေရောင်တဝင်းဝင်းကို ပေါ်လွင်စေခဲ့ပါသည်။

ဘုရားပူဇော်ထားသည့် ပန်းအိုးများမှာလည်း အုပ်သားဖြင့် - ၂ - တောင်အမြင့် - ၃ - တောင်အကျယ် ပြုလုပ်ပြီး မြေဆွေးများသည့်ကာ နှင်းဆီစသောပန်းများဖြင့် စိုက်ပျိုးပူဇော်ထားပါသည်။

ထိုကဲ့သို့ အများနှင့်မတူသည့် လုပ်ရပ်များကို ထူးကဲစွာ ဦးစီးဖန်တီးတော်မူတတ်သော ဆရာတော် ဘုရားကြီးသည် တပည့်သံဃာများအပေါ်လည်း လှုပ်ရှားတတ်ကြွမှုကို အထူးသဖြင့် လိုလားတော်မူသည့်အတွက် ကရုဏာဒေါသောစိတ်တော်ထားပြီး မကြာခဏ တိုက်တွင်းမှာ တပ်လှန့်သည့်သဘောဖြင့် စစ်ဆေးမှုပြုစေပြီး အကောင်းတွေ ချည်းဆိုလျှင် ဒီဒုက္ခမျိုးမရှိဘူးပေါ့ ဟု အားပေးသမှုပြုကာ စစ်ဆေးတဲ့နေရာမှာ ယထာရဟ - အလိုက်သိသိ လုပ်နော် အလိုက်ကမ်းဆိုး မသိတဲ့ တာဝန်ရှိ ကိုယ်တော်တွေ မပါစေနဲ့ ဟု နောက်ကွယ်မှ အမိန့်ပေးတော်မူလေ့ရှိပါသည်။

## ၄၄။ စည်းကမ်းဟူသည် လူတန်ခိုး

စည်းကမ်းဟု ဆိုလာလျှင် မလိုက်နာလိုသူတွေအတွက် ရင်လေးစရာဖြစ်ရသည် စည်းကမ်းရှိသူနဲ့ စည်းကမ်းမရှိသူတို့သည် တွဲနေလို့မဖြစ်နိုင်ပေ။

စည်းကမ်းနဲ့နေပြီး စည်းကမ်းတကျ ပစ္စည်းပစ္စယများ သိုမှီသိမ်းဆည်းသည်ကိုခေတ်တုံးတယ်၊ ခေတ်မမှီဘူး ရှေးဆန်တယ်ဟု ပြောသူများလည်း တွေ့ရမြင်ရပါသည်။

စည်းကမ်းဆိုတာ ဘုရားလက်ထက်မှစပြီး စည်းကမ်းရှိဖို့ ဘုရားကိုယ်တော်တိုင် ညွှန်ကြားထားပြီးသားတွေပါခေတ်လူတွေက အခုမှ ပေါ်လာသလိုလို ထင်နေကြသည်။

ထိုသည်များကို စည်းကမ်းကျသည့်ဆရာကောင်းက ဘုရားအလိုတော်ကျ ထုတ်ဖော်လိုက်တော့ အပိုတွေပါ ဒါတွေဟာ ငါသိပြီးသားပါလို့ဆိုပေမဲ့ သိပြီးသားဆိုဦးတော့ ဆရာနည်းကျ မဟုတ်ရင် ကိုယ်တိုင်သိသော အသိများသည် နည်းလမ်းစည်းကမ်းနှင့်ညီညွတ်မှု မရှိတဲ့ သိပြီးသားတတ်ပြီးသားဖြစ်ပေလိမ့်မည်။

ဥပမာ - ဘုရားကိုယ်တော်မြတ်ကြီးက သင်္ကန်းကို ရေလျှော်ရင် မထုမရိုက်ရ ပျဉ်ချပ်ပေါ်မှာ ဖြန့်ပြီး ရေနှင့် လောင်းကာ ထိုသင်္ကန်းကိုအလိပ် ပြု၍ နိုပ်နယ်ပါ ဆပ်ပြာခေါ် ကသဲမှုန့်ကို အနားပတ်မှ ပွတ်တိုက်ပြီး လိပ်ထား သောအလိပ်ကို ရေဖြင့် ပတ်ဖြန်းပါ သင်္ကန်းလှမ်းရင် အတွင်းဘက် ကအပြင်က ထားလှမ်းရမယ် ရုပ်သိမ်းသော အခါ ဆွဲမချရဘူး မြှောက်ယူရတယ်။



ထိုမှတစ်ဆင့် အညစ်အကြေး အနံ့အသက် ပြောင်လျှင် ရေဖြင့်လျှော်၍ အနားစွန်ညီညီ လှန်းရပါမည်။ လှန်းသောအခါ အရောင်အဆင်း ပျက်မသွားအောင် ခြောက်လျှင် ခြောက်ချင်း ရုပ်သိမ်းရမည်။ နေပူမှာသော် လည်းကောင်း၊ အရိပ်မှာသော်လည်းကောင်းလိုသည်ထက်ပိုထားလျှက်အပြစ်ဟု သတ်မှတ်ထားပါသည်။

သင်္ကန်းဝတ်အထည် ဆွေးသွား၍ မဝတ်မသုံးသောအခါ တွေ့ရာကို လွှင့်မပစ်ရပါဘူး။ ထိုအဝတ်ကို ကောင်းသည့်နေရာမှ ဖွဲ့ယူပြီး ကြိုးများလွန်းကာ ကြိုးလိုအခွေပြု၍ ခြေသုတ်ရပါမည်။

ဘာမှသုံးမရသည့်အစများကို ရေဖြင့်နူးအောင်စိမ့်၍ ထမင်းရေဖြင့် ရေစိမ်၍ နူးဖွနေသောအဝတ်စများကို သရိုးကဲ့သို့ ဖြစ်သွားအောင်နယ်လျက်သီတင်းသုံးသည့်ကျောင်း နံရံများကို သုတ်လိမ်းကပ်ပေရမည်။

သာသနာသုံးပစ္စည်းများကို လူဝတ်ကြောင်များ သုံးသည့် ပစ္စည်းများကဲ့သို့လူမြင်မကောင်းသူမြင်မကောင်းစွန့်ပစ်ထားသည်ကို သိန်းသိမ်းပြီး လူတွေကဲ့ရဲ့မည့်ဘေးမှလည်း ကင်းလွတ်ရန် စည်းကမ်းထုတ်ထားခြင်းပင် ဖြစ်ပါသည်။

စည်းကမ်းဆိုတာ ရှေးက ခါက ထုတ်တာမဟုတ်ပါဘူး ရှိပြီးသားကို လိုက်နာကျင့်သုံးကြဖို့ သတိပေးရတာပါ။ လူဝတ်ကြောင်တွေများက ထိုစည်းကမ်းမျိုးမရှိသည့်အတွက် မပျက်စီးမဆုံးရှုံးသင့်သည်များ ဆုံးရှုံးပျက်ပြားကြပါသည်။

သာသနာတော်ရဲ့ဘုရား စည်းကမ်းတွေကို ဘုန်းကြီးက ဖော်ထုတ် ပေးနေတာပါ ဘုန်းကြီးစည်းကမ်း မဟုတ်ပါဘူး။ လိုက်နာသူ

အတွက်ကတော့တိုးတက်ကြမှာပေါ့စည်းမျက်ကမ်းမျက် ဘရုပ်သုပ်ခနေသူများအတွက် ဆင်းရဲတွင်းနက်ကြသည်မှာ မလွဲပါဘူး။ ဒါကြောင့် - သင်္ကန်းကို အချိန်ရောက်ရင်ခေါက်ပါ။ တံမြက်စည်းကို တခြမ်းပဲ့ဖြစ်အောင် မလှဲပါနဲ့ လှည့်လှည့်ပြီး လှည်းပါလို့ ပြောနေတာ ပစ္စည်းပစ္စယများကို လည်းကောင်း တစ်ခုပျောက် တစ်ခုကကျော် လုံးခြေနင်းစရာမရှိအောင် မထားရဘူး သိုသိုသိပ်သိပ် ထားရမယ်။

တံမြက်စည်းလှည်းရင် ဖုံမထအောင် ရေဖျန်းလှည်းပါ ကိုယ်နေတဲ့ပတ်ဝန်းကျင်ကိုသန့်ရှင်းအောင်ထားပါ။ ဒီမှာဆိုရင်ခေါင်းရိပ်တာတောင်မှ တညီထဲဖြစ်ရမယ်။ ခေါင်းပြောင်တဲ့ကိုယ်တော်ကပြောင်မဲမဲကြီးနေတဲ့ကိုယ်တော်ကနေ မဟုတ်ရဘူး။

ဘုန်းကြီးကသက်ရှိပြောနဲ့သက်မဲ့တွေတောင် ညီညီညွတ်ညွတ်နဲ့ဖြစ်မှတနေ့ကကျောင်းတစ်ဆောင် - ၂ - တောင်လောက်မတန်းဘဲ ရေထွက်နေလို့ မြောင်းတွေတူးပြီး ကရိမ်းစက်နှင့် တွန်းရွှေ့လိုက်ရတယ် "မြေမညီ ပေါက်ပြားညို - လူမညီ - ဒါး - စည်ကမ်းမသိဥပဒေလိုက်စားဆိုတာ ပေါ်ခဲ့ဖူးတယ်။ ရဟန်းသာမဏေဆိုတာလူဝတ်ကြောင်တွေနဲ့မတူအောင်ထိုင်သွားလာပြောဆိုကျင့်ကြံရမယ်။

ရေချိုးသွားရာမျက်နှာသစ်ရာတို့မှာ မျက်နှာသုတ် ပဝါကြီးပခုံးပေါ်တင်ပြီး မသွားရဘူး။ ရေချိုးသင်္ကန်းနှင့်မျက်နှာသုပ်ပဝါကိုလက်ကောက်ဝတ်ပေါ်မှာခေါက်ပြီးတင်သွားရတယ်။ သင်္ကန်းဝတ်ရမှာလည်းအထက်တစ်ရောင်၊ အောက်တစ်ရောင်မတူတာကိုမဝတ်ရဘူး ဘာရောင်ဘဲဝတ်ဝတ် အရောင်တူအောင်ဝတ်ရမယ် သင်္ကန်းကရဲရဲအသားကမည်းမည်း ဘာနဲ့တူမှန်းမသိဘူး။



ပေါက်လွှတ်ပဲစား မိရိုးဖလာအတိုင်းကြီး မနေရဘူး။ ကိုယ့်အရွယ်နဲ့ ကိုယ်လိုက်ရောအောင် နေတတ်, ထိုင်တတ်, ဝတ်တတ်, စားတတ် ပြောတတ်, ဆိုတတ်ရတယ်။ တချို့က မင်းတို့ရွှေကျင်ကစည်းကမ်းတွေများတယ် ဆွမ်းစားလည်း သံချောင်း၊ ဖျော်ရည်သောက်လည်း သံချောင်း၊ ကုဋိတက်ရာမှာတောင် သံချောင်း ခေါက်ရမဲ့ပုံရှိတယ်လို့ပြောတတ်ကြတယ်။ ဒါလည်း စည်ကမ်းပါဘဲ။

တုံးခေါက်တာ၊ သံချောင်းခေါက်တာ ဘုရား လက်ထက်တုန်းကတည်းကပါ။ မင်းတို့ ရွှေကျင်က ဆပ်ပြာမွှေးမတိုက်ရ ကွမ်းမစားရဆေးလိပ်မသောက်ရနဲ့ စည်းကမ်းတွေများတယ်။ ဒီကြားထဲအကပ်ခံရတာရယ်၊ ကပ္ပိယစားရတာရယ်၊ ငွေမကိုင်ရတာရယ်၊ ရေချိုးပြန်တော့လည်း လူပေါ်တည့်တည်ဖြေးဖြေး လောင်းရမယ်တဲ့မီးကြတော့လည်း အကြောင်းမဲ့ မဖွင့်ရ ဘူးတဲ့။

တစ်ခါတော့ နိုင်ငံခြားသား မဟာယာနဘုန်းတော်ကြီးတွေကြွလာကြတယ်။ သင်္ကန်းလက်ကန်တော့ ထိုးတာမျိုးမဟုတ်ဘဲဒကာသီ၏ အထက်တိုင်နှစ်လုံးပူးပြီး လက်ကျန်တော့ ထိုဘေးကတင်တာက စဆွဲပြီး လက်ကန်တော့ထိုးတာ မျိုးမဟုတ်ဘဲ ထိုဘေးက (ဒွိကဏ္ဍ)ကို မြင်ပြီး ဒီကျောင်းမှာလည်း ဒီလိုလက်ကတော့ ထိုးရမယ်ဟု အမိန့်ရှိရာ ဩဝါဒအစည်းအဝေးတက်ရ၊ ဘုရားဝတ်တတ်ရ၊ စာတက်ရ၊ မထေရ်ကြီးများထံ ဆည်းကပ်ရာတို့မှာ ထိုအတိုင်းလက်ကန်တော့ထိုးရာ - ဩဝါဒခန်းမတို့တက်ရာ၌ထိုလက်ကန်တော့တင်နည်းက တင်နေကြမဟုတ်သည်အတွက် လျောလျောကြရာ

မသေမသတ် ဖြစ်သည်ကို တွေ့ရ၍ တင်နေကြအတိုင်း ပြန်သုံးခွင့် ပြုရပြန်၏။

စိတ်ကိုယ်မြန်ရှိလှသော ဆရာတော်သည် ကိုယ်တော်တစ်ပါး ကို အကြောင်းရှိ၍ခေါ်လိုက်ပြီဆို ထိုဒွိကဏ္ဍ အစွန်းနှစ်ဘက်တင် လက်ကန် တော့ထိုးနေရသည်က အဆင်မပြေကြာနေသည့်အတွက် "နင်ဟာကြီး မလုပ်တော့နဲ့ မြန်မြန်လာစမ်း" ဟု ဆိုကာ ခွင့်ပြု လိုက်ရပြန်၏။

ဩ.... စည်းကမ်းဆိုတာ နေရာတိုင်း ထုတ်ပြန်လို့ မတော် ပါလား ။စည်းကမ်းဆိုတာ အရမ်းမထုတ်သင့်ဘူး။ လွယ်လွယ်နဲ့ လိုက်နာနိုင်တဲ့ စည်းကမ်းပဲ ကောင်းပါတယ်ဟု တွေးကာ အများ မလိုက်နိုင်ဘဲ အကျိုးမရှိရင် မကောင်းဘူး။

ဥပဒေ - ဟူသည် ထုတ်လွှတ်လိုက်ရုံနဲ့မပြီးပါဘူး။ လိုက်ကျင့် သုံးမှု ရှိမရှိ သုံးသပ်ရပါသေးတယ်။ ဗေဒင်ဆရာက ဘယ်ရက်ကျရင် မိန်းမ ရလိမ့်မယ်ဟု ဟောရာ ထိုရက်မှာ မရ၍အိမ်ရှိတာ ပေးလိုက်ရ တယ်ဖြစ်သွားမယ်။

လောကပြစ် - သံသရာပြစ်မရှိရင် ဥပဒေကို မထုတ်သင့် ပါလား။ တန်ဖိုးရှိတဲ့ စည်းကမ်းဥပဒေကို တန်ဖိုးရှိတဲ့ပုဂ္ဂိုလ်တွေက သာလိုက် ကျင့်သုံးကြပါလိမ့်မယ် စည်းကမ်းဆိုတာ လူတိုင်းရဲ့ တန်ဖိုးလို့သာ မှတ်ထားကြ ဟုမိန့်တော်မူခဲ့ဖူးပါသည်။



## ၄၅။ လှံ့ချားပခေါင်းနား - ကျီးကန်းကချီပါ

ဒို့ငယ်စဉ်က ခေတ်ကလည်း သိပ်မကောင်းတော့ ဟောရေး ပြောရေး လုပ်ကြတဲ့နေရာမှာ သတိထားရမယ့် စကားတစ်လုံးကို ကြိုက်သူရှိသလို၊ မကြိုက်သူလည်းရှိတယ်။

ဓမ္မကထိက အကျော်အမော်တွေကလည်း ပေါ်တယ် ထို အထဲမှာ ဒို့လည်း တခါတခါ ပါတယ်။ သူငယ်ချင်း သမဂ္ဂတွေနဲ့ပွဲရှိလို့ ဟောခွင့်ကြုံရင် တက်ဟောတာပဲ ယပ်လုံတရားဆိုတာကလဲ စပြီး ခေတ်တစ်ခါစဆိုတော့ ခေတ်သစ်ဓမ္မကထိကတွေလဲပေါ်များပါတယ်

ယပ်တောင်ဆိုတာ ရေးကပေရွက်ကို အဝိုင်းလုပ်ပြီးအရိုးက တစ်တောင်ထွာလောက် ရွက်ဝိုင်းက တစ်တောင်ထွာ နှစ်တောင် လောက် ရှိတဲ့ ပေရွက်ကြီးရေးကထောင်ပြီး ပါဠိတွေအရကျက်ပြီး ထိုပါဠိအသွားတိုင်းမြန်မာပြန်ပြီး ဟောကြတာကိုပြောတာ။

ယခုခေတ်မှာ ထိုယပ်ကြီးလူကို ဖုံးလောက်အောင်ကာပြီး ဟောတဲ့ ခေတ်မဟုတ်သည်ကို ယပ်လုံတရားလို့ခေါ်တယ်။ ရှေး ကတော့ ပါဠိတွေ အများအပြားရအောင် ကျက်ပြီးအဓိပ္ပာယ်အနည်း ငယ်ရှင်းပြပြီး ဟောပြောကြတာဖြစ်တယ်။

ဒို့ဦးဇင်းငယ်ငယ်ဘဝတုန်းက ဓမ္မကထိကတစ်ပါး ဟောပြော ရာ မှာလည်းအတော် ဝါသနာပါတယ်။ တစ်ခါတော့ ဒကာကြီးတစ်ဦး ကတော့ နယ်ကအလှူတစ်ခုမှာ အကြိုညတရားပွဲအဖြစ် ပင့်သွား တယ်။

သူ့ရဲ့ဆရာသမားနှင့်နှစ်ပါး ညတရားသွားဟောကြတော့ တရားကြ ဟောရင်း၊ ဟောရင်း လည်ပြီးနောက် ပြန်ရောက်လိုက်

ရှေ့သွားလိုက်နှင့် ခေါက်တွန့်ခေါက်ပြန်ဖြစ်နေသည်ကို တာဝန် ခံပင့်ဆောင်လာသော ဒကာက သိလိုက်တယ်။

သူ့ရဲ့ဆရာကလည်း ကျောင်းပေါ်က သက်န်းခေါင်းခြုံပြီး နားထောင်နေရာ သူ့တပည့်တရားလည်ပြီးအဟမ်းတွေအဟင်းတွေ ထပ်ခါတလဲလဲလုပ်နေသည်ကိုသိနေသည်။

သူ့ဆရာကလည်း ဘာမှ ဆင်းပြောလို့မဖြစ် အကြပ်ရိုက်နေချိန်မှာ ထိုတာဝန်ခံပင့်ဆောင်လာသောဒကာသည်ကျောင်းပေါ်တက်လာပြီး အရှင်ဘုရား အရှင်ဘုရား အရှင်ဘုရားတပည့်တရားလည်နေပြီဘုရားအရှင်ဘုရားဘယ်နှပ်လုပ်မလဲဟုလျှောက်ရာ။

ခေါင်းသက်န်းတင်လောက်အောင် ခြုံထားရာက မလှုပ်ဘဲဟာ - ဒကာ သူဘာသူတရားလည်တာ ငါဘာလုပ် တတ်မှာတဲ့တုန်း သူဟာသူ ဟောလို့မရ ဆင်းလာခဲ့လိမ့်မယ် ဒကာကြီးသွားသွား ဘာမှမပြောနဲ့အသာလေးနေဟုမိန့်လိုက်ရာ။

အော်...ဟောလို့တရားလည်တဲ့ကိုယ်တော်က ဘာမှမဖြစ်ဘူး အရှင်ဘုရားသက်န်းခြုံထဲကကြောက်နေရသလား "လုံဖျားပဇင်းနားကျိုးကန်ချိပါ" ဆိုတာဒါမျိုးပြောတာနေမှာ ဟု ဒကာလဲညီးတွားကာ ကျောင်းပေါ်ကဆင်းသွားသတဲ့ ဟိုကိုယ်တော်လဲရှေ့တိုးလို့မရဖြစ်ခါ ပလ္လင်ပေါ်က ဆင်းလာရတဲ့အတွေ့အကြုံတစ်ခုတွေ့ကြုံခဲ့ရဘူးတယ်။

## ၄၆။ စာအုပ်ကြည့်ပြီး ဓေါင်းရှမ်းသူ

လူဆိုသည်မှာ အထင်ကြီးအောင် လုပ်ရင်းက အထင်သေးခံရတာမျိုး ဖြစ်သွားတတ်ပါသည်။ ကိုယ့်ပုဂ္ဂိုလ်ရေးရာကိုပဲဖြစ်ဖြစ်



အကြောင်းအရာတစ်ခုခုကိုပဲဖြစ်ဖြစ် သေချာဂနစွာ အတွင်းရေးကျက်မသိရဘူးဆိုလျှင် အထင်သေးခြင်း၊ အထင်ကြီးခြင်း တစ်ခုခုဖြစ်တတ်ပါသည်။

ဥပမာ - ဆရာတော်တစ်ပါးသည် ရိုးသားစွာနှင့် ကျောင်းဝင်းအတွင်းမှာ တံမြက်စည်းလှည်း နေသည်ကို ဆရာတော်လို့ မထင်ဘဲ သာမာန်ကြီးဦးဇင်းတစ်ပါးလို့ထင်မှတ်ပြီးအရှင်ဘုရားဒီကျောင်းက ဆရာတော် ဘယ်မှာပါလဲ ဘုရားဟုပင် လျှောက်ထားမိတတ်ကြပါသည်။

ကိုယ်က မြင်ခြင်တွေ့ ဆင်ခြေတွေသော်လည်းကောင်း သို့မဟုတ် လမ်းသွားရင်းသော်လည်းကောင်းအမှတ်တမဲ့ထင်မိတတ်ကြပါသည်။အချို့မှာဆိုလျှင် တစ်စတစ်ဦးစကားလက်ဆုံ ပြောနေရင်းမှ တဦးအကြောင်းတဦးရိပ်စားမိကြတာ အထင်သေးခြင်းအထင်ကြီးခြင်းများ ရေးရေးထင်မိ တတ်ကြပါသည်။

အချို့က အထက်တန်းစာအုပ်တွေ ဖတ်ရှုပြီး စကားပြောသည့်နေရာမှာ စကားထဲက ဖာတိပြဆိုတာလို ကျွန်တော်က ဘယ်လိုကျမ်းစာတွေဖတ်ထားတာဆိုတော့အခြားစာတွေဖတ်ရတာ ခံတွင်းမတွေ့ပါဘူး - ဟုပြောဆိုတတ်ကြသည်။

အချို့ကလဲ စာဖတ်ပြီး ကိုယ်သိရင်ကိုယ့်ဝမ်းထဲမထားဘဲ စကားပြောတဲ့နေရာမှာ သူသိတာ နားလည်ထားတာတွေကိုတစ်ဆင့်ဖောက်သည်ချပြီး ဝါကြွားလိုသည်အနေဖြင့် ကျွန်တော်ကတော့ဒီလို စာအုပ်ဖတ်ပြီး ဒီအထဲကအတိုင်းပဲ၊ နေတတ်ပြောတတ်တယ် ခင်ဗျားလည်း ထိုစာအုပ်ထဲကအတိုင်း နေထိုင်ပြောဆိုရင် အကောင်းဆုံး

ဖြစ်မယ်ထင်တယ်ဟုတဘက်ကိုအထင်ကြီးအောင် ပြောရင်းဆိုရင်းကလည်း ဝါကြွားလိုက်ခြင်း တစ်မျိုးပင် ဖြစ်ပါသည်။

ထိုသို့မိမိသိထားသမျှကို တပါးသူအားဖွင့်ဟပြောလိုက်ခြင်းကြောင့် ပြောသင့်မပြောသင့် ထိုပုဂ္ဂိုလ်နှင့် ထိုစကားတန်၏ မတန်၏ကို တွေးဆဆင်ခြင်ခြင်းမရှိဘဲ ပြောလိုက်သည့်အတွက် တစ်ဖက်ပုဂ္ဂိုလ်တွေက သူပြောတာတွေကိုနားမလည်လို့လဲ အထင်သေးခြင်း နားလည်လို့လည်း ကျောသည်ထင်၍ အထင်မကြီးဘဲ ဖြစ်ရပါတော့သည်။

ဆိုလိုသည်မှာ တဘက်စွန်း ရောက်နေသော ပုဂ္ဂိုလ်တစ်ယောက်ကို အချိန်မတန်သေးဘဲ အချိန်အခါကိုသုံးသပ်မှုမပြုဘဲ ငါစကား နွားရ ပြောလိုက်မယ်ဆိုရင် ထိုစကားသည် ဂုဏ်မတတ်ဘဲ ဂုဏ်ပျက် သွားတတ် ကြောင်း သတိမူသင့်ပါသည်။

သူတော်အချင်းချင်း သတင်းလွှဲပျော်မွေဆိုတာလိုမိတ်ဆွေ တစ်ဦးနဲ့တစ်ဦး တွေ့ဆုံမိကြရင်း တစ်ဦးကနေပြီး မိတ်ဆွေ ဟောဒီစာအုပ် လေးဖတ်ကြည့်စမ်းပါတန်ဖိုးရှိလှပါတယ်။ ဆိုလိုတဘက်ကတန်ဖိုးရှိရှိ လက်ခံမယ်ဆိုလျှင် တစ်ဖက်က ဖိတ်ခေါ် ရကျိုး နပ်လိုက်ပါဘိ သာဓုပင် ခေါ်ရပါမည်။

တစ်ဖက်က ဖိတ်ခေါ်သည်ကိုတစ်ဖက်က မထေမဲ့မြင် တန်ပြန်လိုက်မယ်ဆိုရင်တော့ မျက်နှာကိုထူပူပြီး ရှေ့ဆက်ပြီး ဘာလုပ်လို့ဘာပြော ရမှန်းမသိဖြစ်ကာ လှမ်းလိုက်သည့်စကား နှင့် တမ်းလိုက်သည့်လက်များလည်း ပျက်အရာကြီးဖြစ်ကာ စိတ်ဓါတ်များပင် ယုတ်ဆုံးသွားရပါတော့သည်။



ကိုယ်ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ တစ်ဖက်သားစိတ်အနှောင့်အယှက် မဖြစ်အောင် ခွန်းတုံ့မပြန်လိုက်ရန်မှာ အရေးကြီးလှပါသည်။

ဘုန်းကြီးရထားနဲ့ ရန်ကုန်သွားတော့ ဘုန်းကြီးနှင့် မနီးမဝေးထိုင်ခုံတစ်ခုမှာဒကာ တစ်ယောက်က ဘုန်းကြီးရဲ့ ရတနာ့ဂုဏ်ရည်စာအုပ်ကို ဖတ်နေတာတွေ့ရတယ်။ ဘုန်းကြီးလို့တော့ သူတို့မသိကြဘူး။

အဲဒီ ရတနာ့ဂုဏ်ရည်စာအုပ် ဖတ်နေတဲ့ ဒကာက မျက်နှာချင်းဆိုင် ဒကာတစ်ယောက်ကို မိတ်ဆွေ ဒီစာအုပ်ဖတ်ကြည့်လိုက်စမ်းပါဟု စာအုပ်ကို ပြောပြောဆိုဆို လှမ်းပေးလိုက်တယ်။

ဟိုဒကာက ဘာစာအုပ်လဲ - ဟု လက်မယူပဲ ပြန်မေးလိုက်ရာ တောင်မြို့ဆရာတော်ရေးတဲ့ ရတနာ့ ဂုဏ်ရည်စာအုပ်ပါ - ဟု ပြောလိုက်၏။

ထိုဒကာက လက်နှစ်ဖက်နဲ့စာအုပ်ကိုကားတွန်းတွန်း ထားပြီး တော်ပါပြီဟုပြောခါအကြိမ် ပေါင်းများစွာ ခေါင်းတွေ ရမ်းနေတာကို တွေ့ခဲ့ရတယ်။

အဓိပ္ပာယ်ကတော့ သူခေါင်းရမ်းတာဟာ စာမဖတ်ချင်လို့တော့ ရမ်းတာမဟုတ်ဘူး။ အဲဒီစာအုပ်မျိုးနဲ့ သူအဆင့်အတန်းနဲ့ ကွာလွန်းနေလို့ ဆိုတဲ့သဘောမျိုးနဲ့ ခေါင်းရမ်းလိုက်ခြင်း ဖြစ်ဟန်တူပါတယ်။

ဘုန်းကြီးက ထိုဒကာကိုကြည့်ပြီး ကိုယ်စာအုပ်မဖတ်လို့တော့မဟုတ်ပါဘူး။ စေတနာဒကာကို အားနာပြီး အော် - ဖြစ်မှ ဖြစ်ရပေလေတယ်။ တဖက်သား အားမနာဘဲ သင့်တော်တဲ့စကားလုံးလေး

နဲ့ပြန်ပြီး မဖတ်ချင်တဲ့အကြောင်းပြောလိုက်ရင်ကောင်းမှာ အခုတော့ လက်ကြီးကားပြီး ခေါင်းကြီးရမ်းလွတ်လိုက်တာ အရုပ်ဆိုးလွန်းတယ်လို့တွေးမိတယ်။

မှတ်ထား - ကိုယ်မကြိုက်တဲ့ အလုပ်ကို တစ်ဘက်သားရဲ့ စေတနာကို စော်ကားမိသွားအောင် ဘယ်အခါမှ မလုပ်မိကြပါစေနဲ့ သင့်တော်တဲ့တုံ့ပြန်မှု တမျိုးမျိုးနဲ့ တုန့်ပြန်လိုက်ကြပါ။ အဲဒါကိုယ်လဲ အထင်မသေးဘူး။ သူလဲ အထင်မကြီးနိုင်ပါဘူး ကိုယ်မကြိုက်တိုင်း ခေါင်းကြီးဗွတ်ရမ်းမလွှတ်လိုက်ကြပါနဲ့။

## ၄၇။ ကွမ်း - ဆေး မပါရ

အလုပ်မှန်သမျှ တိကျပြတ်သားပြီး အပိုအလိုတွေကိုလည်း မရှိအောင် ရွက်ဆောင်တော်မူတတ်သောဆရာတော်ဟုအများသိရှိထားသည့် အတိုင်း ဖိနပ်ကို ခြေဖဝါးနဲ့အကိုက်ကို စီးစေပါသည်။ ဖနောင့်နောက်ထွက် ပြီး သွားလာသောအခါ တဖြတ်ဖြတ်မည်လျှင် မကြိုက်ပါ။

လမ်းသွားသောအခါလည်း မြေကြီးဖိနပ်(ခြေ) တိုက်ပြီး တရှောရှောသွားလျှင်မကြိုက်ပါ။ မြေကြီးပေါ်ကိုအတည့်ချမှကျေနပ်ပါသည်။ ယောကျ်ားမှန်လျှင် အားမာန်အပြည့်နှင့် တောင့်တောင့်တင်းတင်း ဖြစ်စေလိုပါသည်။ သင်္ကန်းကိုလည်း သုံးစွဲသူငယ်ပြီး သင်္ကန်းက ကြီးနေလျှင် ကိုက်ညီအောင်ဖြတ်ပြီး သပ်သပ်ရပ်ရပ် တင်းတင်းရင်းရင်း ဝတ်ရုံစေပါသည်။ ဆရာတော်ကိုယ်တိုင်လည်း သင်္ကန်း (သင်းပိုင်)ကို ဝတ်သောအခါ (၂)လိပ်ထက် ပိုလိပ်ဝတ်ရ



ပါက ဖြတ်ပြီး ဝတ်တော်မူလေ့ရှိပါသည်။

ကျောင်းအဆောက်အဦးတွေကိုလည်း ခေတ်အလိုက် ဆန်းကြယ်သည်ကို မလိုလားဘဲ ကြယ်ကြယ်နှင့် သပ်ရပ်မှုကို အားပြုပြီး ဆောက်လုပ်လေ့ရှိပါသည်။

အဆောက်အဦးတစ်ခု ဆောက်မည်ဆိုပါက အင်ဂျင်နီယာဆွဲယူလာခဲ့သောပုံစံကိုအလှူရှင်များက ဆရာတော်အားဒီပုံအတိုင်း ဆောက်လှူလိုကြောင်း ပြသလျှောက်ထားလျှင် ကောင်းတာပေ့ါဟုဆိုကာ ကျောင်း ပန္နက်ချစဉ်ကပင် ငါလည်း အင်ဂျင်နီယာပါပဲ ဟုပြောကာ လက်ညှိုးညွှန်ပြီး ပါးစပ်က ဘယ်လိုဘယ်ပုံဟုမိန့်တော်မူကာ အဆောက်အဦးပြီးသောအခါ အင်ဂျင်နီယာဆွဲပုံပျောက်ပြီး တခြားပုံဖြစ်နေသည်ကိုတွေ့ရသည်။

ကျောင်းပြီးသောအခါလည်း ထိုကျောင်း၏ ကောင်းမှုရှင်အမည် ရေးသားထားသော ကမ္ပည်းဆိုင်းဘုတ်ကိုလည်း မည်သူ၏ကောင်းမှုလို့ မချိတ်ဆွဲရပါ။

တစ်ခါတစ်ခါ ရင်းနှီးသော ဒကာဒကာမတွေက ကျောင်းတိုက်ကြီးကိုခေတ်မီအဆောက်အဦးတွေ ဆောက်လုပ်ပြီး ဆွမ်းစား၊ သံချောင်းတွေ တုံးကြီး ခေါက်တာတွေ မပြုလုပ်ဘဲ ခေတ်မီသည့် အချက်ပေးတွေ ပြောင်းလဲပြုလုပ်ရန် လျှောက်ထားသော်လည်း အဲဒီခေတ်မမီတဲ့ သံချောင်းတုံးတွေသည် ခေတ်ရေစီးကြောင်းရောက်ပြီး ဘယ်ခေတ်မှမရိုးပဲ ဆန်းမြဲဆန်းနေကြောင်း။

ခေတ်ဆန်တယ်ဆိုတာ ရေရှည်မခံတဲ့ အလုပ်ဖြစ်ကြောင်း၊ ၂၅၀၀ နှစ်ကျော် က ဝတ်ဆင်က လာခဲ့တဲ့ ဒို့သင်္ကန်းနှစ်တွေက

ရာထောင်ချီပြီး ရှိလာတာ ဝတ်ဆင်တဲ့သူရော မြင်တဲ့သူပါ မရိုးပါဘူး ဟု မိန့်လေ့ရှိပါသည်။

စကားပြောလည်း ရိုးဖို့ အဝတ်အနေ အသွားအလာတွေလည်း ရိုးဖို့ တရားဟောရာတောင်မှ ခေတ်နဲ့အညီ သံနေသံထားတွေ မပိုဖို့။

ဓမ္မဂီတိနဲ့ ဂီတသသရ လို့ဆိုတဲ့ အသံနှစ်မျိုးထဲက ဂီတသသရ ဆိုတဲ့ တရားကို သီချင်းသံပေါက်အောင် မဟောမပြောမိစေဘဲ။ ဓမ္မဂီတိ လို့ ခေါ်တဲ့ သံဝေဂသံပါပါ အသံမျိုးနဲ့ ဟောစေပါသည်။

ငါးပါးသီလ ပေးတာသော်မှ အရှိကို အရှိအတိုင်း အပိုအလိုမရှိ ပေးပါ။ ငါးပါးသီလမှာပါတာထက် ဘာမှ အပိုအဆာတွေ မပေးပါနဲ့ ဟု အမြဲမိန့်ပါသည်။

စာသင်ရာမှာလည်း ဘုရားပိဋကတ်တော်တွေကို လွယ်လွယ်နဲ့ တတ်မြောက်ပြီး ထိုဘုရားစကားတော်တွေကို သင်ပြီး ဘုရားနဲ့တွေ့ဖို့ ဘုရားနဲ့တွေ့ပြီး သဒ္ဓါစေတနာတွေ ခိုင်မြဲ ကြီးထွားလာပြီး ပိဋကတ်တော်ရဲ့ အနှစ်သာရ သီလ, သမာဓိ, ပညာ သိက္ခာ သုံးပါးရဲ့ တန်ဖိုးသိမှ ကျင့်ကြံမှု အားကောင်းပါသည်။

တစ်ခါတစ်ရံ ဆွမ်းကပ်လိုသော ကုသိုလ်ရှင်တွေက ဆွမ်းဟင်းများ တစ်ဆယ်၊ တစ်ဆယ့်ငါးရက်ထိ ကပ်လှူပြီး ကွမ်း၊ ဆေး၊ လက်ဖက်များ စသည်လည်း ပေါပေါများများ ကပ်လှူမည့်အကြောင်း လျှောက်ထားလို့ရာ အေး။

အေး - ဘုန်းကြီးကျောင်းကတော့ ရှိသမျှ ပုံအောပြီး လှူတဲ့နည်းကို မကြိုက်ပါဘူး။ သာသနာအရှည်တည်ဖို့ အရေးကို ရည်ရွယ်ပြီး



ပုံမှန် မိသားစု ငါးယောက် စားနေသည်။ နေ့စဉ် ကုန်တာလောက်ကိုပဲ လိုပါသည်။ စောစောက ဒကာကြီးလျှောက်တဲ့အထဲမှာ ကွမ်း၊ ဆေး၊ လက်ဖက်ကို အသံကြားလိုက်တယ်။ ဒီကျောင်းမှာ ကွမ်းမစားရဘူး၊ ဆေးမသောက်ရဘူး။ သာသနာမှာ အရေးတကြီး မရှိမဖြစ်တဲ့ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ဒီလေးမျိုးပဲ ဘုရား ခွင့်ပြုတော်မူပါတယ်။ ကျန်တာတွေ အပိုပါဟု မိန့်တော်မူပါသည်။

## ၄၈။ အရှုပ်ဆိုး ထမ်းပိုးတောင်း

ဘုန်းကြီး ငယ်ငယ်ကလေး ဘဝတုန်းက အဆိုအကဝါသနာပါ ပါတယ်။ ဘုန်းကြီးဖြစ်တော့လည်း အဟောအပြော ကံကြီး၊ ကံငယ် ဆောင် သည်မှအစ ဆရာသမားခိုင်းရင် နေရာမရွေး လုပ်လိုက်တာဘဲ။

တစ်ခါတစ်ရံ စာဆိုရင် အနီးရှိတွေက ခနဲ့လို့ မျက်ရည်တပေါက်ပေါက် ကျလျှက်နဲ့ စာဆိုတာဘဲ ဒီကြားထဲ သီလပေးလိုက်ဆိုတော့လဲ မျက်ရည်လေး သင်္ကန်းနဲ့ သုတ်ပြီး ရုပ်တူနံတူ သွားပေးလိုက်သေးတာဘဲ။

တစ်ခါတစ်လေ ကြိုတင်ပြောမထားဘဲ လူကြား သူကြား ထဲရောက်မှ ရဟန်းလောင်း ဆုံးမလိုက်လို့ ခိုင်းချင်ခိုင်းလိုက်တာပဲ၊ ဘုန်းကြီးက မငြင်းပါဘူး။

စာသင်သားဘဝကလဲ အများက စာဆိုရမှာ ကြောက်ကြတယ်။ ဘုန်းကြီးကတော့ ဆိုလိုက်တာပါပဲ။ စာဆိုရတာတော့ မလွယ်ကူလှပါဘူး။ စာမတတ်ခင် ဆိုကြည့်ရဆိုပြီး ပြန်လာ အချော ပြန်ကြည့်ရ စာတစ်ခါဆိုမဲ့ကြံရင် သုံးနာရီလောက် အချိန်ကုန်တယ်။

ယခု ကျောင်းတိုက်ကြီး တာဝန်ထမ်းဆောင်ရပြန်တယ်ဆိုတော့ ဘုန်းကြီးဘဝ တလျှောက်လုံး သေလို့တောင်မှ အလုပ်ရှုပ်ရက်သေရမှာပါ၊ သံဃာတွေရဲ့ကျန်းမာရေး၊ ပညာရေး၊ ကျမ်းစာရေး၊ စားဝတ်နေရေးတွေဆောင်ရွက်ရ၊ သာသနာရေးကိစ္စတွေ စဉ်းစားရနဲ့ အလုပ်လုပ်တဲ့သူမှလဲ အလုပ်ရှိတာပါ၊ မလုပ်တဲ့သူမရှိပါ။

သာသနာရေးနဲ့ပတ်သက်လို့ သာသနာအရှိန်ကောင်းနေဆဲလေးမှာ လူပြန်ဖြစ်ပြီး လူသူတော်ကောင်းအဖြစ်နဲ့ ဘုရားသာသနာတော်ကြီးကို ပြန်ပြုပြင်ခြင်းသေးတယ်။ လူကျွန်ဆိုတာ ဘဝတိုင်းခံခဲ့ရပေါင်းများခဲ့ပါပြီ၊ ဘုရားကျွန်ဆိုတာကတော့ အတော်ကံကောင်းမှခံခွင့်ရှိတာပါ၊ ဒီဘဝမှာဒီအသိတွေနဲ့ ဆက်ပြီးကြိုးစားကြ။

ကိုယ်ဆရာသမားနဲ့ ဆိုတာ ဘယ်ကိုသွားသွား သတိလေးနဲ့လိုက်ရ တယ်။ သတိမထားဘဲ အမှုမဲ့၊ အမှတ်မဲ့လိုက်သွားလို့ သီလလေးပေးလိုက်စမ်း၊ တရားလေးဟောလိုက်စမ်း၊ ရဟန်းလောင်း ဆုံးမလိုက်စမ်း စသည့်ဖြင့် ကိုယ့်တပည့်ကို ပွဲထုတ်တဲ့သဘောဖြင့် အကဲဝမ်းသည့်သဘောဖြင့် ရည်ရွယ်ချက်တစ်ခုခုထားပြီး နိုင်းတတ်တယ်။ ခိုင်းလိုက်လို့ မလုပ်တတ်ပါဘူးဆိုပြီး ငြင်းဆန်လိုက်ရင် နှစ်ဦးလုံး အရှက်ရကြမှာ။

သုသာန်တစ်ခုမှာ တခါက စာရေးသူတို့ကြုံတွေ့လိုက်ရသည်မှာ သံဃာ(၅၀) နှင့် ဆရာတော်အပါအဝင် (သံဃာကြီးများ) နာယကဘုန်းတော်ကြီးများလည်းပါသည်။ အသုဘ ရေစက်ချရန် လူများကကြသ ကန်တော့ကျိုး ဆိုနေပါပြီ။

ထိုအချိန်အထိ ဆရာတော်ကိုယ်တိုင် ကန်တော့ကျိုးပေးမည့်



ဟန်ဖြင့် မိုက်ရှေ့မှာ ထိုင်နေလေရာ ဩကာသ ကန်တော့ချိုးလည်းဆုံးရော အနားထိုင်နေသော နာယကဘုန်းကြီးအား ကန်တော့ကျိုးပေးလိုက်ဟု အမိန့်ပေးလိုက်ရာ နာယကဘုန်းကြီးကလဲ ချောချောမောမောပင် ပေးလိုက်ပြီး သီလပေးဆုံးသောအခါ ဆရာတော်မှ တဖန်ရေစက် ဆက်ချသွားသည်ကို တွေ့လိုက်ရပါသည်။

အားလုံးပြီးစီးလို့ ပြန်လာကြသောအခါ ကားပေါ် အရောက်တွင် ထိုနာယက ဘုန်းတော်ကြီးက ဒါမျိုးပေါ့ အရက်ကွဲတတ်တာ မှတ်ထား ကိုယ့်ဆရာသမားနဲ့ ဘယ်ကိုသွားသွား အမှတ်တမဲ့ မသွားရဘူး သတိရှိရှိနဲ့ သွားရတယ်လို သံဃာအားလုံးကို သတိပေးလိုက်သည်။

ဆရာတော်ဘုရားကြီးကြတော့ ငယ်စဉ်ထဲကကြီးသည်အထိ ဘက်စုံတော်လာခဲ့တာ ဆိုတော့ သူ့အတွက်ကတော့ ဘာမှ လိုလေသေးမရှိ ပြီးပြည့်စုံဖြစ်နေတာကို ဒကာတစ်ယောက်က ဆရာတော်ဘုရားကြီးရဲ့ ဘက်စုံအကောင်းကို ဘယ်လိုချီးကျူးရမှန်း မသိတာနဲ့ အရှင်ဘုရားကတော့ ဘက်စုံကောင်း၊ ဘက်စုံတော်တာဖြစ်တော့ ဟိုကပင့် ဒီကပင့်နဲ့ နားကို နားရတယ် မရှိပါဘူး။

အရှင်ဘုရားကို ဘယ်လို ပြောရမလဲဆိုတော့ " အရုပ်ဆိုးထမ်းပိုကောင်း နွားလေးတစ်ကောင်းဟာ အရုပ်ကတယ်ဆိုးဘဲ အရုပ်ဆိုပေမယ့်ထမ်းပိုးကကောင်းတာဆိုတော့ သူချည်း ဆွဲဆွဲနိုင်းတာဘဲတဲ့။

အရှင်ဘုရားလည်း ဒီလိုပဲ ရုပ်ရည်ဥပမိက သူများလို ပြော

လောက်အောင် မချောမလှပေမယ့် အပြောအပြောက ကောင်းလေတော့ အရှင်ဘုရား ချည်ပင့်ကြာတာပေါ့ဟု လျှောက်ရာ။

ဒကာကြီးနယ် နွားနဲ့မှ နှိုင်းစရာရှိသလား တခြားမရှိတော့ဘူးဟု မေးရာ တခြားမရှိဘူး ကိုယ်တော် ဒါဘဲတဲ့ ဒကာကြီး လုပ်လိုက်ပုံကတော့ လူကိုအချောင်နွားဖြစ်သွားတယ်။

ထမ်းပိုးကောင်းတာတော့ မဆိုးလှပါဘူး။ အရုပ်ဆိုးနွားနဲ့နှိုင်းလိုက်တာကတော့ လူကိုအတော်ခံရခက်သွားတယ် ချီးကျူးစရာမရှိလို့ ကြံဖန် ချီးကျူးလိုက်တဲ့ ဒကာကြီး လူကို နွားဖြစ်သွားတာပဲ။

ကိုယ်တော်တို့လည်း အဲဒီဒကာကြီးပြောတဲ့ ရုပ်ဆိုးထမ်းပိုးကောင်း နွားလေးတွေဖြစ်အောင်လုပ်ကြ - ဟုမိန့်တော်မူခဲ့ပါသည်။

## ၄၉။ ခါးတောင်းကျိုက် မဖြုတ်တဲ့ကိုယ်တော်

လူသားဖြစ်ဖြစ် ရဟန်းသာမဏေဖြစ်ဖြစ် ဘယ်ပုဂ္ဂိုလ်မဆို အလုပ်လုပ်မှ တိုးတက်တာ အလုပ်မလုပ်ဘဲ တိုးတက်ကြီးပွားချင်လို့ မဖြစ်နိုင်ပါ အလုပ်သည် ကံဖြစ်ပါသည်။ ထိုကံကောင်းကောင်း ထူထောင်မိမှ ဘဝတစ်ခုရဲ့ တိုးတက်ကြီးပွားကြောင်းလမ်းကြောင်း ဖြစ်လာမည်ကို သတိပြုပါ။

ကုသိုလ်.ဥစ္စာ ကျန်ခဲ့သာ၍
ပညာ.တန်ခိုး တစ်မျိုးမျိုးမှ
အကျိုးမထွက် ထိုနေ့အတွက်
သက်သက်ဝမ်းနည်းဖွယ်။



ပုဂ္ဂိုလ်တစ်ယောက်သည် လုပ်အားနှင့် လုပ်ခညီမျှသောနေ့တစ်နေ့ ကုန်လွန်သွားဖို့ရန် အရေးကြီးလှပါသည်။ လုပ်အားကလျော့နေပြီး လုပ်အားခကလည်း အားနည်းနေမယ်ဆိုရင် ထိုပုဂ္ဂိုလ်အတွက် တစ်ရက်တာဝန် မကျေသူဟု ဆိုလိုပါသည်။

ဥပမာ - တစ်ရက် လုပ်အားအတွက် လုပ်အားငွေ (၅၀၀) ငါးရာရသည်ဆိုလျှင် ထိုပုဂ္ဂိုလ်ရဲ့ တစ်ရက် အသုံးစရိတ်မှာ ရှစ်ရာ တစ်ထောင် ဖြစ်နေပါက လုပ်အားခနှင့် ကုန်ကျစရိတ်မညီမျှဘဲ ဖြစ်နေပါသည်။

တစ်နည်းအားဖြင့် ကိုယ်စားသုံးသည်က တစ်ထောင်ကျပ် ရတာက လေးငါးရာဖြစ်နေလျှင်လည်း လုပ်အားနှင့် လုပ်ခ မညီမျှသေးပါ ပုဂ္ဂိုလ်တစ်ဦးအတွက် ညွှန်ပြမည့် ငါးမျိုး တစ်မျိုးမျိုး တာဝန်ကျေမှ တစ်နေ့ကုန်လွန် သင့်ပါသည်။ ထိုတာဝန်တစ်မျိုးမျိုးမှ မကျေပွန်ဘူးဆိုလျှင် ကုန်လွန်သွားသော နေ့တစ်ရက်သည် အချည်းနှီးသာ ကုန်သွားခြင်းဖြစ်ပြီး ထိုပုဂ္ဂိုလ်အတွက် ဝမ်းနည်းစရာ ကုန်လွန်သွားနေ့တစ်ရက်လည်းဖြစ်ပါသည်။

တစ်ရက်တာဝန်ငါးရပ် -

၁။ ကုသိုလ်တစ်ခုခု ပြုမိရမယ်။

၂။ စည်းပွားတစ်ခုခု ရှာပြီး ပစ္စည်းတစ်ခုခု ရရမည်။

၃။ ကျန်းမာရေးကောင်းနေမည်။ (ကောင်းအောင် ပြုပြင်မှု ရှိရမည်။)

၄။ လောကီပညာ - လောကုတ္တရာပညာ တစ်ခုခု တိုးပွားရရှိရမည်။

၅။ တန်ခိုးခေါ်(အစွမ်းတစ်ခုခုပြနိုင်စွမ်းရှိရမည်)။

နေ့စဉ်နေ့စဉ် ဖော်ပြပါ အကျိုးငါးမျိုး တစ်မျိုးမျိုး ကျေပြွန်မှ အိပ်ရာပေါ် ခေါင်းချသင့်ပါသည်။

ဆရာတော်ဘုရားကြီးသည် အလုပ်လက်လွတ် မည်သည့်အခါမှ မနေတတ်ပါ။ အလုပ်နှင့်ကင်းလွတ်ပြီး ကုန်ဆုံးသွားသည့်အချိန်ဟူ၍လည်း မထားတတ်ပါ။

ရုပ်ခန္ဓာမှ လှုပ်လှုပ်ရှားရှားလုပ်နေသည်ကို မမြင်တွေ့ရသော်လည်း စိတ်သန္တာန်ကတော့ အလုပ်လုပ်လျက်ပင် ရှိနေတတ်ပါသည်။

ထို့ကြောင့် ဆရာတော်ရဲ့အကြောင်း အတွင်းကျကျ သိထားသော တပည့်များက ဆရာတော် သတင်းစာကြည့်နေပြီး ဆရာတော်ဘယ်အရာကို စူးစိုက်စွာ ကြည့်နေသည်ဟု သိလျှင် ရှောင်တတ်တိမ်းတတ်ကြပါသည်။

ဥပမာ - လမ်းသွားရင်းမျက်နှာတော်သာ ရှေ့ဘက်ပြုပြီး အာရုံစိုက် နေပြီဆိုလျှင် အနောက်ဘက်က တပည့်များ လုပ်သည့် အလုပ်ကို မသိခြင်းဖြစ်ပါသည်။

အလုပ်တစ်ခုခုဘက်ကိုအာရုံစူးစိုက်နေလျှင် ကျန်သည့်အရာများ မသိဖြစ်နေသည်ကို အတော်များများ တွေ့ရပါသည် ထို့ကြောင့် ဆရာတော်သည်အလုပ်မလုပ်မိဘဲထမင်းစားမိလျှင်တာဝန်မကျေသူဟု ယူဆပြီး ဥပုသ် နေ့များမှာပင် ဆွမ်းစားခါနီး စာကလေးပြောကျက်လိုက်သေးသည်။

ထို့ကြောင့် အလုပ်လုပ်ပြီးမှ စားရတဲ့ ထမင်းမျိုးမှ မျိုကျကြောင်းနှင့် လုပ်အားနှင့် လုပ်ခညီမျှမှ ကျေနပ်၏ သို့မဟုတ်ဖြစ်သင့်



သည့်အတိုင်းအတာမိမှ ကျေနပ်မိသည်။

စစ်ဘေးစစ်ဒဏ်ကြောင့် စစ်ကိုင်းရောက်ခိုက် သူတို့လည်း စစ်ဘေးပုန်းရှောင်ကြရင် တွေ့ဆုံကြသည်။ တပည့်တော်မ တစ်ယောက် ကျောင်း ရောက်လာပါတယ်။ မကြာမကြာလည်း ရောက်ရောက်လာတတ်တယ်။

သူလာတိုင်လည်း ဘုန်းကြီးအလုပ်လုပ်ရက်ချည်းတွေဖြစ်ပုံရပါတယ်။ ငယ်တပည့်ပေါ့ အိမ်ထောင်မပြုဘူး။ ပျဉ်မနားကလို့ သိလိုက်ရပါတယ်။ သူ့ရဟန်းလောင်း ဒီမှာ ရှိတယ် ပြောလို့ ဒီတစ်ခေါက်ရောက်လာတာလို့လည်းပြောတယ်။

ဘုန်းကြီးကို စူးစူးစိုက်စိုက်ကြည့်ပြီး ဘာစိတ်ကူးရသွားသလဲတော့မသိဘူး ငယ်စဉ်ကတည်းကလည်း ခင်မင်ရင်းနှီးမှုရှိနေတော့ သူ့စိတ်ထဲ အောင့်မရတဲ့ ပြောချင်တာရှိနေပုံရပါတယ်။

တပည့်တော်လာတိုင်းလာတိုင်း အလုပ်မရှိဘဲနှင့် ထိုင်နေတာတို့၊ အိပ်နေတာတို့၊ နားနေတာတို့ တစ်ခါမှ မတွေ့ခဲ့ဖူးပါ။ လူ့ဘဝနေရင် လူ့အလုပ် လုပ်နေရမယ်။ ရဟန်းဘဝနေရင် ရဟန်းအလုပ် လုပ်နေရမယ်၊ အလကားမနေရဘူး။

ကိုယ်တော်လူ့ဝတ်ကြောင်းသာဆိုရင် ခါးတောင်းကျိုက်ဖြုတ်မဲ့ကိုယ်တော် မဟုတ်ဘူး - ဟုပြောလိုက်ရာ ဘုန်းကြီးကလည်း ထိုအတိုင်း ဟုတ်နေတာဆိုတော့ ဘုန်းကြီးက သူ့သဘောကြပြီး ပြုံးမိတယ်။

ဒကာမကြီးပြောတာလောက်ကတော့ အပါယ်ကရှိသေးတယ် ခါးတောင်းကျိုက် မဖြုတ်ရုံ ဘယ်ကမလဲ ဖိနပ်လည်းစီးမှာ မဟုတ်ဘူး

အကျီလဲ ဝတ်မိမှာမဟုတ် ရေလဲသောက်မိမှာမဟုတ်ဘဲ အိမ်သာတောင်မှတက်မိမယ်မထင်ဘူး - ဟု ဘုန်းကြီးကထပ်ဆင့်ပြောလိုက်ရာ ဖြစ်နိုင်တယ်ဖြစ်နိုင်တယ်လို့ပြောပြီးပြန်သွားတယ်။

ငယ်စဉ်ကထဲက ဒီအခြေအနေထိ ဘုန်းကြီးဘဝ တစ်လျှောက် လုံးကို ကြည့်တက်သူမှ မြင်နိုင်ပါတယ်။ လူချီးမွမ်း ခံရရုံ လုပ်နေတာ မဟုတ်ဘူး။ အစုဘဝ ပါရမီတွေရနိုင်သမျှ စုဆောင်းပြီး ကျွတ်တမ်းမဝင်မီ ကာလအတွင်း ဒီထက်မက်အလုပ်တွေလုပ်ပြီး စုဆောင်းရအုံးမှာလို့လဲပြောလွတ်လိုက်သေးတယ် - ဟု မိန့်တော်မူခဲ့ဖူးသည်။

## ၅၀။ သရဏဂုံ ဖေါ်သည့်သီလ

တပည့်တစ်ယောက်ကိုဆရာဖြစ်သူက ဝေါက်သည် ဆူသည် ရိုက်ပုပ်တယ်ဆိုသည်မှာ တစ်ဘက်သားကိုနာပြီးခံစားရရုံသက်သက် မဟုတ်ဘဲ ဆူသည်ရိုက်ပုပ်သည်ဆိုတာ စေတနာဆိုးမပါသော လုပ်ရပ်များသာ ဖြစ်ပါသည်။ ဆရာမိဘဟူသည် စိတ်တိုလို့ ကြိမ်းဝါးပြောဆိုနေကြပေမဲ့ ဝမ်းတွင်းကဖြူ စိတ်ထားဖြူကြပါတယ်။

အရိုက်.အထု.အဝေါက်.အငန်းမပါဘဲ ဘယ်နေရာမှာမှ မပြီးမြောက်နိုင်ပါဘူး နွားသတ္တဝါမြင်းသတ္တဝါတို့သော်မှ သူတို့ရဲ့တတ်သင့်တတ်ထိုက်တဲ့နေရာမှာ ရိုက်ပုပ် ဝေါက်ငန်းမှုများပါမှ တက်မြောက်ပါသည်။

ဆရာတပည့်ကိုသင်တန်းပေးသောအခါမိဘက သားသမီးကိုယဉ်ကျေးအောင် သင်သောအခါများမှာလည်း ထိုအရာများမပါမပြီး



ပြုလုပ်ရမြဲပင်ဖြစ်ပါသည်။ ဆရာမပါ ငါးပိဖုတ်တောင်မှမကျက်ဘူးတဲ့မှန်ပါသည်။ ငါးပိဖုတ်တာများ မီးဖိုထဲရောက် ကျက်တာပဲဟု လွယ်ကူစွာ ပြောသူ ရှိပေမည်။ ဖုတ်ကြည့်ပါ အပြင်လောက်ကသာကျက်ပြီးအတွင်းမှာ မနပ် သည်ကို တွေ့ရပေမည်။(ငါးပိကို ပါးပါးနှင့်ပြားပြားဖုတ်ရမည်ကို လုံးဖုတ် သောကြောင့် ထိုကဲ့သို့ ဖြစ်ရသည်)

ဘုန်းကြီးငယ်စဉ်ကျောင်းသားဘဝက မိုးကရွာတော့ ဆွမ်းခံမသွားဘဲ ကျောင်းမှာပင် ဆွမ်းချက်စားကြသည်။ ချက်သည်က ကိုရင်ကြီး များဖြစ်သည်။ သူများချက်ပြီးသားကိုသာ စားနေကြရပြီး ထမင်းချက်တာကို ဆန်ကို ဘယ်လောက် ထည့်ချက်မှ ဒီအိုးဆန့်လောက်တယ် ဆိုတာမသိကြဘဲကို အိုးထဲကို ဆန်တွေ အပြည့်ထည့်ချက်လိုက်ရာ ပူပြီးပွက်လာတော့ အိုးထဲမှာ မောက်လျှံလာပြီး ဘုန်းကြီးမသိအောင် ယောင်မနဲ့ကော်ပြီး တွင်းထဲမြှုပ် ထားရတယ်။ နောက်တစ်ခါ ပြန်ပြန်လာသောအခါ အိုးပါ မြှုပ်လိုက်ရတဲ့ အတွေ့အကြုံရှိခဲ့ဘူးတယ်။

ကိုယ်မလုပ်တတ်တာကို အတတ်လုပ်လို့မရဘူး။ ကိုရင်ကြီး တစ်ပါးကို ဘုန်းကြီးက ဗူးသီးပြုပ်နိုင်းလိုက်ပါဟု ပြောလိုက်ရာ ဗူးသီးဆိုတာ ရေပွက်ကျက်တာမျိုးဖြစ်လို့ ကြာလှပါလားဟု သွားကြည့်ရာ ဗူးသီးကိုအလုံးလိုက် တည့်ပြုပ်ထားပါတယ်။

ပြုပ်သီးသွာက ပွိချေစမ်းဟု နိုင်းလိုက်ရာ - ကပွိဆိုသော စကားကိုကိုရင်က နားမလည်ဘဲပြုပ်ပင်ကိုကပ်ကြီးသွားဖိလိုက်စမ်းဟုသာ သူနား လည်၍ ကပ်ကြီးမသွားခါ ဖိလိုက်ပြီး တတ်နင်းခဲ့လေသည်။ ဆရာ ဘုန်းကြီးက ဟဲ့ ကိုရင် ပြုပ်သီးကပွိပြီးပြီလားဟု

မေးရာ ဗိပြီးတက် တောင်နင်းထားခဲ့ကြောင်း ပြန်လျှောက်လို့ သွားကြည့်ရာ ပြုပ်ပင်မှာပြားပြီး ကြေညက်နေသည်ကိုတွေ့ရသည်။

မှတ်သားစရာပင် တပည့်နားမလည်သည့်စကားလုံး သုံးမိသည့် ဆရာများအတွက်လည်း မှတ်သားစရာပင်ဖြစ်ပါသည်။ တပည့်နားမလည်လောက်သည့်စကားလုံးသုံးပြီး နားမလည်ရကောင်းလားဟု စိတ်ဆိုးကာ တပည့်ကို ငေါက်ငန်းကြိမ်းမောင်း ရိုက်ပုပ်သည်များကိုလည်း ဆင်ခြင်သင့်ပါသည်။ ဥပမာ - ကလေးသူငယ်တစ်ယောက် ချွန့်ပွတ်တွေ ပေကုန်မယ်ဟု ပြောမည့်အစား အဲ့အဲ့တွေ လူးမယ်လို့ ပြောလိုက်ရင် ချက်ချင်း နားလည် သွားသလိုပင် ဖြစ်ပါသည်။

ဆရာသမားများသည် မိမိ၏တပည့်သားမြေးများ လူထဲသူထဲ အသုံးဝင်လို၍ နိုင်းသင့်သည်များကို နိုင်ကြည့်သည်များလိုပင် လူကြားထဲ သူကြားထဲ အရှက်ခွဲသလိုလို သိက္ခာကျအောင် နာမည်ပျက်အောင် လုပ်သလိုလိုထင်ရင်မှားကြပေလိမ့်မည်။

အမှန်မှာ ပွဲမဝင်ခင် အပြင်က ကျင်းပဆိုသလို အခက်အခဲ အကျက်အတဲ မကြုံမတွေ့ခင်ကပင် ဆရာနှင့် တွဲဖက်ပြီး ပုံကျမကျ ဌာန်ကရိုဏ် ဟုတ်မဟုတ် စူးစမ်းကြည့်သိသဘောပင် ဖြစ်ပါသည်။

တချို့က ပရိသတ်ဘယ်လောက်ကြီးတာကို ဘာလုပ်ရလုပ်ရ မကြောက်ဘူးတဲ့ ဆရာနှင့်တွဲဖက်လုပ်ရမည့်အလုပ်သည် အကြောက်ရွံ့ဆုံးပါပဲဟု ပြောတတ်ကြသည်။

ဒါ - မှားသောအတွေးအခေါ်ပင်ဖြစ်ပါသည်။ ဆရာနှင့်တွဲဖက်လုပ်ခဲ့စဉ်က အရှိုးကျသွားပြီဆိုလျှင် ကျန်တဲ့နေရာမှာ ဆရာစိတ်ထဲမှာ



တပည့်အပေါ် ယုံကြည်စိတ်ချပြီးဖြစ်သလို တပည့်မှာလည်း ကိုယ်ခြေကိုယ်လက်နှင့်မြဲမြဲရပ်ပြီး ရဲရဲကြီးသွားတတ်လာတတ် ကိုင်တတ်တွယ်တတ်ဖြစ်သွားသည်ကို သိထားကြရပါမည်။

ဆရာနဲ့ အနီးကပ်နေစဉ် ဆရာလမ်းစဉ်ကို ဖြောင့်တန်းစွာ မလျှောက်နိုင်သူသည် ကိုယ်တစ်ယောက်တည်း လျှောက်လှမ်းသောအခါ အကန်းပမာ စမ်းတဝါးဝါးနဲ့ လမ်းမှားချည်း လျှောက်မိပြီး ချောက်ကမ်းပါးထဲ ချည်းထိုးကျနေသူ အဖြစ်ရောက်သွားနိုင်ပါသည်။

ဒါကြောင့် - ဆရာသမားများက "မင်းငါနဲ့နေတုန်း အကောင်းအဆိုး အကြောင်းနှင့် အကျိုးကို ခွဲခြားပြီးမသိနိုင်ပေမဲ့ ငါနဲ့ခွဲပြီး ကိုယ့်ဒကာနဲ့ ကိုယ်နေတဲ့အခါကြတော့ ဆရာရဲ့တန်ဖိုး ဘယ်လောက်ကြီးမားတယ်ဆိုတာ သိပါလိမ့်မယ်" ပြောကြတယ်။

မနေ့က အသုဘတစ်ခုရှိတယ် သံဃာ (၁၀)ပါး ပင့်ပါတယ် ဆရာတော်ကျောင်းတိုက်ကို သရဏဂုံတင်ရေစက်ချပေးပါဘုရားဟု လျှောက်သွားလို့ အနုနာယက တစ်ပါးခေါ်င်းဆောင်သွားဖို့ သံဃာစာရင်းကောက်ပြီး (၁၂) နာရီခွဲမှာ သုသာန်သွားပြီးရေစက်ချတာဝန်ပါ ပြောလိုက်တယ်။

သူက တရားဟောတက်တယ်တဲ့ ရေစက်မချတတ်ပါ။ အရှင်ဘုရားဟုပြန်လျှောက်တယ် အံ့မယ် - ရေစက်ချတာများ ခက်လွန်းလို့ ဣဒံ - နော ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု ဆိုပြီးတာဘဲသွားတဲ့။

နောက်ကိုယ်တော်တွေကို မနိုင်နဲ့ ကိုယ်ဘာသာကို လုပ်ခဲ့လို့ ပြောလိုက်တယ်။ ထိုမှာ ကြားတော်မူသည်များကို နောက်ပါ (၉)ပါးကလည်း သိထားကြသည်။

သိထားသောကြောင့်နောက်ပါသံဃာတော်များက ဟိုရောက်ရင် ဘုန်းကြီးထက် သက်တော်ဝါတော်ကြီးများပါခဲ့ရင် ဘုန်းကြီးကိုဘဲ တပည့်တော်တို့ဝိုင်းတင်ပေးကြမယ်ရတာတော့အတူတူပေါ့လို့ပြောကြသည်။

ပြောရင်းဆိုရင်း ဇရပ်ရောက်လို့ မကြာခင်ရေစက်ချရတော့ မည်ဝမ်းထဲကလဲရထားမောင်းနေပေပြီဒီလိုနဲ့ ထိုသြကာသ…ဒကာများက ကန်တော့ကြပြီးကန်တော့ကျိုးပေးသည်အထိဖြောင့်သွားချေပြီ။

နောက်သရဏဂုံသီလဆက်ပေးရာ - ငါးပါးသီလ အဆုံး သတ်သွားပြီးသရဏဂုံကပါမလာချေ။ ထိုအရာကိုအနားရှိကိုယ်တော်တစ်ပါးက သိလိုက်၍ ဘုန်းကြီးသရဏဂုံတင်ပါတယ်ဆို သရဏဂုံက ပါမလာ သေးဘူး - ဟု သတိပေးလိုက်ရာ ဟင် - ဟုတ်ရဲ့လားဆိုပြီး။

ကဲ - ဒကာတို့ စောစောက သေသူအတွက်ဖြစ်တယ် အခု တစ်ခါ ရှင်သူတွေအတွက် ပြန်ဆိုကြဦး - ဟု ခက်တည်တည်နှင့် ပြောလိုက်ရာ ဘုန်းကြီးရောလူပါ ပွဲကြသွားတော့သည်။

ဒါနဲ့ - သရဏဂုံသီလပြန်ပေးအပြီး ရေစက်ချရန် ရောက်လာ တော့သည် သေသူက ဘယ်သူလဲဟု မေးပြီး ရေစက်ချသွားလေရာ သေသည်ကညီ - ရေစက်ချသူကအစ်ကိုဖြစ်ရာ - ရေစက်ချတဲ့အခါ သေသူနာမည်ပါမလာဘဲ ရေစက်ချနေသည့် အစ်ကိုနာမည်ချည့် ဆိုပြီး ချပေးနေ၍ အနီးရှိ ကိုယ်တော်တစ်ပါးက ဘုန်းကြီးနာမည် လွှဲနေပြီဟု သတိပေးလိုက်ရာ ယခင်ကမှ ရီအူပေါက်နေ သည့်အထဲ နောက်တစ်ခါ ထပ်မှားသည့်အတွက် မအောင့်နိုင်ကြတော့ဘဲ



သံဃာများထပြန်ကြပြီးတစ်ပါးတည်းကျန်ရစ်နေတော့သည်။

ရေစက်ချ ဘုန်းကြီးတစ်ပါးတည်း ပြီးမြောက်အောင် ဆောင်ရွက်ပြီး ပြန်လာရာ ဒကာက ကန်တော့ပွဲ လိုက်ပို့ပြီး ဆရာတော်ထံ သွားကန်တော့ရာ ဘယ့်နှယ်လဲ ဟန်ခဲ့ရဲ့လားဟု မေးလိုက်ရာ ပြုံးစိစိနှင့်မလျှောက်ဘဲနေ၍ဒကာမှ အကြောင်းစုံလျှောက်ရာ။

သြ… သရဏဂုံတင်အသုဘဆိုသရဏဂုံမပါလို့ ဒီသီလ ဘာအရာ ရောက်တော့မှာလဲ သီလဆောက်တည်တယ်။ တရားနာ တယ် တရားထူးရရန် အားထုတ်တဲ့နေရာမှာ သရဏဂုံက အရေးကြီး တာ မပါဘဲ ပြီးခဲ့ တာလား ဟု မေးတော့မှ သေသူနှင့် ရှင်သူဆိုပြီး နှစ်ခါထပ်ပေးခဲ့ကြောင်းလျှောက်ရာ ဆရာတော်ပါသဘောကျပြီး နှစ်သက်တော်မူခဲ့ပါသည်။

## ၅၁။ အမှီကောင်းလျှင် အကူနိုင်ပြီးနိုင်

မည်သူမဆို အမှီကောင်းလို့ခေါ်တဲ့ စေတနာကောင်း စိတ်ကောင်းရှိရှိနဲ့ ချီးမြှောက်ထောက်ပံ့ကူညီမည့်သူမရှိလျှင် မဖြစ်နိုင်ပါ။ ပညာသင်ရာမှာသော်လည်ကောင်း၊ စီးပွားရှာရာမှာသော် လည်း ကောင်း၊ နောက်ဆုံးတရားထူးတရားမြတ်ရဖို့ သိဖို့မြင်ဖို့ရာမှာ သော်မှ အမှီကောင်းရဖို့လိုအပ်ပါသည်။

ဥပမာ - စည်းပွားရှာတဲ့နေရာမှာအရင်းအနှီးစိုက်ထုတ်ပေးပြီး အကျိုး ဖြစ်ထွန်းလာအောင် ကူညီထောက်ပံ့လျက် လမ်းစရှာပေး သူကို အမှီကောင်း မိတ်ဆွေကောင်းရသည်ဟု ဆိုနိုင်ပါသည်။

ကူညီထောက်ပံ့မှုလည်းမရှိ ကိုယ့်ကိုလည်း အကျိုးပျက်စီး

အောင်အမြဲကြံဆောင်နေသူသည် အမှီကောင်းမဟုတ်နိုင်ပါ။ ကိုယ်ကလည်း ကြိုးစားမှု ဝီရိယနှင့်ပြည့်စုံတယ်။ အမှီကလည်း ကောင်းလိုက်လာမယ်ဆိုလျှင် ထိုပုဂ္ဂိုလ်ဟာ တရှိန်ထိုး ထိုးတက်သွားနိုင်ပါတယ်။

ပညာတစ်ခုခု သင်ရာမှာလည်း အမှီကောင်းဆရာ လိုအပ်ပါတယ် ဆရာသမားဘက်က မှီခိုလောက်တဲ့ ပညာ . သီလ စသော ဂုဏ်တို့နှင့်လည်း ပြည့်စုံမယ် စေတနာကလည်း ရှေ့တန်းတင်ထားမယ်ဆိုရင် တပည့်မှာ လိုရာ ပြီးနိုင်ပါတယ်။

မှီလောက်တဲ့ဂုဏ်အင်္ဂါနှင့်တော့ ပြည့်စုံပါတယ်။ လမ်းဖြောင့်လမ်းမှန်ပေါ်ရောက်အောင် မတင်မြှောက်နိုင်ဘူးဆိုရင် လိုအပ်သောအရာ မပြီးစီးနိုင်ရုံမက မြစ်ချောင်းတွေထဲကငါးများသည် တံငါသည်ထောင်ထားသည့် မြုံးထဲသို့ ဝင်မိကြ၍ အားလုံးပျက်စီးရသလို ပညာများတတ်၍ ဖြောင့်စင်းသော စိတ်နှလုံးကောင်းမရှိသော ပုဂ္ဂိုလ်ထံချဉ်းကပ် မှီခိုလျှင် ပျက်စီးရကုန်၏။ ထို့ကြောင့် အဲဒီမှီခိုတဲ့ နေရာမှာ အမှီမှားလျှင် လူမြုံထဲဝင်မိတယ်လို့ခေါ်တယ်။ ထိုကဲ့သို့ လူမြုံထဲဝင်ရောက်မသွားမိကြဖို့လဲ အများကြီး သတိထားသင့်ပါတယ်။

ပညာသင်ရာမှာ ပညာသင်ရုံသက်သက်မဟုတ်ကြ သေးဘဲ ကိုယ်ဘဝကိုယ်လည်းတစ်ဖက်တစ်လမ်းက ထိန်းကျောင်းမှုလိုအပ်ပါသေးတယ်။ ဆရာက အမှီဘယ်လောက်ကောင်းပါစေ တပည့်ဖြစ်သူက အမှီမတတ်လျှင် ထိုတပည့်သည် လဲကျသွားနိုင်သည်။

ဘုန်းကြီးငယ်စဉ်က အတွေ့အကြုံလေး တစ်ခုပြောပြရဦးမယ် ဘုန်းကြီးပျံတစ်ခုမှာ ယိမ်းသင်ကြတော့ ရှေ့ကဦးဆောင်သင်ပေးရ



တဲ့သူက နောက်သင်တန်းသူတွေကို ကြည့်ထား။ ဟောဒီလိုလုပ်ရတယ်ဟု ခေါင်းခါးခြေလက်တွေကို တစ်ပြိုက်နက် ကကြိုးကကွက်ပြလိုက်ရာ နောက်က ဘာလုပ်ရမှန်းမသိဖြစ်ပြီးငေးကြည့်နေကြတယ်။

သူသင်ပြတဲ့ ကကွက်ကိုနောက်ကမလိုက်တက်တော့ ဆရာရော တပည့်တွေပါ စိတ်ဓာတ်ကျလို့ နောက်သင်နည်းနားလည်တဲ့ဆရာကဝင်ပြီး တစ်ဆင့်ချင်း တစ်ကွက်ချင်းပြလိုက်တော့မှ တပည့်တွေမှာ အားတက်လာပြီး မကြာခင်တတ်မြောက်လာတယ်။

သင်ပြတဲ့ဆရာဆိုတာ ကိုယ်သိထား ကိုယ်တက်ထားတာတွေကိုကိုယ်သိထားတက်ထားတက်ထားတဲ့အတိုင်း သင်လို့မရဘူး သိတာနဲ့တတ်တာ သင်ပြရာဆိုရာမှာ ကွဲပြားအောင်သင်ပြတတ်ရတယ်။

ဘုန်းကြီးကငယ်စဉ်က သင်္ချာလ်တက်ရတော့ သင်ပြတဲ့ဆရာက လောဘမူစိတ်(၈)ပါးရှိကြောင်းရှင်းပြနေတာ သူဘာသူတော့ ရှင်းနေမှာပေါ့ သူက (၈)ပါးလို့ပြော ဒီကလေးပါးပဲ တွက်ရတယ်။

ဒီလိုနှင့်ဝေ့လည်ဝေ့လည် ဖြစ်ပြီး စာဝါကပြီး သွားရတယ် လောဘမူစိတ်ကလည်း လေးပါးပဲရှိသေးတယ်။ စာအုပ်ထဲမှာလည်း ခေါင်းစည်းမည်းမည်း စာလုံးကြီးတွေနဲ့ လောဘမူစိတ်(၈) ပါးတဲ့ ငါ့ကြမှ ဘယ်လို လေးပါးတည်း ဖြစ်နေပါလိမ့်နဲ့ ဖြစ်ပြီး – တစ်ရွက်တစ်ရွက်ပေါ်တစ်ခုချင်း ရေးလိုက်တော့မှ (၈) ပါးဖြစ်လာတယ်။

ထို့ကြောင့် သင်နည်းပြောနည်းရှင်းနည်းလဲ လိုသေးတယ် ။ ဆရာ လုပ်သူဆို မလိုအပ်တာတွေ လျှောက်ပြောမနေပဲ သင်ခါစ

တပည့် ဆိုတာ လိုအပ်တဲ့အဓိပ္ပာယ်လောက်က ပိုလွန်းပြီး မပြောသင့် သိသင့်သိထိုက်တာကိုလည်း သူ့နေရာနှင့်သူ့ထိုက်သလို ပြောပြရတယ်။ နောက်မှ သိလိမ့်မယ်ဆိုတဲ့အသုံးကိုလဲ မသုံးရပါ။

ဒါကြောင့်စီးပွားရှာရာနှင့်ပညာသင်ရာမှာ ရှေ့ဆောင်ညွှန်ကြားရတဲ့ပုဂ္ဂိုလ် အမိကောင်းသည်။ ကိုယ်ရဲ့နောက်လိုက်ဖြစ်တဲ့ ပုဂ္ဂိုလ်ရဲ့ အရည်အချင်းနှင့် လိုက်လျောညီထွေသော ညွှန်ကြားပြသမှုကို သိထားရန် လိုပါသည်။

စီးပွားရှာ - ပညာသင်ရာမှာ ဉာဏ်သွေး, ဉာဏ်ရည် အတော်အသင့် ရှိလျှင် ဖြစ်နိုင်ပါတယ်။ ထိုထက် အရေးကြီးတာက မှီခိုတဲ့သူနဲ့ အမှီခံ ပုဂ္ဂိုလ်က စိတ်နေသဘောထား ဖြောင့်စင်ဖို့တော့ လိုပါတယ်။

ကုန်ကူးကုန်သွယ်လုပ်နေတဲ့နေရာမှာ အမှီကောင်းက လိုအပ်သလို ကူညီနေပါလျက် မှီတဲ့သူက ရိုးသားဖြောင့်မတ်မှု မရှိတော့ မှီခိုသူမှာ အကျိုးယုတ်ပြီး မတိုးတက်သလိုပါဘဲ။

ကိုယ့်ကိုယ်ကိုယ် ပညာသင်ကြားရာမှာလည်း လူမြဲအမှီခိုခံ မဟုတ်ဘဲ လိုအပ်သည့်ပညာကို လိုသလို စိတ်ကောင်းစေတနာကောင်းနဲ့ သင်ကြား ပို့ချပေးနေသော်လည်း မှီခိုသည့် ပုဂ္ဂိုလ်က မကြိုးစားနိုင် မလုပ်နိုင်လျှင် ပျက်စီးရစမြဲပါ။

ဒါကြောင့် သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းသော် နိုနိုင်ဆိုသလို အမှီကောင်းတစ်ခုရလျှင်လည်း ကိုယ်လိုအပ်တဲ့ ကိစ္စအဝဝမှာ အားလုံးပြီးနိုင်ပါကြောင်း မိန့်ကြားတော်မူခဲ့သည်။



## ၅၂။ တင်းလျှင်ပြတ် လျော့လျှင်ပတ်

သာသနာကရှေးခေတ်က သာသနာနှင့် အခုခေတ်သာသနာနှင့် အတော် ကွာခြားလာပြီး လက်တွေ့အားဖြင့်ပြရလျှင် သာသနာတော်ကို ဆက်စောင့်ရှောက်မဲ့ ကလေးသူငယ်တွေ ဘုန်းကြီးကျောင်းနှင့် ဝေးနေပြီး ဘာသာရေးကိုစိမ်းကားသည့်အနေမျိုး ဖြစ်နေသည်။

သဒ္ဒါတရားနှင့် ပြည့်စုံတဲ့ ကလေးကြတော့လဲ ကလေးက သက်နီးဝတ်နှင့် သာသနာ့ဘောင်မှာပျော်ပါရက် မိဘက မထားလိုကြပါဘူး။ အတော် ပါရမီကံထူးပါတဲ့ ကလေးသူငယ် တစ်ယောက်တလေလောက်ပဲ သာသနာတွင်း ရောက်လာကြတယ်။

ခေတ်ကလဲ ခေတ်ပညာထွန်းကားတဲ့ခေတ်၊ ဘုရားစာပေကိုလဲ သင်လိုစိတ်မရှိဖြစ်ကြကာ ဝေးမှန်းမသိ ဝေးကွာသွားကြပြီး တစ်ခေတ်နဲ့ တစ်ခေတ်၊ တစ်ဆက်နဲ့ တစ်ဆက် မျက်ခြေပြတ်ကြကာ ဘာသာရေး ကိုးကွယ်လိုက်စားမှုမှာ အားနည်းသွားကြသည်။

ကျောင်းရောက်လာတယ်ဆိုရင် ဘုန်းကြီးဆိုတာ စားပြီးအိပ်၊ အိပ်ပြီးစားလို့တောင်မှ ထင်နေကြတယ်။ ဘုန်းကြီးလည်း သူ့အလုပ်နဲ့သူ ရှိနေတာပါလားဆိုတာ မတွေးကြဘူး။ တချို့က ဆရာတော်ကြိမ်းနေတာလားဟု မေးသူက ရှိသေးတယ်။ အဲဒီလို အမေးခံရတာကိုပဲ ဘုန်းကြီးက နာလှပြီ။

တစ်ခါက တောထွက်ဦးဇင်းကြီးတစ်ပါး (၄၅)ရက် ဒုလ္လဘလာဝတ်တယ်။ သူထင်ထားတာက ကွမ်းစား ဆေးသောက်၊ စားပြီး အိပ် ဘာအလုပ်မှ မရှိပါဘူးလို့ထင်လိုက်တာ၊ တကယ့်လက်တွေ့

ကျတော့ သူထင်တဲ့အတိုင်း မဟုတ်ဘဲ ကိုယ်နဲ့မလုပ်ရင် စိတ်က အလုပ်လုပ်နေရတာကိုတွေးကာ (၇) ရက်နဲ့ ထွက်သွားတယ်။

အိမ်ရောက်တော့ သူ့ဇနီးကို ပြောပြတယ်၊ ငါဘုန်းကြီးမဝတ်ခင်က ဘုန်းကြီးဆိုတာ အလုပ်မရှိဘူးလို့ ထင်နေတာ။ ဆေးတစ်ဖွာ ကွမ်းတစ်ရာတောင်မှ သောက်ချိန်စားချိန်တောင်မရှိဘဲ ဖင်တောင်မှ ကြာကြာ ထိုင်ခွင့်မရှိဘူးဟေ့။ ဘုန်းကြီးတွေများ အထင်မသေးနဲ့၊ ကိုယ်တက်နိုင်သရွေ့ စိတ်ချလက်ချသာ အမြတ်တနိုးလှူပေတော့လို့ ဒုလ္လဘလူထွက်က သူ့ဇနီးကို ဆုံးမစကားပြောသတဲ့။

တချို့ကျတော့လည်း ဘုန်းကြီးဆိုတာ ဂစ္ဆာမိဆိုရတာ၊ ဘာလို လို့လဲ။ သားကျွေးမှု မယားကျွေးမှုက မရှိ၊ ဆွမ်းဘောစဉ်ဆိုတာလည်း ပစ္စည်း (၄) ပါး ဒကာ၊ ဒကာမတွေက လှူနေတာပဲ။

တာဝန်မဲ့သူသာ မဲ့လို့ရတာ၊ မဲ့လို့မရသူကျတော့ သေရမှာ သော်မှ သေချိန် စဉ်းစားလို့မရဘူး။ တခါတခါ ရင်းနှီးတဲ့ဒကာမတွေနဲ့ စကားစပ်မိလျှင် ပြောရတယ်။ ဘုန်းကြီးဆိုတာ အလကားနေတဲ့ ဘုန်းကြီး တစ်ပါးမှ မရှိဘူး။ တန်ရာတန်ရာတော့ အလုပ်လုပ်နေ ကြတာချည်းပဲ။ ကုန်ကုန်ပြောရရင် ဘုန်းကြီး အလုပ်ရှုပ်လား မရှုပ်လား၊ ကျင်ကြီး ကျင်ငယ် စွန့်တာသော်မှ မနက် စွန့်ရမှာ ညနေရောက်ချင်ရောက်တယ်လို့ပြောရတယ်။

ဒကာ (၄၅) ယောက် ကျောင်းထိုင်ဘုန်းကြီး လာတောင်းကြ တယ်။ ဒကာတို့ကျောင်းထဲကြည့်လိုက်ရင် ကိုယ်တော်တွေခြေချင်း လိမ်ပြီး ရှောင်မလွှတ်နိုင်အောင် ပေါ်များတာ မြင်တယ်မဟုတ်လား။ အဲဒါတွေဟာ အလကားပေါ်များနေတာ မဟုတ်ဘူး။



ဟိုရွာဒီမြို့က အမြော်အမြင်ရှိတဲ့ ဆရာသမား မိဘများက သူတို့ရပ်ရွာနယ်ပယ်မှာ တစ်ချိန်ကျရင် သာသနာအဆက် သာသနာ့ အမွေခံအဖြစ် ကျန်အောင်လို့ တစ်ပါးတလေ ကတ်သီးကတ်သတ် ရှားရှားပါးပါး ပို့ထားကြတာ။ စာပေသင်ကြားပြီးလို့ တတ်မြောက် ကြရင် ပြန်ခေါ်ကြမှာ။ ဒကာတို့ ပေးဖို့ရာ မွေးထားကြတာတွေ မဟုတ်ဘူးဟုမိန့်ကြားလိုက်ရာဒကာများ အံ့အားသင့်သွားသည်။ ဒီလို ရှားရှားပါးပါး မွေးထားရာမှလည်း အကြောင်းမတော်လျှင် ပျက်စီး သွားသေးတယ်။ ဒကာတို့ တောနယ်တွေ ဘုန်းကြီးကျောင်းတွေမှာ ဒကာတို့မွေးထားတဲ့ သားသမီးများကို ဘုန်းကြီးကျောင်း မထားကြဘဲ ခေတ်ပညာကျောင်းချည်း ထားကြတော့ ဘုန်းကြီးကျောင်းမှာ ကျောင်းသားမရှိတော့ ကိုရင်မဖြစ်၊ ကိုရင်မဖြစ်တော့ ဦးဇင်းဆိုတာ မရှိဘူးပေါ့။ ဦးဇင်းမရှိတော့ ဘယ်ကလာ ကျောင်းထိုင်ရှိတော့မှာလဲ။

ဒကာတို့ ရပ်ရွာတွေမှာ ခေတ်ပညာကျောင်းမှာ ငယ်ရွယ် တုန်းက သင်ကြားကြပေမယ့် သဒ္ဓါတရားရှိတဲ့ ကလေးတွေလဲ ရှိပါတယ်။ ထိုတစ်ယောက်တစ်လေကိုသာ သာသနာ့ဘောင်ရောက် အောင် မွေးမြူကြရတယ်။

တန်းကျောင်းမှာနေလဲ ဘုန်းကြီးကျောင်းနှင့် မကင်းစေရဘူး။ ကျောင်းမသွားခင် ကျောင်းပြီး ဘုန်းကြီးကျောင်းမှာသွားနေရတယ်။ အိမ်ကနေ တန်းကျောင်း၊ တန်းကျောင်းက အိမ်ပြန်။ အချိန် ရောက်တော့ သင်္ကန်းဝတ် ခုနစ်ရက်လောက်နဲ့ထွက်။ သင်္ကန်းဝတ် တော့လဲ သင်္ကန်းတောင်မသင်ရ ပုတီးစိပ်မသင်ရပဲ အလှူဝင်ကာနီးမှ

ဘုန်းကြီးဆီလာအပ်၊ အဲဒီလို သံသရာတွေ လည်သွားကြတာ။ ဒါကြောင့် ဒကာတို့ကို ဘုန်းကြီး မပေးနိုင်ဘူး။ ကိုယ့်နည်း ကိုယ့်ဟန်နဲ့ပင့်လို့ လိုက်မယ့်ကိုယ်တော်ရှိရင်တော့ ပင့်သွား။ ဘုန်းကြီးတို့က ဘယ်ကိုယ်တော်လိုက်သွားရမယ်လို့တော့ အမိန့်ချပြီး ထည့်ပေးလို့ မရဘူး။

ဒကာတို့ တောကျောင်းတွေက လိုရင် လိုသလို၊ မလိုရင် မလိုသလို လုပ်တတ်ကြတယ်။ ဘုန်းကြီးကို တန်ဖိုးမထားတတ်ကြဘူး။ လာပါဆို လိုက်လာရသေး၊ ပြန်ပါဆိုတော့လဲ ပြန်ရမယ်ဆိုရင် ဒကာတို့ တောရွာတွေက လင်မယူချင်တဲ့ အပျိုကြီး၊ ယောကျ်ားအတင်းပေးစားသလို အချေ ပျက်ရုံ ပေါင်းတာမျိုးလို ငါ့ကိုယ်တော်တွေ အချေပျက်ယုံတော့ မလုပ်ကြနဲ့။

တောရွာ ဆရာတော်ကြီးတစ်ပါး၊ တပည့်လေးတစ်ပါးလာပို့ထားတယ်။ ဆရာတော်ကြီးက ရှိတာအကုန်ပါပဲ ဘုရားတပည့်တော် တပည့်ကို ပျော်အောင်လည်းမွေးပါ ပညာလည်းအမြန်တတ်အောင် သင်ပေးပါ တပည့်တော်ရဲ့ အမွေခံပါဘုရားဟု ဆိုပြီး ထားခဲ့တယ်။

ထိုဆရာတော်ကြီးရဲ့ မိန့်ကြားသံကြားရတော့ ဘုန်းကြီး ဝမ်းနည်းမိတယ်ပေါ့။ ဆရာတော်ကြီးက ဘုန်းကြီးကျောင်း ပညာသင်ခေတ်ပေါ့ သူ့တပည့်တွေကို လက်ရေးသင်တဲ့နေရာမှာ မြေကျောက်သင်ပုန်းပေါ်မှာ သံချောင်း ချောက်ထွင်းပြီး ထိုချောက်ထဲကို ကျောက်တံ လိုက်ရေးသတဲ့ ကကြီး ခခွေး သင်စဉ်ကပင် အဲဒီလို သင်ခဲ့တာတဲ့ သူ့ လက်ရေးနဲ့ တူမှ ချောက်မပါတဲ့ ဘက်ကို



သူ့လက်ရေးနှင့်တူမတူ ပြန်ရေးခိုင်းသတဲ့ ထိုနောက်မှ သင်ပုန်းကြီးစာကို သင်ပေးသတဲ့။

ထိုဆရာတော်က စည်းကမ်းလည်းကြီးပါတယ် သူ့တပည့်အတွက် သင်္ကန်း စာအုပ် အသုံးအဆောင်များနှင့် ဝတ္ထုငွေဆိုတာလဲ အပြည့်အစုံ ဘာမှ လိုလေသေးမရှိအောင် ထောက်ပံ့ထားသည်။

တပည့်ဟူသည် ကိုယ်ထူကိုယ်ထ ရှာကြံပြီး ကြောင်းကြနိုက်မှ တန်ဖိုးရှိ သုံးတတ်ကြပါတယ်။ အလွယ်ရလျှင် အလွယ်သုံးဖြုန်းလိုက်ကြ သည်က များပါသည်။

ထိုဆရာတော်ရဲ့တပည့်သည် သူမျှော်မှန်းသလို အောင်မြင်မှုရရှိခဲ့ လေသည်။ စာပေလည်းတော် အနေအထိုင်လည်းကောင်း ပိုက်ဆံဆိုမကိုင်ဘူး။ သူ့အရပ်ပြန်ရင်လည်း သင်္ကန်းရုံပြီး ယပ်ကလေး ကာလျက် သူ့ဆရာထံမရောက်မချင်းသွားသည်။

သူ့တို့ရွာနဲ့မြို့နဲ့က ဆယ်မိုင်ကျော်သည် လှည်းမစီးပါ။ သူ့ရဲ့ ဆရာကလည်း ရွာကိုလာမည်လို့ကြားလျှင် ဘယ်နေ့ဘယ်အချိန် ဘယ်နှစ်နာရီကျောင်းထဲဝင်ရမည်ဟု စာဖြင့်အကြောင်းပြန်ထားသည် စောလျှင်လည်း မဝင်ရ နောက်ကျလျှင်လည်းမဝင်ရပါ သက်တော် ဝါတော်ကြီးဖြစ်သော ဆရာတော်က သူ့တပည့်ပညာစုံပြီး ကျောင်းကံနဲ့လည်းနေသင့်ပြီဖြစ်၍ ကျောင်းလွှဲအပ်လိုက်သည် တစ်ချိန်က သင်္ကန်းရုံနှင့် ယပ်တောင်နှင့်ကျခြေနဲ့ သွားလေ့ရှိသော ကိုယ်တော်သည် ကျောင်းတိုင်လို (၅) နှစ်သက်တမ်း ရောက်သောအခါ သင်္ကန်းများလဲ ဝါထိန်လာပြီး ကွမ်းကိုလည်း မပြတ်စားခါမှာလည်း မီးခြစ်နှင့် ဆေးလိပ်များ ထိုးပြီး အဆက်မပြတ် သောက်လေတော့သည်။ တစ်ချိန်က

သူကိုယ်သူ တင်းကြပ်စွာ ချုပ်ထိန်းနေထိုင်ခဲ့သော ကိုယ်တော်သည် အစစအရာရာ အားလုံးပြောင်းလဲပြစ်လိုက်ပြီး ဘယ်လိုမှ မထင်မှတ်ပဲ လူထွက်သွားပါတော့သည်။

ထိုသတင်းကို ဆရာတော်သိတော်မူလေရာ လူထွက်တာတော့ မနေနိုင်ထွက်တာကောင်းပါတယ်။ လူလည်းမထွက် သာသနာလည်းညစ်ပေစေမယ်ဆိုရင်တော့ မတော်ဘူးပေါ့။

ဒါပေမဲ့ .... ဘုန်းကြီးက သူ့တပည့်တော့ နမြောပါတယ်။ တစ်ချိန်က ဘယ်လောက်ကောင်းပြီး လာခဲ့ပေမယ့် ကိုယ့်ကိုယ်ကို မထိန်းကျောင်းတတ်ရင် ထွက်တာပဲ။ ကိုယ့်ကိုယ်ကိုယ် တင်းကြပ်ပြီး သိပ်လည်း မချုပ်ထိန်းကျနဲ့ သိပ်လည်း မလျော့ထားနဲ့ အဲဒီလို ကိုယ်တော်ဟာ တင်းတုန်းက တင်းပြီး လျော့တော့လည်း လျော့လွန်းသည့်အတွက် ဒီလိုဖြစ်ရတာ။ ဒါကြောင့် တင်းလွန်းလျင်ပျက် လျော့လွန်းလျင်ပက်တတ်တယ်ဆိုတယ်လို့ ပြောတာ မလျော့မတင်းသည့် ဘုရားနည်းအတိုင်းသာ နေကြပါ။

## ၅၃။ စည်းရိုးတွေဖယ် ဆိုင်းဘုတ်တွေဖြုတ်

ဘုန်းကြီး သာသနာပြုတာ အကန့်အသတ်မထားပါဘူး၊ အကန့်ထားတယ်ဆိုတာ၊ ဆရာအကန့်အသတ် ပုဂ္ဂိုလ်ရေးရာ အကန့်အသတ် တွေမထားပါဘူး။ ထိုကဲ့သို့သော အစွဲမျိုးတွေနဲ့ သာသနာပြုလို့လဲ အရာမရောက်ပါဘူး။ ထိုအကြောင်းအရာကို ငါ့ဆရာကြတော့ ဒို့ကတော့ တမတ်သားမှမလျှော့နိုင်ပါဘူးလို့ မိန့်သတဲ့။



ဘုန်းကြီးဘာပြုလို့ အစွဲတွေ မထားတာလဲ ဆိုတော့ ဘုန်းကြီး လုပ်ချင်တာတွေ ကျယ်ကျယ်ပြန့်ပြန့် အောင်မြင်စေဘို့ ရည်ရွယ်ချက်ပါပဲ။ အစွဲမထားတာက အကြောင်းရှိသေးတယ်။ ရွှေကျင်သုဓမ္မစသော ဆရာ အမျိုးမျိုးထံ ပညာသင်ကြားခဲ့ရတာဆိုတော့ ပညာသင်စဉ်က အစွဲမထားဘဲ သင်ခဲ့သလို သာသနာပြုတဲ့ နေရာမှာကြတော့လည်း အစွဲစိတ်ဖြုတ်ပြီး သာသနာပြုရတာပါဘဲ။

အင်းဝခေတ် ဆရာတော်တစ်ပါးလို လုပ်ရမယ် ပုံပေါ်တယ် ဆရာတော်တစ်ပါး သာသနာ သိပ်ပြုချင်တယ်။ ကူညီအားပေးမဲ့သူက မရှိဘူးတဲ့။ နောက်ပိုင်း သာသနာ သိကြားစောင့်မှာလို့ ဆိုတယ်။ သိကြားကလည်း ငါ့ကို မကူဘူး။ သိကြားသေပြီထင်တယ် ခေါင်းလောင်း ကြေးစည်တွေ ခေါက်ကြဟ ဆိုပြီး လုပ်လိုက်ကြတယ်။

ထိုအခါ ကြားရတဲ့သူတွေက ဆရာတော်ပျံတော်မူပြီး ကိုယ်ထင်ပြလာရာ ငါမသေသေဘူး။ သိကြားသေလို့ သိကြားသေလို့ဟု မိန့်ရာ လူတွေက ဘာပြုလို့ သိကြားသေရတာလဲ ဘုရားဟု လျှောက်ရာ - ဟ... နောက်ပိုင်း သာသနာ သိကြားစောင့်မှာလို့ မိန့်ခဲ့တာ ငါသာသနာပြုနေတာ သိကြား လာမကူပုံထောက်တော့ သိကြားသေပြီပေါ့ ဟု မိန့်လိုက်သတဲ့ ငါလည်း ဒီလို လုပ်ရမယ့်ပုံဖြစ်နေပြီ။

ဒီကြားထဲ ဒီကျောင်းမှာနေသွားဘူးတဲ့ ကိုယ်တော်တစ်ပါး တိပိဋကအောင်လို့ ရွှေကျင်တိပိဋကလို့ နာမည်ခံပြီး ပူဇော်ပွဲလုပ် မလို့တဲ့ သူတို့က ဘုန်းကြီးလုပ်နေတဲ့ လမ်းစဉ်ကို နားမလည်တော့ သူတို့အတွေးနဲ့ သူတို့လုပ်ချင်တာပြောတာပါ။ ဘုန်းကြီးက လက်မခံလိုက်ပါဘူး။

သာသနာမှာ ပုဂ္ဂိုလ်စွဲတွေ ကန့်သတ်ခြားနားနေကြလို့ သာသနာ ပြုတဲ့ နေရာမှာကြတော့ စပ်မရ ဟပ်မရဖြစ်နေကြတာပါ ရှိတာကတော့ ဘုရားသားတော် သံဃာတော်များအဖြစ်သာ တပေါင်းတစ်စုထဲ သိပါတယ်။

အခု ရွှေကျင်တိပိဋက လို့နာမည်နဲ့ ပူဇော်မယ်ဆိုတော့ တွေးကြည့်လိုက်တော့ ရွှေကျင်ဂိုဏ်းတဂိုဏ်းထဲအတွက် ကွက်ပြီး ဂုဏ်ရှိဖို့ လို့ဖြစ်နေတယ်။ အမှန်က သာသနာတော်တစ်ခုလုံးအတွက် ဂုဏ်ရှိဖို့သာ ဖြစ်သင့်ပါတယ်။

ဘုန်းကြီးက ရွှေကျင်မျိုးအဆက်အနွယ်ဆိုတော့ အစွဲတွေ ဆိုတာ ဘုန်းကြီးက ပိုပြီး ဖြစ်သင့်တယ်။ ဒါပေမဲ့ မဖြစ်နိုင်ပါဘူး။ ဘုန်းကြီးကို မြှောက်စားခဲ့ကြတာက ဂိုဏ်းအသီးသီးက ဆရာသမား တွေပါ။

ထိုဂိုဏ်းအသီးသီးမှ ချီးမြှောက်တော်မူခဲ့ကြတဲ့ ဆရာသမား များကို ကျေးဇူးဆပ်သောအားဖြင့် ဂိုဏ်းစွဲပုဂ္ဂိုလ်စွဲတွေ ဖြုတ်ပြီး သာသနာပြုလုပ်ငန်းကို လုပ်နေတာပါ။

ငါ့ဘုရားသာသနာမှာ ကျင့်ကြံအားထုတ်မှုသာ ပဓာနာ – ဟု ဘုရားမိန့်တော်မူခဲ့သလို ဂိုဏ်းဂဏက ပဓာန မဟုတ်ပါဘူး။ ကျင့်ပြီး အားထုတ်မှုကသာ ပဓာနဖြစ်ပါတယ်

ဒီကျောင်းမှာလည်း ဂိုဏ်းအသီးသီးက ကိုယ်တော်တွေ ရှိနေတာပဲ။ ဘယ်ဂိုဏ်းမဆို ဂိုဏ်းစိတ်မစွဲကြဘဲ စုပေါင်းပြီး သာသနာ ပြုကြဖို့နဲ့ ဘယ်ဂိုဏ်းကမဆို ဘယ်ပုဂ္ဂိုလ်ထံမှမဆို ကောင်းတာမှန်ရင် ယူရမှာပဲ။



သာသနာသုံးစကားများ တစ်ပါး တစ်းပါး သုံးရာမှာ – အရှင် ဘုရားလို့ဆိုတာ ဒွါရဂိုဏ်းက အသုံးတာပဲ။ ကောင်းတော့ယူရတာပါပဲ။ တင်ပါ့လို့ သုံးနေရာ... မှန်ပါအရှင်ဘုရားလို့ ဆိုတာလည်း ကောင်းလို့ ယူထားတာပဲ။

ဒါကြောင့် ဩကာသ ကန်တော့ကျိုးလည်းအမျိုးမျိုး၊ ဘုရား ရှိခိုးလည်း အမျိုးမျိုးရှိကြတာပဲ ငါ့ဟာမှငါဟာ၊ သူ့ဟာမှ သူ့ဟာဆိုတာ မဖြစ်သင့်ပါဘူး။ သုံးတဲ့ပုဂ္ဂိုလ်ဘက်က အဆုံးအဖြတ်ပေးပြီး သုံးကြ ပါလိမ့်မယ်။

ငါတို့ရွှေကျင်စိတ်မထားဘူး၊ ရွှေကျင်ပျက်လို့ တချို့က ပြောကြ သေးတယ်။ သူတို့က ငါ့ကို သုဓမ္မာမှန်းမသိလို့ ပြောနေကြတာပါဟု မနာတတ်တဲ့စိတ်ထားနဲ့ မိန့်တတ်ပါသေးသည်။ ဘာပြုလို့လဲ အားလုံး ဘုရားသာသနာ အတွက်ချည် ဂုဏ်ယူပြီး လုပ်နေလို့ပါ။

ဆရာတော်သည် ဇာတိရပ်ရွာ အလှူပွဲတစ်ခုမှာ ငါတို့ ဆွေ ဘုန်းကြီး၊ မျိုးဘုန်းကြီးဆိုပြီး လာပင့်ကြတယ်။ ငါက ဆွေမျိုးဘုန်းကြီး မဟုတ်တော့ဘူး။ တသာသနာလုံးက ဝိုင်းကြည်ညိုပြီး ကျောင်းတိုက် ကို ထောက်ပံ့ကြတာဆိုတော့ အများဆိုင်ဘုန်းကြီးဖြစ်ပြီး အများ အကျိုးရှိမဲ့ အလုပ်တွေကိုပဲ လုပ်နေရတယ်။

ငါကို ရွှေကျင်မစစ်ဘူး၊ ရွှေကျင်လိုမနေဘူး၊ ရွှေကျင်စိတ်မရှိ ဘူးလို့ ပြောကြတယ်မဟုတ်လား။ စစ်သမှ မျိုးနဲ့ရိုးနဲ့လို့လည်း ပြောချင်သေးတယ်။ စိတ်ဓာတ်ကတော့ မကွဲပြားပါ။ ရွှေကျင်ဂိုဏ်းရဲ့ စည်းမျဉ်းဥပဒေအတိုင်း အညီညွတ်ဆုံးဖြစ်အောင် ပြုပြင်နေထိုက်

လျှက်ရှိလို့ ဂိုဏ်းဖျက်မဟုတ်၊ ဂိုဏ်းနှင့်တူအောင် ကျင့်သူသာ ဖြစ်ပါသည်။

ဒါကြောင့် ဒီကျောင်းက ဂိုဏ်းစည်းရိုးတွေဖြုတ်ပြီး ဆိုင်ဘုတ်တွေ ဖယ်ရှားပြီး နယ်စည်းမခြားဘဲ သာသနာတော်ရဲ့အလုပ်မှန်မှန်လုပ်ကြဘို့ အရေးကြီးကြောင်း မိန့်ကြားတော်မူခဲ့ပါသည်။

## ၅၄။ တရားဖြန့်

ဘယ်အရာမဆို ကောင်းစွာ ပါးနပ်မှု မရှိသေးသမျှ ကျောက်ရှုံ့ထိတ်လန့်မှုများ လွှမ်းမိုးကာ အရာရောက် သင့်သလောက် မရောက်ခဲ့သည်မှာ လွန်စွာ ပေါ်များပါသည်။ အလုပ်တစ်ခုကို ဖြစ်တာမဖြစ်တာ နောက်ထား ကြောက်ရွံ့စိတ်ကို ဘေးဖယ်ထားပြီး ရဲရင့်သော စိတ်ဓာတ်ဖြင့် လုပ်လိုက်မယ်ဆိုရင် (၇၅) ရာနှုန်းဟာ အောင်မြင်မှု ရရှိမှာ အမှန်ပါ။

ဘုန်းကြီးတို့ ငယ်စဉ်က ကိုရင်ကြီးတစ်ပါး စာရေးတံမဲပေါက်တော့ ကိုယ်ကျတဲ့အိမ်ကို ကိုယ့်ဘာသာ ရေစက်ချရမှာမို့ ရေစက်ချတွေ ကျက်လိုက်တာ နားကို ညီးနေတယ်။ ကျောင်းတုန်းကတော့ အထစ်အငေါ့မရှိ ပြိုင်ဘက်ကင်းပြီး တစ်ကောင်ထဲကောင်းတဲ့ လှည်းတက်နွားလို တစ်ဒိုင်းဒိုင်း ပြေးနေတာပေါ့။ စာရေးတံမဲနိုက်တော့ တကယ်စာပါတ်ကျတယ်။

ကျသွားတာလည်း ဆေးလိပ်နဲ့ ဆွမ်းစားတုန်းကတည်းကရင်တွေတုံ့ ရင်တွေခုန်ပြီး ဆွမ်းစားရတာတောင်မှ မဖြောင့်ဘူး။



ဆွမ်းစားပြီးတော့ သီလပေး တရားဟောအပြီးမှာ ရေစက်ချပါတော့သည်။

သူကျက်ထားတဲ့ ရေစက်ချအနည်းဆုံး (၁၀) မိနစ် (၁၅) မိနစ်ကြာပါလိမ့်မည်။ အဲဒီလောက်ကြာမဲ့ ရေစက်ချကို တကယ်ပွဲဝင်လုပ်လိုက် တော့ (၃) မိနစ်လောက်နဲ့ ဆုံးသွားတယ်။ အဲဒါတောင်မှ အရင်းကအဖျား၊ အဖျားကအရင်းလည်ပတ်ပြီး ဘာမှန်းမသိဖြစ်ကာ အရှိန်လေး သတ်ပြီး အဆုံးသတ်စဉ်းစားတာ ပြီးဆုံးသွားရတယ်။

အလုပ်တစ်ခုကို လုပ်နေကြမဟုတ်တော့ ပရိယာယ်လည်း မလုပ်တတ်သေး။ ဗဟုသုတလည်း မပြည့်စုံ လုပ်သက်ကလည်း နုနေသေးမယ်ဆိုရင် ဘေးက အပိုအဆာတွေ လိုရာဆွဲကပ်ပြီး ဆက်စပ်ထည့်ဖို့ရာ နေနေသာသာ ရှိပြီးသားတောင် မေ့သွားတတ်တယ်။

ကလေးတွေ ယဉ်ကျေးမှုသင်ရန် ကျောင်းဆရာ / ဆရာမတွေကို ဘုန်းတော်ကြီးများက နွေရာသီမှာ ပို့ချပြီး ထပ်ဆင့်ပို့ချရန် ပို့ချပေးပြီး သင်တန်းစာအုပ်တွေပါပေးရာ ဆရာတော်တို့ပို့ချလိုက်တဲ့ ယဉ်ကျေးမှုဘာသာရပ်စာပေတွေက သင်ပေးတာလောက်နားလည်ပြီး စာအုပ်ဖတ်ပြန်တော့လည်း စာပဲဖတ်တတ်တယ်။ ဆရာအသိအနေနဲ့ တပည့်များကို ထပ်ဆင့်ပို့ချရန် အဓိပ္ပါယ်ကျယ်ကျယ်ပြန့်ပြန့် မသိကြောင်း သင်လိုက်တဲ့ စာမှအပ အခြားဟာကို ချဲ့ထွင်ပြီ မသိကြောင်း။

ဆရာတော်တို့က ဒီစာကိုအလွယ်သင်ကြားပေးရင် အဓိပ္ပါယ်အကျယ် ရှင်းလင်းချက်များလည်း ဝေဆာအောင် ပြောနိုင် သင်နိုင်

ပါတယ်။ တပည့်တော်တို့ လက်တွေ့အားဖြင့် ယဉ်ကျေးမှုဘာသာရပ် ပုစ္ဆာများလာယူရန် မြို့နယ်က ခေါ်လို့သွားရာ ပုစ္ဆာထုတ်ကြီး ချိတ်ပိတ် ပေးလိုက် စာဖြေဌာနရောက်ပို့ ဖောက်ကြည့်ရာ စာရွက်ပေါ်ပါစာမှ တခြားဘာမှ နားမလည်၍ ကျောင်းမှဆရာတော်ကို အကူအညီ တောင်းပြီး ပုစ္ဆာတိုင်းရဲ့ အဖြေလွှာကို ရေးပေးတော်မူပါရန် လျှောက် တော့မှာ အားလုံးအဆင်ပြေသွားပါတယ်။

ဆရာတော်ဘုရား ပုစ္ဆာကို ကြိုတင်ဖတ်ပြီး စဉ်းစားတော်မူပါ ဘုရား ဟု လျှောက်ရာ ရပါတယ်။ ဒကာကြီး ကြိုတင် ကြည့်စရာ မလိုပါဘူးဟုမိန့်တော်မူပြီး ပုစ္ဆာစာရွက်ကောက်ယူကာ ဘောပြားကြီး မြေဖြူတောင့် ကိုင်ယူတော်မူပြီး ပုစ္ဆာ(၁၀)ပုဒ်လုံး ဆုံးအောင် တကြိုးထဲ ရေးချသွားလိုက်တာ အရကျက်ထားတဲ့ စာသားကျနေ တာဘဲ။

ကိုယ်နိုင်ရာနိုင်ရာ အားရာ အားရာမှာ အထစ်အငေါ့မရှိ စဉ်းစားတွေးတောခြင်းမပါဘဲပြီးနိုင်စွမ်းရှိကြသည်ကို သတိမူသင့်ကြ ပါသည်။

ကိုယ်တော်တစ်ပါး တရားဟောအသင့်အတင့် ဖြစ်နေပြီး ကြားလို့ကျောင်းမှာ နည်းနည်းမှ အကူအညီရရဆိုပြီး ညတရားဟော ထည့်လိုက်တယ်၊ ဟုတ်မယ်ဆိုရင် ပထမမဟုတ်ရင်တော့ နောက်ဆုံး ပဲနေ့ာ်လို့မှာလိုက်တယ်။

မနက်ရောက်တော့ ပြုံးတုံးပြုံးတုံးလားပြီး ကန့်တော့တယ် သူ့ပြုံးပုံထောက်တော့ ဟုတ်တယ်တူရဲ့ပေါ့။ ဒါနဲ့ ကိုယ်တော် ဘာတရားတွေ ဟောခဲ့တုန်း မေးလိုက်ရာ ပထမတော့ အလှူနဲ့



ပတ်သက်တဲ့အကြောင်းအရာလေးတွေနဲ့ ဟောပြောပြီးနောက်ပိုင်းမှာ ခန္ဓာငါးပါးအကြောင်း ဟောခဲ့ကြောင်း ပြောရာ ဟင်...မင်း ခန္ဓာငါးပါး လုံး တစ်ညထဲ အကုန်ဟော ခဲ့သလား လို့မေးတော့ ငါးပါးလုံး အကုန်ဟောခဲ့ကြောင်းပြန်ဖြေရာ -

ကိုယ်တော်ရယ် ခန္ဓာငါးပါးထဲက တစ်ပါးဆိုရင်ကို ငါးညစာ ဟောမှာ (၂၅)ညစာ ဟောရမဲ့တရားတွေကို ကိုယ်တော်က တစ်ထိုင်နဲ့ အကုန်ငါးပါးလုံး ဟောခဲ့တယ်ဆိုတော့ ကိုယ်တော်က တရားဖြန်း မွှေကထိကပါဟုမိန့်တော်မူပြီး ဟုတ်ပါတယ်လေ အပြစ်မဆိုသာပါဘူး တရားဟောရာ ကျွမ်းကျင်မှုမရှိသေးတော့ စပ်မိစပ်ရာ အဆင်ပြေ အောင် တရားတစ်ပွဲပြီး ဆုံးအောင်တော့ ဟောရမှာပေါ့ အများ လက်ခံအောင် ဟောနိုင်စွမ်းရှိတယ်ဆိုရင်ပဲ မနည်းတော့ပါဘူး။ နောက်ဟောသွားကြလာတော့ တရားသားတတ်ပြီး အားလုံး အဆင်ပြေသွားပါလိမ့်မယ်။

## ၅၅။ စိတ်ကို ကြီးရင့်အောင်မွေးပါ

စိတ်လျှော့ထားပါ - ဟူသော လောကစကား ဆိုထားသလို လူကြီးပြီ စိတ်မကြီးဘဲ လူရင့်ပြီးစိတ်မရင့်ကြသူတွေကို တွေ့ရသော ဆရာတော် သည် သူ့အရွယ်နှင့်သူ့စိတ်နှင့်လိုက်လျော့ညီထွေအောင် နေတတ်ထိုင်တတ်ကြရန် လိုအပ်ကြောင်း ဆုံးမစကားမိန့်ကြားတော် မူတတ်ပါသည်။

များသောအားဖြင့် လူကအသက်အရွယ်ကြီးရင့်လှပါပြီး စိတ်ကြတော့သေးနုပ်ပြီး ရင့်ကျက်မှုမရှိပါ။ စိတ်ရင့်ကျက်မှု မရှိသူများသည် ဆက်ဆံရေးကျဲတတ်သည်ဟုလည်းဆိုသည်။

အသက်အရွယ်ကြီးရင့်လာသူများသည် ငယ်စဉ်ကတည်းက အသွား အလာ အပြောအဆိုများကိုစဉ်စား ဆင်ခြင်တတ်သော အသိတရားမပါဘဲ ဒိုးဒိုးဒေါက်ပြုလုပ် ပြောဆိုဖြစ်တတ်ကြပါသည်။

ထိုကဲ့သို့မဟုတ်ရမူ၍ ငါသည် ဒီအသက်အရွယ်ရောက်နေပြီး အပြောအဆို အနေအထိုင်များ ထိန်းသိမ်းပြုပြင် ဆင်ခြင်ဦးမှ တော်မည်ဟု ဆင်ခြင်တုံတရား လက်ဝယ်ထားလျှက် ပြောင်းလဲလိုက်ပါက ကိုယ့်ဘဝ စိတ်ရောကိုယ်ပါ ရင့်ကျက်လာမည်ဖြစ်ကြောင်း။

တိပိဋက မင်းကွန်းဆရာတော်ကြီးမှလည်း ငယ်စဉ်ကတော့ ဒို့လဲပျော်ပျော်ပါးပါး နေလာခဲ့တာပါပဲ။ ကြီးရင့်လာတော့ ဝေါနဲ့ တင်ခေါ် လို့တောင်မှ မလိုက်ပါဘူး ဟု အမိန့်တော်ရှိခဲ့ဖူးပါသည်။

လူကြီးပြီးစိတ်နုသေးနေပါက ပေါင်းရသင်းရတာ ခက်ခဲတတ်ပါသည်။ သူငယ်ချင်းတစ်ယောက်က ပြောဖူးပါသည်။

ဆရာတော်ကြီးတစ်ပါးကို ကန်တော့ရာ မင်းနာမည်က ဘယ်သူလဲ ဟု မေးရာ သူနာမည်ကို -ဦး - ဟု ထည့်ပြီး လျှောက်ရာ ဆရာတော်မှ နာမည်ရင်းထည့်လျှောက်သည်ကို သဘောမကျဖြစ်ကာ ဟေ့ကောင် မင်းအဖေ မေးနေတာကွ။ ပြင်ပြောစမ်းဟု မိန့်ရာ နောက်နှစ်ခါ လောက် ထပ်မေးလဲ ဦးဘယ်သူပါဟု ထပ်လျှောက်ရာ ဆရာတော်ကလည်း မင်းအဖေက မေးနေတာကွ ဟု ထပ်တလဲလဲ မိန့်တော်မူပြီး -ကြီးတဲ့သူတို့ ဆရာသမားတို့က မေးရင် ဦးတို့. ကိုတို့. မတို့ထည့်မလျှောက်ရဘူးကွ ရိုင်းတယ် ရိုးသေလေးစားသောအားဖြင့် အရင်လုံးကိုဖြုတ်ပြီး လျှောက်ရတယ်မှတ်ထားတဲ့။



ကိုယ်နှင့်စိတ်ကိုတရားနဲ့ရင့်ကျက်သွားလာသည်ကား တစ်မျိုး အသက်အရွယ်အားလျော်စွာ ရင့်ကျက် သိမ့်မွေ့လာသည်ကာ တစ်နည်း အားဖြင့် ရင့်ကျက်ကြီးထွားသိမ်းမွေ့လာနိုင်ပါသည်။

သူတစ်ပါး နည်းပေးလမ်းပြပြုလုပ်၍ ရင့်ကျက်ပြီးသိမ်မွေ့ပြီး ပြောင်းလဲလာသည်ထက် ကာယကံရှင်ကိုယ်တိုင် ပြောင်းလဲလာသည် ကား တစ်ဘဝတာကောင်းရုံမက တရားထူး တရားမြတ်ရသည်အထိ အကျိုးကျေးဇူးများလှပါသည်။

စာရေးသူအား ဆရာတော်အမိန့်ရှိဘူးသည်မှာ အုပ်ချုပ်ရေး လူကြီး ခေါင်းဆောင်ပေးအပ်တယ်ဆိုတာ အနေကြာလို့လဲမဟုတ်၊ စာတတ်လို့လဲမဟုတ်၊ အသက်ကြီးလို့လဲမဟုတ် ခေါင်းဆောင်လုပ်မဲ့ ပုဂ္ဂိုလ်ရဲ့ရင့်ကြပ်မှု ရှိမရှိ ဆုံးဖြတ်ပြီး ခေါင်းဆောင်လုပ်ရတာဟု မိန့်ဘူးပါသည်။

ငါဒီအသက်အရွယ်တုန်းကဆိုရင် ဒါမျိုးမရဘူး။ လုပ်ပြစ်လိုက်တာပေါ့ ဆိုသောအပြောသည် အခုချိန်မှာတော့ ကိုယ်ရောစိတ်ပါ ပြုပြင်ထားလို့ဟိုတုန်းကစိတ်မျိုး ကိုယ်မျိုးမဟုတ်တော့ဘူးလို့ဆိုတာ ကိုယ်လုပ်တဲ့ အလုပ်တွေကို ပြန်ဆင်ခြင်ပြီး လွန်းကျူးတာမှန် သော်လည်း ကိုယ်စိတ်နှစ်ပါးဆုံးမ ယဉ်ကျေးပြီးဆယ်ခုမှာ တစ်ခု သုံးကာပြုလုပ်မိမှာ တစ်ခါလောက်အထိ သည်းခံမှုအား ကောင်းလာ ပေသည်။

အလိုအလျှောက်တော့ ကိုယ်စိတ်များ မရင့်ကျက်လာနိုင်ပါ ဝုဒ္ဓါနုသာသတိ၊ မေတ္တာနုသာသတိ အသုဘာမရဏာနုသာသတိ ဆိုသော၊

သဗ္ဗတ္ထ ကာဓေါမ တုရာရက္ခ တရားတစ်မျိုးမျိုးဖြင့် ကိုယ်နှင့်စိတ်ကို သုံးမရပါမည်။

တစ်ခါတစ်ခါ ဆရာတော်မှ ငါက နေ့စဉ်မနက်မိုးလင်းက ညရောက်သည်အထိအိန္ဒိယရောက်နေပြီးအိန္ဒိယသားတွေနဲ့တွေ့ကာ အဝိတ်တန်တွေနဲ့ တွေ့ပြီးသူတို့နဲ့စကားပြောနေရ တော့မြန်မာပြည် ဘွား ကိုယ်တော်တွေနဲ့ မြန်မာလူမျိုးတွေနဲ့ စကားပြောရ နေထိုင်ရ တာတယ် ပြီးအဆင်မလှဘူး။

တစ်နည်းအားဖြင့် မည်သူမှ လိုက်မမီတဲ့ ဘုရားဟော စာပေ ပိဋကတ်တွေရဲ့အသိအလိမ္မာတွေနဲ့ အချိန်ရှိတိုင်းနေရတာဆိုတော့ ဗမာလူမျိုးတွေရဲ့ကိုယ်စိတ်အနေအထားနဲ့ ဘုန်းကြီး မကိုက်ညီလှဘူး။

ဒါကြောင့်ကိုယ်နဲ့စိတ်ကို ကိုယ်ခန္ဓာ အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ ထစ်ခနဲဆို ဒိုင်းခနဲ မပြုလုပ်တော့ခြင်းသည်စိတ်ကိုယ်လည်း ရင့်သန်လာအောင် ကြီးထွားလာအောင် တရားတစ်မျိုးမွားပြီး ယူရပါတယ်။

ကိုယ်နဲ့စိတ်ကိုမဆုံးမဘူးဆိုရင်ထိုကိုယ်နဲ့စိတ်တို့သည်ရုန်းရင့်ကြမ်းတမ်းမှုကြောင့် အသက်များတိုရခြင်း၊ ကျန်းမာရေးချို့တဲ့ခြင်း၊ ခန္ဓာကိုယ် အအိုမြန်လာခြင်း စသော မလိုလားအပ်သော အကျိုးတရားများ ဖြစ်ပေါ်လာနိုင်ပါသည်။

တောင်းတလည်းကင်း၊ကြောင်းကြရှင်း၊
သောကကင်းနိုင်ကြပါစေ၊
သက်ရှည်ကျန်မာနဖျံ့စွာ
နေရာလူတို့ပြည်



ဟူသော လက်ဆောင်လေးပေးရင်း ဆရာတော်ဘုရားကြီး မျှော်မှန်းသော စိတ်ကို ကြီးအောင်မွေးပြီး ရင်သန်းလာသည်အထိ မွေးမြူကြပါ ဟု မိန့်မှတ်တော်စကား တပည့်၊ သား၊ မြေးများအား တိုက်တွန်းမိန့်ကြားတော်မူခဲ့ပါသည်။

## ၅၆။ သူဗာကြီးက အလှူကြီး

ဆရာတော်သည် စာပေပို့ချမှုကိုသာ စာချဘုန်းကြီးများတို့အား အားပေးချီးမြှောက်ပြီး တရားဟောခမ္မကထိက အဖြစ် သီးခြားချီးမြှောက်ခြင်းမရှိပါ။

သို့သော်လည်း သာရေးနာရေးများတွေ့ဆုံလာသောအခါ မလွှဲမရှောင်သာ သံဃာ့တာဝန်များ မကျေပွန်ဖြစ်ပြီး လူအများ၏ အပြစ်တင်မည့်ဘေးမှ လွတ်စေရန်လည်းကောင်း၊ တိုက်တာ၏ ပြည့်စုံရမည်အင်္ဂါနှင့်ပြည့်စုံစေရန်လည်းကောင်း အများလက်ခံမည့် ကိုယ်တော်သာတရားဟောရေစက်ချတာဝန်ချမှတ်ထားပါသည်။

တရားဟောကိုယ်တော်တစ်ပါးဖြစ်ဖို့သည် အရက်မရှိဖြစ်တယ် ပါပဲဟု မိန့်လေ့ရှိပြီး စာချဘုန်းကြီးတစ်ပါး ပီပီပြင်ပြင် ဖြစ်ရန်မှာတော့တစ်ရာတစ်ပါးတစ်ထောင်တစ်ပါးရခဲကြောင်းလည်း အမြဲမိန့်တော်မူလေ့ရှိပါသည်။

ဆရာတော်လည်း ငယ်စဉ်ကတည်း ဓမ္မကထိက လုပ်ခဲ့ကြောင်း။ဒါလည်းဆရာသမားများနှင့်အများကမြှောက်ပင့်တွန်းတင်လို့သာဖြစ်ရကြောင်း အသံအနေအထားကတော့ အကောင်းကြီး

မဟုတ်တောင်မှ အဆိုးကြီးလည်းမဟုတ်ကြောင်း လောကမှာ အသိတို့ ရုပ်တို့ ဆံပင်တို့ ညာဏ်တို့ ကံတို့ဆိုတာ အမေမွေးတဲ့အတိုင်း ပြင်လို့ရခဲကြောင်း။ ဒါပေမဲ့ ပြုပြင်မယ်ဆိုရင်လည်း ထိုက်တန်သလောက်တော့ ရနိုင်ကြောင်း။

ဥပမာ - နှာခေါင်းလေးပြားနေရင် ချွန်သွယ်လာအောင်ပြန်ပြီး လှလာနိုင်ပါတယ်။ လူမှာအဝတ်၊ တောင်းမှာအကွပ် ဆိုတာလိုပင် ကိုယ်ကရုပ်က သိပ်မလှပေမဲ့ အဝတ်ကို သန့်သန့်ပြန့်ပြန့် သပ်သပ်ရပ်ရပ် ဝတ်ဆင်မယ်ဆိုရင် အတော်အတန်တော့ လှသလိုဖြစ်လာတာပါပဲ။

ဗုဒ္ဓါနုဿတိ၊ ဘုရားဂုဏ်တော်များ ပွားများအားရှုံပြုခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ တရားဘာဝနာပွားများခြင်း တို့သည် ရုပ်ခန္ဓာကြည်လင်ခြင်းများ ရရှိနိုင်ပါမည်။

တစ်နေ့သောအခါ - မွေကထိကစရင်းဝင် ကိုယ်တော်တစ်ပါးသည် ကျောင်းတွင် ဆွမ်းကျွေးပွဲတစ်ခုတွင်မှာ တရားဟောရန် တာဝန်ပေးလိုက်ရာ ဟောသည့်တရားက သုတ်တော်ကို အခြေခံထားပြီး ဟောကြောင်း တရားဟောပြီးသောအခါ ကုသိုလ်ရှင်တို့မှ ကျေနပ်မှုရရှိသွားပြီး တရားဟောကောင်းကြောင်း တရားလည်းကောင်းကြောင်း ချီးကျူးကြသည်။

ထို့အကြောင်း ဆရာတော်ကြားသိသောအခါ ဒီ့ကတော့ အဲဒီလောက်ချီးကျူးသြဘာပေးရလောက်အောင် မဟောနိုင်ကြောင်း၊ ချီးကျူးလောက်အောင်ဟောနိုင်တဲ့ကိုယ်တော်တော့ တော်ပါကြောင်း ထောက်ခံလိုက်ပါသည်။



ထိုတရားကို ဆရာတော်မှ တစ်နေရာကနေ နားထောင်နေပြီး သိထားပြီးဖြစ်သောကြောင်း။ ထိုကဲ့သို့ အများက ချီးကျူးသြဘာပေးနေချိန်မှာ ကောင်းနေကြမှာပေါ့ သူဟာကြီးကဖြင့် အလွဲကြီးဟု မိန့်တော်မူလိုက်ပါသည်။

တရားက လောဘ၊ ဒေါသစသော ကိလေသာတရားတွေ နှီးကြားအားကောင်းနေသည့်အခါ သဒ္ဓါစသော သူတော်ကောင်းတရားတွေ အိမ်ပျော်အားလျော့နေရသည်။

သဒ္ဓါစသော သူတော်ကောင်းတရားတွေနှီးကြားအားကောင်းချိန်မှာ လောဘစသော ကိလေသာတရားတွေ အိပ်ပျော် အားလျော့သွားကြောင်းဖြစ်သည်။

ထိုကဲ့သို့ လေးခုကို နှစ်ဖြစ်အောင်တွဲပြီး ဟောရမှာကို နှစ်ခုဖြစ်အောင်မတွဲနိုင်ပဲ၊ တရားလည်းပြီး ရှေ့ရောက်နောက်ရောက် ပါဠိဂါထာ လေးရွတ်လိုက်နှင့် တစ်နာရီခွဲတစ်ခွဲ ကုန်ရရ ဟောသွားတယ် လည်ကောင်း မွေကထိကကို ဆရာတော်မှ တွေ့ဆုံမေးရာ မွေကထိကမှ ဟောနေကျတရားငယ်နိုင်ဆိုပြီး ဟောလိုက်တာ လေးပါးကို နှစ်ပါးမပေါင်း တတ်တော့ တရားလည်နေကြောင်း ဝန်ခံသွားသည်။

ထိုကိုယ်တော်က ပရိသတ်ကို ကြောက်လို့လား ဟု မေးရာ မကြောက်ကြောင်း ကိုယ်တော်တဲ့ တစ်ရာတစ်ပါးသူက အလွဲအမှား မသိကြောင်း တစ်ပါးသူ ဟောတာလည်းအများက မသိနိုင်ကြောင်း ဟောသူသာ အမှားအမှန်သိကြောင်း ဆရာတော်အား လျှောက်ထားဝန်ခံရတော့သည်။

## ၅၇။ ထိုး - ဝိုး - မိုး

တောရွာသာသနာပြုတောကျောင်းမှာ သီတင်းသုံးတော်မူကြတဲ့ ဘုန်းတော်ကြီးများသည် မြို့ပေါ်နေရတဲ့ ဘုန်းတော်ကြီးများလောက်တော့ အရာရာအဆင်မပြေကြပေ။

ထိုကဲ့သို့နေကြရသည်အထဲ ကိုးကွယ်ကြသည့်ဒကာဒကာမတွေကလည်း ပင့်တုန်းက ပင့်ထားကြပြီး မထင်ရင်မထင်လိုပြောကြလုပ်ကြသေးသည်။

တချို့တော့လည်း ကိုယ့်ဆန္ဒအလျောက် ကျောင်းထိုင်ကြရသလို တချို့ကြတော့လည်း တာဝန်ပေးချက်အရ ကျောင်းထိုင်ကြရသည်။

တောရွာမှာ ဘုန်းကြီးတစ်ပါးရဖို့ နေဖို့ဆိုသည်မှာလည်း အတော် စိတ်ကူးမလိုတဲ့ အဖြစ်တစ်ခုပါပဲ၊ အရပ်ဒေသအားလျော်စွာဘုန်းကြီးကို တန်ဖိုးထားတတ်ကြသည့် အရပ်ဒေသရှိသလို တန်ဖိုးမထားတတ်ကြသည့်အရပ်များလည်း ရှိကြသည်။

ပင့်ဆောင်စဉ်က လိုလိုချင်ချင် ရှိသလို အနေကြာလာတော့ ရိုးပြီးအရေးမပါသလိုဖြစ်ပြီး နောင်သောအခါ အပြစ်များပင် လုပ်လာတတ်ကြပါသေးသည်။

ရောက်စ ဝါ၊ ဆိုရိုးစကားအရ ရောက်စလောက်သာ ပေါ်များသော ဆွမ်း၊ ဘောဇဉ်၊ ပစ္စည်းလေးပါးတို့သည် တဖြေးဖြေး တစ်ဦးအပေါ်တစ်ဦးအမြင်မကြည်လင်သည်အခါ ကျောင်းကထွက်ပေါက်ရှိလျှင် ထွက်ကြသည်၊ ထွက်ပေါက်မရှိလျှင် အပူအစပ် တူမှုသူများစုပေါင်းပြီး နှတ်ထွက်ကြပြီး ဘေးကနေ အတိုက်အခံလုပ်ကြပြန်တော့သည်။



ဆရာတော်ကြီးတစ်ပါး - ရွာနားမြက် ရွာနွားမစားဆိုတာလိုလက်ရှိဘုန်းတော်ကြီးကို အပြစ်မြင် အထင်သေးပြီး မရှိသေးသည့်ဘုန်းကြီးကို မျှော်ပြီး အထင်လှမ်းကြည့်တတ်ကြပါသေးသည်တဲ့တောရွာရဲ့ မျက်နှာကြီးဆိုသူ ရွာတစ်ရွာမှာ ရှိတတ်ကြပါသည်။ ထိုသူကောင်းလျှင် အများက မကောင်းသော်လည်း မကြိုက်သော်လည်း မချစ်သော်လည်း အောင့်ကာနမ်းသဘောမျိုး အရောင်ဆောင်ကြည်ညိုတတ်ကြပါသည်။

ရွာမျက်နှာဖုံးဆိုရင် ကောင်းမကောင်းဘူးဆိုရင်လည်း အများမကောင်းတတ်ပါဘူး၊ ဘုရားဟောတော်မူသည့် အတိုင်း ငါဘုရားသာသနာ နောက်ပိုင်းမှာ တောထွက်ရဟန်းကြီးတွေ ဖြစ်ရစ်မှာပါဟုမိန့်တော်မူခဲ့ပါသည်။

ထိုရဟန်းများနှင့် ဂိုဏ်းရောင်ရောင် နတ်ရောင်ရောင် ဘိုးတော်ရောင်ရောင်တွေနဲ့ သာသနာ အစစ်အမှန်နဲ့ ရောထွေးပြီး ကိုးကွယ်သူတို့က ယောင်မှားရောထွေးပြီး ကယောင်ကတမ်း အမှားအမှန် အစစ်အတု၊ မကွဲပြားတော့ဘဲ ကိုးကွယ်ရတော့မည်သာ။

နောက်ပိုင်းမှာ ဆရာချင်း၊ ဂိုဏ်းချင်း၊ အုပ်စုချင်း ကွဲပြားခြားနားကန့်သတ်မှုများ တိုးပွားလိုကြသောကြောင့် ဘုရားသားတော် အချင်းချင်း စိတ်ရင်းစိတ်ဓာတ် မသင့်မြတ်ကြကာ ဘုန်းကြီးချင်း ဒကာချင်းလည်း သွေးစည်းမှုမရှိတော့ဘဲ အကွဲအပြားတို့သည် အရပ်ဒေသတိုင်းလိုပေါ်ပေါက်လျက် ရှိပါသည်။

ကိုးကွယ်သည့် ဒကာ ဒကာမများကလည်း ကိုယ်ကိုးကွယ်သည့်ဘုန်းတော်ကြီးကို - ကျိုးကိုဘုတ်မြှောက်၊ ဘုတ်ကိုကျိုးမြှောက်၊

မြှောက်ထိုး ပင့်ကော် ပြုလုပ်ကြကာ ၎င်းဘုန်းကြီးက စာတတ်တယ်၊ တရားဟောကောင်းတယ်၊ ရုပ်ချောတယ်၊ ဂုဏ်ရှိတယ်၊ ဘာစာမေးပွဲတွေအောင်တယ် စသည့်မြှောက်ပင့်ပြီး တခြားဘုန်းကြီးတွေကြတော့ နှိမ်ချပြောတတ်ကြပြီး ဒကာကိုဆရာကမြှောက်တော့ ဒကာမွဲဆရာကို ဒကာကမြှောက်တော့ ဆရာလည်း အပြစ်နောက်ဆုံး ရောက်ကြပါတော့သည်။

ထို့ကြောင့် ဆရာတော်သည် ပညာသင်ချိန်မှာ သင်ကြားပြီး သင်ပြီး တတ်မြောက်တဲ့အခါ တစ်ရွာတစ်ကျောင်း သာသနာပြု သွားရောက်ကြရန် အားပေးချီးမြှောက်တော်မူလေ့ရှိပါသည်။

ထိုတောရွာ ဘုန်းကြီးများကိုယ်ကျောင်းကိုယ်ကံနဲ့ သာသနာပြု သွားနေကြရာ ထိုဘုန်းကြီး ထိုကျောင်း ပျော်မပျော် စမ်းသပ်လေ့လာ နည်းလေး ဘုန်းကြီးငယ်စဉ်က ကြားဖူးတယ် ဟုတ်မဟုတ်တော့ မသိဘူး။

ကျောင်းထိုင်ဘုန်းကြီးမှန်ရင် –

(၁) ဗိုက်ထိုးတတ်ရမယ်

(၂) ပိုးတာပန်းတာလည်းဖြစ်ရမယ်

(၃) သစ်ပင်၊ ပန်းပင်၊ ဥယျာဉ်စိုက်ပျိုးတာ ဝါသနာပါရမယ်

ထိုအင်္ဂါသုံးရပ်တစ်ရပ်ရပ် ချို့ယွင်းနေပြီဆိုရင်တော့ ထိုကိုယ်တော် ထိုကျောင်းမှာ မပျော်ပိုက်သူလို့ ယူဆရမယ်တဲ့။

ဒကာတစ်ယောက် ဆရာတော်ဘုရားကြီးကို လျှောက်ထားဖူးသတဲ့။ လျှောက်ထားပုံမှာ – တောရွာသာသနာပြု ဘုန်းတော်ကြီးတွေလည်း ပျော်မွေ့အောင် သာသနာလည်း မျိုးဆက်မပြတ်အောင်



ယိုးဒယားက သာသနာပြုနည်းအတိုင်း ကျောင်းအပ်သည်နှင့် တစ်ပြိုင်နက် မင်္ဂလာပါ ဆောင်ပေးလိုက်ရင် ကောင်းမယ်ထင်တယ် ဘုရား – ဟုလျှောက်ရာ –

အင်း... ဒကာကြီး သာသနာပြုနည်းက ကောင်းလွန်းအားကြီးတယ် ဒီလောက်ကောင်းလွန်းတော့လည်း သာသနာပြု အစစ်မဟုတ်တော့ဘူး။ အတု အရောင် သာသနာပြုဖြစ်ပြီး သာသနာပြုအတွင်းသာ အချောင်သမားတွေ များလာကာ အတုအစစ်ကို ဖုံးကွယ်လွှမ်းခြုံသွားမှာ သေချာတယ် ဒကာကြီး။

ဘုရားရှင်ရဲ့ စည်းကမ်းဥပဒေအတိုင်းများတိုင်း မကောင်းပယ်ပြီး နည်းနည်းနှင့် အရည်အချင်းပြည့်ပြည့် အစစ်အမှန် သာသနာပြုနည်းပဲ ကောင်းပါတယ် ဒကာကြီးရာ ဟုမိန့်တော်မူလိုက်ပါသည်။

## ၅၈။ ရွှေမန်းတင်မောင် ဈာပနအစည်းဆုံး

ဗုဒ္ဓဘာသာထုံးစံအရ ဘုန်းကြီးပျံများမှာ ပုခက်ခံဏကလာပ် လောင်းတိုက်၊ ကရဝိတ်၊ မဏ္ဍပ်၊ ဖယောင်ကျူး၊ ဇာတ်၊ ဒုံးကြည်ဖြစ် လောင်တိုက်ပွဲခင်းများ ကစားဝိုင်းများလေးငါးခြောက်လအချိန်ယူပြီး ဘုန်းကြီးပျံပွဲ ကျင်းပလေ့ရှိပါသည်။

ဘုန်းကြီးသေရွာကျေဟူသော စကားအရ – ဘုန်ကြီးပျံပွဲ ကျင်းပရန် ဆိုင်ရာဒကာ ဒကာမများကို ငွေခွဲတမ်းများခွဲကြရသည်။

ရှေးထုံးအရပ် –ပြသာဒ်ဆရာ – လောင်တိုက်ဆရာ၊ မဏ္ဍပ်ဆရာ၊ ပုခက်၊ ခံဏကလာပ်ဆရာများငှားပြီး ရွှေရောင်စက္ကူ ငွေရောင်စက္ကူ ဒါးစက္ကူများဝယ်ကြရသည်။ ရှေးထုံးကတော့ လူတွေ

သေရင်တောင်မှပြသာဒ်ကြီးများအတူရောက်သည်အထိဆင်ဆင့်ဆဲ နှစ်ဆင်လောက်ပြုလုပ်ကြသည်။

ဆေးရေးဆရာများကလည်းလက်ရာများကောင်းကောင်းဖြင့် ပြုလုပ်ကြပါသည်။ ရှားစက္ကူတစ်ရွက်ဆယ်ပြား ငွေရောင် ရွှေရောင် တစ်ချပ်ငါးမူး တစ်မက် ဝါးတစ်လုံးတမတ် ဘုန်းကြီးပျံပွဲ ကုန်ကျစရိတ် ကျွေးခန်းမွေးခန်း အပါအဝင် တစ်သောင်းကျော်လောက်ဆိုရင် ဘုန်းကြီးပျံပွဲတစ်ပွဲပြီးသည်။

ယခုခေတ်မှာ – ဝါးတစ်လုံးသုံးရာ မဏ္ဍာပ်ကရဝိတ် ပုခက်ခံ ကလာပ်အစုံတစ်သိန်းခွဲနှစ်သိန်းကျော်သည်ရှားစက္ကူတစ်ရွက်၁၀ဝိ၊ ရွှေရောင် ငွေရောင်စက္ကူတစ်ချပ် – ၅၀ဝိ/ စသည်ဖြင့် အဆများစွာ မနိူင်သာပေ။

အခုတော့ ဘုန်းကြီးပျံပွဲကို အကျဉ်းချုံးပြီး ပင့်သံဃာများများ ပင့်ပြီး ဆွမ်းဘောဇဉ်ဆပ်ကပ်ပြီး လှူရန်များ လှူကာ အေးဆေးစွာ ပြုလုပ်ကြသည်ကာ များပါသည် ငွေကုန်ပြီး အကျိုးမများတာတွေ မလုပ်တော့ပါ။ ဆရာတော်တို့ဘက်က ဒကာဒကာမ ဘက်လည်း ငွေညှာမလိုတာကိုလည်း ပယ်ဖြတ်ပြီး တစ်ပတ်အတွင်း အပြီးကျင်းပ ပြုလုပ်တာကို သဘောကျသူရှိသလို မကျနင့်သူလည်းရှိပါသည်။

ဘုန်းကြီးပျံတစ်ခုမှ ကြီးမားသောဆရာတော်များနှင့် တိုင်ပင်ပြီး ကုသိုလ်ရရ ကျင်းပလိုက်ရာ မီးသင်္ဂြိုဟ်ရန် ဆရာတော်ရဲ့ ရုပ်ကလာပ်ကို ထုတ်ဆောင်ကြရာ မကျေနပ်သော ဒကာများက နောက် ဘုန်းကြီးသေရင် ဒီလိုပဲ ချမှာကွ ဟု ထမ်းရင်း တွန်းရင်း အော်ဟစ်ပြောဆိုကြလေသည်။



တခြားဘုန်းကြီးပျံတစ်ခုမှာတော့ သက်တော်(၈၀)ကျော် ကျောင်းထိုင်သက် နှစ်(၄၀)ကျော် သီတင်းသုံးခဲ့ပေမယ့် ရွာက ဘုန်းကြီးပျံပွဲကျင်းပရမှာ ကြောက်တော့ ဘုန်းကြီးက ကျောင်းမအပ် ရသေးသည့်အတွက်မသာကြီးကျဘဲချမယ်ဟုပြောနေကြရာ။

ဩဇာတိက္ကမထက်မြတ်၍ ယုံကြည်ရလောက်သော ဆရာ တော် တစ်ပါးကို တိုးတီးစွာ လျှောက်ပြီး ဘုန်းကြီးပျံပွဲ ဖြစ်အောင် ကျင်းပပေးရန်နှင့်စည်ကားသိုက်မြိုက်စွာ ကျင်းပပေးရန် လျှောက်ရာ။

ထိုဆရာတော်မှ ကြွလာတော်မူပြီး ဆရာတော်ရဲ့ရှာပနကို စည်ကားသိုက်မြိုက်စွာ ကျင်းပရမယ် အရှေ့လားသော် ရှမ်းရိုးမ၊ အနောက်လားသော် အလယ်ရိုးမ၊ တောင်လားသော် ရန်ကုန်၊ မြောက်လားသော်မန္တလေးသူလိုက်ထားတာတွေအများကြီးရှိတယ်။

ငါက ပုခက်၊ ဟိုကိုယ်တော်က ခံကလာပ်၊ ဒီကိုယ်တော်က ဆွမ်းဘောဇဉ်၊ ကဲ...သူဟာနဲ့သူ မင်းတို့ရွာက ငွေးငါးသိန်းပြီးတာဘဲ ဘာလိုသေးလဲ အမြတ်တောင်ထွက်အုံးမှာ အမြတ်ကို မင်းတို့ ကျောင်းကြီးပြင်ဒါပဲ ဟုမိန့်ရာ။

ထိုဘုန်းကြီးစကား အတည်ပေါက်ယုံပြီး အမြတ်လိုချင်တဲ့ ဒကာတွေ လုပ်လိုက်တာ ပွဲလဲပြီးရော ကြွေးငါးသိန်းကျော်တင်တော့ တောင်လာမြောက်လာ ကိုယ်တော်လဲပေါ်မလာ ကြွေးကလဲငါးသိန်း တင်နေပြီး စီမံပေးသော ဆရာတော်အားနီးစပ်ရာ ရဟန်းငယ်များက သွားလျှောက်ရာ ဒီလောက်ကျေးဇူး မသိတဲ့ ဒကာတွေမို့ ယုံလောက် အောင် ငါပြောခဲ့တာကွ ငါလည်း မသွားဘူး မင်းတို့လဲ တာဝန်မခံနဲ့ ပြန်ဟုမိန့်လွှတ်လိုက်သည်။

ထိုအကြောင်းအရာများကို သိထားတော်မူသော ဆရာတော်သည် ဘယ်ဘုန်းကြီးပျံ၊ ဘယ်ကတော်ပျံ၊ မယ်တော်ပျံဘယ်လောက် ငွေကြေး ကုန်ကျခံပြီး ကျင်းပကြပေမယ့် ရွှေမန်းတင်မောင် ရှာပနလောက်ကတော့ ဘယ်ဟာမှ မစည်ကားပါဘူး မိန့်တော်မူခဲ့ပါသည်။

ဟုတ်ပါသည်။ ရွှေမန်းတင်မောင် ရှာပနသကြိုဟ်ပွဲပြုလုပ်သည့်နေ့မှာ လိုက်ပါပို့ဆောင်ကြသည့် ဇာတ်ပွဲ၊ အငြိမ့်ပွဲ ဂီတနှင့် လူပရိသတ်တို့သည် မန္တလေးဈေးချို နာရီစင် (၂၆ - ဘီလမ်း) မှ ကျုံးအရှေ့ဘက်လမ်းအတိုင်း မန္တလေးတောင် အရှေ့ဘက် သုသာန်အထိ ကားလမ်းနှင့် လူပရိသတ် တိုးမရ တိုးမပေါက်သည့်အထိ စည်ကားပါသည်။

သုသာန်မှာ ကားတမ်း နှင့် လူပရိသတ်က ဈေးချို နာရီစင် (၂၆ - ဘီလမ်း) မှ ရှေ့ရွှေ့လို့မရဘဲ ကိုယ်နေရာကို ပြန်ကြရပါသည်။

## ၅၉။ ခန္ဓာကိုယ် အလိုမလိုက်နဲ့

ဆရာတော်သည် လာရောက်ဖူးမြော်ကြသည့် ရဟန်းသံဃာ သာမဏေ လူဒကာ ဒကာမများအား နှုတ်ဆက်စကား ပြောကြားပြီး အရှယ်နှင့် သင့်လျော်သည့် ဆုံးမစကား တရားကို မိန့်ကြားလေ့ရှိပါသည်။

လူသားတို့မည်သည် ရဟန်းသံဃာတွေနဲ့ တွေ့ဆုံရင် လိုရင်းတိုးရှင်း စကားမပြောကြားဘဲ မလိုအပ်ဘဲ အကြာကြီး ထိုင်နေရမှာကို ကြောက်တတ်ကြပါသည်။

ဘုရားကျောင်းကန်သွားရမှာလည်း ကြောက်ရွံ့လာတတ်ကြပါသည်။ ကျောင်းကန်ဘုရား လာသာလာရသည် နောက်ဆံက



တင်းဆဲဖြစ်ပြီး စကားသာပြောနေရတာ နောက်ကိုလှည့်ကြည့်လျှက်သွားဖို့ရန် တပြင်ပြင် ရှိပါသည်။

ထိုကဲ့သို့ အရိပ်အရောင်ပြသည်ကို နားမလည်သော ကိုယ်တော်ထံ နောင်ကိုလာရောက်ရန် ဝန်လေးရတော့သည်။ တရားမွှမ်းများ နာကြားရလျှင်လည်း ကာယကံရှင်မို့သာ ပေပြီး ထိုင်ရင်ထိုင်နေဖို့ပါဘဲ တိုးရှင်းလိုရင်း မဟုတ်ရင် ပိုဆိုးလှပါသည်။

အထူးသဖြင့် ဝန်ထမ်းဆိုင်ရာ လူသားများနှင့် သက်ဆိုင်သည့် အလုပ်များမှာ ကြုံတွေ့ရတတ်ပါသည်။ တစ်ခါတစ်ခါ တပည့်တော်တို့က နောက်ပိုင်းအလုပ်တွေနဲ့မို့ တရားတိုတို ချီးမြှင့်ရန် ပင့်လျှောက်ထားကြသည်။

တစ်ခါတစ်ခါ ဘယ်ကိုယ်တော်တရားချီးမြှင့်မှာပါလဲ ဘုရားဟု ကြိုတင်သိချင်ကြသည်။ ဘာဖြစ်လို့လဲ... ရှည်လျားပြီး မလိုအပ်တာတွေ လျှောက်ပြောနေမှာကို ကြောက်တတ်ကြပါသည်။

တွေ့ကြုံဖူးသည့် သာဓကရှိသူများက အဲဒီပုဂ္ဂိုလ်ကို မဟောနိုင်းပါနဲ့ ဘုရား တိုတိုနဲ့ ခရီးရောက်မဲ့ ကိုယ်တော်ကို ချပေးပါဟု ကြိုတင်လျှောက်ထားလေ့ရှိကြပါသည်။

ထိုအကြောင်းအရာအားလုံးကို သိရှိထားသော မန္တလေးမှ ဆရာတော်တစ်ပါးသည် ဆွမ်းကျွေး၊ ဘုရားပွဲ စသော သာရေး. နာရေးများမှာ မပါမပြီး အထူးပင့် ကိုယ်တော်ကြီးပင် ဖြစ်နေသည်။

ဘာပြုလို့လဲဆိုတော့ စာရေးသူအပါအဝင် ကြီးကျယ်ခမ်းနားသည့် အလှူပွဲတစ်ခုမှာ ထိုဆရာတော်မှာ ရေစက်ချ တရားဟောရာ ဒီအလှူမှာ တရားတော် ကောင်းကောင်းဟောတော့မှာပဲ ဟု ထင်ရာ

သီလပေးပြီး နှုတ်ဆက် စကားပြောသလိုလို တရားနိဒါန်းချီသလိုလို ပြောနေရင်းကဘဲ - ကဲ…ဒါလောက်ဆိုပြည်စုံပါပြီရေစက်ချရအောင် ဆိုပြီးအဆုံးသတ်သွားသည်။

တရေးသူမှ သူငယ်ချင်းဘုန်းကြီးအားလျှောက်ကြည့်ရာ ဒီလို တရား တိုပြီး လိုရင်းပြောတတ်လို့ ပွဲတိုင်းကျော်သူမပါမပြီးတာ ကိုယ်တော် ကိုယ်တော်တို့လည်း သတိထားဟု သတိပေးလိုက်ပါ သေးသည်။

မကြာခင်မှာဘဲ ထိုဓမ္မကထိက ဆရာတော်နှင့် တွေ့ဆုံရာ ဆရာတော် ဟိုနေ့က တရားကောင်းကောင်းနဲ့ ရှည်ရှည်ဟောမယ် ထင်တာ အလှူနဲ့ တရားမလိုက်လျောလို့ တပည့်တော်တော္အားနာ သွားတယ် ဘုရားဟု လျှောက်ရာ ကိုယ်တော်နှယ် အားနာနေမှပေါ့ သူတို့က အလှူကြီးသာ လှူတာ တရားကြတော့ လိုလိုချင်ချင် မနား ချင်ဘူး ကိုယ်တော်ရဲ့။

အိပ်ရေးတွေပျက် လူတွေပန်းပြီး တရားရှည်ကြီး ဟောနေလို့ သူလည်းအကျိုးမရှိ ကိုယ်လည်းမောသေး၊ ကိုယ်လည်းမသက်သာ သူလည်းတရားထူး မရမယ့်အတူ မစပ်သည်ယာ စောစောပြုတ် ဆိုဘာလို သူကောင်း ကိုယ် ကောင်း လုပ်ရတာ ကိုယ်တော်ရဲ့ဟု မိန့်တော်မူသည်။

တရားတို - ဟင်းချိုကိုယ်တော် ကြည့်လုပ်လို့ ဘေးကလည်း လှမ်းခနဲ့ တတ်ကြသေးတယ်။ သို့သော်လည်း နေရာတိုင်းတော့ မဟုတ်ပါဘူးရှည်သင့်တဲ့နေရာတော့ရှည်ရပါတယ်။

တချို့တရားပွဲ တရားဟောတာမျိုးမဟုတ်ဘဲ ကျောင်း



ရောက်လာတာနဲ့ စကားစမြည်စပ်ဟပ်ပြီး ရောက်ပြောနေလိုက်ကြ တာ စကားပွဲဆုံးလို့ ပြန်ကြတဲ့အခါ တကျွတ်ကျွတ် တကျက်ကျက် ဖြစ်ပြီး လက်ဆွဲထူးရသည့်အထိ ဖြစ်ကြကာ တော့နင်းနဲ့ နင်းတာ တောင်အတော်ကြိမ်လှမ်းရတယ်။

တောင်မြို့ဆရာတော်ကတော့ အကျိုးအကြောင်း မေးမြန်း ပြောကြားပြီးရင် ကဲ…သွားတော့ သွားတော့ဟု အမြဲမိန့်လေ့ရှိပါသည်။ ကဲသွားတော့ ဆိုပြီးမှ တပည့်တော်လျှောက်ချင်ပါသေးတယ် ဘုရားဆို ရင်လည်း လျှောက်ထားသူအပေါ် မူတည်ပြီး ကြာသင့်သလောက် ကြာတတ်ပါသည်။

တစ်ခါသော် ရဟန်းငယ်သုံးပါး ဆရာတော်အား ဖူးမြော်ရန် ရောက်လာကြရာ ဆရာတော်မှ ဦးဇင်းတို့က ဘယ်ကကြွလာကြတာ လဲဟု မိတ်ဆက်လိုက်ရာ တပည့်တော်များ မန္တလေးကပါဘုရားဟု လျှောက်ရာ ဦးဇင်းတို့ စာပေသင်မှာဆိုလဲ သင်တရားအားထုတ်မှာ ဆိုရင်လဲ တရားအားထုတ်ကြ မလိုအပ်ဘဲ ခန္ဓာကိုယ် နိုင်းရာကို အလိုမလိုက်ကြပါနဲ့ ဘယ်လိုပင် သူအလို လိုက်လျောနေမယ့်သူက ဦးဇင်းလေးတို့ အလိုလိုက် သလို အလိုမလိုက်ပါဘူး။ အိုကြမယ်၊ နာကြမယ်၊ သေကြပါလိမ့်မယ်။ သူတောင်းဆိုတိုင်း လုပ်ပေးနေရရင် အချိန်ကုန်တာဘဲအကျိုးရှိမယ်ကြွကြတော့ဟုမိန့်တော်မူပါသည်။

## ၆၀။ ငါးငါး လုံ့ရဲ့လား

ဆရာတော်ဘုရားကြီးသည် စာပေသမားပီပီ အစစအရာရာ အောက်ခြေသိမ်း မကောင်းဘဲ အထက်တန်းသို့ တက်လှမ်းရိုး

မရှိတတ်ပါ။ စာသင်သားရဟန်း, သာမဏေငယ်များကိုပင် အခြေပြု စာပေများမှ တစ်စတစ် သင်ကြားပေးလေ့ရှိပါသည်။

လောကုတ္တရာပညာ, လောကီပညာ အဘယ်ပညာကို ဘယ် သင်သင် အောက်ခြေသင်စကမှ မကျေပြွန် မသိနားမလည်ခဲ့လျှင် အထက်ထက်မှာ ခက်ခဲမှုအပုံပုံနှင့်ကြုံတွေ့ရမည်သာ။

ထို့ကြောင့် "အခြေပါဒ သင်ဦးအစဉ် အပ်ရာမသီး နာထွင်း နည်းသို့" ဟု ရေးသားသတိပေးတော်မူခဲ့ပါသည်။ ပညာသင်ရာမှာ နားမဖောက်ရသေးသည့်ကလေးသူငယ်မှာ အစမထမ နားဖောက်စ မှာ အပ်ကလေး သေးသေးကလေးနဲ့ ဖောက်ထားလိုက်ရာ စဖောက်စ မှာ အပ်ရာမမြင်ရသော်လည်း ကြာလာတော့ ထိုအပ်ဖောက်ရာလည်း အကျယ်ကြီးမြင်ရ သလိုပင်တည်း။

အခြားခြား သီလဆောက်တည်ရာ ကမ္မဋ္ဌာန်းအားထုတ်ရာ, တရား ဘာဝနာပွားရာ, တရားဟောရာ, တရားနာရာ, အလှူပေးရာ စသည်တို့မှာလည်း ပင်ကိုယ်အလေ့အကျင့်မရှိဘဲ အထက်တန်း တက်ပြီး တစ်ခါတည်း တရားထူးရ နိဗ္ဗာန်ရလိုလို့ မရနိုင်ပါ။

ဒါန, သီလ, ဘာဝနာ အခြေခံသမထ သမာဓိလုပ်ငန်းစဉ်များကို အခြေခံပြီး အောက်ခြေမှာ အသားကျပြီးဖြစ်မှ အထက်တန်း တရား ထူးများကို ဆင့်ကဲပြီး အားထုတ် ယူရပါမည်။

ဝိပဿနာတရားအားထုတ်တော့မည်ဆိုလျှင် သရဏဂုံငါးပါး သီလဆောက်တည်ပြီး သီလလုံခြုံမှ သမာဓိစခန်းကိုပို့ပေးပါသည်။

ကမ္မဋ္ဌာနစရိယဆရာတော်တစ်ပါးက - ဘုရား တရား သံဃာ ရတနာသုံးပါး သရဏဂုံသုံးပါးမတည်ဘဲ။ မယုံဘဲတရားအားထုတ်လို့



မရနိုင်ကြောင်း၊ ထိုသရဏဂုံသုံးပါးရဲ့ အပြစ်ကို ပြောနေလေသမျှ လည်း တရားထူး မမြင်နိုင်ကြောင်း။

ယုံကြည်မှုသဒ္ဓါမြဲမှ တရားအားထုတ်ရာမှာ သမာဓိရလွယ် ကြောင်းသို့မဟုတ်ရင် ညောင်းယုံဘဲ - ဟုမိန့်ဘူးပါသည်။

ဆရာတော်ကြီးထံလာပြီး အချို့က ဘယ်နှစ်ရက်စခန်းမှာ တပည့်တော် ဘယ်နှစ်ကြိမ်ဝင်ခဲ့ပြီးကြောင်း အမှတ်တမဲ့လျှောက်ထား တတ်ကြပါသည်။

တိုက်တွင်းသံဃာများကို တစ်ခါတစ်လေမိန့်တော်မူသည်မှာ ဘယ်သူဟာ ဘယ်လောက် သမာဓိရှိပြီး သူ့သန္တာန်မှာ တရားရှိရှိဆို ပါးစပ်ကပြော မမေးဘဲနဲ့ သွားတာ၊ လာတာ၊ နေတာ၊ ထိုင်တာ၊ စကား ပြောတာ ကြည့်ရင်သိနိုင်ပါတယ် - ဟုမိန့်လေ့ရှိပါသည်။

တစ်ခါသော် ဒကာတစ်ယောက်က သူသည် စာပေလည်း သင်ခဲ့ဘူးကြောင်း တရားလည်းအားထုတ်ဖူးကြောင်း၊ ယခုလည်း အကျိုးဆောင်လုပ်ပြီး ဝတ်အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူ ထားကြောင်း။

ဘာသာရေးကိစ္စ အဝဝမှာ သူခေါင်းဆောင်ပြီး ဝိပဿနာ စခန်းပွဲတွေမှာလဲဦးဆောင်နေကြောင်းလျှောက်ထားရာ ဆရာတော်မှ ဒကာ - မင်းလုပ်နေတာ တွေက အများအကျိုးပြုတွေ ချည်းဖြစ်နေပြီး ကိုယ်ကျိုးအတွက် ဘယ်နေရာမှ မပါသေးပါလား။

သူ့တပါးအကျိုးဆောင်ပြီး ဆရာတစ်ဆူအဖြစ် မင်းခံယူနေတာ ပဲ။ ဒကာ.... မင်းကိုယ်တိုင် ငါးပါးလုံရဲ့လားဟု ဆရာတော်မှ မေးလိုက်ရာ ဒကာမှာ ပရိသတ်ထဲဖြစ်ပြီး လုံပါတယ် ပြောရမှာလား မလုံဘူးလို့

ပြာရမှာလားဇဝေဇဝါဖြစ်ပြီး....။

မလုံဘူးပြောရင်လဲ ငါကို အများကရော ဆရာတော်ကပါ အထင်သေးတော့မှာ လုံပါတယ်ဆိုရင်လဲငါလိမ်ရာရောက်တော့မှာပဲ ဘာဖြစ်ဖြစ် မလုံပါဘူး ပြောမယ့်အစား အများက နည်းနည်းမှ အထင်ကြီးစေတော့ ဆိုပြီး လုံပါတယ်ဘုရားဟုလျှောက်လိုက်ရာ။

အင်း... လုံရင်တော့ သာဓု. သာဓု. သာဓု သုံးကြိမ်ခေါ်ပါတယ်။ ဒို့ကတော့ မလုံပါဘူးဗျားဟု ဆရာတော်မှ လေ့နှံနှစ်ဖက်နင်း သူက လုံတယ်ဆိုရင်ကိုယ်ကမလုံပါဘူး။ သူကမလုံဟုပြောရင်ငါတို့ကတော့ လုံပါဗျာဟု ဒကာကို အကြပ်ရိုက် အကြံအိုက်ဖြစ်သွားအောင် သုံးလိုက်ခြင်းဖြစ်ပါတယ်။

## ၆၁။ တစ်ချည်းဘဲ

စာသင်တိုက်များမှာ စာသင်သားများသည် မိပေါင်းသားများ ဖြစ်သော စရိုက်ဝါသနာ မိရိုးဖလာ အလေ့အထများ မတူကြပါချေ။

တစ်ချို့က ယဉ်ကျေးလိမ္မာသလို တစ်ချို့ကြတော့လည်း ရိုင်းစိုင်းမှု ရှိတတ်ကြပါသည်။ တစ်နေရာနှင့် တစ်နေရာ တစ်ဦးနှင့် တစ်ဦးမတူကွဲပြားခြားနားတတ်ကြပါသည်။

ဝါသနာအမျိုးမျိုးအကျင့်စာရိတ္တအဖုံဖုံအုပ်ချုပ်သူဆရာသမားများမှာ လူမမာ ဆေးတိုက်ရတာလို ရောဂါခံစားရတာခြင်း မတူတော့ ဆေးကလည်းမတူအောင်ပေးရသလိုဖြစ်နေတတ်ပါတယ်။

ဆရာသမားများသည် တပည့်ဆုံးမရာမှာ အိုးလုပ်သမားလို အိုးကိုအိုးလက်ခတ်နှင့်အထွမ်းထွမ်းထုနေခြင်းသည်အိုးကိုကွဲအောင်



ပျက်အောင် ထုနေသူမဟုတ်ပါ ကောင်းသည်ထက်ကောင်းအောင်၊ မာသည်ထက် မာအောင်၊ လှသည်ထက် လှအောင် ထုနေခြင်းသာ ဖြစ်ပါသည်။

တပည့်တာဝန်များအား ဆရာသမားလုပ်သူက ဆူတယ်၊ ဝေါက်တယ်၊ ရိုက်တယ်ဆိုတာလည်း တပည့်ဖြစ်သူကို ကောင်းသည်ထက် ကောင်းပြီး ကြီးပွားသည်ထက် ကြီးပွားအောင် ဆုံးမသွန်သင်ခြင်း ဖြစ်ပါသည်။

ထိုကဲသို့ မျက်ခြေမပြတ် သွန်သင်ဆုံးမနေသည့်ကြားက ပြဿနာအမျိုးမျိုး ပေါ်လာတတ်ပါသေးသည်။

ထိုသို့ပေါ်လာလျှင် ဆရာတော်မှ ဂန္ထာရုံ၊ ဂန္ထာရုံနဲ့ ဘာဂန္ထာရုံလဲ တစ်ချည့်ဘဲလိုများ စာမေးပွဲတွေအောင်တယ်မထင်နဲ့ အများကြီး ချီမွမ်းတော့လည်း တစ်ချည်ဘဲ ထိုဂန္ထာရုံ ကဲ့ရဲ့တော့လည်း ဂန္ထာရုံ ကောင်းတာလည်းတစ်၊ မကောင်းတာလည်းတစ်၊ တစ်ချည့်ဖြစ်နေတဲ့ ဂန္ထာရုံပေါ့လို့ ဖြေရုံကလွဲလို့ အခြားဖြေစရာမရှိကြောင်း မိန့်တော်မူပါသည်။

## ၆၂။ အောင်ခြင်းရှစ်ပါး နားထောင်

ဆရာတော်သည်မနက်စောစော ဗုဒ္ဓါနုဿတိစသော ကမ္မဋ္ဌာန်းတရားများကိုအမြဲတမ်းပွါးလေ့ရှိပါသည်။ တပည့်သံဃာများကိုလည်း ထိုဗုဒ္ဓါနုဿတိနှင့် မေတ္တာပင် တွင်တွင် ပွါးနိုင်းလေ့ရှိပါသည်။

တပည့်သံဃာများကိုလည်း ဗုဒ္ဓါနုဿာတိနှင့် မေတ္တာအထူး ပွားများနိုင်းပါသည်။ ဗုဒ္ဓါနုဿတိနှင့် မေတ္တာက စိတ်ချမ်းသာပြီး

ခန္ဓာကိုယ်ကို အေးမြစေပါသည်။ မေတ္တာမပါသည့် ရုပ်နှင့် မေတ္တာပါသည့်ရုပ်ကြည့်ရတာကိုတမျိုးပါ။

မေတ္တာသံနဲ့မေတ္တာမပါသည့်အသံလည်းကွာခြားပါသည်။ တရားပါသည့် မျက်နှာနှင့် တရားမပါသည့်မျက်နှာလည်း သိသာပါသည်။

အစစအရာရာ တပါးသူနဲ့ကွဲပြားခြားနားအောင်တော့ကြိုးစားကြပါ သူလိုကိုယ်လိုမထူးရင်တော့မကောင်းပါဘူး။

အများကမထူးလှပါဘူး၊ မထူးရင်တော့ အများလိုပဲ အကျိုးပေးလည်း ထူးမှာမဟုတ်ဘူး။ သူများထက်ထူးချင်ရင် သူများထက်ထူးလုပ်ရပါတယ်။ သူများထက်ထူးလုပ်သာဟာ ဘာမဆို ဟုတ်တာမဟုတ်တာ နောက်ထားထူးတော့ထူးတတ်ပါတယ်။

တခါတလေ တောင်သမန်ဘက်မှ အောင်ခြင်းရှစ်ပါးသီချင်းဖွင့်တော့ အဲဒီသီချင်းရဲ့တစ်ပါးချင်း တစ်ပါးချင်းကို ဘုန်းကြီးလိုက် နားထောင်တယ် တယ်ကောင်းဘဲ။

တကျာသံနဲ့နားထောင်တာမဟုတ်ဘဲ ဘုရားအာရုံနဲ့နားထောင်တာဆိုတော့ ပီတိတွေများတောင်ဖြစ်မိတယ်။

ဘုရားအကြောင်း စပ်ဆိုထားတာဆိုတော့ သီးချင်းဆိုပေမယ် လို့ ဘုရား အာရုံပြုလို့ တကယ်ကောင်းတာ၊ ဗုဒ္ဓါနုဿတိနဲ့ မေတ္တာကို များများပွားပေးကြပါ ကိုယ်လည်းချမ်းသာ စိတ်လည်းချမ်းသာရတယ်။

သီချင်းပဲဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် ဘုရားနှင့် စပ်လာရင် အကောင်းချည်းဘဲ ဒါကြောင့် ကိုယ်တော်တို့ ဗုဒ္ဓါနုဿတိနဲ့ မေတ္တာကို အသားကျအောင် လုပ်ကြပါဟု မိန့်ကြားတော်မူခဲ့ပါသည်။



## ၆၃။ အစေ့စပ်လေးတွေ တူနိုင်ပါပြီ

ဒို့သာသနာမှာ အပြုအပြင်ကောင်းလျှင် ကောင်းသလောက်တိုးတက်မှာပါ။ ဘုန်းကြီးကလည်း သာသနာကို အထင်မသေးအောင်ကိုပြုပြင် ထားတာပါ။ ကိုယ်တော်တို့ကလည်းဘုန်းကြီးပြုပြင်တဲ့အတိုင်းလိုက်နာပေါ့။ မလိုက်နာနိုင်စရာတွေကို ဘုန်းကြီးက ပစ်ညှပ်ပြီ ထုတ်ထားတာ မဟုတ်ပါဘူး။

ကိုယ်တော်လို့ သင်ပြီးသား စာပေတွေထဲက ဝိနည်းသိက္ခာပုဒ်တွေထဲကအလိမ္မာတွေကိုဘုန်းကြီးကပုံမကျပန်းမကျတာကိုပုံကျပန်းကျဖြစ်သွားအောင် ပြောပေးသင်ပေးတာပါ။ တစ်ပါးချင်းကြည်ညိုစရာ မဟုတ်ပေမယ့် အများနဲ့က ကြည်ညိုစရာ ဖြစ်စေရပါမယ်။

ဥပမာ - သင်းပိုင်ကို ဝတ်လိုရှိရင် ဒူးအောက်လက်ရှစ်သစ်ထားပြီး ညီညီလေးဝတ်ရမယ် ဇကသီကို ဝတ်ရင် သင်ပိုင်ထက်လက်လေးသစ်တက်ဝတ်ရမယ်ဆိုတာရှိပြီးသားပဲ။ ဒါကိုဒီပညတ်ချက်အတိုင်းမကိုက်ညီလျှင် ကိုက်ညီအောင် ဘုန်းကြီးက သင်ပြပေးတာပါ။

မသွားတတ်ရင် သွားတတ်အောင် မပြောတတ်ရင် ပြောတတ်အောင် မစားတတ်ရင် စားတတ်အောင် နောက်ဆုံး ကုဋီတက်တောင်ဘယ်လိုဘယ်လို ထိုင်ရမယ် ဘယ်လိုပါရမယ်၊ ပြီးရင် ဘယ်ထွက်ခဲ့ရမယ် စသည့် ယဉ်ကျေးမှုတွေဟာ ဘုန်းကြီးက ထူးပြီး စည်းကမ်းစည်းမျဉ်းတွေ ထုတ်ပြန်နေရတာ မဟုတ်ဘူး။

"အလိမ္မာ စာမှာရှိသည်" ဆိုတာကို အလိမ္မာတွေမှန်သမျှစာထဲမှာ အပြည့်ရှိတယ် လိုက်နာမယ့်ပုဂ္ဂိုလ်က လိုက်နာဖို့ပဲ လိုတယ်။

ဘုန်းကြီးကျောင်းမှာတော့ မိုနိုင်သမျှ ပြုပြင်ထားတော့

သူများထက် ထူးလုပ်ထားသယောင်ယောင် ပြောကြတယ်။ သက်န်းညှိတာနဲ့တိုက်ကိုအထူးအဆန်းလုပ်ပြောနေကြသေးတယ်။

(၁၅)တန်း အညှိုဆိုးထားတာများ ဘာအထင်ကြီးစရာ လိုသလဲတဲ့ဘုန်းကြီးကအထင်ကြီးဖို့လည်းမဟုတ်ဘူးအထင်သေးစရာလည်း မဖြစ်ရအောင် ပြုပြင်ထားတာပါ သာသနာရဲ့ကျက်သရေဆောင်ထိုက် လူဒကာ ဒကာမတွေ စိတ်တိုင်ကြ ကြည်ညိုဖွယ်ရာ ရှိပြောတာပါ။

တစ်ခါက မန္တလေးဆရာအတတ်သင်သိပ္ပံက ဆရာ/ဆရာမ ကျောင်းသူ/ကျောင်းသားတွေနေ့ဆွမ်းကပ်လာကြပါတယ်။

နေ့ဆွမ်းလောင်းခါနီး သံချောင်းခေါက်တော့ သံဃာတော်များက သက်န်းရုံပြီး နှစ်တန်းကြွလာပါသည် ထိုသို့ ကြွလာကြသည်ကို အားလုံး ကြည့်ပြီး ခေါင်းရိတ်ထားတာ တစ်ညီထဲ၊ သက်န်းကလည်း တစ်ရောင်ထဲ စီတန်းပြီး ညီညာစွာ ကြွလာနေသည်ကို ကြည့်ပြီး "အရောအလှလေးတွေကုန်ပါပြီ" ဟုပြောကာ မျက်ရည်များကျသူက ကျကြပါသည် ဟု ဆရာတော်ဘုရားကြီး မှ သြဝါဒအဆောင်မှာ အမိန့်ရှိပါသည်။

## ၆၄။ နို့ဆရာက ပညာစုံတယ်

ပညာဆိုပိုသည်မရှိ-ကြွင်ရာဆိုအိုသည်မရှိတဲ့။ ပညာဆိုတာ ဘက်စုံသင်ကြားထားရတယ်၊နို့ဆရာက ပညာကိုဘက်စုံတတ်တယ် လောကုတ္တရာဘက်က စမ်းလိုက်မလား၊ လောကီပညာဘက်က စမ်းလိုက်မလားခေါင်ခေါင်မြည်ပါဘဲ။



ကျန်းမာရေးနဲ့ ပတ်သက်လို့ တစ်နေ့က စာချဘုန်းကြီးနဲ့ အနုနာယကတွေကို ဗဟုသုတဖြစ် သင်ပေးသတဲ့ သူသင်ပေးတဲ့ လင်္ကာ အရှည်ကြီးပေါ့ဘုန်းကြီးသိသလောက်ပြောရရင် "ချင်-စပ်တာပဲ့ပျက် ပထဝီတည်း" တဲ့။

အချဉ်နဲ့အစပ်ကိုစားမယ်ဆိုရင် အတွင်းပထဝီဓာတ်ကို ပျက်စေတတ်သည်တဲ့ အချဉ်နဲ့အစပ်ဟာ ဓာတ်လျော့စေသည် ဝမ်းသက်စေသည်။

နောက်တစ်ခါရေချိုးရမည့်ရာသီကိုညွှန်ကြားပါသည်။ နွေ၊ မိုး၊ ဆောင်း ဟုဥတုသုံးပါးရှိသည်တွင်လည်း "နွေကိုမိုးဆယ် ဆောင်းဝယ်ဆယ်တစ် ရေချိုးလစ်" တဲ့။

နွေရာသီမှာ ရေချိုးမယ်ဆိုရင် ကိုးနာရီမှာ ချိုးပါတဲ့။ ဒီမှအအေးဓာတ်က ခန္ဓာကိုယ်မှာမပျောက်ပဲအေးနေပြီး ကျန်းမာရေးနှင့်ညီညွတ်ပါမည်။

မိုးရာသီမှာ ရေချိုးရင်တော့ ဆယ်နာရီလောက်မှာ ချိုးရပါမည်တဲ့ မိုးဥတုဆိုတာ အနိုးအကင်းများ မညီမျှတတ် သည့်အတွက် အနိုးအငွေ့များ ညီမျှစေရန် ဖြစ်ပါသည်။

ဆောင်းရာသီမှာကြတော့ ဆယ့်တစ်နာရီမှာ ရေချိုးရပါမည်။ ဒါမှအနိုးများထုတ်ပြီး လူမှာ ကျန်းမာရေးနှင့်ညီညွတ်စေပါမည်။

ဆန်စပါး ပေါ်မပေါ်နဲ့ စပ်လို့လဲ၊ အံ - တော်တော် - နော် - လာလာဇံစက်ပေါ့တကားတဲ့ တနင်္ဂနွေ ဆန်းသော နှစ်ဆန်းနှစ်သည် တနင်္ဂနွေနံနှင့်စပ်သည့်ပစ္စည်း ထိုနှစ်များမှာ ရှားပါးပြီး ဈေးကြီးတတ်ပါသည်။

စနေ နှစ်ဆန်းတစ်ရက်ကျလျှင်ကားစနေနံနှင့်စပ်သောပစ္စည်းများ တ.ထ.ဒ.ဓ.ဧင်းနံပါသော ပစ္စည်းများအတော်အသင့် ရှားပါးပြီးဈေးကြီး တတ်ပါသည်။

အင်္ဂါ နှစ်ဆန်း တစ်ရက်ကျလျှင်က အင်္ဂါနံ - စ.ဆ.ဇ.ဈ.ည ပစ္စည်းများရှားပါးပြီး ဈေးကြီးတတ်ပါသည်။

တနင်္ဂနွေနှင့်စနေ နှစ်ဆန်းတစ်ရက်ကာ အတော်အသင့်ရှိပါ သည်။ အင်္ဂါနှစ်ဆန်းတရက်ကျလျှင်ကားအဆိုးဆုံးဖြစ်ပါသည်။

၁၃၂၇ - ခုနှစ်ကား အင်္ဂါ နှစ်ဆန်းတစ်ရက်ကျခဲ့ဘူးပါသည်။ ထိုနှစ်မှာ ဆန်တစ်ပြည် တစ်ကျပ်ခွဲ ငါးမတ်ကနေပြီး (၇/ - )ကျပ်ထိ ထက်သွားလို့ငွေရှိလျှက်သားနှင့် ဆန်ဝယ်မရသောအဖြစ်ရောက်ခဲ့ဖူး ပါသည်။

၁၉၉၇ - ခုနှစ် တုန်းကလည်း ဒုတိယအကြိမ် အင်္ဂါနှစ်ဆန်း တစ်ရက် ဖြစ်ခဲ့ဘူးပါသည်။ ထိုစဉ်က ဆန်စပါးတင်မက စက်ဆီများ ရှားပါးသွားခြင်း ဆားများလည်း ဈေးတက်ခြင်း ဤသို့အင်္ဂါနံ နှစ်ဆန်း တစ်ရက်ကျမည်ဆိုလျှင် သတိလေးအမြဲထားပြီးအင်္ဂါနံနှင့်ပတ်သက် ပြီး အရမ်းမသုံးကြဖို့ မှာကြားလိုပါသည်။

## ၆၅။ နာရီခွဲ အထိစွင့်ပြု

ဝိနည်းတော်နှင့်အညီနေတော်မူလိုသော ဆရာတော်များသည် အရုဏ်တက်ချိန်မှအစ နေ့(၁၂)နာရီအချိန်ကို တစ်ချက်ဂရုပြုပြီး (၁၂)နာရီမှနောက် အရုဏ်တက်သည်အထိ အလေးထားတော်မူကြ သည်။ ဘယ်နှစ်ရာရီမှ ဘယ်နှစ်မိနစ်၊ ဘယ်လမှာ အရုဏ်တက်သည်



ဟု လစဉ် အမှတ်သားပြုကြလေသည်။ အရုဏ်တက် အမှတ်အသား ပြုသလိုမွန်းတည့်ချိန်ကိုလည်း တစ်ချက်သတ်မှတ်ကြပြန်သည်။

## မဟာဂန္ဓာရုံကျောင်းတိုက်အချိန်ဇယား

| လအမည် | အရုဏ်တက်ချိန် | | နေထွက်ချိန် | | နေဝင်ချိန် | | ဘုရားဝတ်ပြုချိန် | | တရားထိုင်ချိန် | |
|---|---|---|---|---|---|---|---|---|---|---|
| | နာရီ | မိနစ် | နာရီ | မိနစ် | နာရီ | မိနစ် | နာရီ | မိနစ် | နာရီ | မိနစ် |
| တန်ခူးလ | ၅ | ၀၀ | ၆ | ၀၀ | ၆ | ၀၀ | ၆ | ၁၀ | ၈ | ၁၀ |
| ကဆုန်လ | ၄ | ၅၀ | ၅ | ၅၀ | ၆ | ၁၀ | ၆ | ၂၀ | ၈ | ၁၅ |
| နယုန်လ | ၄ | ၄၀ | ၅ | ၄၀ | ၆ | ၂၀ | ၆ | ၃၀ | ၈ | ၃၀ |
| ဝါဆိုလ | ၄ | ၃၀ | ၅ | ၃၀ | ၆ | ၃၀ | ၆ | ၃၀ | ၈ | ၃၀ |
| ဝါခေါင်လ | ၄ | ၄၀ | ၅ | ၄၀ | ၆ | ၂၀ | ၆ | ၂၀ | ၈ | ၃၀ |
| တော်သလင်းလ | ၄ | ၅၀ | ၅ | ၅၀ | ၆ | ၁၀ | ၆ | ၀၀ | ၈ | ၁၅ |
| သီတင်းကျွတ်လ | ၅ | ၀၀ | ၆ | ၀၀ | ၆ | ၀၀ | ၅ | ၄၅ | ၈ | ၁၅ |
| တန်ဆောင်မုန်းလ | ၅ | ၁၀ | ၆ | ၁၀ | ၅ | ၅၀ | ၅ | ၃၀ | ၈ | ၀၀ |
| နတ်တော်လ | ၅ | ၂၀ | ၆ | ၂၀ | ၅ | ၄၀ | ၅ | ၂၀ | ၈ | ၀၀ |
| ပြာသိုလ | ၅ | ၃၀ | ၆ | ၃၀ | ၅ | ၃၀ | ၅ | ၃၀ | ၈ | ၀၀ |
| တပို့တွဲလ | ၅ | ၂၀ | ၆ | ၂၀ | ၅ | ၄၀ | ၅ | ၄၅ | ၈ | ၀၀ |
| တပေါင်းလ | ၅ | ၁၀ | ၆ | ၁၀ | ၅ | ၅၀ | ၆ | ၀၀ | ၈ | ၁၅ |

နေထွက်ချိန်၊ နေဝင်ချိန်များ သတ်မှတ်ပြီး နေမွန်းတည့်ချိန်ကို တစ်သတ်ယူကြပြန်သည်။ တောကျောင်းနေဓုတင်ဆောက်တည်သော ကိုယ်တော်များပိုလို့အရေးကြီးပါသည်။

ရိုးရိုးဓုတင် မဆောက်တည်သူများမှာ ကြတော့ အရုဏ်တက် ကိုပဲ အလေးထားရပါသည်။ ဝါတွင်းကာလများမှာ အရုဏ် မတက်ဘဲ သွားလာမိတတ်ကြပါသည်။

တစ်ခါသော်ကိုယ်တော်(၁၀)ပါးမနက်ခင်းအသုဘမန္တလေး သွားပြီး သင်္ဂြိုဟ်ကြရာ အပြန်မှာ(၁၂)နာရီနှင့် (၁၅)မိနစ်ရှိပြီ ဖြစ်ရာ ဆရာတော်မှ ဟုတ်ပါလားမေ့နေလိုက်တာ ဘယ်နှစ်နာရီရှိသွားပြီလဲဟု မေးရာ -(၁၂)နာရီ(၁၅)မိနစ်ရှိပြီဖြစ်ကြောင်းလျှောက်လိုက်ရာ..ဟာ.. အဲဒီလိုဆို(၁၅)မိနစ်ကျန်သေးတယ်သွားမြန်မြန်ဘုဉ်းပေးကြ။

(၁၂)နာရီလို့ သတ်မှတ်ထားတာက အချိန်လွန်မသွား အောင်လို့ပါခွဲအောင်ဘုဉ်းပေးကောင်းပါတယ်။ ဝိနည်းဆိုတာအလေး နဲ့အပေါ့မှာလေးရာဘက်ကိုသာလိုက်ရပါသည်ဟုအမိန့်တော်ရှိသည်။

## ၆၆။ ပညာတော်သင်သုံးပါ လွှတ်ခြင်း

ကမ္ဘာကျော်အောင် နာမည်ကြီးတဲ့ ဂန္ထာရုံတိုက်ကြီးက ပညာ တော်သင် အထူးလွှတ်တယ်ဆိုတော့ ပညာသင်ပေးရမည့်ပုဂ္ဂိုလ်က လည်းအထူးဂရုစိုက်ရပြီပေါ့။

ပဌာန်းအထူးပညာတော်သင်ကားလေးလကြာမည်ဖြစ်တော့ စစ်ကိုင်းကချောင်တစ်ခုမှာ ဆီ - ဆန် - ပဲ - ငံပြာရည်လဲကားနဲ့အပြည့် အစုံတင်ပေးလိုက်ပါသည်။

တောင်မြို့ဆရာတော်ကလွှတ်လိုက်တယ်ဆိုတော့ပဌာန်းသိပ္ပံ ဆရာတော်ကလည်းဝမ်းမြောက်ဝမ်းသာလက်ခံပြီး(၁၅)ရက်လောက် တော့နောက်ကျသွားပြီးစောင့်ပြီးရှေ့နည်းနည်းသွားလိုက်နောက်က ကျန်ရစ်တာ ပြန်ပြောလိုက် လုပ်ပေးရမှာပေါ့ သံဃာတော်များနှင့် ဆရာလေးများကလည်း သည်းခံလိုက်ပါ။

ကိုယ်တော်တို့ သုံးပါးက အထူးပညာတော်သင်ဆိုတော့



တစ်ပါးက စာဆိုရလိမ့်မယ်အရင် ပဌာန်းလိုက်ဖူးသလားဟု ဆရာ တော်မှမေးသည်မလိုက်ဖူးကြောင်း၊လျှောက်သောအခါသုဒ္ဓသချာကို ကျေအောင်ကျက်ဖို့လိုကြောင်းထပ်မိန့်ပါသည်။

သုံးပါးထဲမှစာရေးသူပဌာန်းဆိုမည်ဖြစ်ကြောင်းလျှောက်ထား ပြီး စနင်ဆိုသည့်နေ့မှ လေးလပဌာန်းသင်တန်းမှာ အထစ်အငေါ့မရှိ အောင် မြင် ခဲ့ပါသည်။ စာလိုက်သံဃာ နှစ်ရာကျော်နှင့် ဆရာလေး နှစ်ရာကျော်လောက်ရှိပါသည်။နှစ်လလောက်အကြာမှာ တောင်မြို့ ဆရာတော်ထံ ပဌာန်း သိပ္ပံ ဆရာတော်မှ တပည့်တွေ တော်ကြောင်း စာရေးလျှောက်လိုက်ပါသည်။ ဒီလိုတစ်ကြိမ်ထဲဖြင့် စာဆိုနိုင်တာလဲ ဒီတစ်ပါးသာတွေ့ဖူးတာဖြစ်ကြောင်း။

ဒီလိုစာလိုက်တဲ့သံဃာထဲမှာရော၊ ဆရာလေးတွေထဲမှာပါ တော်တော်များများ(၄၅)ကြိမ်အထိစာလိုက်ဖူးသူများလဲပါကြောင်း၊ ၁၀ - ကြိမ် ၁၅ - ကြိမ်အထိလဲ စာလိုက်ဖူးသူပါကြောင်း၊ ဒါပေမယ့် အကြိမ်ပေါင်းသာများတယ် ပဌာန်းကြတော့ မဆိုနိုင်ကြပါဘူး။ထိုသို့ ချီးမွမ်းသံတွေကြားရလို့ တောင်မြို့ဆရာတော်ကလဲ ဝမ်းမြောက်ပီတိ တွေ ဖြစ်နေကြောင်း ဆရာတော်ကိုယ်တိုင်လည်း စစ်ကိုင်းမှာ နေခဲ့ တာဆိုတော့ စစ်ကိုင်းအကြောင်းသိပြီသားမို့ ငါ့တပည့်တွေ ဟုတ်မှ ဟုတ်ပမလားလို့တဘက်ကလဲစိုးရိမ်စိတ်မကင်းဖြစ်ရတယ်ပေါ့။

ပဌာန်းဆိုကောင်းလို့ဟု နာမည်တွေ ထွက်နေတော့ ဟု ချောင်က သည်ချောင်က ဆွမ်းစားလာပင့်ပါသည်။ ခေမေသက ချောင်က ဆရာကြီးက မလိုက်ရပါ။ မရမက ပင့်ပြန်ရင်လဲ သူတို့ ကိုယ်တိုင်လိုက်ပြီးကြီးကြပ်ပြုပြင်ပါသည်။စစ်ကိုင်းမှာကားအကြောင်း

အမျိုးမျိုးနဲ့ ပျက်စီးချို့ယွင်း သွားနိုင်ပါသည်။ တောင်မြို့ဆရာတော်မှ ချောင်းဆရာကြီးထံ စာလှမ်းရေးသည်။ ပို့ထားတဲ့ ပညာတော်သင်များ တော်တယ်ဟုကြားရ၍ ဘုန်းကြီးအထူး ဝမ်းသာပါသည်။ မကောင်းသတင်းတော့ အစုအထိမကြားရသေးပါ။ အနီးကပ်လည်းပြောပေးပါဦး။ စားဝတ်နေရေးကော အဆင်ပြေရဲ့လား၊ ဆန်၊ ဆီ၊ ပဲတို့ကော ပို့ပေးရဦးမှာလား။

လေးလပြည့်လို့ ပဌာန်းလည်း ပြီးတော့မှာပါ။ ပြီးတဲ့အထိ ကျောင်းပြန် ရောက်သည်အထိ ဘာအကြောင်းအရာမှ မထင်စေနဲ့၊ နောက်ပြီး စစ်ကိုင်းက ပြန်လာမယ်ဆိုရင် လူတွေကိုလည်း ဆပ်ပြာခဲ အထပ်ထပ်နဲ့ပွတ်တိုက်ပြီးမှ ပြန်လာခဲ့ဟုမိန့်တော်မူပါသည်။

## ပညာတော်သင် သုံးပါး

(၁) ဦးပညာဇောတ တိုက်သစ်ကျောင်း တပ်ကုန်း

(၂) ဦးယောသိတ ဒေါ်လေးကျောင်းရန်ကုန် - သရက်တော

(၃) ဦးဝါယာမ ညွန့်သန်းကျောင်း။ အောင်ပန်း

## ၆၇။ ခွေးချင်းကိုင်ဘိတာ အားပေးမှု

သံသရာမှ ကိုယ်အလှည့်မအောင်းမေ့နဲ့ သူ့အလှည့်လည်း ရှိသေးတယ်။ တချို့က ကောင်းစားတုန်းမိုးမမြင်၊ လေမမြင် လုပ်ကြပြီး နှိမ့်ကနဲ့ကျတဲ့အလှည့်ကျတော့ ဘာမှမတတ်နိုင်တော့ပါဘူး။ သစ်ငုတ်တလှည့်၊ မျက်တလှည့် ဆိုတာ မျိုးမတွေးပဲ ကိုယ်ကအသာစီးကချည့် နေချင်ကြတယ်။



သံသရာမှာသွားကြတဲ့အခါ ဘယ်လိုပုံစံနဲ့သွားကြရမလဲဆိုတာ မပြောနိုင်ကြပါဘူး။ ပုံစံအမျိုးမျိုး စရိုက်အမျိုးမျိုး ဖြစ်လေတော့ ဘဝဆိုတာလည်း အမျိုးမျိုးသော ဘဝကိုရောက်ကြမှာ ဘယ်သူမှ ပုံသေကားချပ်တွက် လို့မရဘူး။

ကောင်းတဲ့ဘဝနဲ့ ကောင်းတဲ့ကံတွေဖြစ်ဘို့ဆိုတာ အတော်ကြိုးစား ရဦးမှာပါ၊ မကောင်းတာဆိုတာက အလိုလိုမကြိုးစားဘဲနဲ့ ဖြစ်နေတာ၊ အခုသိရှိတဲ့ ဘဝလေးရောက်တုံး အဲ့ဒီအသိလေးကို တန်ဖိုးရှိရှိနဲ့ အသုံးချကြပါ။

ဘုန်းကြီးဘဝပဲနေနေ၊ လူဝတ်ကြောင်ပဲနေနေ ဘယ်ဘဝမျိုးနဲ့ နေနေ၊ ပါရမီကုသိုလ်တွေကိုတော့ များများဖြည့်ကြ၊ ဘဝတစ်နေ့ လွဲသွားလိုက်ရင် ပြန်တည့်လာဖို့ရာ မလွယ်ဘူး။

ဘယ်နေရာမှာမှ တဖက်သားအားငယ်ပြီး ကြောင်ပိတ်မိနေတဲ့ အခါမှာ အားပေးအားမြှောက်ကိုယ့်ပယောဂ မပါစေရဘူး။

ဩဝါဒအဆင်းမှာ ဆရာတော်သည် ကျောင်းတွင် လှည့်လည် ကြည့်ရာ တစ်နေရာရောက်တော့ ဖည့်သည်ခွေးတစ်ကောင်ကို ကျောင်းက ခွေးအုပ်ကြီးက ဝိုင်းကိုက်နေရာ နောက်ကစာချဘုန်းကြီးက လက်ခုပ်တီးပြီး အားပေးအားမြှောက်ပြုလိုက်ရာ ဆရာတော်မှ "အိုး... မလုပ်နဲ့ မလုပ်နဲ့ မလုပ်ကောင်းဘူး" ဟုတားမြစ်ခဲ့သည်။

သံသရာမှာ ကိုယ်လည်းတစ်ယောက်တည်း အကျဉ်းအကြပ် မတွေ့ဘူးလို့ မပြောနိုင်ဘူး။ တစ်ယောက်တည်း အကျဉ်း အကြပ်ကျ နေတဲ့အခါ ကူညီမယ့်သူမပေါ်တဲ့အပြင် အားပေးမဲ့သူတွေက များ တတ်တယ်။

## ၆၈။ ဟင်းမကောင်းရင် ဘုရားအာရုံပြု

ကိုယ်တော်တွေ စာသင်သားလုပ်ပြီး ဟင်းကောင်းတာ မကောင်းတာ ရွေးမနေနဲ့၊ ရတဲ့ဟင်းနဲ့ တင်းတိမ်အောင် ဘုဉ်းပေးကြ ရှေးသူတော်ကောင်းတွေ သည်လိုပဲစားကြတယ်၊ စာသင်သားဆိုပေမဲ့ ဒီကျောင်းမှာတော့ မဆင်းရဲပါဘူး။

ဘုန်းကြီးတို့ စာသင်သားဘဝတုန်းကတော့ မန္တလေး၊ ပခုက္ကူမှာ နေတုန်းက ဟင်းရဖို့ရယ်လို့ မမျှော်ပါဘူး။ ဆွမ်းပဲရဖို့အရေးကြီးတာ ဆွမ်းရပြီဆို ဆွမ်းကိုရေနင့်မျောပြီး စားလိုက်တာပဲ။

တချို့က ဆွမ်းခံအိမ်က ချဉ်ရေဟင်းလောင်းလိုက်ရင် ဟိုဘက်နားကျ သွန်ပစ်ခဲ့တတ်ကြတယ်။ ကိုယ်အမေအဖေတောင်မှ အဲဒီဟင်းမျိုး နေ့တိုင်း မလောင်းနိုင်ဘူး။ ပိုင်းကျော်ဟင်းဟိုအိမ်ကလောင်းလိုက်လို့ငါတော့သွန်ပစ်ခဲ့ပြီတဲ့။

တောကျောင်းဘုန်းများ ပိုဆိုးသေးတယ်။ စားပွဲပေါ်မှာလည်း ဟင်းခွက်တွေ အစိပ်သုံးဆယ်လောက်နဲ့ စားပွဲနဲ့မဆန့်လို့ အောက်မှာ ချထားရတာတွေကလည်း မနည်းဘူး။ ဒါကို ဘုန်းကြီးက ဟင်းမကောင်းလို့တဲ့ ဆွမ်းစားလို့မကောင်း ဘူးတဲ့။

မြို့ကပြန်လာတဲ့တပည့်များကြတော့ သူမကောင်းဘူးဆိုတဲ့ ဟင်းတွေနဲ့ စားလို့ကောင်းလိုက်တာတောကတော့ မကောင်းလဲ ဟင်းပန်းကန်ကြီး တစ်လုံးကောင်းလည်း ဟင်းပန်းကန်ကြီးတစ်လုံး လောင်း လိုက်တာပဲ။ မြို့က လောင်းတာကြတော့ကောင်းကောင်းနဲ့ နည်းနည်း ချက်လောင်းတတ်ကြတယ်။

တချို့ကြတော့ဘုဉ်းကံထူးကြပါတယ်။ တစ်ချို့ကြတော့လည်း



ဘုဉ်း ကံရှားပါးကြတယ် ဘုဉ်းကြီးတဲ့ကိုယ်တော်ကြတော့ လှူပ်ကာလှည့်ကာနဲ့ သပိတ်အပြည့်ဟင်းခွက်ကလည်းအပြည့်ရတယ် ဘုဉ်းကံရှားတဲ့ ပုဂ္ဂိုလ်ကြတော့ တမော့မော့နဲ့ အတော်သွားရမှ နည်းနည်းပဲရတယ်။

လည်ဘုဉ်းထိုင်းဘုဉ်းတဲ့လှည့်ပြီးသွားမှ ဘုဉ်းကြီးတဲ့ ကိုယ်တော်နဲ့ မလှည့်လည်ရပဲ ထိုင်ရုံသက်သက်နဲ့ ဘုဉ်းကြီးတဲ့ကိုယ်တော်လို့ နှစ်မျိုးရှိတယ်။ ဘုန်းကြီးတစ်ပါးက "ဒီနေရာမျိုးတွေ နာတာဘဲကွ" ဟုဟင်းမကောင်းရင်ညည်းတတ်သည်။ တစ်ခါတစ်ခါ ဆွမ်းစားလို့ရှိရင် ပျော့ပျော့လေး ချက်ပေးဆန်ပါဖွန်းနဲ့ခတ်သောက်ရသောက်ရပါ။ ဆွမ်းက ပျော့သွားပြန်ပြီ ဆိုရင်လည်း မာမာလေးချက်ပေးစမ်းပါ။ ပေါက်ဆိန်နဲ့ ပေါက်စားရ စားရပါလို့ ညည်းတတ်ပါတယ်။

ဆရာတော်ဘုရားကြီးကတော့ ဟင်းကောင်းရင် ဘုရားအာရုံပြုစားလိုက်တာပဲတဲ့ ကိုယ်တော်တို့လည်း ဟင်းမကောင်းရင်ဘုရားအာရုံပြုစားကြပေါ့။

ဒို့ဘုရားကတော့ အလောင်းတော်ဘဝဖြစ် စဉ်က သာခန္တီတရားသုံးတာ မဟုတ်ဘူး။ ဘုရားဖြစ်တော့ အတိုင်းမသိသော ခန္တီတော်နဲ့သုံးပြီး တစ်ခါတော့ ရဟန်းတော်တွေနဲ့ ဝါတွင်းမှာဆွမ်းအခက်ကြုံတော့မြင်းကုန်သည်တွေထံမှ မြင်းကျွေးဖို့ ယူလာတဲ့ မြင်းစာတွေကိုရှင်အာနန္ဒာက အလှူခံပြီး ဘုရားကို ချက်ကပ်ပါတယ် မုယောဆန်ခေါ်တယ် ဘုဉ်းပေးတော်မူပါတယ်။

ဒါကြောင့် – ငါဘုရားနဲ့သံဃာတော်တွေ (ရဟန္တာအရှင်မြတ်ကြီးတွေ) တောင်မှ ဒီလိုဆွမ်းဘုဉ်းပေးသေးတာ ငါတို့စားရတဲ့ဟင်းနဲ့

ဘွမ်းကားအဲဒီလောက် မကြမ်းတမ်းသေးပါဘူး။ အဲဒီလောက်လည်း ငါတို့ မဆင်းရဲ သေးပါဘူး ဆိုပြီး ဘုရားကို အာရုံလေးပြုပြီး ဘုဉ်း ပေးကြမယ်ဆိုရင် ကုသိုလ်လည်းရ၊ ဝမ်းလည်းဝဖြစ်မှာပါဟု ဆရာ တော်ဘုရားကြီးက မိန့်တော်မူခဲ့ပါသည်။

## ၆၉။ သုံးစိုင်ချိုးမ

တောရွာသာသနာပြုရသည်က မလွယ်လှပါဘူး။ တောရွာ ဆိုတော့ အမြင်ကျဉ်းတာပေါ့ ကျောင်းသွားရင်တောင်မှ သွားပြန်ပြီ ပြောတတ်ကြ ပါသေးသည်။ ကျောင်းလှူစရာရှိလို့၊ လုပ်စရာရှိလို့ သွားရင်တောင်မှ ပေးနိုးနိုး ကပ်နိုးနိုး ထင်တတ်ကြပါသည်

အမြင်မကြည်ချင်ကြပါဘူး။ ဟိုဟာယူ ယူပြန်ပြီ ။ ဒီဟာပေး ပေးပြန်ပြီနဲ့။ အလွတ်ကိုမပေးချင်ကြဘူး။ မျက်လုံးကိုဒေါက်ထောက် ကြည့်နေကြတာပါ။

သူတို့ပြောလည်း တစ်ချို့ဟာတွေက ဟုတ်တန်သမျှ ဟုတ်နေ တာကိုလည်း တွေ့ရတယ် ဘုန်းကြီးငယ်စဉ်တုန်းက အရပ်ကိုမန္တလေး ဘက်က ခဏ ပြန်လာပြီး ကျောင်းရောက်တယ် အနီးအနားကရွာကို ခဏသွားတယ်။ အဲဒီကျောင်းက ဘုန်းကြီးကိုမိန်းမတစ်ယောက်က ယူသွားလို့တဲ့ ဘုန်းကြီး အမေဖြစ်သူက ကွမ်းတွေ ကလည်း တဖွဖွ တားရင်း ဒေါကန်နေတယ်။

သူ့သားကို ယူသွားရမလားလို့ ဒေါပွနေတာက တစ်ကြောင်း၊ အဲဒီ မိန်းမက သူ့ယာခင်းထဲကမိုစိုစိုနဲ့ဖြတ်သွားတာကတစ်ကြောင်း၊ ကျောင်းသုံးစင်ပေးလိုက်တယ်လို့ မိန်းမကိုပြောရာ မိန်းမက ပြာပြာ



သလဲ၊ လုပ်ပါတော်... ဘာတွေများရမှာတုန်း ပြစ်ပြစ်မံးပါနဲ့ နားမှုနားဆာ လုပ်တော့ ယောကျ်ားလုပ်တဲ့ သူက စိတ်ပေါက်ပေါက်ရှိလှတာနဲ့ "သွားလေရောဟင့်ရှီး" ဟုဆိုကာ ပထမမြားကိုပစ်လိုက်ရာ။

မိန်းမရေ.... မရတဲ့အပြင် ငါ့ဟာတော့ပါသွားပြီး" လို့ပြောရာ - တော့ဟာပါသွားလို့မဖြစ်ဘူး။ ကျန်တဲ့မြားနှစ်စင်းပြန်ပြစ်ယူလိုက်တော့ ဟုပြောပြန်ရာ၊ ကဲ - ဒါဆို "သွားလေရော့ဟယနစ်ယာ" ဟု ပြောပြစ် လိုက်ရာ မိန်းမဟာပါ ပါသွားပါရော။ ဒါနဲ့မိန်းမကလ်း သူ့ဟာ ပါသွား ကြောင်းပြောရာ... ဒါဆိုဘယ်လိုလုပ်ကြမလဲ - ဟု ပြောရာကျန်တဲ့ မြားတစ်စင်းနဲ့ ပြန်ပြစ်ယူရတော့မှာဘဲ။

ကဲ့ပြောနေတာကြာရော့မယ် "လာလေရောဟ" ပြန်ရစေဟု ကျန်မျှားတစ်စင်းနဲ့ ပြစ်လိုက်ရာ မြားသုံးစင်းလုံး ယောကျ်ားက ကိုယ်ဟာကိုယ်ပြန်ရစေလို့ ပြောလိုက်တော့မှ ရပ်သွားကြသည်တဲ့။

ဣစ္ဆာသယ လိုတရမြားသုံးစင်းရပါလျက် အသုံးမတတ်တော့ ကိုယ်ဟာကိုယ်ပဲ ပြန်ရတတ်တယ်။

## ၇၀။ ကိုယ်ဟာကိုယ် ပြန်ရ

အလုပ်မတတ်ရင် ကိုယ်အရင်ကိုပြန်ရသလိုပဲ ကုသိုလ်လုပ်တဲ့ နေရာမှာလည်း အမြတ်ရတဲ့လှူ။ အမြတ်မရတဲ့ အလှူရယ်လို့ နှစ်မျိုး ရှိတယ်။ တောင်သူလယ်ယာလုပ်ငန်းမှာ အရင်းက ဘယ်လောက် စိုက်ထုတ်ထားရတာ အမြတ်က ဘယ်လောက်ထွက်တယ်နဲ့ အရင်းနဲ့ အမြတ်ကို သိရမယ်။ အရင်း ဘယ်လောက် စိုက်ထုတ်ထားရတာ

အမြတ်က သိလောက် မြတ်တယ်ဆိုတယ်တာ အရင်းအမြတ်ကို သိရတယ်။

ရတာကို သိပြီး၊ ကုန်တာကျ တွက်မထားဘူးဆိုလျှင် အဓိပ္ပါယ် မရှိတဲ့အလုပ်လို့ခေါ်တယ်။

သိကြားက ဣစ္ဆာသယလိုတရမြားသုံးစင်းလှူတစ်ယောက်ကို ပေးလိုက်သလို အိမ်ရောက်တော့ ငါကို သိကြားက ဣစ္ဆာသယ မြားသုံးစင်း ပေးလိုက်တယ်လို့ မိန်းမကိုပြောရာ မိန်းမကပျာပျာသလဲ လုပါတော် ၊ ဘာတွေများ ရမှာတုန်း၊ ပစ်ပြစမ်းပါနဲ့ နားပူနားဆာ လုပ်တော့ ယောက်ျားလုပ်တဲ့ သူက စိတ်စိတ်ပေါက်ပေါက်ရှိလှတာနဲ့ "သွားလေရောလာ ငါ့နီး" ဟုဆိုတာ ပထမမြားကိုပစ်လိုက်ရာ...။

မိန်းမရေ...မရတဲ့အပြင် ငါ့ဟာတော့ပါသွားပြီ "လို့ပြောရာ... တော့ဟာပါသွားလို့မဖြစ်ဘူး။ ကျန်တဲ့မြားနှစ်စင်းပြန်ပစ်ယူလိုက်တော့" ဟုပြောပြန်ရာ "သွားလေရော့ယနစ်ယာ" ဟုပြောပစ်လိုက်ရာ မိန်းမဟာ ပါပါသွားပါရော့။ ဒါနဲ့ မိန်းမကလည်းသူ့ဟာပါသွားကြောင်းပြောရာ... ဒါဆိုဘယ်လိုလုပ်ကြမလဲဟု ပြောရာ ကျန်တဲ့မြားတစ်စင်းပြန်ပြေးယူ ရတော့မှာပဲဟုပြောရာ ကျန်တဲ့မြားတစ်စင်းနဲ့ပြန်ပစ်ယူရတော့မှာပဲ။

ကဲပြောနေတာကြာရော့မယ် "လာလေရော့ဟာ" ပြန်ရစေဟု ကျန် မြားတစ်စင်းနဲ့ပစ်လိုက်ရာ မြားသုံးစင်းလုံး ယောက်ျားနဲ့ မိန်းမအနားပတ်ပြေးနေရာ မိန်းမကာ လုပ်ပါဦးတော့၊ မြားတွေဝိုင်းနေပြီ လို့ ပြောတော့မှ ယောက်ျားက ကိုယ့်ဟာကို ပြန်ရစေလို့ ပြောလိုက် တော့မှ ရပ်သွားကြသည်တဲ့။



ဣစ္ဆာသယ လိုတရမြားသုံးစင်းရပါလျက် အသုံးမတတ်တော့ ကိုယ်ဟာကိုယ်ပဲပြန်ရတတ်တယ်။

## ၇၁။ အချိုးပါးလေးချို

တံမြက်စည်းလှည်းရာမှာ ဖုန်မထအောင် ရေဖျန်းလှည်းရမည်၊ တံမြက်စည်းကိုလည်း တစ်ဖက်သတ်ချည့်မလှည်းပါနဲ့၊ တံမြက်စည်းကို တစ်ချက်လှည့် လှည်းရပါမည်။

အမှိုက်ပြောင်အောင် လှဲထားခြင်းကြောင့် စိတ်ရှင်းတယ်။ ဉာဏ်ပညာတွေတိုးပွားတယ်။ နတ်ကောင်းနတ်မြတ်တွေလည်းစောင့် ရှောက်တယ်၊ တဘဝမှာကြတော့ ရုပ်ရည်လည်းသန့်တယ်မေတ္တာပို့ရာ ဗုဒ္ဓါနုဿတိပွားရာမှာလည်း စိတ်အေးရတယ်၊ နောက်ဆုံး တရားထူး တောင်မှ ရတယ်။

တံမြက်လှည်းပြီးသားအမှိုက်များကိုလမ်းလယ်မှာ မပုံရပါဘူး၊ ဘေးတဖက်တချက်ကိုကပ်ပြီး ပုံရပါမယ်ဒ အမှိုက်လှည်းရာမှာပဲဖြစ်ဖြစ် အမှိုက်ကျုံးရာမှာပဲဖြစ်ဖြစ် ပြောင်နေအောင် လှည်းရကျုံးရပါမည်။

မပြောင်တစ်ပြောင် လှည်းခြင်း၊ ကျုံးခြင်းမျိုး မပြုလုပ်ရပါ၊ တံမြက်လှည်းရာမှာ စွပ်ကြောင်းကြီးတွေကျန်အောင် မလှဲရပါ။ ကျုံးရာမှာ လည်း အမှိုက်ချေတွေ ကျန်အောင် မကျုံးရပါ။ ခွေးချေးပုံများနှင့် အတိုအစများ ပါမကျန်ကျုံးရပါမည်။

တံမြက်စီးလှည်းရာမှာ - အဖြောင့်လှည်းမည်ဆိုပါက အဖြောင့် ချည့်တံမျက်စီးကြောင်းကိုတန်းပါစေ၊ ချိပ်လုံချည်များကဲ့သို့ အချိုန် လှည့်မယ် ဆိုရင်လည်း အချိုတ်ချည့်သက်သက်လှည်းပါ။

တံမြက်စည်းကြောင်းကိုမညီမညာနှင့်ကို့ယို့ကားယားလှဲထားခြင်းသည် စိတ်ကို အနှောင့်အယှက်ဖြစ်စေပါသည်။

အချို့တံမြက်စည်းလှည်းထားတာ ထမင်းတောင် ပုံစားလို့ရတယ်ဟု ပြောကြတယ်။ တံမြက်စည်းကို လှည်းပြီးကျုံးပါ။ လှည်းပြီး မကျုံးရင်လေတိုက်လို့ပြန့်ကျဲကြီးဖြစ်ပြီး မလှည်းပဲထားတာမှတော်ပါသေးတယ်။

မနက်လင်းလာရင် ကိုယ်နေတဲ့အာဝါသတိုက်မှာ ပြောင်နေသောတံမျက်လှည်းတံလင်းကို မြင်လိုက်ရရင် စိတ်လည်းချမ်းသာ ကိုယ်လည်းကျန်းမာ ဖြစ်ကြမည်မှာမလွဲပေ။

တံမြက်စည်းပြောင်နေအောင်လှည်းပြီးလို့သိမ်းရင်အဖျားကအထက် မိုးထောင်ထားရပါမည်။ ဒါမှ တံမြက်စည်းတံတွေ ကွေးကောက်မနေမှာပါ။ တံမြက်စည်းကို ပြောင်နေအောင် လှဲထားတဲ့အပေါ် မနက်စောစောလမ်းလျှောက်ရင်း မေတ္တာပွား ဘုရားအားရုံပြုတရားပွားများမယ် ဆိုရင် သမာဓိမြဲမြန်ပါသည်။

ထို့ကြောင့်တံမြက်စည်းလှဲရခြင်း၏အကျိုးများသည်ကျန်းမာရေးလည်းကောင်း၊ သမာဓိလည်းရ အကျိုးများစွာရပါသည်။တံမြက်လှည်းခြင်းကိုလူ့ရော၊ ရှင်ပါကျင့်ဝတ်တစ်ခုအဖြစ်ထားပြီးလုပ်ကြပါ။ တံမျက်လှည်းရာမှာ "အယိုးပါးလေးလို" ချောမွေ့နေအောင်လဲမလုပ်ဖို့ မိန့်ကြားခဲ့သည်။



## ၇၂။ မှန်ကြည့်တယ်ဆိုတာ

ရဟန်းသာမဏေဆိုတာ ဖိနပ်လည်းလှလှပပလေးကိုမစီးရဘူး ထီးလည်းလက်ကိုင်ဒုတ်ကိုဒါးလေးနဲ့ချစ်ပြီးမှကိုင်ရတယ်၊ သောက်ရေကိုလည်း ရေစစ်နဲ့စစ်ပြီးမှ သောက်ရမှာတဲ့ နောက်ဆုံးပူစီနံတို့ ငရုတ်သီးတို့တောင်ကပ္ပိယပြီးမှစားရတယ်။ ကပ္ပိယဆိုတာအပ်စပ်တဲ့နေရာမှာ လက်နဲ့ကိုင်ပြီး ဘုန်းကြီးနဲ့ ကပ္ပိတဲ့သူ ကိုင်ထားမှ မဟုတ်ဘူး။ ပူစီနံ၊ ငရုတ်သီးထည့်ထားတဲ့ ပန်းကန်ကို လက်ညှိုးနဲ့ထိုးပြီး ဟော - ကိုရင်၊ ဟော - ဒကာ အဲ့ဒီပူစီနံကို ကပ္ပိစမ်းဆိုပြီးကပ္ပိယံကရောဟိ - လို့ ရဟန်းကဆိုလိုက်ရင် ကပ္ပိယံဘန္တေ ဟု ကိုရင်ဆို၍ ကပ္ပိရမည်။ ကပ္ပိစမ်းဆိုပြီးကပ္ပိယံကရောဟိ - လို့ရဟန်းကဆဆိုလိုက်ရင်ကပ္ပိယဘန္တေ ဟုကိုရင်ကဆို၍ကပ္ပိရမည်။

ရဟန်းသာမဏေဆိုသည်မှာအမှတ်တမဲ့မမြင်နိုင်၊ မသိနိုင်တဲ့ သိမ်မွေ့သော အကုသိုလ်လေးတွေ ဖြစ်လာတက်သည်။ ထိုသိမ်သိမ်မွေ့မွေ့ ဖြစ်မှန်းမသိ ဖြစ်နေသည့် ကိလေသာမြူအမှုန်တွေကို သိမ်မွေ့သော တရားမွေ့ဖြင့် အမြဲပယ်ခွာထုတ်ရမည်။

နောက်ဆုံးမှန်ကြည့်တာတောင်မှ ကိုယ့်ကိုယ်ကို လှသလား၊ ဝသလား၊ ဘယ်လိုနေသလဲလို့ မကြည့်ကောင်းပါ။ ငါ့ရုပ် ခန္ဓာကြီး မနှစ်ကနဲ့ မတူအောင် အိုသွားပါပြီလား။ မျက်နှာမှာလည်းမှဲ့ဖြူမှဲ့မဲတွေနဲ့ ပြည့်နေတာပါလား၊ ပါးရေတွေတွန့်ကုန်ပါရောလား။ ဆံပင်လည်း ဖြူကုန်ပါရောလား။အသားအရေတွေလည်းငယ်စဉ်တုန်းကလိုမကြည်မလင်ဖြစ်ပြီးမဲခြောက်ခြောက်ဖြစ်ကုန်ပါရောလားဆိုတဲ့သဘောမျိုးနဲ့ မှန်ကြည့်ရတယ်။ တစ်နေ့က ကိုယ်တော် တစ်ပါးမှန်ကြည့်တာ တွေ့ရ

တယ်။ ကိုယ်တော်ဘာပြုလို့ မှန်ကြည့်တာလဲ ဆို သူ မဖြေတတ်ဘူး မှန်ကြည့်တာလင်း တရားနဲ့ကြည့်ရင် အကြည့်ကောင်းပါပဲ။ တရားမပါ လိုတော့ကိလေသာတွေအပြည့်ပေါ့ဟု မိန့်တော်မူသည်။

## ၇၃။ ဆွမ်းဆန် အလှူခံတယ်ဆိုတာ

ဆွမ်းဆန်အလှူခံခဲ့တာ နှစ်ပေါင်း(၄၅)နှစ်လောက်ရှိပါပြီး စစ်ကိုင်းတိုင်းအတွင်း ၄၅-နှစ် တပ်ကုန်းမြို့နယ်မှာ ၂၅-နှစ် အခြား အခြားသောမြို့နယ်များမှာလည်းနှစ်တွေတော်တော်ကြာလာခဲ့ပါပြီး။

ဆရာတော်ရည်ရွယ်ချက်မှာ ဆွမ်းဆန်တော် အလှူခံဆိုပေမဲ့ ဆွမ်းဆန်ရရုံသက်သက်နယ်မြို့များသို့ သွားသည်မဟုတ်ပါ။

ဆွမ်းဆန်အလှူခံထွက်တော့မည်ဆိုပါက ကြွမည့်ကိုယ်တော် များကို အကြည်ညိုခံ သာသနာပြုရင်း ကြွရန် အမြဲတမ်းမှာပါသည်။ ကိုယ့်အတွက်ကြောင့် သာသနာမညှိုးနွမ်းစေဘဲ ဒကာ၊ဒကာမတွေရဲ့ အကြည်ညိုခံရင်း သာသနာပြုကြရတယ်ဟု သဘောထားပါ။

တောရွာတွေဆိုတာ သံဃာအစုအဖွဲ့နဲ့ တွေ့ခဲတယ်၊ သူတို့ကို တွေ့တဲ့အခါမှာ ဆွမ်းဆန်တွေလောင်းကြ၊ ဆွမ်းတွေကပ်ကြ၊ ပရိတ် တရားတော်များနာကြားရ၊ တရားဓမ္မများရိုးမြှင့်ကြနဲ့(၁)ရက်၊(၂)ရက် အတွင်း အားရသည်မရှိ ကုသိုလ်တွေပြုကြရတယ်။

သာသနာရဲ့အသရေကိုဆောင်တယ်ဆိုတာ တစ်ပါးတစ်လေနဲ့ မဖြစ်ပါဘူး။ သပိတ်များကိုယ်စီလွယ်ပြီး ယပ်တောင်နဲ့သင်္ကန်းရုံပြီး တန်းကြွလာတဲ့ မြင်ကွင်းဟာ လုပ်ယူလို့ရတာမဟုတ်ဘူး။



တခြားမှာတော့တွေ့နိုင်ခဲ၊ မြင်နိုင်ခဲတဲ့မြင်ကွင်းပေါ့၊ မြို့တွေပေါ် ရောက်ပြန်တော့လဲ မြို့သူမြို့သားတွေက ရပ်ကွက်အလိုက် လှူဒါန်း လိုက်ကြတာ အံ့မခန်းလောက်အောင်ပါဘဲ။

ကိုယ်မြို့ကိုယ်ရွာမှာ သံဃာဆိုတာ ရှိတာပဲ၊ နယ်ခံသံဃာတော် တွေကို ဦးထိပ်ထားပြီး ကျေနပ်မှုရရှိမှ မြို့နယ်ဥပဋ္ဌာကဒကာများ အဖွဲ့ကလည်း တိုက်မကြီးကိုလာပြီးပင့်ဆောင်လေ့ရှိပါသည်။

ထိုကြွလာသောသံဃာတော်တွေကလည်း သံဃာရဲ့ကိုယ်စား ကြွလာတာဖြစ်တော့ ကိုယ်ကျိုးအတွက်မပါ သံဃာက ညွှန်ကြားလို့ တာဝန်အရသာ ကြွလာကြခြင်းဖြစ်ပါသည်။ ကိုယ်ကျိုးကိုယ်စီးပွား အတွက် လုံးဝမပါဘဲကြွလာကြခြင်းသာဖြစ်ပါတယ်။

ထို့ကြောင့် လောင်းလှူကြတဲ့ ဒကာ၊ ဒကာမတွေကလည်း ဒီအကြောင်းသိထားကြတာဖြစ်တော့ လှူလိုက်ကတည်းက သံဃသ ဒေမ - သံဃာတော်အား ရည်စူးပြီး လှူပါ၏ဘုရားလို့ စိတ်သန့် ကိုယ်သန့်နဲ့ လောင်းလှူလိုက်ကြပါသည်။

ကျောင်းရောက်ပြန်တော့လည်း ဆန်းထားမည်နေရာ ဆန် စသည့် ဖြင့် သူနေရာနှင့် သူပို့ပြီး စနစ်တကျ သုံးစွဲကြသည်ကိုလည်း သံသယဖြစ်ဖွယ်မလိုပါပေ။

ဒါကြောင့် ဆွမ်းဆန်တော်အလှူခံတယ်ဆိုတာ ရရုံသက်သက် မဟုတ်ဘဲ တဖက်တလမ်းက သာသနာပြုရင်းကြွရသည်ဟု သဘော ပေါက်ပါဟု မိန့်ကြားပါသည်။

## ၇၄။ အစူးမြေမှ ထောင်ထဲရောက်မှန်းသိ

ဒကာ ၂ - ၃ယောက်ဘုန်းကြီးကျောင်းလာတယ် ရောက်လာတာက ကျောင်းဘုန်းကြီးရချင်လို့ပါပဲ၊ ဒါတော့ ဘုန်းကြီးကမပေးနိုင်ဘူးလို့ ပြတ်ပြတ်ပဲပြောလိုက်တယ်။

ဒါနဲ့ဒကာတစ်ယောက်ကတပည့်တော်တို့ကျောင်းမှာဘုန်းကြီးပျံတော်မူသွားတာ သုံးနှစ်ရှိသွားပါပြီဘုရား အလှူအတန်းတွေကလဲများတော့ ဒီကိစ္စရွက်ဆောင်နိုင်မယ့် ဘုန်းကြီးတစ်ပါးလောက်တော့ပေးပါဘုရားကျောင်းထိုင် မဟုတ်ပါဘူး။

ဒါဆိုမင်းတို့နယ်ကအဲဒီကိစ္စလေးတွေဆောင်ရွက်ဖို့ရန် ဘယ်ကျောင်း၊ ဘယ်ဘုန်းကြီးကို ပင့်သွားဆိုပြီး ဆရာတော်မှ စာလေးတစ်ဆောင် ရေးပေးလိုက်သည်။

ဒကာတွေကရွာမှာပြောခဲ့တာပညာတတ်တရားဟောကောင်းဘုန်းကြီးကို ရအောင်ပင့်ပေးမယ် လမ်းစရိတ်သာစုပေးလိုက်ကြဟုဆို၍ ရပ်ရွာက လမ်းစရိတ်များစုပေးလိုက်ရသည်တဲ့၊ ဒကာများအကြံအိုက်ပြီး ဘုန်းကြီးမရအရသာ ဆရာတော်ထံ လျှောက်ထားနေရ၏။

ဘုန်းကြီးကအလှူကိစ္စဆိုသောကြောင့်ဆရာတော်မှပေးကာလိုက်၏။ ဟုတ်တော့မဟုတ်ပါပေ၊ ဘုန်းကြီးကျောင်းပေါ်ရောက်ရင်ဒို့တာဝန်ကျေပြီ ကျောင်းပေါ်ရောက်ပြီး ဖင်နွေးအောင်မထိုင် ထိုင်ဒို့တာဝန်ကကျောင်းပေါ်ရောက်ဘို့ဘဲ။

ဟိုရွာရောက်တော့အလှူတွေလည်းရှိအခြားအကြောင်းကိစ္စတွေလည်းရှိ အလှူတွေကိုလည်း တစ်လှူနဲ့ တစ်လှူ (၁၀)ရက် ခြား



စီလောက်ခြားခြားလှူပြီး ဘုန်းကြီးကို အချိန်ဆွဲထားကြပါသည်။ ဒီကြားထဲ မွေစကြာဝတ်အသင်းတွေလည်း ထောင်ပေးလိုက်သေးတယ်။

တဖြည်းဖြည်းနဲ့ ဝါဆိုဦးရောက်သွားပါရော ဝါဆိုဦးရောက်တော့ ကျောင်းတော့ အအပ်ခံပါဦးဘုရားဆိုပြီးမှ မနေချင်လည်းကြွပေ့ါတဲ့။

ဒါနဲ့ ကျောင်းအပ်ခံလိုက်ပြန်ပါရော၊ နောက်ပြီးတော့ တစ်ဝါတော့ ဆိုပါဦး။ ဘုရားဆိုလို့တစ်ဝါတော့ ဆိုပါဦး ဘုရားဆိုလို့ တစ်ဝါဆိုပေးလိုက်ပြန်ရော၊ ဆရာတော်ရဲ့သာသနာတော်ကိုကူညီပြုသောအားဖြင့် ကျောင်းပဲထိုင်ပါတော့ ဘုရားဟုကျောင်းကို အပြီး စာချုပ်စာတမ်းနဲ့ ထိုးအပ်လိုက်ပါတော့သည်။

ဝါကျွတ်တော့ ကျောင်းတိုက်ကို ခေတ္တပြန်ရာ ဆရာတော်မှ ကိုယ်တော်အလှူကိစ္စလေးတွေအတွက် ဆိုပြီး ပင့်သွားတာ ကျောင်းထိုင်ဖြစ်သွားပြီလား။ ဟိုလိုဖြစ်သွားပြီးနဲ့တူတယ်။ နွေရာသီမှာ အလုပ်ကလည်းမရှိကြတော့ မုဆိုးမအိမ်အောက်မှာ အရက်သမားတွေ အရက်သောက်ရင်း ဖဲရိုက်ကြသတဲ့ကွဲ့။ မုဆိုးမက အိမ်ပေါ်ကအကြံထုတ်နေသတဲ့ဒီကောင်တွေကို ငါဘယ်လိုအပိုင်ချိုင်ရမလဲ။

တစ်ရက်တော့ အရက်သမားတွေ ဖဲရိုက်ရင်းက အိမ်ပေါ်ကမုဆိုးမထံ ဆေးလိပ်မီးတောင်းသတဲ့ မုဆိုးမကလည်း ကျမ်းပေါက်ကလှမ်းပြီး မီးပေးလိုက်သတဲ့ မုဆိုးမက အရှိန်ယူပြီး တစ်ရက်လည်း ဒီလိုပဲပေးလိုက် နစ်ရက်လည်း ဒီလိုပဲ ပေးလိုက်နှင့် ရက်ပေါင်းများလာတော့ပေ...( - )ရေဆေးလိပ်မီးပေးပါဦးဆိုတော့၊

ဆေးလိပ်ကိုလှမ်းယူပြီး ကျမ်းပေါက်ကပေးလိုက်ရာ ဆေးလိပ်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် မုဆိုးမက အောက်က အရက်သမားလက်ကို ဆွဲထားလိုက်၏။ ဆွဲထားလိုက်ပြီးမုဆိုးမက လာကြပါတော် - ကျွန်မလက်ကို ဆွဲထားလို့ပါ လာကြပါလို့အော်တော့ လူတွေအုံလာကြည့်ကြတယ်။ အထက်ကဆွဲထားမှန်းမသိ။ အောက်ကဆွဲထားမှန်းမသိဖြစ်ကာ အများမြင်လောက်မှ မုဆိုးမက လက်ကိုလွှတ်လိုက်သည်။

ဒါနဲ့ လူကြီးတွေက အရက်သမားတွေ ဖမ်းပြီး စစ်ဆေးရာ - ဟုတ်မှန်ကြောင်း ဆွဲထားကြောင်း၊ ဖြောင့်ချက်ပေးလို့ ထောင်ထဲတစ်ခါတည်းရောက်သွားကြသတဲ့။

မနက်လင်းလို့ အမူးပြေတော့ - ဒို့ဘယ်ရောက်နေတာလဲ၊ ဒို့ထောင်ထဲရောက်နေတာပါလား။ ဘာမှုနဲ့လဲဟု တွေး နေတုန်း၊ ထောင်ဝင်စာလာ တွေ့တဲ့သူမေးကြည့်တော့ ခင်ဗျားတို့ မုဆိုးမဘယ်သူ့ရဲ့လက်ကိုဆွဲမှုနဲ့ ထောင်ကျကြတာလို့ပြောလိုက်သတဲ့။

အခုလည်း ကိုယ်တော် ဟိုလူညာတွေရဲ့လက်ချက်မိသွားပြီး အမူးပြေမှ တောထဲ ရောက်မှန်းမသိတဲ့ အရက်သမားတွေလို့ တစ်ဝါကျွတ်မှ ကျောင်းထိုင်ဖြစ်မှန်း သိပုံရတယ်ဒ ဘုန်းကြီးကလည်း ယုံမှတ်လို့ထည့်မိလိုက်တာ။ ဘုန်းကြီးအပြစ်ပေါ့လေမပျော်ရင်တော့ ပြန်ခဲ့ပေါ့ ပျော်ရင် တော့လည်း ဘုန်းကြီးသာသနာ ကို ကူညီပြုသောအားဖြင့် နေပေါ့ဟု မိန့်တော်မူလိုက်ပါသည်။



## ၇၅။ မူရင်းသုံးစု ပြတ်လျှင်

သာသနာရေးနှင့်ပတ်သက်ပြီး ၃၃ - ခုနှစ်ဩဂုတ်ဒမှာ - တောရွာကျောင်းမှာ ကျောင်းသား၊ ကိုရင်ပြတ်စပြုလာပြီး၊ တစ်ချို့ရွာကျောင်းတွေမှာ ကျောင်းသားကိုရင် မရှိတော့သည့်အတွက် ဆွမ်းခံခြင်း၊ ဆွမ်းအိုးယူ၊ ဆွမ်းချိုင့်ယူများလည်း ကွယ်ပျောက်ပြီး ပို့ဆွမ်းများသာဖြစ်ကုန်ကြတော့သည်။

အချို့နေရာတွေမှာ ပို့ဆွမ်းများ ပို့ရတာ တာဝန်ကြီးလို့ဆိုပြီး တနှစ်စာအတွက် ဆွမ်းဆန်၊ ဆီ၊ ဆား၊ငပိ၊ ဟင်းချက်စရာများတစ်နှစ်စာ အကုန်ကျောင်းပို့ထားကြသည်။ ရွာတွင်းက ဘောဇဉ်လည်းခွဲတမ်းချပြီး တစ်နှစ်စာပို့ထားရသည်။ အထူးဧည့်သည်အာဂန္တုလာလျှင်တော့ ဆွမ်း၊ ဆွမ်းဟင်းများ ချက်ပို့ကြပါသည်။

များသောအားဖြင့် ကလေးတွေမှာ လောကီတန်းကျောင်းလောက်နဲ့သာအချိန်ကုန်ပြီး ယဉ်ကျေးမှုဟူသမျှလည်း ပျောက်ကုန်ကြပြီး။ အဲဒါလောက် ဘာသာရေးနှင့် ကလေးတွေနဲ့ ဝေးခဲ့ကြတာပါ တောရွာများမှာ ကျောင်းသား၊ ကိုရင် မရှိခြင်းဟာ သာသနာမှာခြေပြတ်တယ်လို့ခေါ်တယ်။

ကျောင်းသား၊ ကိုရင်မရှိတော့ မြို့ကို စာသင်တက်မယ့် ကိုရင်ဦးဇင်း ဆိုတာ မရှိဘူးပေါ့။ အဲဒီစာသင်သူ မရှိခြင်းသည် ပရိယတ်ဘက်က အားနည်းလာတော့တာ၊ ပရိယတ်ကို သင်ယူမယ့်သူမရှိတော့ခြင်းသည်။ သာသနာအတွက် ခေါင်းပြတ်တယ်လို့ခေါ်တယ်။

ပရိယတ်မသင်ကြတော့ တရားဓမ္မတွေဟောပြောမယ့်သူမရှိ၊ တရားပြသမယ့်သူမရှိ ကျင့်ကြံမည့်သူတွေလဲ ရှားပါးပြီး မဂ်ဖိုလ်တရားတွေနဲ့ ဝေးပြီးပဋိပတ်ကွယ်ပျောက်ခြင်းသည်လည်း၊ သာသနာ

ခါးပြတ်သည်နှင့်တူသည်။ မှုရင်းသုံးပါးပြတ်ကွယ်လျှင်သာသနာလည်း အသက်ထွက်တော့မည်မှတ်ဟုမိန့်တော်မူခဲ့ပါသည်။

## ၃၆။ အနာဂတ်သာသနာအတွက်

အလျဉ်းသင့်၍ အနာဂတ်သာသနာ နိဂုံးပိုင်းလေးကို ဖော်ပြပါရစေ။

(၁) ဗုဒ္ဓမြတ်စွာ၊သာသနာကို၊ ကောင်းစွာကြိုတင်၊ မပြုပြင်သော်၊ အမြင်မှိန်မှေး၊ အထင်သေး၍၊ ယဉ်ကျေးဖွယ်ရာ၊ အဖြာဖြာနှင့် ဘာသာဝါဒ၊ ဟူသမျှတို့စကုန်သုဉ်း၊ ပြုတ်ပြုတ်ပြုန်းလိမ့်....

ဘုရားရှင်၏ သာသနာတော်ကို အမြင်ကြီးကြသော ပုဂ္ဂိုလ်တွေက ကြိုတင်၍ မပြင်ကြဘူး။ ကြိုတင်စဉ်းစား၍ ပြင်ဆင် မထားကြဘူးဆိုရင် နောင်ခေတ်လူငယ်တွေက အထင်သေးအမြင်သေး ပြုကြပါလိမ့်မယ်။

ဒါတင်မက ယဉ်ကျေးမှု ဟူသမျှလည်း ပျောက်ကွယ်ပြီး နောက်ဆုံး ဗုဒ္ဓရဲ့သာသနာပါ၊ အယူဝါဒတွေပါ အားလုံး- ကွယ်ပျောက်ကုန်ပါလိမ့်မယ်။

(၂) ထွန်းဘုဉ်းသာသနာ၊ ကွယ်သောခါဝယ်၊ တွေရာကောင်းနိုး ဝါဒမျိုးဖြင့်အကျိုးမတည့်၊ ဖြစ်ပြန်ခဲ့မူ၊ တကယ်တိုင်းကြီး၊ ပြည်အနီး၌၊ တိုင်သီးပြည်နယ်၊ မျက်နှာငယ်လိမ့်။

အဲသည်လိုဘာသာ.သာသနာမှေးမှိန်ကွယ်ပျောက်သောအခါ ဟိုဟာကောင်းနိုးနိုး၊ ဒီဝါဒကောင်းနိုးနိုးလိုက်လံရှာဖွေပြီး ကိုးကွယ်ကြသောအခါ အကျိုးဖြစ်ထွန်းမှု အားနည်းလာကြပြီး ဘေးနားက တိုင်း



ပြည်တွေရဲ့ အကဲ့ရဲ့ခံဘဝ၊ မျက်နှာငယ်ရသည့် အဖြစ်မျိုးရောက်ကြပါလိမ့်မည်။

(၃) သို့နယ်ကြောင်းရာ၊ စပေါင်းကာဖြင့် ကောင်းစွာမျှော်ညို၊ ဆင်ခြင်မိ၍ တို့ရဲ့နယ်မြေ၊ တို့အမွေနှင့်၊ တို့မေဘာသာ၊ သာသနာကို၊ တို့သာကြံ့ကြံ့ စောင့်စောင့်အံဟု၊ ခုံခုံမားမတ်၊ စိတ်ထားမြတ်ဖြစ်၊ နာဂတ်သာသနာရေးအရာကို၊ တွေးကာသိုက်မြိုက်၊ ရေးသားလိုက်၏။

အကြောင်းအရာပေါင်းများစွာကို တွေးတော ဆင်ခြင်ပြီး အမြော်အမြင်ရှိရှိဖြင့် သတိလေးထားကြကာ တို့နယ်မြေမှာ။

ဒီအဖြစ်မျိုးနဲ့ မကြုံစေရဘူး။ ဒါဟာ ဒို့ရဲ့အမွေအနှစ်ပဲဟု သာသနာ ဘာသာရေးနှင့်စပ်ပြီး တို့အမေဘာသာ ဒို့အဖေဘာသာ ဒို့ဘုရားသာသနာ ဟု ကိုယ်အားစိတ်အား တတ်တတ်ကြွကြွနှင့် ဘယ်လိုအနှောင့်အယှက်မျိုးနဲ့ တွေ့တွေ့၊ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော စိတ်ထားဖြင့် မားမားမတ်မတ် ရပ်တည်သွားမည်ဟု အဓိဋ္ဌာန်ကြပါ။

(၄) သိထိုက်သိရာ၊ သိပြီးခါဝယ်၊ စဉ်လာထင်မြင်၊ ပြင်ကာဆင်လျက် စည်ပင်သာယာ သာသနာနှင့် မြန်မာပြည်ထောင် တိုးတက်အောင်လျှင် ခေါင်းဆောင်ရှေ့သွား ရှင်လူများတို့၊ ခွဲခြားမေတ္တာ၊ မထားပါဘဲ၊ များစွာနိုသင်း၊ ငုံးတစ်သင်းတို့ မကြွင်းကိုယ်စီ၊ ပိုက်ကိုချီသို့ ညီညီကြိုးကုတ်၊ အားသွန် ထုတ်က၊ ဗုဒ္ဓသာသနာ ပြည်မြန်မာသည် ကမ္ဘာထုတ်ချင်း ထွင်းလေသော်၏။ သိသင့်သိထိုက်သည်များကိုသိပြီး သကာလ ပြင်ဆင်သင့် သည်များကိုလည်း ပြင်ဆင်ကြပြီး ဘယ်နည်းနှင့်သာသနာ၊ ဘာသာတိုးတက် စည်ပင်လာမလဲ၊ သာသနာစည်ပင်မှ ဒါယကာတွေလည်းချမ်းသာမှာ၊ ပြည်ထောင်စုကြီးလဲ ငြိမ်းချမ်း

သာယာပြီး စည်ပင်ဝပြောလာမှာ - ဟု တွေးပြီး ခေါင်းဆောင်ဖြစ်တဲ့ ရှင်လူအပေါင်းတို့က မေတ္တာရှေ့ထားပြီး ညီညီညာညာ ဆရာဒကာ လက်တွဲပြီး ပြုပြင်လိုက်ကြရင် မတိုးတက်တောင်မှ ရောက်ပြီးသား အဆင့်ကတော့ကျဆင်းမသွားနိုင်ပါဘူး။

တစ်ယောက်အားနဲ့ မနိုင်ပေမယ့် အများအားနဲ့ကြတော့ မြောက်ကြွသွားရသလို၊ ဘုရားအလောင်း၊ ငုံးမင်း၊ နိမင်းဘဝတုံးက မုဆိုးက ပိုက်ကွန်နဲ့ ပြစ်ချဖမ်းရာ တစ်ကောင်ထဲ လွတ်လိုအားနဲ့ ရုံးထွက်ပေမဲ့လို့မရသည်အဆုံး တစ်အုံလုံးထပျံတက်ပြီး သစ်ပင်ရဲ့ ထိပ်ဖျားကျကာ မုဆိုးရဲ့ပိုက်ကို ချွတ်လိုက်နိုင်ပြီး အသက်ဘေးမှ အားလုံးလွတ်ကြရသည်။

မြန်မာရဲ့ ဘာသာသာသနာ ကမ္ဘာ့ပါတည်စေရမည် - ဟု ဆရာတော်၏ ဆန္ဒမွန်ကို ပြည့်စွမ်းနိုင်ကြသော လူစွမ်းကောင်း လူ့အာဇာနည်များဖြစ်ကြပါစေဟု ဆုမွန်ကောင်းများတောင်းလိုက်ရ ပါကြောင်း။

## ၇၇။ အနှုမ်းကင်းသလို

သက်ရှိသတ္တဝါတွေမှန်သမျှ အပျော်အပါးဘက်မှာ ကိုယ်ရော စိတ်ပါများပြီး လောကီအာရုံကာမဂုဏ်တွေဘက်မှာ အာရုံစိုက်နေကြ သည်က များပါသည်။

ယောက်ျားသားတွေမှန်သမျှ မိန်းမတွေသာမရှိဘူး ဆိုရင် ဘာကိုမှ ပင်ပန်းကြီးစွာ လုပ်ကိုင်ကြမည်မဟုတ်ဟု ဆရာတော်ကြီးက မိန့်ခဲ့ဘူးသည်။



အာရုံဆိုတာ ဝတ္ထုကာမ၊ ကိလေသာကာမနှစ်မျိုးကို ဆိုလို သည်။ ရွှေငွေတိုက်တာ လယ်ယာကိုင်းကျွန်း စသည်က ဝတ္ထုအာရုံ၊ ဝတ္ထုကာမလို့ ဆိုလိုသည်။ အဲဒီဝတ္ထုပစ္စည်းရဲ့အပေါ်မှာ သာယာ နှစ်သက်တွယ်တာ နေတာသည်ကို ကိလေသာကာမ ဟု ဆိုသည်။ စိတ်သည် ထိုအပေါ်မှာသာ အမြဲတမ်း မှီကပ်တွယ်တာ နေတတ် ပါသည်။

ထိုကိလေသာကာမအပေါ်မှီတွယ်နေခြင်းသည်အခြားဖြူစင် သောကုသိုလ်စာတ်နဲ့မတွေ့ထိသမျှသူသည်အမြဲမွှေ့လျော်ပျော်ပိုက် လျက်ရှိသည်ပင်။

ဥပမာ - လူတစ်ယောက်စာသာလျှောက်လို့ရတဲ့တံတားလေး တစ်ခုပေါ်မှာ လူဆိုးအုပ်စုကြီးက တက်ရောက်နေလျှင် လူကောင်း အုပ်စုကြီးဟာရပ်ပေးထားရသလို၊ ထို့အတူပဲစိတ်ဆိုတဲ့တံတားလေး တစ်ခုပေါ်မှာလည်း အကုသိုလ်နဲ့ ကုသိုလ်၊ အုပ်စုကြီးနှစ်ခုရှိရာ အကုသိုလ်ဆိုတဲ့အုပ်စုကြီးကတက်လျှောက်နေလျှင်ကုသိုလ်ဆိုတဲ့ အုပ်စုကြီးကရပ်ပေးထားရပါတယ်။

ကုသိုလ်ဆိုတဲ့အုပ်စုကြီးကတတ်လျှောက်နေပြန်လျှင်လည်း အကုသိုလ်လို့ခေါ်တဲ့ အုပ်စုကြီးက ရပ်ပေးထားရစမြဲပါပဲ၊ နှစ်အုပ်စု ပြိုင်ပြီးတက်လျှောက်လို့မရနိုင်ပါ။

ထိုကိလေသာဆိုတဲ့ မည်းညစ်တဲ့အကုသိုလ် အုပ်စုကြီး ကိုး ကားကျွမ်းကျင်သော ရွှေပန်းတိမ်သည် သည်ရွှေရိုင်းတုံးကြီးရဲ့ ချေးညှော် အညစ်အကြေးတွေကို သူရဲ့မီးပြောင်းဝမှာ တင်ပြီး မကြာ မကြာလှည့်မှုတ်၊ ခဏခဏ လှည့်မှုတ်ထုတ်လိုက်ရင် ထိုးချေးညှော်

အညစ်အကြေးတို့သည် တဖြည်းဖြည်း ပြောင်စင်ပြီး ရွှေသန့်အဖြစ်သို့ ရောက်ခါ သာမန်ဆင်းရဲသားတွေ မသုံးနိုင်တော့ဘဲ သူဌေးသူကြွယ် အထက်တန်းစားတွေမှ သုံးနိုင်သလို။

အသိဉာဏ်ပညာနှင့် ပြည့်စုံသောပုဂ္ဂိုလ်မှာ မိုတွယ်ကပ်နေသော ကိလေသာအညစ်အကြေးစုကိုလည်း ဒါနသီလ ဘာဝနာလို့ခေါ်တဲ့ ပြောင်းဝကလေးမှာ တင်တင်ပြီး မကြာမကြာ ခဏခဏ မှုတ်လွှင့်နိုင်မယ်ဆိုရင် အညစ်အကြေးတွေတောထူတဲ့ ပုထုဇဉ်အဖြစ်မှ မြင့်မြတ်ဖြူစင်တဲ့ အရိယာပုဂိုဏ်းကြီးထဲသို့ ရောက်သွားကြမည်မှာ အမှန်မလွဲပါ။

ရှင်အာနန္ဒာက ဘုရားကိုအားငယ်စွာနဲ့လျှောက်လည်း တပည့်တော် ဒီတသက်တော့ ရဟန္တာမဖြစ်လောက်တော့ဘူး။ ထင်ပါတယ် ဘုရားဟု ဘုရားလျှောက်တော့ ဘုရားကပြုအပ်ပြီးသော ကောင်းမှုရှိသူ ကြိုးစားအားထုတ်သော ဝိရိယလည်းရှိသူမှန်က မကြာခင် အာသဝေါ ကုန်ခန်း ရန္တာဖြစ်နိုင်တယ်ဟု အမိန့်ရှိသည်။

ဒီစကားစုကိုနမူနာယူ အားကျ၍ လောကီအာရုံ ကာမဂုဏ်တွေ လိုက်စားပေါ်ပါးခြင်းမှ ရှောင်ကြဉ်ရှောင်ကြဉ် ဆိုလည်း ပတ်မကြီးကတော့ ဘေထိဘေထိ ဆိုရင် သွားချင်လာပြန်တာပဲ။ ဒီတစ်ခါ သွားတော့မှ ဒိပ်ရေး ပျက်တာပါပဲဟု ဆိုလည်း နောက်တစ်ခါ ပတ်မကြီး ဘေထိ ဘေထိ ဆိုသွားချင်ပြန်လာတာပဲ။

ဘာနဲ့တူနေသလဲဆိုတော့ အနုတစ်ယောက် ယားတော့ မီးကင်တယ် မီးကင်းတုန်း အယားပျောက်ပြီး မီးနဲ့ဝေးတော့ပြန် ယားလာပြန်သလို နေကြမှာပါဟု မိန့်တော်မူခဲ့ပါသည်။



## ၃၈။ သဒ္ဓါသမားမှ လက်ခံ

ရှေးသံဃာ လေးရာ ငါးရာလောက်တုန်းက ရုပ်ရည်လည်း သန့်ရမယ်၊ သဒ္ဓါတရားကောင်း၊ စိတ်ကောင်းလည်းရှိရမည်၊ အသက်လည်း ဆယ့်လေးနှစ်ဆယ်ငါးနှစ်က မကျော်ရဘူး၊ အင်္ဂါ ခြေလက်တွေလည်းကောင်းရမည် စသည်ဖြင့် ကျောင်းတိုက်နေဖို့ရာ အတော်ခက်ခဲပါသည်။

ဒီထက် ပညတ်တာက ရဟန်းငယ်ဆိုရင် ဘိက္ခုပါတိမောက် အကုန်၊ သာမဏေဖြစ်ပါက ရှင်ကျင့်ဝတ် ရတနာဂုဏ်ရည် စသည့်များကို ကျောင်းတိုက်ရောက်ပြီးမှ ကိုယ့်အရပ်ဒေသများသို့ ပြန်ကြရသည်။

တချို့တော့လည်း တိုက်စည်းကမ်းအရ ကျက်နိုင်းတာဆိုပြီး ရအောင် ကျက်ကြပါသည်။ အချို့လည်းပြန်လာ တချို့ကျတော့လည်း ပြန်မလာကြတော့ပါဘူး။

ဘာပြုလို့ ဒီလိုစာတွေ ပြန်ကျက်နိုင်းရသလဲဆိုရင် ဆရာတော်မှ သဒ္ဓါတရားရှိလားမရှိလား စမ်းသပ်သည့် သဘောပင်ဖြစ်ပါသည်။

စာရေးသူတို့လည်း ကျောင်းတိုက်ရောက်ပြီးခါမှ ရွာကို သုံးလ ကျော်မျှ စာတွေပြန်ကျက်ရပါသည်။

စာတွေရလို့ ပြန်လာလို့လည်း စာပြန်ခြင်း အဆိုနိုင်းခြင်း မပြုပါပေ။ စာတွေရခဲ့လားဆိုပြီး ပြီးသွားတာပါဘဲ။

ဒသသနကာမောသီလဝန္တံ သဒ္ဓမ္မံ သောတု မိစ္ဆတိ
ဝိနယေ မစ္ဆေယရမလံ သဝေ သဒ္ဓေါတိ ရုစ္စတိ

(၁) သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကိုမြင်လိုခြင်း။

(၂) သူတော်ကောင်းတရားကိုနာယူလိုခြင်း။

(၃) မစ္ဆေရအညစ်အကြေးကိုဖယ်ရှားခြင်း။

ထိုသုံးမျိုးနဲ့ပြည့်စုံသူဟာ သဒ္ဓါတရားရှိသူ (စိတ်ကောင်းရှိသူ) လို့ ဘုရားဟောခဲ့တဲ့အတိုင်း ဘုန်းကြီးကျောင်းကလည်း သဒ္ဓါကောင်းသူ၊ စေတနာကောင်းသူတွေမှ ကြိုက်နှစ်သက်တာ သဒ္ဓါစေတနာမရှိသူကို လုံးဝမလိုလားပါဘူးဟု မိန့်ကြားတော်မူခဲ့ပါသည်။

## ၇၉။ ဘုန်းကြီး မပျံတော်မူတဲ့အကြောင်း

ဘုန်းကြီး ထူးထူးဆန်းဆန်း ကြားလိုက်ရတဲ့ သတင်းက ဝက်လက်နယ်မှာပဲ ဖြစ်တယ်။ တကာများနဲ့ စပ်မိပြီး စကားစမြည်း ပြောကြရာ။ ဒါကာတွေက ကြားလိုတာလည်း တစ်ကြောင်း၊ ဂုဏ်ယူဝံ့ကြွားလိုတာကလည်း တစ်ကြောင်းနေမှာပါ။

သူတို့ပြောတဲ့ အကြောင်းအရာက သူတို့ရွာ ကျောင်းကို ဘုန်းကြီးမရှိလို့ ဘုန်းကြီးပေးဖို့ပါဘဲ။ အဲဒီနောက်ဆက်တွဲ စကားလုံးလေးပါလာတာက တပည့်တော်တို့ ရွာကျောင်းက နှစ်ပေါင်း နှစ်ရာကျော်လာခဲ့ပြီ တစ်ပါးမှ ပျံတော်မမူဖူးတဲ့ အကြောင်းက အဓိက ပြောလိုရင်းဖြစ်တယ်။

ဘုန်းကြီးက တွေးတယ် နှစ်ပေါင်း ဒီလောက်ကြာပြီးဘဲ ဘုန်းကြီးပျံတော်မမူတဲ့ကျောင်း၊ ဘယ်လိုကျောင်းလဲလို့ တွေးပြီး ဒကာတို့ ဘုန်းကြီးလည်း ပေးမယ် ဒကာတို့ကျောင်းလည်း ဘုန်းကြီးနယ်မှာ



ဆိုတော့ အခါအခွင့်သင့်ရင် လာကြည့်ပါဦးမယ်ဟု ဆရာတော် စကားခံလွှတ်လိုက်သည်။

တစ်နေ့တော့ ဘုန်းကြီးအခွင့်ကြုံတာနဲ့ ဝက်လက်သရိုင်းနဲ့လဲဝေးတာနဲ့ သွားပြီး လေ့လာမိတယ်။ ဟုတ်ပါတယ် ဘုန်းကြီးမပျံတော်မမူလောက်ဘူး။

ဘာပြုလို့လဲ၊ ကျောင်းရဲ့အလယ်မှာ ပေ(၅၀) ပတ်လည် အုတ်စီရေကန်ကြီးတစ်ခုလည်းရှိရဲ့ အဲဒီရေကန်ကြီးပတ်လည်မှာ ကျောင်းတွေကလည်း ပတ်လည်ဆောက်ထားလေရဲ့၊ နောက်ပြီး အရပ်လေးမျက်နှာမှာ ရွာကြီးတွေလည်းရှိရဲ့၊ အဲဒီရွာကြီးတွေကလည်း အပျိုချောဥစ္စာပေါတွေလည်းပေါရဲ့။

ဒီရွာကြီးက ရေခတ်လာကြတာ မိုးချုပ်ဆိုရင် ပျားပန်းသယ်နေသလိုဘဲ နောက်ပြီး လှေခါးရင်းမှာလည်း ရေတွင်းရှိရဲ့ တောထဲသွားတော့လည်း ကျောင်းပြင်ဘက်မသွားဘဲ လှေကားရင်း လမ်းလေးအတိုင်းသွားကြပြန်ကြလေရဲ့ ကျောင်းကလည်း ဝန်းထရံအကာအတားအဆီးမရှိဘဲ ဘယ်ကဝင်ဝင် ဘယ်ကထွက်ထွက် ထွက်လို့ရလေရဲ့။

ဘုန်းကြီးကလည်း ကျောင်းပေါ်ကြိုးနဲ့တုတ်ထားတာ မဟုတ်တော့ ကျောင်းပေါ်ကဆင်းလိုက် တက်လိုက်နဲ့ မဆင်းမတက်သော်လည်း ကျောင်းပေါ်က မြင်ချင်တိုင်း မြင်နေရပါသည်။ တစ်နေ့လည်း မဟုတ်တော့ ဖျက မတိုး ပိုက်ကချည်း ဝင်ဝင်တိုးနေလေတော့ မခံနိုင်ဘူးပေါ့။

အဲဒါနဲ့ဘုန်းကြီးမပျံတော်မမူခြင်းအကြောင်းကဒါတွေကြောင့်ပါလားလို့၊ တွေးမိပြီးဒကာတို့ဒီဘုန်းကြီးလည်းပျံတော်မူမှာမဟုတ်ဘူး။ နောက်လည်း ပျံတော်မူမှာမဟုတ်ဘူး။

ဒကာကြီး ကျောင်းဝင်းက ဘူမိနက်သန် မှန်လွန်းအားကြီးတယ်။ ပျံတော်မမူတဲ့ ကိုယ်တော်တွေ အဲဒီ ဒကာတို့ကျောင်းလွတ်မှ တော်မည်ဟုမိန့်တော်မူခဲ့ပါသည်။

## ၈၀။ ကရဝိတ်ကြီးပင့်လာ

ဘုန်းကြီးတွေ လူထွက်လွန်းလို့ဆိုပြီးဒကာတွေဘုန်းကြီးလာတောင်းတယ်ဘုန်းကြီးတောင်တာက ရိုးရိုးမဟုတ်ဘူး အသက်ငါးဆယ် ခြောက်ဆယ်လောက်ပေးဖို့ ဒကာတွေက ထူးထူးဆန်းဆန်းလျှောက်လာတာ။

ဒါနဲ့ဒကာတို့ဘုန်းကြီးတောင်းတာကအများနဲ့ဆန့်ကျင်နေတာပါလား။ တချို့အများအားဖြင့် တောင်းကြတာက ပညာလည်းတတ်မှ၊ အသက်လည်း ငယ်မှ ရုပ်ပါလေးကလည်း အတော်အသင့်ချောမှ၊ အနေထိုင်လေးလည်းကောင်းမှ၊ တရားဟောလေးလည်း ရွက်ကြမ်းရေကျိုဟောတတ်မှ စသည့်ဖြင့်အင်္ဂါရပ်တွေနဲ့တောင်းကြတယ်။

ဒကာတို့ဟာကအသက်ခြောက်ဆယ်ကျော်ဆိုတော့ပျံတော်မူဖို့နီးပြီး နီးလည်းအဲဒါလောက်ပဲ ပေးတော်မူပါဘုရားဟု ထပ်လျှောက်ပြန်၏။

ဒါနဲ့ဒကာတွေရဲ့အလိုကျငါးဆယ်ကျော်ခြောက်ဆယ်အတွင်းကိုယ်တော်ကြီးတစ်ပါး ပင့်ပေးလိုက်တယ် ကျောင်းမှာခေါ်ထားပြီးဒကာတွေကိုလာအကဲခတ်ကြည့်ဖို့ရန် ခေါ်လိုက်တယ်။



ဒကာတို့ပေးမဲ့ဘုန်းကြီးကဒီဘုန်းကြီးဘဲလို့လက်ညှိုးနဲ့ ထိုးပြလိုက်ရာ၊ ဆရာတော်ဘုရား - ဆရာတော်ဘုရားက ဘုန်းကြီးပင့်ပေးပါဆိုဘယ်နှယ်ကြောင့်ကရဝိတ်ကြီးပင့်လာရတာလဲဘုရားဟုလျှောက်ရာ ဆရာတော်ဘုရားကြီးမှ ဒကာကြီးကြောက်တဲ့ လူထွက်မှာတော့မစိုးရိမ်တော့နဲ့ အဲဒီကရဝိတ်ကြီးကိုပဲပင့်သွားပေတော့ဟု ဆရာတော်ဘုရားကြီးမှမိန့်တော်မူလိုက်ပါသည်။

## ၈၁။ သူ့စိတ်ချမ်းသာသလို့ပြောပါစေ

မန္တလေးဆေးရုံကြီးသို့ဆရာတော်ရဲ့ငယ်ငယ်တုန်းက စာသင်ဘက်လဲ ဖြစ်ခဲ့၊ ကြီးပြင်းလာတဲ့အခါလဲ သာသနာပြုဘော် ပြုဘက်ဆရာတော်တစ်ပါး ဆေးရုံတတ်နေတယ်လို့ ကြားရာ၊ ဆရာတော်မှ သူ့တူကို သွားမေးခိုင်းလိုက်ပြီးလိုတာရှိရင်လည်း တစ်ခါတည်းလျှောက်ထားခဲ့ဟုမှာလွှတ်လိုက်၏။

သူ့ရဲ့တူက ဆရာတော်မှာသည်ကို အားလုံးလျှောက်လိုက်သည်။ ထိုအခါ ဆေးရုံတက်နေသော၊ ဆရာတော်က သူများတွေဒီလိုဖြစ်တယ် ဆိုတော့ ဝမ်းသာဝမ်းမြောက်ဖြစ်တဲ့သူတွေကတော့ဖြစ်နေကြမှာဟုမိန့်တော်မူလွှတ်လိုက်ပါသည်။

ထိုမိန့်တော်မူသည်ကိုတောင်မြို့ဆရာတော်အားပြန်လျှောက်ထားရာ၊ ဆရာတော်မှ... သူ့စိတ်ချမ်းသာသလိုပြောပါစေဟုမိန့်တော်မူပြီး၊ ကိုယ်ဘက်က မေတ္တာမပျက်ဖို့ လိုတယ်ဟု မိန့်တော်မူလိုက်ပါသည်။

## ၈၂။ ရေခဲသေတ္တာအလှူရှင်

တစ်နေ့က ဒကာတစ်ယောက်နဲ့ ဒကာမတစ်ယောက် ဘုန်းကြီးဆီ ရောက်လာတယ်။ သူတို့က ရေခဲသေတ္တာ လှူချင်လို့ဟု ဘုန်းကြီးကိုလျှောက်တယ်။ ရေခဲသေတ္တာလှူတယ်ဆိုတာ ဘုန်းကြီးတဲ့ ဘုန်းကြီးတွေမှ လှူရတာ ဒီလိုဇိမ်မခံတဲ့ ဘုဉ်းမကြီးတဲ့ ဘုန်းကြီးကို လာလှူလို့ဘာမှအကျိုးရှိမှာမဟုတ်ကြောင်းပြောလွှတ်လိုက်တယ်။

ဒီရေခဲသေတ္တာကြီးမြင်ပြီး ဘုန်းကြီးကို အထင်ကြီးအောင် လုပ်တာဘုန်းကြီး ရေခဲသေတ္တာလှူလို့ဘာထည့်စရာရှိတုံး ငှက်ပျော်သီးပုတ်၊ လိမ္မော်သီးပုတ်၊ သရက်သီးပုတ်၊ မှိုတတ်တဲ့မုန့်ဒါပဲရှိမယ်။

လူတွေက သာသနာပြုသလိုလိုနဲ့ သာသနာအရောင်ပျက်အောင် လုပ်တာ သီလ၊ သမာဓိ၊ ပညာဘက်ကို အားပေးတဲ့အလုပ်တွေကို မလုပ်ဘူး အားနည်းလာအောင် လုပ်ကြတယ်။

ဘုန်းကြီးအမြင်နဲ့တခြားသူတွေရဲ့အမြင်က အဲဒါတွေ ကွာခြားတာပဲ။ ကုသိုလ်လုပ်တယ်ဆိုတာ လှူလိုက်ရပြီးရော သဘောမျိုး မဟုတ်ဘူး လှူပြီးနောက် အကျိုးအပြစ်တွေ ဘယ်လိုပေါ်ထွက်လာမလဲဆိုတာ ကောင်းကောင်း သိရမယ်။

ဒါတွေကိုလည်း လှူတဲ့သူတွေဘက်ကိုသာ ပြောလို့မရဘူး၊ အလှူခံတွေဘက်ကလည်း အကျိုးမရှိ အရှိဆင်ခြင်သင့်ပေါ။ အလှူရှင်တွေ ဘက်ကတော့ လှူရင် ကုသိုလ်ရတာလောက်ကိုပဲ တွေးထားတယ်။

ဘာပဲလှူလှူ အလှူခံဘက်မှာ အသုံးတဲ့မတဲ့၊ အသုံးမတဲ့ခဲ့ရင် ထိုအလှူပစ္စည်းဟာဖြစ်စလက်ခတ်ဟိုရောက်ဒီရောက် ကုန်မှာပေ့ါ။



ကောင်းတာတော့ အလှူခံပုဂ္ဂိုလ်ကိုမေးမြန်းလျှောက်ထားပြီးမှ တန်ဖိုးညီမျှတဲ့ အလားတူပစ္စည်းကိုအလှူရှင်တွေဘက်က လှူသင့်ကြောင်း၊ လှူတုန်းက လှူလိုက်ပြီး လှူပြီးမှ မှားမှန်းသိသွားပြီး အလှူပစ္စည်းနဲ့ ပတ်သက်လို့ နောင်တရကြမယ်ဆိုရင် မကောင်းကြောင်း၊ ဆရာတော်ဘုရားကြီး မှမိန့်တော်မူခဲ့ပါသည်။

## ၈၃။ ဆရာကောင်းတပည့်

အချိန်က နေ့လယ် (၁၂)နာရီခွဲအချိန် ဖြစ်သည်။ စပ်မိစပ်ရာ ပြောရင်းက ကိုယ်တော်ဆရာ ကျန်းမာရေးမကောင်း ဘူးလား ကောင်းတော့ ကောင်းသွားပါပြီ အရှင်ဘုရား။ ကောင်းတော့ ကောင်းသွားပါပြီဆိုတော့ ဘာလိုသေးလို့လဲ ဟု ဆရာတော်က ထပ်မေးသည်။

သူ့နမအိမ်မှာ အနားယူနေပါတယ် အရှင်ဘုရားဟု လျှောက်ထားလိုက်ရာ အံ့မယ်လေး... အဲဒီမှာ အနားမယူပါနဲ့ ဒီမှာ အနားယူပါလို့ မင့်ဆရာကို အမြန်သွားလျှောက်ပါပြန်လည်းပင့်ခဲ့ပါ။

ဘာပြုလို့လဲဆိုတော့ ဘုန်းကြီးမှာ သူနဲ့တိုင်ပင်ရမဲ့အလုပ်တွေ ရှိနေလို့ပါ -

၁။ ကျောင်းတိုက်ကြီးကိစ္စ

၂။ ငွေရေးကြေးရေးကိစ္စ

၃။ စာအုပ်ကိစ္စ

၄။ ကျောင်းတိုက်ကြီး ဆူပူမှုကိစ္စ တွေဖြစ်တယ်။

အဲဒါက သူနဲ့မှဖြစ်မှာ ဆရာကောင်းရဲ့တပည့်ဆိုတာ အချိန်တိုင်း

အနားမှာ ရှိရမယ်၊ ဒါမှ သိသင့်သိထိုက်တဲ့ အရာတွေ မှန်သမျှ အကုန်သိရမှာ။

အရေးပါအရာရောက်သူက တခြားရောက်နေပြီဆိုရင် ဘာမှ အလုပ်မဖြစ်ဘူး၊ ဘုန်းကြီးက အသက်ကြီးပြီးပြောသင့်တဲ့ စကားတွေ တိုင်ပင်သင့်တဲ့အရာတွေ လစ်ဟင်းသွားလို့မဖြစ်ဘူး။

ပြောသင့်တာ၊ တိုင်ပင်သင့်တာတွေ မဆွေးနွေး မတိုင်ပင်ဘဲ ဘုန်းကြီးက လွှတ်လွှတ်ခါခါလုပ်မယ်ဆိုရင် ဘုန်းကြီးလဲမကောင်းဘူး ကျန်တဲ့သူတွေလဲမကောင်းဘူး။

ဘုန်းကြီးလဲရှင်း၊ ကျန်တဲ့သူတွေလဲ ရှင်းသွားအောင် အားလုံး ဘုန်းကြီးမှာ တာဝန်ရှိတယ်၊ အလုပ်ကိစ္စတွေဟာ ရှေ့- နောက်အတွေး အခေါ်နဲ့ ပြည့်စုံတဲ့သူနဲ့မှ ကောင်းတယ်။

ပြောတော့ပြောလိုက်ပါရဲ့ ဘာမှန်းညာမှန်းမသိတဲ့သူပြောမိရင် အလကားဘဲ အတွေးအခေါ် အမြော်အမြင်နဲ့ ပြည့်စုံပြီး သည်းခံစိတ်ရှည်မှုနဲ့လဲပြည့်စုံရမယ် အရာရာမှာ အလျှင်စလိုပြောဆိုပြုလုပ်မှုနဲ့ ဆုံးဖြတ်မှုမျိုး မလုပ်မိစေရဘူး။

ဆရာကောင်းရဲ့တပည့်တစ်ပါးဖြစ်ဘို့ဆိုတာ တစ်ရာမှာတစ်ပါး၊ တစ်ထောင်မှာတစ်ပါးပေါ်ပေါက်ခဲ့တယ်။ ပန်းတွေအများကြီးထဲမှာလဲ မွှေးကြိုင်ပြီး အဆင်းအနံ့ အရသာနဲ့ ပြည့်စုံတဲ့ ပန်းကောင်း တစ်ပွင့် ရခဲသလိုပေါ့။

အဲဒါကြောင့် ဘုန်းကြီးမှာ ပန်းကောင်းလေးတစ်ပွင့်ရှိတာကို အဝေးကနေ မွှေးနေရလို့မကိုက်ဘူး၊ အနီးကပ်မွှေးချင်တယ် မနက်ဖြန် မင့်ဆရာကို အမြန်သွားပင့်ခဲ့ဟု မိန့်တော်မူခဲ့ဖူးပါသည်။



## ၈၄။ မွေးထားတုံးရှိသေးတယ်

ဘုန်းကြီးငယ်ငယ်က မန္တလေးမှာ ဆွမ်းခံတော့ ဆွမ်းကမရဘူး၊ မန္တလေးတို့ ပခုက္ကူတို့ဆိုတာ ဆွမ်းအတော်ခက်ခဲတဲ့မြို့တွေပါ၊ ဟင်းရဖို့ သိပ်မမျှော်ကိုးပါဘူး၊ ဆွမ်းရဖို့ကိုပဲ မနည်းသွားရတယ်။ သံဃာကလည်း မနဲပဲကိုး၊ ဘုန်းကြီးကတော့ ဆွမ်းတစ်ပါးစာရရင် ပြန်လာတာပဲ ဟင်းမပါပါ ကျောင်းကျမှ ရေနွေးနဲ့ ရေနဲ့ ဖျော်စားတန်းစားလိုက်တာပဲ။

ဘုန်းကံဆိုတာ ကောင်းတဲ့ဘက်က ကောင်းပေမဲ့မကောင်းတဲ့ ဘက်ကျတော့မကောင်းချင်ဘူး၊ သင်္ကန်းအဝတ်လှူခဲ့သူက အဝတ်ပေါ တယ်။ အစားအသောက် လှူဒါန်းခဲ့ဖူးသူကြတော့လည်း အစား အသောက်ပေါတယ်။ အဆောက်အဦးလှူဒါန်းခဲ့ဖူးသူကျ ပြန်တော့ လည်း အဆောက်အဦးကောင်းကောင်းနဲ့နေရတယ်။ ပညာရေးဘက် ပါရမီဖြည့်ခဲ့ကြတော့လည်း ပညာတော်တယ်။

ဘုန်းကြီးကတော့ ပညာရေးဆိုင်ရာကလွဲလို့ ဘာကံမှ ဟုတ် ဟုတ်ဟပ်ဟပ်ပါခဲ့ပုံမပေါ်ဘူး။ ပညာရေးကြတော့လည်း သူများထက် တော့ထူးတော်ပါဘူး။ လုံ့လ၊ ဝီရိယအကျိုးခံစားရတာလောက်ပါပဲ။

မှတ်ဉာဏ်လည်းမရှိ၊ ကျက်ဉာဏ်ကလည်းမရှိနဲ့ ပုံမှန် ကြိုးစားပြီး ဆရာကောင်းတွေက ဖေးမကူညီမှုတွေနဲ့ တော်ခဲ့တာပဲ၊ ဆရာကံကြတော့ ကောင်းတယ် ဘုန်းကြီးဘဝ တစ်လျှောက်လုံးမှာ သူတော် ဆရာတွေနဲ့ချည်း တွေ့ခဲ့ရတယ်။

အဲဒီဆရာကောင်းတွေရဲ့ ပဲ့ပြင်ဆုံးမမှုအောက်မှာကြီးပျင်းခဲ့ပြီး မိဘဆွေမျိုးတို့ရဲ့ထိန်းသိမ်းစောင့်ရှောက်မှုကလည်း လမ်းမှန်ခဲ့တယ်။

ဘက်ပေါင်းစုံအကောင်းတွေနဲ့ချည်းလာခဲ့တဲ့ဘုန်းကြီးဘဝက အတိမ်းအစောင်းမရှိ လာခဲ့ရတာပါ။ ငယ်စဉ်ကလည်း ငယ်ငယ်ဘဝ စောင့်ရှောင့်ထိန်းသိမ်းမဲ့သူနဲ့အလတ်အရွယ်ရောက်ပြန်တော့အလတ် အရွယ်နဲ့လိုက်ရောညီတွေစောင့်ရှောက်ခဲ့ကြတယ်။ကြီးပျင်းလာတော့ လည်းကြီးတဲ့အထိ ပဲ့ပြင်ဆုံးမ ထိန်းသိမ်းမယ့်ပုဂ္ဂိုလ်တွေရှိနေတာပဲ။

ဘဝဆိုတာ ပဲ့မပါတဲ့ လှေလို သွားချင်ရာသွား လွင့်ချင်ရာလွင့် မဖြစ်စေရဘူး။ထိန်းသိမ်းစောင့်ရှောက်မဲ့သူ သွန်သင် ဆုံးမမဲ့ သူမရှိရင် ပျက်စီးတော့တာဘဲ ကိုယ့်ကိုယ်ကို ဘယ်လောက် ကောင်းကောင်း ဆရာဆိုတဲ့အရိပ်က မလွတ်စေရဘူး။

ဘုန်းကြီးငယ်စဉ်က မန္တလေးကို ဆွမ်းခံသွားတော့ ဟိုဘက် အိမ်က အပျိုကြီးနဲ့ ဒီဘက်အိမ်ကအပျိုကြီး လှမ်းပြီးစကားပြော ကြတယ်။ ဘုန်းကြီးက ကြားထဲကပေါ့၊ သူတို့ပြောတဲ့စကားက ဟော့.... အပျိုကြီး ယောက်ျားမယူသေးဘူးလားတဲ့။

တစ်ဘက်က အပျိုကြီးကလည်း ပြန်ဖြေတယ် ယူတော့ ယူမှာ ပေါ့ဖြည်းဖြည်းမှပဲ ယူတော့မယ်။အခုမှ မွှေးထားတုန်းရှိသေးတယ်တဲ့။

ဘုန်းကြီးက စဉ်းစားတယ်၊ မွှေးထားတုန်းရှိသေးတယ်ဆိုတော့ ဝက်လားနွားလား၊ ဘာပါလိမ့်မလဲလို့တွေးမရတော့ သူငယ်ချင်း တစ်ပါး မေးကြည့်တော့မှ အဲ့ဒါ အခြားမဟုတ်ဘူးကွ။ ဒို့ဘုန်းကြီးတွေ ပြောတာ ဆိုတော့မှ ဒို့ဘုန်းကြီးတွေ ဆွမ်းလောင်းတာ ရိုးရိုးသားသား မဟုတ်ပဲ ကို နွားတွေ ဝက်တွေ အစာကျွေးမွှေးသလို မွှေးထားကြတာကိုဟု မိန့်တော်မူခဲ့ဖူးပါသည်။



## ၈၅။ ဟိုခြုံကြီးထဲမှာအပြည့်

ဘုန်းကြီးက နွေရာသီဆိုတော့အိုက်လွန်းပူလွန်းလို့အရှေ့ဘက် စကြံ့န်ပေါ်မှာ လမ်းလျှောက်ပြီး လေအေးခံနေတုန်း အရှေ့ဘက် အင်းစောင်းဘက်က အမျိုးသမီးတွေရဲ့စကားပြောသံကြားနေရတယ်။

သူတို့ပြောတာတွေကတော့ အစုံဖြစ်မှာပေါ့၊ အဲ့ဒီအထဲမှာ ထူးဆန်းသော စကားလုံးတချို့ပါတယ်။ အဲဒီကျမှ ဘုန်းကြီးလည်း ဂရုစိုက်မိတယ်။

သူတို့ပြောတာက ဒီဘဝမှာတော့ ယောက်ျားရတော့မယ် မထင်ပါဘူးအေတဲ့။ အဲဒီလိုပြောလိုက်တော့ တစ်ယောက်အမျိုးသမီး ကပူမနေပါနဲ့အေ။ ဟောဟိုက ခြုံကြီးထဲမှာအပြည့်လို့ပြောလိုက်တယ်။

ဟောဟိုက ခြုံကြီးထဲမှာ အပြည့်လို့ ဘုန်းကြီးကျောင်းဝိုင်း ဘက်ကို လက်ညှိုးနဲ့ထိုးလိုက်တော့မှ ဘုန်းကြီးလဲ ထိပ်ခနဲ ဖြစ်သွားပြီး သြော်.... လက်စသပ်တော့ အုတ်တံတိုင်းခတ်ထားတဲ့။ ငါ့ကျောင်းတိုက် အတွင်းက ကိုယ်တော်တွေကိုပြောတာပဲဟု တွေးကာ ငါပါ အပါအဝင် ဒို့စာချဘုန်းကြီးတွေနဲ့ စာသင်သားတွေ အကုန်လုံး နွားတွေကျွဲတွေ ဖြစ်ကုန်ပါရောလားဟု တွေးကာ လှမ်းပြီးအော်လိုက်မယ် ကြံတော့လဲ မအော်ရဲဘူး။

အော်လိုက်လို့ သူတို့က မှားသွားတယ်လို့ ဝန်ခံရင်တော်ရဲ့ အဲ့ဒီလိုမဟုတ်ဘဲ၊ ခြုံကြီးထဲမှာ ခြုံခတ်ထားတာမဟုတ်ဘူး လားလို့များ ပြန်အော်လိုက်ရင် ကိုယ်သာ တရားခံဖြစ်ရမှာဆိုပြီး အောင့်သက်သက် နဲ့ အခံရခက်လိုက်တာကိုပြောမပြောချင်ဘူးဟု မိန့်တော်မူခဲ့ပါသည်။

## နောင်တ(၁၀)ပါး

(၁) ငယ်စဉ်က ပညာမသင်ခဲ့ခြင်း။

(၂) အရွယ်ရှိစဉ်က ဥစ္စာကိုမရှာ၊ မစုခြင်း။

(၃) သူတစ်ပါး၏အချစ်ကို ဖျက်ဆီးခဲ့ခြင်း။

(၄) သူတစ်ပါးအသက်ကို သတ်ခဲ့မိခြင်း။

(၅) သူတစ်ပါး မယား၌ ပြစ်မှားမိခဲ့ခြင်း။

(၆) ပစ္စည်းရှိပြီး နည်းနည်းမျှ မပေးလှူခဲ့ခြင်း။

(၇) မိဘကို မပြုစု မလုပ်ကျွေးခဲ့ခြင်း။

(၈) ဆုံးမသည်ကို မလိုက်နာခြင်း။

(၉) ပညာရှိသူနှင့် မဆည်းကပ် မပေါင်းသင်းခြင်း။

(၁၀) မြတ်သောအကျင့်ကို မကျင့်မိခဲ့ခြင်း။

ဤဆယ်ပါးကို တစ်ပါးပါး ချို့ယွင်းဖောက်ပြန်ခဲ့လျှင် အသက်ကြီးသောအခါ နောင်ရတတ်သည်။

(မဃဒေဝ - ၃၂၁ - ပိုဒ်ရေ)

### ၈၆။ ကုဋေတက်အောင်တုံးခေါက်ရမလား

ဘုန်းကြီးကျောင်းကို ခေါ်မမှီတဲ့ ခေါ်တုံးကျောင်းလို့ အများက သမုတ်နေကြပြီး၊ ဟိုယောက်ျားဖြစ်သူကို မိန်းမလုပ်သူက ပြောပေ့ါရှင် အစည်းအဝေးသွားလို့ရှိရင် မိန်းမ မကြောက်သူ လက်ညှိုးထောင်ဆိုရင် ရှင်ရမ်းမထောင်နဲ့နော်လို့ မိန်းမက မှာလိုက်၏။

အစည်းအဝေးရောက်တော့ မိန်းမမကြောက်သူများ လက်ညှိုးထောင်ကြပါလို့ တာဝန်ရှိသူက အော်လိုက်ရာ အားလုံး လက်ညှိုးထောင်ကြသည်။

လူတစ်ယောက်က လက်ညှိုး မထောင်တာတွေ့ရတော့ ဟော့ ခင်ဗျားက ဘာပြုလို့လက်ညှိုးမထောင်ရတာလဲလို့မေးရာ ကျွန်တော် မိန်းမ မကြောက်ပါဘူးဗျာ။ ဒါပေမယ့် ကျွန်တော်မိန်းမက သူများနိုင်းတိုင်း လိုက်မလုပ်နဲ့လို့ မှာလိုက်လို့ပါဟု ပြောရာ...အဲဒီသူများနိုင်းတိုင်း လိုက်မလုပ်နဲ့လို့ မှာလိုက်တာကို နားထောင်ခြင်းဟာ မိန်းမကြောက်တာပဲကွ။ အခု လက်ညှိုးထောင်ဆိုမှ ထပြီး လက်ညှိုးထောင်သတဲ့။

ဘုန်းကြီးကလဲ အများလုပ်သလို လိုက်မလုပ်တော့ ခေါ်တုံးကြောင်းလို့ ပြောမယ်ဆိုလဲ ပြောစရာ။ ခေါ်တုံးတာ မဟုတ်ဘူး အများက သဘာဝကို နားမလည်လို့ပြောကြတာ အဲဒီအများမလုပ်တဲ့ အလုပ်ကို လုပ်နေခြင်းသည်ပင်လျှင် ခေတ်ရဲ့ရှေ့ကို အများကြီး ရောက်နေတာ။

ခေါ်တုံးတယ်ဆိုတာ သူများလုပ်တဲ့အလုပ်တွေကို ခေတ်ဆန်းပြီး လိုက်လုပ်နေခြင်းသည်သာ ခေတ်ကတုံးတုံးသွားတာ ဘုန်းကြီးလုပ်နေတဲ့ အလုပ်တွေ ခေါ်တုံးတယ်လို့လဲ မရှိ အမြဲတန်း ခေတ်ရှေ့ကပြေးနေတာ။ မနက်အိပ်ထတုံးခေါက်တယ်၊ နေ့(၁၂)နာရီခွဲ အိပ်စက် အနားယူရာမှ ထတဲ့တုံးခေါက်တယ်၊ မနက်(၉)နာရီတ တုံးခေါက်တယ်၊ နေ့(၁)နာရီမှာစပြီး နာရီတိုင်း တုံးခေါက်တယ်။ နေ့(၁၀)နာရီခွဲ သံချောင်း ခေါက်တယ်၊ ညနေ (၅း၃၀)လောက် ထန်းလျက်ရည်ချဉ်နဲ့ ကျိုထားတာ ကျန်းမာရေးအတွက် သံချောင်း ခေါက်ရတယ်။

ညနေ (၆)နာရီ လောက် ဘုရားဝတ်တက်တယ်။တုံးခေါက်ရတယ် (၇)နာရီခန့် တရားထိုင် ပုတီးစိပ်၊ ဗုဒ္ဓါနုဿတိပွားများရန် တုံးခေါက်ရတယ်။ တရားသိမ်းလည်း ခေါက်ပေးရသေးတယ်။ဥပုသ်နေ့ဆိုရင်လည်းဥပုသ်ပြုရန်ကျီးမောင်းကတစ်မျိုး ခေါက်ရသေးတယ်။

အဲဒါကိုဆရာတော်တစ်ပါးကသုံးရက်လောက်သုံးညလောက် ကျောင်းအိပ်ပြီး နေသွားတာကို ဆရာတော်က မင်းတို့ ကျောင်းကတုံးတွေသံချောင်းတွေခေါက်လှချည်လား၊ကုဋီတတ်၊သေးပေါက်တွေရောများခေါက်နေသလားလို့မေးသတဲ့။

ဟုတ်တယ် ပြောလည်း ပြောလောက်စရာဘဲ၊ ဒါပေမယ့် တုံးခေါက်တယ်ဆိုတာအချိန်ကာလတိုသတိမှတ်ပေးခြင်းတစ်မျိုးပါပဲ ဒီလိုမှ လုပ်မပေးရင်လည်း ဘယ်အချိန်ဘာလုပ်ရမှန်း မသိတော့ ဘူးပေါ့။ အဲဒီလို သတ်မှတ်ချက်ကလေး အချိန်အတိုင်းအတာ ပေးလိုက်တာကြတော့ တိကျမှန်ကန်တဲ့အချိန်ပိုင်းခြားပေးလိုက်ခြင်းပါဟုမိန့်တော်မူခဲ့ပါသည်။

## ၈၃။ မတူသောအသုံးအနှုန်း

ကျောင်းတိုက်တစ်တိုက်မှာ တိုက်အုပ်၊ တိုက်ကြပ်၊ စာချ ဘုန်းကြီးရယ်လို့ များသောအားဖြင့် သုံးနှုန်းကြသည်။

အချို့နေရာများမှာတော့မဟာနာယက၊နာယက၊အနုနာယက စာချဘုန်းကြီးရယ်လို့သုံးနှုန်းခေါ်ဝေါ်ကြသည်။

ဂန္ဓာရုံတိုက်မှာတော့ရှေးတုန်းက ဆရာတော်ကြီး၊ သံဃာကြီး၊ စာချဝန်ဆောင်ရယ်လို့သုံးနှုန်းကြပြီးအခုတော့နာယကချုပ်၊နာယက၊ အနုနာယက၊စာချဘုန်းကြီးလို့အသုံးပြုကြသည်။



အများနဲ့မတူသောအသုံးအနှုန်းအခေါ်အဝေါ်များဖြင့် သုံးစွဲခေါ်ကြသည် ။ စာပေဖတ်ရာမှာလည်း ပတ္တ ကလ္လံ - နေရာမှာ - ပတ္တ ကတ်လန်ဟုသုံးစွဲ၍ဘိယျောနေရာမှာလဲဘိယောဟုငင်းပ - န နေရာမျိုးမှာလည်းပန ဟုမကွဲခြားဘဲဆိုတတ်ကြသည်။

ပါဠိဖတ်ရာမှာ တချို့နေရာတွေမှာ အများနဲ့ ဆန့်ကျင်နေတာ တွေ့ရသည်။ သတ္တက္ခ - သဒ္ဒနီတိတို့က လာသောအသံကိုဆရာတော် အနေဖြင့် သုံးထားခြင်းကို ဆန့်ကျင်သည်ဟု ထင်ရသည်။

ကမ္မဝါစာရွတ်ရာမှာလည်းအများနဲ့မတူတတ်ကြပါ။ ကျောင်းတိုက်ရဲ့အပြင်ရောက်သောအခါ အများနဲ့ကိုက်ညီအောင် အတော် သတိထားရသည်။

တိပိဋကဆရာတော်ဦးသုမင်္ဂလ တိပိဋကပြန်ဆိုစဉ်က ပနလို့ ရွက်ဆိုသည်ကို ခဏခဏထောက်လို့စိတ်တိုပြီး မရွတ်တော့ဘဲထပြန် သွားသည်ဟုကြားဖူးသည်။မြောင်းမြဆရာတော်ဘုရားကြီးကလည်း ကမ္မဝါစာဖတ်ရာမှာ ပြင်းသင့်သည့်နေရာမှာ ပြင်းပြင်းဖတ်ပြီး အချို့ နေရာမှာရှေ့စာလုံးနဲ့နောက်စာလုံးရော ဖတ်ဖို့မိန့်ကြားတော်မူသည်။

သိလယူသည့် နေရာမှာလည်း ဒဿဟု အသတ်သံပါသည့် ရွတ်ဖတ်နည်းဖြင့်ဖတ်ကြည့်၊ဒီမှာတော့ဒသ -ဟုဖတ်ရမည်။

ဂန္ဓာရုံတိုက်မှာက စာသင်ရာမှာလည်း အခြားကျောင်းနဲ့ မဆက်သွယ်ဘဲ တိုက်တွင်းမှာဘဲ စာချဘုန်းကြီးနဲ့ စာသင်သားနဲ့ စာသင်နည်းပါ တိုက်တွင်းမှာဘဲ ပြည်စုံနေတာဆိုတော့ အများနဲ့ မတူသော ရွက်ဖတ်နည်းကနားရင်ပြီး နှုတ်ကျိုးကာအသားကျနေပြီး ဖြစ်သည်။

ဖြုဟ္မစရိယလို့ ဆိုတဲ့နေရာမှာလဲ ဗြဟ္မမစရိယဟု ရကောက်သံပါသော အသံဖြင့် ဆရာတော်ကိုယ်တိုင်ပင် သုံးစွဲလေ့ရှိသည်။

အများနဲ့မတူသော အသုံးအနှုန်းများနဲ့မတူသော အလုပ်များဖြင့် တမူထူးပြီး လုပ်ကိုင်လေ့ရှိသော ဆရာတော်သည် နေရာတိုင်းမှာ သူများထက် ထူးခြားပြောင်မြောက်သော ဆရာတော်ဖြစ်ခဲ့လေသည်။

အမှန်မှာ ဆရာတော်သည် သူများထက်ထူး လုပ်သည် မယူဆရပါ။ အရှိကို အရှိအတိုင်း ထုတ်ဖော်ပြသခြင်းပင် ဖြစ်ပါသည်။

## ၈၈။ ငယ်ပါလို့နေတတ်စေ

ဘုန်းကြီးဝတ်တယ်ဆိုတာ ဆူသံပူသံ ဒုက္ခသုက္ခ ရောက်တဲ့ အသံတွေ မကြားချင်လို့ ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းစွာ နေချင်လို့ ဝတ်လာတာ။

တစ်ခါတစ်ခါ လူတွေက ဒုက္ခရောက်ပြီဆို သူတို့ရဲ့ဒုက္ခကို ဘုန်းကြီးတွေပါ ကူးစက်လာအောင် လုပ်တတ်ကြတယ်။ ရပ်ရွာအကြောင်း ရပ်ရွာမှာပဲ မထားဘူး ချမ်းသာတဲ့အခါမှာတော့ ဘုန်းကြီး မသိမကြားစေရဘူး၊ ဆင်းရဲဒုက္ခ ရောက်ခါမှ ဘုန်းကြီးလာပြော တတ်ကြတယ်။

ဒကာ၊ ဒကာမတွေဆိုတာ လှူဖို့တန်းဖိုးနဲ့ တာဝန်ကျရာက သာသနာ တော်ကို ထောက်ပံ့ဖို့ရာ သူတို့တာဝန်ဖြစ်တယ်။ ရဟန်းသံဃာ ဆိုတာလည်း ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ တာဝန်သုံးရပ်ကလွဲလို့ ဘာမှ တာဝန်မရှိဘူး။

အရပ်အကြောင်း အရပ်ထဲမှာတင်ထားပြီး ဘာသာရေးအကြောင်းလည်း ဘာသာရေးဘက်ကိုပဲ တကန့်စီထားသင့်တယ်။ ဘာသာရေးနဲ့ လူမှုရေး တွေရောထွေးယှက်တင် မလုပ်သင့်ဘူး။



ဘာသာရေးဘက်က ရပ်ရွာဘက်ကို ဝင်ရှုပ်ရင်လဲ ဘာသာရေးကြောင့် လူတွေမှာ အကုသိုလ်ပွားရမယ်၊ လူမှုရေးက ဘာသာရေးဘက်ကို ကြိုးကိုင်လာမယ်ဆိုရင်လည်း မလိုအပ်တာတွေ ဖြစ်ကုန်တတ်ပါတယ်။

ဒါကြောင့် ဘာသာရေးကလည်း လူမှုရေးကို ခုတုံး မလုပ်သင့်ဘူး။ လူမှုရေးတွေကလည်း ဘာသာရေးကို ခုတုံးလုပ်ပြီး အသုံးမချသင့်ပါဘူး၊ မင်းသားမလုပ်ရလို့ ပက်မကြီး ထိုးဖောက်တဲ့အဖြစ်မျိုး မလုပ်သင့်ကြပါဘူး။

တစ်နေ့က ဒကာတစ်ယောက်လာတယ်။ လာတာက ဒုက္ခရောက်လို့ လာတာ ဘုန်းကြီးက လူသာလာပါ အမှုသယ်မလာပါနဲ့ လို့ ဆိုင်းပုဒ်ကလေး ချိတ်ဆွဲရမလို ဖြစ်နေတယ်။ သူ နိုင်ငံရေးလုပ်လို့ ဒုက္ခရောက်ခဲ့ရပုံတွေ ပြောပြလာတယ်။

ဒါနဲ့ ဘုန်းကြီးက ဒကာ... ငယ်ပါဆိုတာ သိသလားလို့ မေးလိုက်တယ်။ မသိဘူး ဘုရားတဲ့။ ငယ်ငယ်တုန်းက အမေမွေးတုန်းကတည်းက ပါလာတဲ့ဟာလေ ဆိုတော့မှ သြော် ဒါလားဘုရား အဲဒါတော့ သိတာပေါ့ဘုရား။

အဲဒါလို့ဆိုရင် ဒကာ အဲဒီငယ်ပါဟာ ဘယ်လိုထိုင်ထိုင် ဘယ်လို အိပ်အိပ် လူက ဘယ်လိုနေနေ သူ့ကိုမထိခိုက်အောင် မနေတတ်ဘူးလား။ အဲဒါတော့ ဘယ်တော့မှ သူ့ကို မထိခိုက်ရပါဘူးဘုရား ရှောင်တတ်တိမ်းတတ်ပါတယ်ဘုရား။

အေး ...ဒကာလည်း အဲဒီငယ်ပါလေး နေသလိုနေတတ်စေ။ ငယ်ပါလေးလို မနေလို့ဒကာဒုက္ခရောက်ရတာ။

မှန်လှပါဘုရား တပည့်တော် ဒီမှနောက် ဆရာတော်အမိန့်ရှိတဲ့ ငယ်ပါလေးလို နေတတ်အောင် နေပါ့မယ်ဘုရားဟု လျှောက်ထားပြီး ပြန်သွားလေသည်။

## ၇၉။ ဓာတ်ပုံမရိုက်လိုသော ဆရာတော်

ဓာတ်သုံးဓာတ် ရှောင်ရမည် -

(၁) ဓာတ်ပုံရိုက်ခြင်း

(၂) ဓာတ်လုံးထိုးခြင်း

(၃) ဓာတ်မီး

အဲဒီဓာတ်သုံးဓာတ်ကို မရှောင်နိုင်သော သူသည် မွဲပြာကျတတ်သည်ဟု ဆိုကြပါသည်။ မှန်ပါသည် ဓာတ်ပုံရိုက် တယ်ဆိုတဲ့ ကိစ္စကိုပဲ ကြည့်ပေါ့ ကိုယ့်ရုပ်ကို ဘယ်လိုနေသလဲဆိုတာ ကြည့်ချင်လို့ ရိုက်ကြတာပဲ။

အဲဒါက ကိစ္စမရှိသေးဘူး ဓာတ်ပုံတွေရိုက်ပြီး ဟိုချိတ်ဒီချိတ်နဲ့ တချို့တော့လည်း ရှိရှိသေသေ ရှိကြပါတယ်။ တချို့ကြတော့လည်း မရှိမသေ ပစ်ထားကြတယ်၊ ဓာတ်ပုံရိုက်တဲ့ကိစ္စတင်မကဘူး။

တချို့က လူနာမည်တွေကို ခွေးတွေ၊ နွားတွေ၊ ကိုယ်ချစ်တဲ့ သတ္တဝါလေးတွေကို အမြတ်တနိုး မှည့်ခေါ်တတ်ကြသေးတယ် အထူးအားဖြင့် ရုပ်ရှင် မင်းသား၊ မင်းသမီးတွေများပါတယ်။



ဓာတ်ပုံကိုအထူးရိုက်ကြပါသည်။ ဟိုထဲပါ ဒီထဲပါ အထူးသဖြင့် သတင်းစာတွေ စာစောင်တွေထဲမှာပါတဲ့ ပုံတွေက ပိုဆိုးပါတယ်။ ဘုန်းကြီးမြင်တွေ့ခဲ့သမျှတော့ ရထားပေါ်၊ ကားပေါ်မှာအသုံးများပါတယ် ဖတ်ကြည့်ပြီး အိမ်သာတက်တာတို့ ဘာတို့မှာ အသုံးများပါသည်။

ဒါကြောင့် ဘုန်းကြီးက အဲဒါတွေမြင်ခဲ့ရပြီး ငါ့ဓာတ်ပုံများ အဲဒီအိမ်သာသုံးတဲ့အထဲပါသွားရင်တော့ ဘုန်းနိမ့်သွားတော့မှာပဲဟု တွေးပြီးဘုန်းကြီးငယ်စဉ်ကနေပြီးအသက်(၇၀) လောက်အထိဓာတ်ပုံ ရိုက်ခွင့်မပြုဘူး။

သတင်းစာထဲများ အများနဲ့တွေ့ပြီး ငါ့ပုံပါသွားရင် ပြီးပါလေရောဟုတွေးပြီး ကြောက်မိတယ်၊ အများကတော့ အဲဒီလောက်ကြအောင် မတွေးတောမိကြပါဘူး။

ဒါကြောင့် ဘုန်းကြီးတို့ ပုံထက် အရေးကြီးတဲ့ ဘုရားရုပ်ပွားပုံတွေကိုများ အသုံးပြုမိမှဖြင့် မတွေးဝံ့စရာဖြစ်တော့သည်။

ဘုန်းကြီးပုံတို့ ဘုရားစေတီရုပ်ပွားပုံတို့ကို နေရာတိုင်းမှာ မထားနဲ့။ ကိုယ့်အနီးနားမှာ မထားနဲ့လို့ ဘုန်းကြီးကပြောပြောနေတာ ထားမိလို့ကိုယ်က မတော်မလျော်တာလုပ်မိမယ်ဆိုရင် အပြစ်များလို့ပါ။

အဲဒါကြောင့် ဘုန်းကြီးက ရှောင်နိုင်သမျှ ဓာတ်ပုံရိုက်တဲ့ကိစ္စကို ရှောင်တယ်၊ ကိုယ်တော်တစ်ပါးကတော့ တသက်လုံး ဓာတ်ပုံရိုက်မခံဘူး၊ ဓာတ်ပုံရိုက်မှန်းသိရင် ဝေါက်လား ငန်းလားဆူလား ကြိမ်းလား လုပ်တော့တာပဲ ။ ဆွမ်းစားနေတုန်း သူမသိအောင် ဓာတ်ပုံရိုက်လို့ သိသွားရင် ဆွမ်းမစားတော့ဘဲ နီးရာအပေါက်က ခုန်ချသွားတော့တာ

ပဲဟု ဆရာတော်ဘုရားကြီးမှ သိမှတ်ဖွယ်ရာစကားကို မိန့်တော်မူခဲ့ပါသည်။

## ၉၀။ ပရိတ်ရွတ်သည့်ကိစ္စ

လွန်ခဲ့တဲ့ အနှစ်အနည်းငယ်လောက်ကပေါ့၊ မိုးတွေခေါင်လို့ လူတွေမှာ ရောဂါဘယတွေများပြီး အစာရေစာတွေ ဆိုတာလည်း ရှားပါးမှုဒဏ်ခံကြရပြီးတစ်တိုင်းပြည်လုံးဒုက္ခရောက်နေသည့်အချိန် ဆရာတော်ဘုရားကြီးအား ဒကာ၊ဒကာမတွေက လာလျှောက်တော့ ဆရာတော်ဘုရားကြီးကလည်း ငါက စေတစ်လုံးပိုင်းလည်းမဟုတ် မိုးရွာအောင်လုပ်ပေးတတ်တဲ့တန်ခိုးရှင်လည်း မဟုတ်တော့ မန်းမှုတ်မပေးတတ်ဘူး။

ဒါပေမဲ့ ယုံယုံကြည်ကြည်နဲ့ လုပ်ရင်တော့ ဘုရားရဲ့ပရိတ်တော်တွေရှိပါတယ်။ ဘုန်းကြီးအဲ့ဒီဘုရားရဲ့ပရိတ်ကိုအားကိုးပြီး ပရိတ်ရွတ်ပေးပါမယ်လို့ဒကာတွေကို အာမခံလိုက်လေသည်။

နောက်တစ်ရက်နှစ်ရက်ကြာတဲ့အခါ သံဃာ ၃၀၀ - ပရိတ်ရွတ်ဖို့အမိန့်ရှိပါတော့သည်။ ကိုယ်တော်တို့ပရိတ်ရွတ်ဖို့ရာ အာမတော့ ခံလိုက်ပြီ ဂန္ဓာရုံက ကိုယ်တော်တွေ ပရိတ်ရွတ်တာ မိုးလည်းမရွာဘူးကွာဆိုရင်တစ်သက်လုံးမရှိတဲ့နာမည်ပျက်ကြပြီပေါ့။ အခုကတဲ့က ဗုဒ္ဓါနုဿတိမေတ္တာနာနာပွားထားကြ။

ကိုရင်တွေမပါစေနဲ့၊ ဦးဇင်းခတ်ကြီးကြီးတွေချည်း - ၃၀၀ ရွေးရမည်။ ထိုကိုယ်တော်တွေက ဘာလာဘ်လာဘကိုမှ မမျှော်ကိုးဘဲ



ဒုက္ခရောက်နေတဲ့ သတ္တဝါတွေချမ်းသာဖို့ ရွတ်တာဘဲလို့ သဘောထားရမယ်။

ပရိတ်ရွတ်တယ်ဆိုတာ ညအမှောင်ဘက်ရောက်မှ ပိုကောင်းတယ် ကား ၁၀ - စီးနဲ့ ရွတ်ရမယ်။ အဲဒီအပေါ်မှာ အသံချဲ့စက်နဲ့၊ ပရိတ်ရွတ်တဲ့အခါ ရတနာသုတ်၊ မေတ္တာသုတ်၊ ဝဋ္ဋသုတ် သုံးသုတ်ကိုပဲ ရွတ်ရမယ်။

ပရိတ်နာတဲ့ ဒကာ၊ ဒကာမတွေကလည်း ကိုယ့်အိမ်ရှေ့မှာ ပရိတ်ပန်း၊ ပရိတ်သဲ ပရိတ်ချည်တို့ကို ဖရောင်းတိုင်းမီး အမွှေးတိုင်လေးနဲ့ ပူဇော်ကြရန်။

မြို့မြောက်ဖျားမှနေပြီး တောင်စအဆုံးရွတ်ပြီး ပြန်လာခဲ့ဟု မိန့်ကြားလိုက်သည်။ ပရိတ်ရွတ်တာ - ၇ - နာရီခွဲလောက်က စရွတ်သည်။ သုံးနာရီမျှကြာသည်။ ပရိတ်ရွတ်လို့ တစ်နာရီလောက်ရှိရင်ဘဲ၊ လေငြိမ်ပြီး ပြိုကျမတတ် မိုးကြီးကျနေလေပြီ။

မြို့၏တောင်ဘက် လောက်အရောက်တွင် မိုးရွာချပါတော့သည်။ တဖွဲ့ပရိတ်ရွတ်သံကို တဖွဲ့မကြားရတော့ပါ။ အဲဒီမှကျောင်းပေါက်အထိ ရွတ်ဖတ်သွားကြပါသည်။ မိုးသည် ပရိတ်ရွတ်သည့် သံဃာများသော်မှ ချမ်းသာမပေးပဲ အားလုံးစိုစွတ်ပြီး ခိုက်ခိုက်တုံနေကြပါသည်။

ဆရာတော်ဘုရားကြီးလည်း သံဃာတော်တွေ ပရိတ်ရွတ်ထွက်သွားကတည်းက ဗုဒ္ဓါနုဿတိနဲ့ မေတ္တာပွားနေ တော်မူသည်။

ပရိတ်ရွတ်ပြန်လာကြသော သံဃာများမှပြန်ရောက်ကြောင်း ဆရာတော်ကိုသွားကန်တော့ကြရာ အခါ...ကိုယ်တော်တို့အောင်မြင်

ပါပြီ။ ဘုန်းကြီးက မိုးတွေရွာလို့များ ပြန်ပြေးလာကြမလားလို့ ဘုန်းကြီး ငိုးရိုမ်မိသွားတယ်။ ပြန်ပြေးလာကြရင်တော့ ရှုံးပြီးလို့ အခုတော့ ပြန်ပြေးမလာကြဘဲ အစအဆုံး ရွတ်ခဲ့ကြတာ အဲဒါအောင်ဒါဘဲဟု အမိန့်ရှိတော်မူပါသည်။

## ၉၁။ စာရေးတဲ့ အတတ်

စာရေးတဲ့အတတ်ဆိုတာ ချက်ချင်းကောက်ရေးလို့ဖြစ်တာမျိုး မဟုတ်ဘူး ။ ဦးတည်ချက် ရည်ရွယ်ချက်ဆိုတာ ရှိရပါသေးတယ်။ ဥပမာ - ဘုန်းကြီးရတနာ့ဂုဏ်ရည်ရေးမယ်ဆိုပါတော့ ရတနာ့ဂုဏ်ရည် ဆိုတဲ့ နာမည်နဲ့ လိုက်လျောအောင် ရတနာ ၃ - ပါး အကြောင်းနဲ့ သူ့နာမည်နဲ့ နီးစပ်တာတွေကိုချည်း စဉ်းစားတွေးတောထားရပါတယ်။

စာရေးရတာက အရှိန်လေးရလာမှ တမ်းတယ်။ အရှိန်ဆိုတာ ကျမ်းစာရေးမယ်ကြံရင် ကျမ်းစာနဲ့ပတ်သက်ပြီး စာရေးရမယ့် အကြောင်းအရာကို ခြုံငုံပြီး သိထားရပါမယ်။ ဝတ္ထုစာအုပ် ရေးမယ် ဆိုရင်လည်း ထိုဝတ္ထုစာအုပ်ရဲ့ ရေးမည့်အကြောင်းအရာကို ကောင်းကောင်းသိထားရမယ်။

မဂ္ဂဇင်းတို့ ဆောင်းပါးတို့ ရေးမယ့်သူကလည်း ရေးရမယ့် အကြောင်းအရာကို ခြုံငုံပြီး သိထားရပါတယ်။

ဘာစာအုပ်နဲ့ ဘယ်လိုစာကိုပဲရေးသည်ဖြစ်စေ ကိုယ်ရေးချင်တဲ့ စာရဲ့အကြောင်းကိုသိထားနှင့်မှ ရေးလို့လွယ်ပါတယ်။

ကိုယ်ရေးချင်တဲ့ အချိန် ကောက်ရေးလို့ရတာမျိုး မဟုတ်ဘူး၊



ဘုန်းကြီးကတော့ အရှိန်လေးရနေပြီဖြစ်တော့ ဘယ်လိုကျမ်းစာမျိုး မဆို လွယ်လွယ်လေးနဲ့ပဲပြီးမြောက်သွားတာပါပဲ။

ရေးနေကျ အသားကျသွားတော့ ပိုပြီးတောင် လွယ်ကူပါ သေးတယ်။ စာမရေးဖူးတဲ့သူ ထရေးကြည့်ပါလား ဘယ်ကစလို့ ဘာရေးရမှန်းမသိဖြစ်နေတတ်တယ်။

ဘုန်းကြီးမှာ ကျမ်းစာတွေ ရေးနေကျဆိုတော့ ကျမ်းစာနဲ့ ပတ်သက်လို့တော့ ဘာအခက်ခဲမှ မကြုံရဘူး သတိရှိုးယွင်းမှုကြောင့် အနည်းငယ်အလွဲအမှားရှိတာက လွဲလို့ ဘာမှစိုးရိမ်ဖွယ်ရာ မရှိပါဘူး။

ဇန်းမော်ဆရာတော်ပြောသလို "ကဗျာရေးတာများ ရီးထင် တယ်" တဲ့ ဇန်းမော်ဆရာတော် ကဗျာရေးတာက ဇမာစကားပြင်ကြီးကို စေဘာကြီးနဲ့ အပြည့်ရေးပြီးပြီတော့မှ လေးလုံးတစ်ဖြတ် လိုက်ဖြတ် ချလိုက်တာ။

အခုလည်း ငါက (  )ထင်တယ်လို့ ပြောရမှာလား မသိဘူး ဘုန်းကြီးက အသက်ကြီးလေ စာရေးရတာ ကောင်းလေပဲ ဘုန်းကြီးက အသက်(၅၀) လောက်ပြန်ဖြစ်ချင်နေသေးတာ ဘာပြုလို့လဲဆိုတော့ ကုသိုလ်ရတဲ့ အများအကျိုးပြု လုပ်ငန်းတွေလုပ်နေရတာ အားမရ သေးလို့ပါ တစ်ခြားအကြောင်းတော့ မဟုတ်ပါဘူး။

တစ်ခါတစ်လေလည်း... အိုမင်းဆွေးမြေ့လာတဲ့ ဘဝခန္ဓာကြီး ကို စွန့်ခဲ့ပြီး ဘဝသစ်ကလေးပြန်ဖြစ်ပြီး နောင်ဘဝလည်း ငါ့ကျမ်း စာတွေနဲ့ ငါပြန်ပြီးဆုံတွေ့ရလို့ ပညာတွေတတ်တဲ့အခါ သာသနာပြုဖို့ အခွင့်အလမ်းပိုရတာပေါ့။

ဘုန်းကြီးမှာ သေမယ်ဆိုလည်း သေရဲတယ် နေမယ်ဆိုလည်း နေရဲပါတယ်။ ဘာမှမလုပ်နိုင်တဲ့ အိုနာကျိုးကန်းဘဝနဲ့ အများတော့ ဒုက္ခမပေးချင်ဘူး သေမှာဆိုဖြုန်းဒိုင်းဆို တစ်ခါတည်း သေချင်တယ် အလုပ်မလုပ်ရရင် မနေတတ်တဲ့ ဘုန်းကြီးဆိုတာ ဒီအတိုင်းပဲဖြစ်ချင်တာ ဘဝတစ်ခုက ဝဋ်ကြွေးများပါလာခဲ့ရင်သာပါ။ ဒီဘဝမှာတော့ မှတ်မှတ်ရရ ဒုက္ခပေးလောက်တဲ့ အကုသိုလ်မျိုး အခုမှ မပြုမိပါဘူး။ ဘုန်းကြီးဘဝက ဘဝတစ်လျှောက်လုံးပြန်ကြည့်လိုက်ရင် အားရစရာ ပျော်ရွှင်စရာ ဘဝဖြစ်နေပါတယ်။

ကိုယ်တော်တို့လည်း ဘဝတစ်ခုမှာ ဖြောင့်တက်သွားအောင် တက်စွမ်းသမျှ ကုသိုလ်တွေပြုပြီး သီလကိုသာ လုံခြုံအောင် ထိန်းကြပါဟု မိန့်တော်မူသည်။

## ၉၂။ နံနက်ခင်း အဆိုအမိန့်များ

မနက်ဘုံးကြီးခေါက်ရင် အိပ်ထ နောက်တုန်းလေးခေါက်ရင် ဆွမ်းစားတန်း၊ နောက်သံချောင်းခေါက်ရင် ဆွမ်းစားနောက်တုံးကလေး ပြန်ခေါက်ရင် သြဝါဒဟူ၍ အမြဲတမ်း ချိတက်နေကြရသည်မှာ (၄၅) နှစ်တာမျှ တရားဝင်ကြာခဲ့လေပြီ။

နောက် (၈) နာရီ (၉) နာရီမနက်ခင်းတုန်နှစ်ခါခေါက်သည်က စာဝါတုံးဖြစ်သည်။ ဒီနောက် (၁၂) နာရီခွဲမှ (၅) နာရီအထိ ခေါက်သော တုံးသံကလေးတွေသည် နာရီတိုင်း နာရီတိုင်း စာချစာတက်တုန်များ ဖြစ်သည်။



ငါးနာရီတုန်ကလေးက ကျောင်းတွင်းကျောင်းပြင် သန့်ရှင်းရေး တုန်ကလေးလည်းဖြစ်ပါသည်။ ငါးနာရီခွဲလောက်မှာ ထန်းလျက်ရည် နှင့် ဂျင်းနှင့် ပြုတ်ထားသော ထန်းလျက်ဘုဉ်းပေး တုံပင်ဖြစ်ပါသည်။ ကျန်းမာရေးအတွက်နှင့် ဆာလောင်မွတ်သိမ့်မှုအတွက်ဖြစ်ပါသည်။

ထို့နောက် (၇) နာရီလောက်မှာ တုန်ကလေးငါးချက်မျှ ခေါက်ပြန်ပါသည်။ ထိုတုံကတော့ ဘုရားဝတ်တက် တရားထိုင် ပုတီးစိတ် ဗုဒ္ဓါနုဿတိနှင့်မေတ္တာပွားများကြရန်ပါပဲ။ (၈) နာရီမှ ပိုတက်မှာတော့ အလွတ်ပြန်ရမည် စာဝါများ အလွတ်ပြန်ကြပြီး စာစဉ်းစားသူက စဉ်းစားပြီး ညဝါဆိုသူက ညဝါဆိုဒီလိုနဲ့ တစ်ဖြည်းဖြည်းချင်း အိပ်သူက အိပ်ကြပါတော့သည်။

အဲဒီအချိန်တွေထဲမှာ အရေးအကြီးဆုံး "ဂန္ထာရုံ" ဟု သမိုင်း မှတ်တမ်းတင်ရလောက်အောင် တုံသံကလေးကတော့ သြဝါဒ တုံသံ ကလေးပင်ဖြစ်ပါသည်။

ထိုတုံကလေးခေါက်သံကြားပြီဆိုရင် ရင်တထိတ်ထိတ် အသဲ တစ်ဖို နှင့် ဆွမ်းသုတ်သုတ်စားပြီး ကိုယ်နေရာကိုယ် မြင်းကြိုးနဲ့ ဆွဲထားသကဲ့သို့ အရှေ့ကကြည့်လျှင်လည်း တစ်ဖြောင့်တည်း တောင် ကမြောက်ကကြည့်လျှင်လည်း တစ်ဖြောင့်တည်းထိုင်ကြရသည်။

သက်နုန်းမှာလည်း တစ်ရောင့်တည်း ရွတ်ဆိုရာမှာလည်း တစ်သံ တည်း အားလုံးသည် တစ်ညီတစ်ညွတ်တည်း အချိန်တည်း အချိန်ရှိ တိုင်း နှစ်ပေါင်းများစွာ ချိတက်နေကြရသည်။

ဒီသြဝါဒ ဒီအစည်းအဝေးမျိုးက အခုမှ ထလုပ်လို့ ရတာ မဟုတ်ဘူး။ နှစ်ရှည်လများ မပျင်းမရိ လုပ်လာခဲ့ရတာ ဘာမှ အထူး

တရားစကားပြောစရာမရှိလည်ပဲတရားဂုဏ်တော်.ဘုရားဂုဏ်တော်.သံဃာဂုဏ်တော်နှင့် အခြားသံဝေဂဂါတာများ. ကဗျာသံပေါက်အလင်္ကာများကိုရွတ်ပြီး ပြန်ကြရသည်။ တစ်ခါ တစ်ခါ အပြစ်အနာအဆာရှိလို့ ပြုပြင်စရာရှိလျှင် တပါးတဦးတည်း မဆုံးမ မသွန်သင်ပဲ အများရှေ့မှောက်ရောက်မှ ဆုံးမသောနေရာဖြစ်သည်။ တစ်ဦးတစ်ယောက်တည်း ပြောဆိုဆုံးမလျှင် ထိုသူတစ်ယောက်တည်းမှာမို့ ဒီကျူးလွန်သော အပြစ်နှင့် သတ်သက်ပြီး တစ်ယောက်ပြောရုံဖြင့် အများလည်း ဆုံးမပြီးသားဖြစ်စေပါသည်။

ယခုကဲ့သို့မနက်စောစောမင်္ဂလာရှိသောအသံများဖြင့်လွှမ်းခြုံပြီးနေတဲ့ ဂန္ဓာရုံသည် မွှေးကြိုင်သင်းပျံ့လျက် ရနံ့တို့ဖြင့် ထုံသင်းလျက်ရှိနေပါတော့သည်။

နေ့စဉ် ရွတ်ပွားနေသော မင်္ဂလာရှိသောအသံနှင့် အရပ်(၁၀)မျက်နှာ မေတ္တာပို့တို့သည် နေ့စဉ် ရွတ်ပွားနေတာဆိုတော့ သတ္တဝါအားလုံးအပေါ်မှာ သက်ရောက်လျက်ရှိပြီး နေ့စဉ်မှန်မှန် ဆေးကိုစွဲသောက်နေသော ရောဂါသည်သည် ဆေးချက်မှန်ခြင်းကြောင့် ထိုရောဂါသည်ပျောက်ငြိမ်းသွားသလိုနံနက်စောစောမင်္ဂလာရှိသောအသံတို့ဖြင့် လွှမ်းခြုံလျက်ရှိသော ဤမြင်ကွင်းကြီးမှလည်း အကျိုးသက်ရောက်နေသည်ဟုဆိုချင်ပါသည်။

ကုသိုလ်ရှင်တွေရှိရင် ရှိသလို ဆရာတော်ဘုရားကြီးရဲ့အဆိုအမိန့်များသည်လည်း သုတ္တန်နဲ့တစ်မျိုး အဘိဓမ္မာနဲ့တဖုံ ဝိနည်းနဲ့တစ်ခန်း မရိုးသော အဆိုအမိန့်များဖြင့် မိန့်ကြားလျက်ရှိပါသည်။ ဆရာတော် ဘုရားကြီး အစဖိုးသူတော်လေးတွေအဆုံးအားလုံးသည်



တပြိုင်တည်း ရောက်ကြ၊ တပြိုင်တည်း ပြန်ကြသော အစည်းအဝေးကြီးလည်းဖြစ်ပါသည်။

ထိုကဲ့သို့တစ်ယောက်တစ်ပေါက်မျိုးမဟုတ်ဘဲ တညီတညွတ်တည်းရှိခြင်းဟာလည်း ကြီးပွားတိုးတတ်ခြင်း အကြောင်းတစ်ခုပါဘဲ တန်ဖိုးရှိလှသော ဤအစည်းအဝေးကြီးကိုပျက်ပြယ်သော တစ်နေ့မှာတော့ ထင်းစည်းကြီးတစ်ချောင်းမီပေကျသလိုပြေကျမည်မှာ သေချာပေါက်ဖြစ်မှာပဲ။

ဆရာတော်ဘုရားကြီး(၄၅)နှစ်တာ စုစည်းကျစ်လျစ် ခိုင်မြဲစွာစည်းထားခဲ့သော ထင်းစည်းကြီးကို ပိုပြီး ထပ်ခါထပ်ခါ တုတ်နှောင်ထားခဲ့နိုင်ရင်တော့ အတိုင်းထက်အလွန် တံခွန်ဘုရားပေ့။

ဆရာတော်ဘုရားကြီးအမိန့်ရှိခဲ့တာလေးကိုမမေ့သင့်ကြပါဘူး "ငါမရှိသည့်နောက်ပိုင်း ငါသာသနာကို စိတ်ကောင်း နှလုံးကောင်းရှိသည့်သူတော်ကောင်းတွေက စောင့်ရှောက်ပြီးသူတော်ကောင်းတွေကပင် ဆက်ပြီးထိန်းသိမ်းကြပါလိမ့်မည်" တဲ့။

"မည်သူ့ကိုမှလည်း လွှဲအပ်စရာမရှိပါဘူး အားလုံးဟာသံဃိကတွေချည်းဖြစ်ပါသည်" တဲ့။

အားလုံး ဆရာတော်ဘုရားကြီးရဲ့အလိုကျ စိတ်ဆန္ဒအတိုင်းနေထိုင်နိုင်ရန် နေနိုင် မနေနိုင်လျှင် ဘေးထွက်နေကြရန် ဆရာတော်အနေနဲ့ကတော့ ဘယ်သူဘယ်ဝါရယ်လို့မပြောလိုကြောင်းနှင့်လည်း မထုတ်လိုကြောင်း။

ဘယ်သူမကောင်းဘူး ကောင်းတယ်ဆိုတာ မိမိကိုယ်သာ မိမိအသိဆုံးဖြစ်ကြောင်း သတိပေးအဆိုအမိန့်များဖြင့်မိန့်ကြားခဲ့ပါသည်။

ဘုန်းကြီးရဲ့သာသနာကို ကူညီစောင့်ရှောက်ဖော်ရသည့် နတ်ကောင်း နတ်မြတ်တွေကိုလည်း ကူညီပေးကြဖို့ရန် အကူအညီတောင်းခံပါကြောင်း ထပ်မံပြီးမိန့်ကြားတော်မူခဲ့ပါသည်။

❒

## အရှင်ပညာဓောတ (စနည်းသင်း)၏ မေတ္တာပို့နည်း

လူသားအားလုံး
ကျန်းမာပါစေ
ချမ်းသာပါစေ
အသက်ရှည်ကြပါစေ
အနာရောဂါတွေလည်း
ကင်းရှင်းကြပါစေ။ (၃ - ခေါက်ဆို)

- နတ်သိကြားဗြဟ္မာအားလုံး
ကျန်းမာပါစေ
ချမ်းသာပါစေ
အသက်ရှိကြပါစေ
အနာရောဂါတွေလည်း
ကင်းရှင်းကြပါစေ။ (၃ - ခေါက်ဆို)

- အပါယ်(၄)ဘုံသား အားလုံး
ကျန်းမာပါစေ
ချမ်းသာပါစေ
အနေ့ာရောဂါတွေလည်း
ကင်းရှင်းပါစေ။ (၃ - ခေါက်ဆို)

အားလုံးအားလုံးကုသိုလ်အမျှအမျှအမျှယူတော်မူကြပါကုန်လော့။
(၃ - ခေါက်)
သာဓု - သာဓု - သာဓု။